www.burmeseclassic.com



# လင်းယုန်မောင်မောင်

## ကမ္ဘာကျော်ကွန်မန်ဒို

## အော့ဟိုစကော်ဇနီ

COMMANDO EXTRAORDINARY

By Charles Foley

www.burmeseclassic.com

www.burmeseclassic.com

ရန်အောင်စာပေ-၂ စာအုပ်အမှတ် (၂၉)

**စာအုပ်ပုံနှိပ်ခြင်းဆိုင်ရာမှတ်တမ်း**

[တတိယအကြိမ်၊ ၂၀၀၇၊ စက်တင်ဘာလ၊ အုပ်ရေ-၅၀၀]

○

စာမူခွင့်ပြုချက်အမှတ် – ၅၀၁၆၁၆၀၆၁၂

မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၇၂၂၀၆၀၇

○

ထုတ်ဝေသူ

ဦးကျော်ဆန်း 'ရဲအောင်စာပေ' (မြ-၀၉၃၂)

အမှတ်-၂၊ ချွန်း (၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

○

စီစဉ်ထုတ်လုပ်သူ – နီနီအောင်

○

မျက်နှာဖုံးစိတ်ကူး – သီဟလတ်

○

အတွင်းဖလင် – 'ပုံရိပ်ရှင်'

○

မျက်နှာဖုံးပုံနှိပ်သူ

ကိုတင်အောင်ကျော် (စွယ်တော်)

အမှတ် (၈၇)၊ ၅၆-လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

○

အတွင်းပုံနှိပ်သူ

ဦးဇော်မြင့်ဝင်း၊

ကာလာဇုံပုံနှိပ်တိုက် (၀၆၈၂၁)

အမှတ်-၁၈၄(ခ)၊ မြေညီထပ်၊ ၃၁လမ်း(အထက်)ပန်းဘဲတန်းမြို့နယ်၊

ရန်ကုန်။

○

တန်ဖိုး –၂၀၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

စာအုပ်အမှတ် - ၂၉

# ကမ္ဘာကျော်ကွန်မန်ဒို အော့တိုစကော်ဇနီ

## လင်းယုန်မောင်မောင်

**ရန်အောင်စာပေ-၂**
အမှတ်(၁၅၅)၊ ဦးငွေကိုင်လမ်း၊ ၄၁-ရပ်ကွက်၊
ဒဂုံမြို့သစ်မြောက်ပိုင်း။
☎ ၀၉-၅၁-၉၅၆၂၉

www.burmeseclassic.com

www.burmeseclassic.com



## လင်းယုန်မောင်မောင်
## (၁၉၂၅-၂၀၀၂)

မုံရွာမြို့တွင် အဖဦးအောင်သိန်း၊ အမိ ဒေါ်လှကြည်တို့မှ ဂုဏ်မြင့်သာ ဖွားမြင်ခဲ့သည်၊ ဖြစ်ပြီး ၁၉၂၅ တွင် မွေးဖွား
သည်။ ငယ်နာမည် မောင်ရွှေဖြစ်သည်။

မုံရွာဆရာလှမြန်မာစာသင်ကျောင်းတွင် မူလတန်း၊ မိတ္ထီလာအမျိုးသား
ကျောင်း၊ ရွှေဘိုချမ်းသာကြီး အလွတ်ပညာသင်ကျောင်းနှင့် ရန်ကုန်စိန်ပေါလ်
ကျောင်းတို့တွင် အလယ်တန်း၊ ရန်ကုန်မြို့မကျောင်းတွင် အထက်တန်း၊ ရန်ကုန်
တက္ကသိုလ် (၁၉၄၅-၄၇) တွင် ဥပစာအထက်တန်းအထိ ပညာဆည်းပူးခဲ့သည်။

ဒုတိယကမ္ဘာစစ်မတိုင်မီက မုံရွာခရိုင်တို့ဗမာအစည်းအရုံးတွင်
"သခင်ရွှေ" အဖြစ်လည်းကောင်း၊ ဂျပန်ခေတ်တွင် မုံရွာခရိုင် အာရှလူငယ်အစည်း
အရုံး အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ၁၉၄၇-၅၇ ခုနှစ်များအတွင်းတွင် နိုင်ငံ
ရေးသမားအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

၁၉၅၇-ခုနှစ်တွင် စာရေးဆရာဇန်းမော်တင်အောင် ဦးစီးထုတ်ဝေသော
"လင်းယုန်ဂျာနယ်" ၌ အယ်ဒီတာအဖြစ် တာဝန်ယူခဲ့ရာမှ "လင်းယုန်မောင်မောင်"
ဟူ၍ ကလောင်အမည်ရလာခဲ့သည်။ လင်းယုန်သတင်းစာ၊ လမ်းစဉ်သတင်းစာ၊ ဗိုလ်
တထောင်သတင်းစာ၊ မော်ကွန်းသတင်းမဂ္ဂဇင်း၊ ချင်းတွင်းဂျာနယ်၊ လုံမလေးမဂ္ဂဇင်း၊
စသည်တို့တွင် အယ်ဒီတာအဖြစ် ၁၀-နှစ်ကျော်မျှ ဆောင်ရွက်ခဲ့သည်။

ယနေ့အထိ လုံးချင်းစာအုပ် ၅၀-ခန့် ရေးသားခဲ့သည်။ ထင်ရှားသော
စာအုပ်အချို့မှာ အိုက်ခ်မန်း၏ ငရဲခန်း (၁၉၆၅)၊ ဟစ်တလာ (၁၉၆၅)၊ ကပ်စထရို
(၁၉၆၆)၊ သွေးစွန်းသောနေ့ရက်များ (၁၉၆၆)၊ ယနေ့ကမ္ဘာ (၁၉၆၇)၊ ချေဂွေဗားရား
(၁၉၆၇)၊ မှောင်မိုက်သောနေ့ရက်များ (၁၉၇၁)၊ တောင်ကုန်းအမှတ် ၁၉၂ (၁၉၇၂)၊
ကြီးသုံးကြီးလုပ်ကြံရန် ဟစ်တလာ၏အကြံ (၁၉၇၃)၊ အက်ဖ်ဘီအိုင် (၁၉၈၁)၊
ဂျူလီယာ (၁၉၈၁) တို့ဖြစ်ကြသည်။ ၂၅-၅-၂၀၀၂ တွင် ကွယ်လွန်အနိစ္စရောက်ပြီး
ဇနီးဒေါ်စန်းမြင့်နှင့် သားသမီး (၄) ဦး ကျန်ရစ်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ၏ အမှာ

“ကွန်မန်ဒို. . .”

ဤ “ကွန်မန်ဒို”ဟူသော စကားလုံးသည် မူရင်းက အင်္ဂလိပ်စကားလုံးပင် ဖြစ်သော်လည်း လွန်ခဲ့သည့် နှစ်အနည်းငယ်မှစ၍ မြန်မာစကားလုံးအဖြစ် “မွေးစား” သုံးစွဲ လာခဲ့ကြသည်။

ရေးဦးစွာ ၁၉၇၀ ပြည့်နှစ်၏ ဤမှာဘက်ပိုင်းတွင် ပေါ်ပေါက်ခေတ်စားလာခဲ့သော လေယာဉ်အပိုင်စီးမှုများနှင့် ပြန်ပေးဆွဲမှုများကို အကြောင်းပြု၍ ပါလက်စတိုင်း ပြောက်ကျားများနှင့်အတူ “ပါလက်စတိုင်း ကွန်မန်ဒိုတပ်သား” ဟူသော အသုံးအနှုန်းကို စတင် သုံးစွဲခဲ့ကြသည်။ ထို့နောက် ၁၉၇၆ ခုနှစ်၊ ဇူလိုင်လအတွင်းက ယူဂန်ဒါနိုင်ငံ အင်တက်ဘီလေဆိပ်တွင် ပါလက်စတိုင်း ပြောက်ကျားများက ပြန်ပေးဆွဲထားသော ပြင်သစ်လေယာဉ်ပျံကြီးပေါ်မှ ခရီးသည် ၁၀၀ ကျော်တို့အား အစ္စရေး ကွန်မန်ဒို တပ်သားများက လျှပ်တစ်ပြက်ဝင်ရောက် ကယ်တင်ခဲ့ရာမှ “ကွန်မန်ဒို” ဟူသော စကားလုံးသည် ကမ္ဘာသုံး မြန်မာသုံး ဝေါဟာရတစ်ခု ဖြစ်လာခဲ့သည်။ သို့ဖြင့် မကြာသေးမီ (၁၉၇၇ ခုနှစ်၊ အောက်တိုဘာလ)က ဂျပန်တပ်နီများက ဂျပန်လေယာဉ်ကြီး တစ်စင်းကို အပိုင်စီးမှုနှင့် အနောက်ဂျာမန်မြို့ပြ ပြောက်ကျားများက နောက်ဂျာမန်လေယာဉ်ကြီးတစ်စင်းကို အပိုင်စီးမှုများ ဆက်တိုက်ဖြစ်ပွားလာသော

www.burmeseclassic.com



အခါ မြန်မာစာနယ်ဇင်းများသည် "ကွန်မန်ဒို" ဟူသော စကားလုံးကို (ရေဒီယို၊ မော်တော်ကား၊ ကာတ်ဆက်) စသော စကားလုံးများကဲ့သို့ မြန်မာဝေါဟာရတစ်ခုအဖြစ် တွင်တွင်ကြီး သုံးစွဲလာခဲ့ကြသည်။

"ကွန်မန်ဒို" ဟူသော စကားလုံးကို စောစောပိုင်းက မြန်မာ သတင်းစာများတွင် "အသေခံတပ်သားများ" ဟူ၍ သုံးစွဲခဲ့ကြသည်။ ယခုသော်မူ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း "ကွန်မန်ဒို"ကို "ကွန်မန်ဒို" ဟူ၍ပင် ဆိုလိုရင်း သုံးစွဲခဲ့ကြ၍ စာဖတ်သူများကလည်း "ကွန်မန်ဒို"၏ ဆိုလိုရင်း အဓိပ္ပာယ်ကို အကျယ်တဝင့် ရှင်းလင်းပြောကြား ရန် မလိုတော့ဘဲ အလွယ်တကူပင် နားလည်နေကြပြီဖြစ်သည်။

မူလက "ကွန်မန်ဒို" ဟူသော စကားလုံးကို "အသေခံတပ် သား"ဟူ၍ မြန်မာဘာသာဖြင့် ပြန်ဆိုသုံးစွဲခဲ့ကြသည်။ သို့သော် "ကွန်မန်ဒို"၏ မူရင်းအဓိပ္ပာယ် အတိအကျမှာ "အသေခံတပ်သား" မဟုတ်ဘဲ "အလစ်တွင် ရုတ်တရက် လျှပ်တစ်ပြက် ဝင်ရောက်တိုက်ခိုက် သည့် တပ်ဖွဲ့ငယ်တစ်ခုမှ တပ်သား"ဟူ၍ ဖြစ်သည်။ သို့သော် ထိုသို့ ရုတ်တရက် အလစ်တွင် လျှပ်တစ်ပြက် ဝင်ရောက်တိုက်ခိုက်ကြရာ၌ မိမိအသက်ကို ပဓာနမထားဘဲ သက်စွန့်ဆံဖျား တိုက်ခိုက်ကြရသဖြင့် ကွန်မန်ဒိုကို အသေခံတပ်သားဟူ၍ နားလည်သဘောပေါက် ထားကြ သည်မှာလည်း မှားသည်ဟု မဆိုနိုင်ပေ။

မည်သို့ပင်ဖြစ်စေ မိမိအသက်ကို ဖက်ရွက်ပမာ သဘောထား ကာ ကိုယ့်ကိုယ်ကို "သေလူ"အဖြစ် ဆုံးဖြတ်သတ်မှတ်၍ ထိုသို့စွန့်စား လုပ်ဆောင်ကြသည့် "ကွန်မန်ဒို" များ အကြောင်းကို ၁၉၇၀ ပြည့်နှစ် နောက်ပိုင်းမှစ၍ ယခု ၁၉၇၇ ခုနှစ်တွင် ကမ္ဘာနှင့်အဝန်း ပြောဆိုရေးသား နေကြသော်လည်း အမှန်စင်စစ် လွန်ခဲ့သည့် နှစ်ပေါင်းသုံးဆယ်ကျော် (ဒုတိယ ကမ္ဘာစစ်ကြီးအတွင်း)ကပင် ကမ္ဘာကျော် ကွန်မန်ဒိုတစ်ယောက် ပေါ်ပေါက်ခဲ့ဖူးပြီ ဖြစ်သည်။

ယခု ဤစာအုပ်သည် အဆိုပါကမ္ဘာကျော် ကွန်မန်ဒို စကော့တို စကော်ဇေနီ၏ ဘဝတစ်ကွေ့ တစေ့တစောင်းပင်ဖြစ်သည်။ စကော်ဇေနီသည် ဂျာမန်ကွန်မန်ဒိုတစ်ယောက်ပင် ဖြစ်သော်လည်း စစ်ကြီးအတွင်းက ဂျာမန်

www.burmeseclassic.com

www.burmeseclassic.com



တပ်များအတွင်း၌သာ မဟုတ်ဘဲ အင်္ဂလိပ်၊ အမေရိကန်၊ ပြင်သစ်နှင့် ရုရှားတပ်များအတွင်းသို့တိုင်အောင် ထင်ရှားကျော်ကြားခဲ့သူ ဖြစ်သည်။ အထူးသဖြင့် အီတလီ အာဏာရှင် မူဆိုလီနီအား အမြင့်ပေ ၆၀၀၀ ကျော် မြင့်သည့် တောင်ပေါ်စခန်းတစ်ခုတွင် ဖမ်းဆီးထားရာမှ စကော်ဇနီ ခေါင်းဆောင်သည့် ဂျာမန်ကွန်မန်ဒိုများက စွန့်စွန့်စားစား သွားရောက် ကယ်တင်ခဲ့ကြရာ ကမ္ဘာ့ပြည်သူလူထုကြီးသည် "ကွန်မန်ဒို" ဆိုသော အသေခံတပ်သားများအကြောင်းကို ပထမဆုံး စတင်သိရှိလာခဲ့ကြသည်။ ဤစာအုပ်သည် ထိုစဉ်က ဒုတိယကမ္ဘာစစ်ကြီး၏ သမိုင်းဖြစ်စဉ်များနှင့် အတူ စွန့်စားလှုပ်ရှားခဲ့သော ကမ္ဘာကျော် ကွန်မန်ဒို စကော်ဇနီ၏ လုပ်ဆောင်ချက်များကို ပြန်လည်စုဆောင်းတင်ပြထားခြင်း ဖြစ်ပါသည်။

စင်စစ်အားဖြင့် ဤကမ္ဘာကျော် ကွန်မန်ဒို စကော်ဇနီအား "အင်တက်ဘီ၏ ဘိုးအေ" ဟူ၍လည်းကောင်း၊ "ဂျိမ်းစ်ဘွန်း၏ အဘ" ဟူ၍ လည်းကောင်း ခေါ်မည်ဆိုက ခေါ်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် ယနေ့ယခု ထင်ပေါ်ကျော်ကြားနေသည့် အင်တက်ဘီ စစ်ဆင်ရေးကဲ့သို့ သော အသေခံ စစ်ဆင်ရေးများနှင့် ပိတ်ကားပေါ်မှ ဂျိမ်းစ်ဘွန်း၏ စွန့်စား ခန်းများကဲ့သို့သော လှုပ်ရှားမှုများကို လွန်ခဲ့သည့်နှစ်ပေါင်း ၃၀ ကျော်က ပင် ကွန်မန်ဒို စကော်ဇနီက ဆင်နွှဲလုပ်ဆောင်ခဲ့ပြီး ဖြစ်သည်ကို ဤစာအုပ်တွင် တွေ့မြင် ဖတ်ရှုကြရမည်ဖြစ်သောကြောင့်ပင်။

ဤစာအုပ်ကို ရေးသားပြုစုရန်အတွက် လိုအပ်သည့် စာအုပ် စာတမ်းများနှင့် အကိုးအကား ဓာတ်ပုံများကို ရှာဖွေစုဆောင်းပေးခဲ့သော မောင်သိန်းအောင် (နိုင်ငံခြားငွေဌာန)အားလည်းကောင်း၊ ဖျာပုံမြို့သို့ ဤစာအုပ်ကို သွားရောက်ရေးသားခဲ့စဉ်က အစစအရာရာ ကူညီစောင့် ရှောက်ခဲ့သည့် ဖျာပုံပရဟိတဥက္ကဋ္ဌ ဆရာတော် ဦးဉာဏိဿရာဘိဝံသ နှင့် ပရဟိတ အတွင်းရေးမှူး ဦးအုန်းကွန်းတို့အားလည်းကောင်း ကျေးဇူး တင်ရှိပါကြောင်း အမှတ်တရ ဖော်ပြအပ်ပါသည်။

❑

လင်းယုန်မောင်မောင်

www.burmeseclassic.com

www.burmeseclassic.com

# အော့တိုစကော်ဇနီ ဘယ်သူလဲ ဘာလဲ

ဒုတိယ ကမ္ဘာစစ်ကြီး ပြီးဆုံးလုဆဲဆဲ ရက်အားဖြင့် နှစ်ရက်၊ နာရီအားဖြင့် ၄၈ နာရီမျှသာ လိုတော့သည့် အချိန်တွင် အသက် ၃၆ နှစ်မျှသာ ရှိသေး၍ ရာထူးအဆင့်အတန်းအားဖြင့် ပြောပလောက်အောင် ကြီးမားခြင်း မရှိသော ဂျာမန်ဗိုလ်မှူးတစ်ယောက်သည် သူ့ကိုယ်သူ ဂျာမနီ တစ်နိုင်ငံလုံးနှင့် ဥရောပ တစ်တိုက်လုံးရှိ ဂျာမန်တပ်မတော် အားလုံးတို့အား ဦးစီးချုပ်ကိုင်ရသော အကြီးအကဲနေရာသို့ ရောက်ရှိနေသည်ကို တွေ့လိုက်ရသည်။ ဤနေရာ ဤရာထူးအတွက် သူ့ကို မည်သူကမှ ခန့်အပ်ခဲ့သည်မဟုတ်။ အဆင်သင့် ပွင့်နေသော တံခါးပေါက်မှတစ်ဆင့် အထဲသို့ အလွယ်တကူ ဝင်လာခဲ့ရသလို သူသည် ဤနေရာ ဤရာထူးကို အလိုအလျောက် ရလာခဲ့ခြင်း ဖြစ်သည်။

လွန်ခဲ့သည့် တစ်နှစ်ခန့်ဆိုလျှင် သူသည် စစ်မြေပြင်တွင် တိုက်ခိုက် နေကြသည့် သန်းပေါင်းများစွာသော ဂျာမန်စစ်သားများထဲမှ မထင်ရှား သည့် အညတရ စစ်သားတစ်ယောက်သာလျှင် ဖြစ်သည်။ နောက် တစ်နှစ်ခန့် ကြာသောအခါ သူသည် ပြိုကွဲပျက်စီးသွားခဲ့သော ဟစ်တလာ၏ တပ်မတော် အကြွင်းအကျန်များနှင့်အတူ ဖရိုဖရဲ တကွဲတပြား ဖြစ်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဤနှစ်နှစ်တာ ကာလအတွင်း သူသည် ရှေးရှေးက မကြုံဖူးမကြားဖူးသည့် ထူးခြားဆန်းကြယ်သော တပ်တစ်တပ်ကို ကွပ်ကဲအုပ်ချုပ်ခဲ့ရသည်။ သူသည် ဂျာမနီအား ပိတ်ဆို့ဝိုင်းရံလာကြသည့် တိုက်ပွဲကြီးများ၏ နောက်ပိုင်းမှနေ၍ ပြင်းပြထက်သန်သော တိုက်ခိုက်ရေးစိတ်ဓာတ်ဖြင့် ပြည့်လျှံတက်ကြွနေသည့် တပ်ဖွဲ့တစ်ဖွဲ့ကို ပြုစုပျိုးထောင်၍ အကောင်အထည် ဖော်ပေးခဲ့ရသည်။ ပြင်းပြထက်သန်သော တိုက်ခိုက်ရေး စိတ်ဓာတ်ဆိုသည်မှာ အခြားမဟုတ်။ လုံးဝမမျှော်လင့်သည့် တိုက်ပွဲများကို ဘယ်လိုမှ စိတ်ကူးကြံဆ၍မရသည့် နည်းလမ်းများဖြင့် ဝင်ရောက်တိုက် ခိုက်ရန် အဆင်သင့်ဖြစ်နေကြသည့် စိတ်ဓာတ်များပင်ဖြစ်သည်။

သို့ဖြင့် "နှစ်ပေါင်းတစ်ထောင် အစွန့်ရှည်ရမည်" ဟူ၍ ကြုံးဝါးကြွေးကြော်ခဲ့သော တတိယ ဂျာမန်ရိုက်ချ် နိုင်ငံတော်ကြီး နောက်ဆုံးနှစ်နှစ်ခန့် (လပေါင်း ၂၀) အတွင်း သူသည် သူကိုယ်တိုင် ခေါင်းဆောင်ပါဝင်ခဲ့သော လျှို့ဝှက်စစ်ဆင်ရေးများကို တစ်ခုပြီးတစ်ခု ဆင်နွှဲခဲ့သည်။ ဤစစ်ဆင်ရေးများ၏ အဝန်းအဝိုင်း အတိုင်းအတာမှာ မန္တိုင်းသာအောင် ကျယ်ပြန့်လှသည်ဟု ဆိုရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤလျှို့ဝှက်စစ်ဆင်ရေးများသည် တိုက်ပွဲတစ်ပွဲ၊ စစ်ပွဲတစ်ပွဲ၏ လမ်းကြောင်းကိုသာမဟုတ်ဘဲ စစ်ကြီးတစ်ခုလုံး၏ လမ်းကြောင်းကိုပါ ပြောင်းလဲသွားနိုင်သည့်အထိ အကျိုးသက်ရောက်သွားစေရန် ရည်ရွယ်ခဲ့ကြသောကြောင့်တည်း။

စစ်ကြီးအတွင်း ၁၉၄၁ ခုနှစ်မှစ၍ ဂျာမန်နှင့် လက်တွဲလာခဲ့သော ဟန်ဂေရီအစိုးရသည် ၁၉၄၄ ခုနှစ်တွင် ဆိုဗီယက်ရုရှားနှင့် တိတ်တဆိတ် သီးခြားစစ်ပြေငြိမ်းရေး စာချုပ်တစ်ရပ် လက်မှတ်ရေးထိုးခဲ့သည်။ ဤတွင် ဤစာချုပ်ကို လူသိရှင်ကြား တရားဝင်ကြေညာလိုက်ပါက ထိုစဉ်က ဟန်ဂေရီနိုင်ငံအတွင်း တပ်စွဲနေကြသော ဂျာမန်တပ်အားလုံးမှာ ဆိုဗီယက် ရုရှားတို့၏ သုံ့ပန်းဘဝသို့ နေ့ချင်းညချင်း ကျရောက်သွားကြမည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်ရာ အဆိုပါစာချုပ်ကို တရားဝင် ကြေညာရမည့် ဟန်ဂေရီ အစိုးရအဖွဲ့ခေါင်းဆောင် နီးကိုးလ်စ်ဟော်သီအား သူ့ရုံးစိုက်ရာ ရဲတိုက် အတွင်းသို့ ဂျာမန်တပ်သားများက အတင်းတရကြမ်း ဝင်ရောက် ဖမ်းဆီး ကာ တိတ်တဆိတ် ပြည်နှင်ဒဏ်ပေးလိုက်ကြသည်။ သို့ဖြင့် ဟန်ဂေရီ တပ်များသည် စစ်ကြီးပြီးဆုံးသည်အထိ ဂျာမန်တပ်များနှင့်အတူ လက်တွဲ တိုက်ခိုက်ခဲ့ကြသည်။ ဤသို့ဖြင့် ဟန်ဂေရီနိုင်ငံအတွင်းရှိ ဂျာမန်တပ်သား တစ်သန်းကျော်တို့မှာ ဆိုဗီယက်တို့၏ သုံ့ပန်းဘဝသို့ ကျရောက်မည့် ဘေးမှ သီသီကလေး လွတ်မြောက်ခဲ့ရသည်။

ထိုသို့ ဟန်ဂေရီအစိုးရ ရုံးစိုက်ရာ ရဲတိုက်ကို အလစ်တွင် ဝင်ရောက်စီးနင်းတိုက်ခိုက်၍ နိုင်ငံအကြီးအကဲ ဟော်သီအား လက်ရ ဖမ်းဆီးရာတွင် သူကိုယ်တိုင် စီမံခန့်ခွဲ၍ သူကိုယ်တိုင် ခေါင်းဆောင် ကွပ်ကဲခဲ့သည်။

တစ်ဖန် ၁၉၄၄ ခုနှစ် ဆောင်းဦးပေါက်ရာသီတွင် အာဒင်းနီးစ်ဒေသ (ပြင်သစ်)၌ "ဘတ်လ်ဂျ်တိုက်ပွဲ" ကို သဲသဲမဲမဲ ဆင်နွှဲနေခိုက် မဟာမိတ် တပ်များ၏ နောက်ပိုင်းကို ထိပ်လန့်တကြား တုန်လှုပ်ချောက်ချား၍ ဒုက္ခများသွားအောင် လုပ်ဆောင်ခဲ့သည်မှာလည်း သူပင်ဖြစ်သည်။ သူကိုယ်တိုင် ခေါင်းဆောင်၍ ဂျာမနီတပ်သားများကို "အမေရိကန်စစ်သား များ" အသွင် ရုပ်ဖျက်ကာ မဟာမိတ်တပ်များ၏ နောက်ပိုင်းသို့ တိတ်တ ဆိတ် သွားရောက်နှောင့်ယှက်ခဲ့ရာ အမေရိကန် တပ်သားများမှာ မိတ်ဆွေနှင့်ရန်သူ သူ့လူကိုယ့်လူ ရုတ်တရက်မခွဲခြား နိုင်တော့ဘဲ အမှားမှား အယွင်းယွင်း ဖြစ်ကုန်ကြပြီး နောက်ဆုံး၌ မဟာ မိတ်တပ် ပေါင်းစု ဗိုလ်ချုပ်ကြီး အိုက်ဆင်ဟောင်းဝါး ကိုယ်တိုင် တနင်္ဂနွေ တစ်ပတ် လုံးလုံး စစ်ဌာနချုပ်ရုံးခန်းထဲမှ အပြင်မထွက်ရဘဲ အကျဉ်းသား တစ် ယောက်ပမာ ပိတ်လှောင်ခြင်းခံခဲ့ရသည်။

ဤသည်မှာလည်း သူ့လက်ရာပင် ဖြစ်သည်။

၁၉၄၃ ခုနှစ် ဇူလိုင်လတွင် အီတလီဖက်ဆစ်အာဏာရှင် မူဆို လီနီသည် ရုတ်တရက် ရာထူးမှဖြုတ်ချခြင်းခံရရုံမျှမက နိုင်ငံရေးအကျဉ်း

www.burmeseclassic.com



သားတစ်ယောက်အဖြစ် ဖမ်းဆီးချုပ်နှောင်ခြင်း ခံခဲ့ရသည်။ နောက်တက်လာသော အီတလီအစိုးရ အဖွဲ့သစ်သည် မှုဆိုလီနီအား မဟာမိတ်တပ်များလက်သို့ အရှင်လတ်လတ်အပ်ရန် ကြံရွယ်၍ လူသူအရောက်အပေါက်နည်းလှသည့် တောင်ပေါ်စခန်းတစ်နေရာတွင် မှုဆိုလီနီအား လျှို့ဝှက်စွာ ချုပ်နှောင်ထားကြသည်။

အဆိုပါ တောင်ပေါ်စခန်းမှ ဆီးနှင်းများ ဖုံးလွှမ်းနေသည့်ပြင် ထိုစခန်းသို့ အရောက်သွားရန်အတွက် တစ်ခုတည်းသော လမ်းပန်းဆက်သွယ်ရေးမှာ ကောင်းကင်ကြိုး ဓာတ်ရထားသာလျှင် ဖြစ်သည်။ ထိုသို့ ကောင်းကင်ကြိုး ဓာတ်ရထားလမ်းမှတစ်ပါး မော်တော်ကားလမ်းသော်လည်းကောင်း၊ လူသွားလမ်းသော်လည်းကောင်း လုံးဝမရှိသည့် တောင်ပေါ် စခန်းတစ်နေရာတွင် အစောင့်အကြပ်များ အထပ်ထပ်ချကာ လျှို့ဝှက်စွာ ဖမ်းဆီးချုပ်နှောင်ထားသော မှုဆိုလီနီအား အာဏာရှင်ကြီး ဟစ်တလာ၏ စေခိုင်းချက်အရ သူကိုယ်တိုင် ခေါင်းဆောင်၍ စွန့်စွန့်စားစား သွားရောက် ကယ်တင်လိုက်သောအခါ တစ်ကမ္ဘာလုံး တအံ့တသြ ဖြစ်ခဲ့ကြရသည်။ ကြားရသူတိုင်း မယုံနိုင်လောက်အောင် ပါးစပ်အဟောင်းသားဖြင့် ကြက်သေသေသွားခဲ့ကြသည်။ ဘာလင်၊ ရောမ၊ တိုကျို၊ ဗီယင်နာစသော ဝင်ရိုးတန်းနိုင်ငံများ၏ မြို့တော်ကြီးများတွင် အီတလီ အာဏာရှင် မှုဆိုလီနီ လွတ်မြောက်လာသော "အောင်ပွဲသတင်း" ကို အထူးထုတ် စာစောင်များဖြင့် တခမ်းတနား ဂုဏ်ပြုထုတ်ဝေခဲ့ကြရာ မှုဆိုလီနီအား သက်စွန့်ဆံဖျား သွားရောက်ကယ်တင်ခဲ့သော သူ့အမည်ကိုလည်း စာလုံးမည်းကြီးများဖြင့် ဖော်ပြခဲ့ကြသည်။

"အော့တိုစကော်ဇနီ . . ."

"အော့တိုစကော်ဇနီ . . ."

"အော့တိုစကော်ဇနီ . . ."

အိပ်မက်ပမာ ယုံနိုင်စရာ မရှိလောက်အောင် ဖြစ်ခဲ့ရသော ဤသတင်းသည် ဝင်ရိုးတန်းနိုင်ငံများအတွက် ရောမအောင်ပွဲကြီး ဖြစ်ခဲ့ရသလို မဟာမိတ်နိုင်ငံများအတွင်း၌လည်း ကြီးမားစွာ ကယက်ရိုက်ခတ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"မူဆိုလီနီကို လုံခြုံစိတ်ချရတဲ့နေရာမှာ အစောင့်အကြပ်တွေ အထပ်ထပ်နဲ့ ထားတယ်ဆိုတာ ယုံကြည်ပါတယ်။ အီတလီအစိုးရ (သစ်) ကလည်း မူဆိုလီနီဟာ ဘယ်နည်းနဲ့မှ လွတ်မြောက်စရာမရှိဘူးလို့ သေချာပေါက် တွက်ထားကြပါတယ်။ ဒါပေမဲ့ ဖြစ်ခဲ့သမျှကို ကြည့်ရခြင်းအားဖြင့် အခြေအနေဟာ ထိန်းသိမ်းလို့ မရခဲ့ဘူးဆိုတာ သေချာပါတယ်"

မူဆိုလီနီ လွတ်မြောက်သွားသည့်သတင်းကို ကြားလျှင်ကြားချင်း ဗြိတိသျှဝန်ကြီးချုပ် ဝင်စတန်ချာချီကိုယ်တိုင် အောက်လွှတ်တော် အစည်းအဝေးတွင် အထက်ပါအတိုင်း ဝန်ခံပြောကြားခဲ့ရသည်။ ချာချီသည် ချီးကျူးစရာရှိလျှင် မိတ်ဆွေ ရန်သူ မခွဲခြားဘဲ ပွင့်ပွင့်လင်းလင်း ချီးကျူးတတ်သူဖြစ်သည်။ သူက ဤဖြစ်ရပ်နှင့် စပ်လျဉ်း၍ "အောဲ့တိုစကော်ဇနီ" ကို ဤသို့ ဖွင့်ဟချီးကျူးခဲ့သည်။

"ဒီ ထိုးနှက်ချက်ကတော့ အင်မတန်ရဲရင့် စွန့်စားပြီး အင်တိုက်အားတိုက် လုပ်ဆောင်သွားခဲ့တာပါပဲ၊ ဒါကိုကြည့်ခြင်းအားဖြင့် ခေတ်သစ်စစ်ပွဲမှာ အလားတူ ဒီအဖြစ်မျိုးတွေ အများကြီးဖြစ်လာနိုင်စရာ ရှိတယ်ဆိုတာ ထင်ရှားနေပါတယ်"

အထက်ပါ ချာချီရဲ့ စကားထဲမှ "အလားတူ အဖြစ်မျိုး" ဆိုသည်မှာ မည်သို့သော အဓိပ္ပာယ်ကို ဆောင်ပါသနည်း။

ဤစကား၏အဓိပ္ပာယ်မှာ မူဆိုလီနီ လွတ်မြောက်သွားခဲ့ခြင်းနှင့် တိုက်ရိုက်ဆက်စပ် ပတ်သက်လျက်ရှိသည်။ မူဆိုလီနီအား လုံးဝလွတ်မြောက်နိုင်စရာမရှိသည့်နေရာတွင် လုံးဝလွတ်မြောက်နိုင်စရာ မရှိသည့် အခြေအနေမျိုးဖြင့် ချုပ်နှောင်ထားခဲ့သည်။ ဤနေရာနှင့် ဤ အခြေအနေ အရ မူဆိုလီနီ၏ လွတ်မြောက်ရေးမှာ လုံးဝမဖြစ်နိုင်ဟူ၍ တထစ်ချ မှတ်ယူခဲ့ကြသည်။

သို့သော် တကယ်ဖြစ်ရပ်တွင်မူ မူဆိုလီနီသည် လုံးဝလွတ်မြောက်နိုင်စရာမရှိသည့်နေရာမှ လွတ်မြောက်သွားခဲ့သည်။ အချုပ်အားဖြင့် ဆိုရလျှင် ထိုသို့ မူဆိုလီနီ လွတ်မြောက်သွားခဲ့သည်ကို ထောက်ရှု၍ ဤစစ်ကြီးတွင် လုံးဝမဖြစ်နိုင်သောအရာ၊ မဖြစ်နိုင်သော အဖြစ်အပျက်ဟူ၍

www.burmeseclassic.com

www.burmeseclassic.com



မရှိတော့ကြောင်း ချာချီက ရည်ရွယ်ပြောကြားခဲ့ခြင်း ဖြစ်သည်။

ချာချီပြောမည်ဆိုက ပြောစရာပင် ဖြစ်သည်။ ဘယ်နည်းနှင့်မျှ လွတ်မြောက်နိုင်စရာမရှိသော မှုဆိုလီနီသည် စကော်ဇနီ ခေါင်းဆောင်သော ဂျာမနီအသေခံ ကွန်မန်ဒိုတပ်သားများ၏ သက်စွန့်ဆံဖျား ကြိုးစားကယ်တင်မှုကြောင့် လွတ်မြောက်သွားခဲ့ပြီဖြစ်သည်။ ဤအတိုင်းသာဆိုပါ လျှင် လန်ဒန်မြို့ အမှတ် ၁၀၊ ဒေါင်းနင်းလမ်းသို့ ဗြိတိသျှအစိုးရအဖွဲ့ အစည်းအဝေးကျင်းပနေခိုက် "ဖိတ်စာမပါဘဲ" စကော်ဇနီတစ်ယောက် မြှုန်းခနဲ ရောက်လာနိုင်သည် မဟုတ်ပါလော။ အလားတူပင် ဂျာမန် အသေခံ တပ်သားကျော် ကွန်မန်ဒို စကော်ဇနီသည် ဝါရှင်တန်မြို့ အိမ်ဖြူ တော်အတွင်းသို့ ညသန်းခေါင်းကျော်အချိန်တွင် ချဉ်းနင်းဝင်ရောက်ကာ သမ္မတ ရုစဗဲ့အား အိပ်ရာမှနှိုး၍ တိတ်တဆိတ် ဖမ်းဆီးခေါ် ဆောင် သွားနိုင်သည် မဟုတ်ပါလော။

ဤသို့လျှင် စစ်ကြီးအတွင်းက စကော်ဇနီ၏ သက်စွန့်ဆံဖျား ဆောင်ရွက်ချက်များသည် ရင်သပ်ရှုမော အံ့ဩရလောက်အောင် ထူးခြားပြောင်မြောက်လှသည်ဖြစ်ရာ စစ်ကြီးပြီးဆုံးသွားသည့် နောက်ပိုင်းတွင် အခြားအခြားသော ပုဂ္ဂိုလ်များနှင့် အခြားအခြားသော ဖြစ်ရပ်များသည် ရှည်လျားကြာညောင်းခဲ့ပြီဖြစ်သော အချိန်ကာလနှင့် တစ်စတစ်စ မှေးမှိန်ပျောက်ကွယ်သွားခဲ့သော်လည်း စကော်ဇနီ၏ အမည်နှင့် လုပ်ဆောင် ချက်များမှာမူ အချိန်ကြာညောင်းလာသည်နှင့်အမျှ အမှတ်တရ ဖြစ်ကာ ပြောစရာ ကျန်ရစ်ခဲ့သည်။

စကော်ဇနီအကြောင်းကို ထိုသို့အမှတ်တရ ပြောဆိုရေးသားကြရာ၌ "လွတ်သည့်ငါးကြီးသည်" ဟု ဆိုရမည်လားမသိ။ အချို့သော သမိုင်းသုတေသီများနှင့် စစ်ဘက်ဆိုင်ရာ ပါရဂူကြီးများ၏ သုံးသပ်ချက်အရ ဆိုပါလျှင် "အကယ်၍သာ အော့တိုစကော်ဇနီသည် ဟစ်တလာ၏ "အမှုတော်"ကို ခုထက်စော၍ ထမ်းရွက်ခဲ့ရလျှင်သော်လည်းကောင်း၊ သို့တည်းမဟုတ် ဂျာမန်စစ်ဌာနချုပ်၏ အရေးပါအရာရောက်သော ရာထူးအဆင့်အတန်း တစ်နေရာကို ခပ်စောစောပိုင်းကသာ ရရှိခဲ့လျှင်သော်

www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ နာဇီဂျာမနီ၏ ကံကြမ္မာနှင့်တကွ စစ်ကြီးတစ်ခုလုံး၏ အခြေအနေနှင့် လမ်းကြောင်းသည် တစ်မျိုးတစ်ဖုံ ပြောင်းလဲလာနိုင်စရာပင် ရှိသည်" ဟူ၍ ကောက်ချက်ချခဲ့သည်။ ဗြိတိသျှတပ်မတော် ဗိုလ်ချုပ်ကြီးတစ်ဦးကဆိုလျှင် "တကယ်လို့သာ နောက်တစ်ကြိမ် တတိယကမ္ဘာစစ်ကြီး ဖြစ်လာခဲ့ရင် ကျုပ်တို့တစ်တွေဟာ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက စကော်ဇနီရဲ့ တိုက်ပုံတိုက်နည်းတွေကို အသုံးပြုကြရမှာပဲ" ဟူ၍ပင် ထုတ်ဖော်ပြောကြားခဲ့သည်။

စစ်ကြီးအတွင်းက ထိုရွှေ့ထိုမျှလောက် လူသိများ၍ ထင်ရှားခဲ့သော အသေခံတပ်သားကျော် ကွန်မန်ဒို စကော်ဇနီသည် စစ်ကြီးအပြီးတွင် မသေမပျောက်ဘဲ မထင်မရှား ရုပ်ဖျောက်တိမ်းရှောင် နေခဲ့ရာမှ တစ်နေ့တွင် ဂျာမနီနိုင်ငံအတွင်းမှာပင် မဟာမိတ်တပ်များထံ သူ့ကိုယ်တိုင် လက်နက်ချ အဖမ်းခံခဲ့သည်။ သို့ဖြင့် စကော်ဇနီသည် အခြားသော ဂျာမန် စစ်ဗိုလ်များနှင့်အတူ စစ်ခုံရုံးသို့ စစ်တရားခံအဖြစ် ရောက်ရှိသွားခဲ့ရသည်။

သို့သော် အခြားသော ဂျာမန်စစ်ဗိုလ်များနှင့် မတူသောအချက်မှာ စကော်ဇနီအပေါ်တွင် စွဲချက်တင်ခဲ့သော အမှုများသည် စစ်ရေးသဘောအရ မဟုတ်ဘဲ ရာဇဝတ်မှုသဘောအရ ကျူးလွန်ခဲ့သည့် ပြစ်မှုများ ဖြစ်နေခဲ့သည်။ မဟာမိတ်တပ်ပေါင်းစု ဗိုလ်ချုပ်ကြီး အိုက်ဆင်ဟောင်းဝါအား သတ်ဖြတ်ရန် ကြိုးစားမှုအပါအဝင် ရာဇဝတ်ပြစ်မှုများနှင့် စွဲဆိုခဲ့ကြရာ စကော်ဇနီမှာ စစ်တရားခံတစ်ယောက်ဟူ၍ပင် မယူဆနိုင်တော့ဘဲ တကယ့် လူဆိုးလူယုတ်မာကြီး တစ်ယောက်ပမာ ဖြစ်ခဲ့ရသည်။ တရားလိုရှေ့နေချုပ်ကြီးကဆိုလျှင် ရုံးတော်တွင် စကော်ဇနီအား "ဥရောပတိုက်မှာ အန္တရာယ်အကြီးမားဆုံး လူတစ်ယောက်" ဟူ၍ပင် စွပ်စွဲခဲ့သည်။

သို့သော် စစ်ကြီးအတွင်းက သူ၏လုပ်ဆောင်ချက်များကြောင့် လူသိ များ၍ ထင်ရှားခဲ့သော အသေခံတပ်သားကျော် စကော်ဇနီမှာ စစ်တရားခံ ဘဝဖြင့် စစ်ခုံရုံးရောက်မှ ပို၍နာမည်ကြီးစရာ ဖြစ်လာခဲ့သည်။ အဘယ် ကြောင့်ဆိုသော် စကော်ဇနီအား ထိုသို့ စစ်ခုံရုံးတွင် စစ်တရားခံ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်အနေမျိုးဖြင့် မဟုတ်ဘဲ ရိုးရိုးရာဇဝတ်ကောင် လူဆိုး သူခိုး တစ်ယောက်ပမာ စွဲချက်များတင်လာသည်ကို ကာယကံရှင် တရားခံ စကော်ဇနီကိုယ်တိုင် မည်သို့မျှ ခုခံချေပခြင်းမပြုရသေးမီ ဗြိတိသျှ တပ်မှူးအချို့က ၎င်းတို့၏ ဗြိတိသျှအစိုးရ စစ်ဝန်ကြီးရုံးသို့ "ကန့်ကွက်စာ" တစ်စောင် ပေးပို့ခဲ့သောကြောင့် ဖြစ်သည်။

အဆိုပါ "ကန့်ကွက်စာ"တွင် အကယ်၍သာ ဂျာမန်အသေခံ တပ်ဖွဲ့ခေါင်းဆောင် စကော်ဇနီအား စစ်ကြီးအတွင်းက တာဝန်အရ သူ ထမ်းရွက်လုပ်ဆောင်ခဲ့သည်များကို ယခုကဲ့သို့ ရာဇဝတ်မှုများအဖြစ် အပြစ် ပေးမည်ဆိုပါက မိမိတို့ (ဗြိသိသျှတပ်မှူးများ) ကိုလည်း ဖမ်းဆီးအရေးယူစေလိုကြောင်း။ အဘယ်ကြောင့်ဆိုသော် မိမိတို့သည် လည်း ထိုစဉ်က စကော်ဇနီကဲ့သို့ တာဝန်အရ ယင်းသို့သောလုပ်ရပ်များ ကို လုပ်ဆောင် ခဲ့ကြသဖြင့် စကော်ဇနီကဲ့သို့ပင် အပြစ်ရှိသည်ဟု ယူဆသောကြောင့် ဖြစ်ကြောင်း" စသည်ဖြင့် ပါရှိခဲ့သည်။

ဗြိတိသျှတပ်မှူးများသည် မိမိတို့၏ သဘောထားနှင့် ခံယူချက်ကို ပိုမိုလေးနက်စေရန်အတွက် အထက်ပါ "ကန့်ကွက်စာ" မိတ္တူတစ်စောင် ကို မဟာမိတ်တပ်ပေါင်းစု ဗိုလ်ချုပ်ကြီး အိုက်ဆင်ဟောင်ဝါထံသို့ ပေးပို့ ခဲ့သည်။

စစ်ခုံရုံးသို့ စစ်တရားခံအဖြစ် ရောက်ရှိနေသော ရန်သူ ဂျာမန် တပ်မှူးတစ်ယောက်နှင့် ပတ်သက်၍ ဗြိတိသျှတပ်မှူးများက ပေးပို့လိုက် သော အဆိုပါ "ကန့်ကွက်စာ"သည် မည်မျှအရေးပါအရာရောက်သည် ဟူ၍ အတိအကျမသိရသော်လည်း စစ်တရားခံ စကော်ဇနီမှာ သူ့အပေါ် တွင် စွဲဆိုထားသောစွဲချက်များ တစ်ခုပြီးတစ်ခု ပယ်ဖျက်ခြင်းခံခဲ့ရပြီး နောက်ဆုံးတွင် တစ်စုံတစ်ရာ အပြစ်ပေးခြင်းမခံရဘဲ ကွင်းလုံးကျွတ် လွတ်လာခဲ့သည်။

အသေခံ တပ်သားကျော် စကော်ဇနီ၏ အရှိန်အဝါနှင့် ဇာတ်ဖြစ် အပျက်မှာ ဤမျှကြီးမားဆန်းကြယ်ခဲ့သည်။

သူနှင့်ပတ်သက်သမျှ နောက်ဆက်တွဲ သိရသည်မှာ ထိုသို့

www.burmeseclassic.com

www.burmeseclassic.com



စစ်ခုံရုံး မှ ကွင်းလုံးကျွတ်လွတ်လာခဲ့ပြီးနောက် ဆိုဗီယက်ထောက်လှမ်းရေးအဖွဲ့ဝင်များသည် စကော်ဇနီအား အလစ်တွင် ပြန်ပေးဆွဲ၍ မော်စကိုသို့ ခေါ်ဆောင်သွားရန် နှစ်ကြိမ်တိုင်တိုင် ကြိုးစားခဲ့ကြသည်ဟု ဆိုသည်။ ဤသတင်းနှင့်စပ်လျဉ်း၍ ခိုင်လုံသော အထောက်အထားများနှင့် ဖော်ပြခြင်းမရှိသော်လည်း မဟုတ်မမှန်ပါ ဟူ၍လည်း ငြင်းချက်ထုတ်ရန် ခဲယဉ်းသည်။

ဤနေရာတွင် နှိုင်းယှဉ်စဉ်းစားရန်ရှိသည့် အချက်တစ်ချက်မှာ စစ်ကြီးအပြီးတွင် အထူးမြူပုံးနှင့် ဒုံးပျံလက်နက်များ တီထွင်ထုတ်လုပ်နိုင်သည့် ဂျာမန်သိပ္ပံပညာရှင်ကြီးများနှင့် လက်နက်ပါရဂူကြီးများကို အမေရိကန်၊ ဆိုဗီယက်၊ ပြင်သစ်၊ ဗြိတိန်၊ အစ္စရေး စသောနိုင်ငံများသို့ နည်းအမျိုးမျိုးဖြင့် စည်းရုံးသိမ်းသွင်း ခေါ်ဆောင်သွားခဲ့ကြသည့် ဖြစ်ရပ်များ အထင် အရှားရှိခဲ့သည်။

သို့ဖြစ်ရာ စစ်ကြီးအတွင်းက သူမတူအောင် စွမ်းဆောင်နိုင်ခဲ့သော ဂျာမန်တပ်မှူး စကော်ဇနီအား ဆိုဗီယက်တို့က စစ်ပြီးကာလတွင် သေရေးရှင်ရေးတမျှ အရေးပါအရာရောက်လှသော သူလျှိုလုပ်ငန်း၊ ထောက်လှမ်းရေးလုပ်ငန်းနှင့် လျှို့ဝှက်လုပ်ငန်းများအတွက် တစ်နည်းနည်းဖြင့် ခေါ်ယူအသုံးချရန် ကြိုးစားကောင်း ကြိုးစားကြမည် ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ "မတစ်ထောင် တစ်ကောင်ဖွား"ဆိုသော စကားကဲ့သို့ ဒုတိယကမ္ဘာစစ်ကြီးတွင် ပါဝင်တိုက်ခိုက်ခဲ့ကြသည့် သန်းပေါင်းများစွာသော ဂျာမန်စစ်သားများအနက်မှ အသေခံတပ်သားကျော်အောင်တို စကော်ဇနီ၏ သက်စွန့်ဆံဖျား စွန့်စားခန်းများသည် ဒုတိယကမ္ဘာစစ်ကြီး၏ သမိုင်းစာမျက်နှာများတွင် ထာဝစဉ် မှတ်တမ်းတင်၍ ကျန်ရစ်နေမည်သာ ဖြစ်သတည်း။

❑

www.burmeseclassic.com

www.burmeseclassic.com

# မမျှော်လင့်သည့် ပဋ္ဌာမအောင်ပွဲ

အော့တိုစကော်ဇနီသည် သာမန်စစ်သားတစ်ယောက် မဟုတ်ဘဲ သူ့မတူအောင် ထူးချွန်ထင်ရှားသည့် စစ်သားတစ်ယောက်ဟူ၍ အများက သတ်မှတ်ခဲ့ကြသော်လည်း သူကိုယ်သူ စစ်သားတစ်ယောက်အဖြစ် စစ်ထဲဝင်ရန် ဘယ်တုန်းကမှ စိတ်မကူးခဲ့ပေ။ သို့ဖြစ်၍လည်း တစ်ခါတစ်ရံ တောပစ်ထွက်ရာ၌ နှစ်လုံးပြူးသေနတ်၊ တစ်လုံးထိုးသေနတ် စသည့် လက်နက်များမှတစ်ပါး စစ်မှုထမ်းရန် ဆင့်ခေါ်ခြင်း ခံရသည့်အချိန်အထိ တစ်သက်နှင့်တစ်ကိုယ် ရိုင်ဖယ်သေနတ်ကို လုံးဝ ကိုင်ဖူး ပစ်ဖူးခြင်း မရှိခဲ့ပေ။

ထိုမှတစ်ပါး ဒုတိယ ကမ္ဘာစစ်ကြီးအတွင်း ဂျာမန်စစ်သား တစ်ယောက်အဖြစ် လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သော ဩစတြီးယားနိုင်ငံသား စကော်ဇနီသည် စစ်ကြီးမဖြစ်မီက ဂျာမနီနိုင်ငံတွင်းသို့ တစ်ခါဖူးမျှ ခြေမချခဲ့ဘူးသော အဖြစ်မှာလည်း တကယ့်အံ့ဩစရာပင် ဖြစ်သည်။ သည့်ထက်သည် ပို၍ထူးခြားဆန်းကြယ်သောအဖြစ်မှာ အရွယ်ရောက်သူတိုင်း စစ်ထဲမဝင်မနေရဟူသော အမိန့်ကြောင့် ယူနီဖောင်းဝတ်ကာ ရိုင်ဖယ်သေနတ်ကို ကိုင်စွဲခဲ့ရသော်လည်း ဂျာမန်တပ်များက ပြင်သစ်နိုင်ငံကြီး တစ်နိုင်ငံလုံးကို သိမ်းပိုက်ပြီးသည့် အချိန်အထိ စကော်ဇနီသည် သေနတ်တစ်ချက်မျှ ပစ်ဖောက်ခဲ့ရခြင်း မရှိသေးသော အဖြစ်ပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နောင် တစ်နေ့နေ့ တစ်ချိန်ချိန်တွင် အများတကာထက် ထူးထူးခြားခြား ထင်ရှားကျော်ကြားလာမည့် သူများအတွက် "တောက်မည့်မီးခဲ စားဖို့ရဲရဲ"ဟူသော ဆိုရိုးစကားရှိခဲ့သည်။ ဤစကားသည် အခြားသူများအတွက် မှန်ကောင်းမှန်မည် ဖြစ်သော်လည်း စကော်ဇနီအတွက်မူ အများ ကြီးမှားနေသည်ဟု ဆိုရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တစ်နေ့သောအခါ၌ ဂျာမန်တပ်မတော်အတွင်း "အသေခံတပ်သားကျော်" တစ်ယောက်အဖြစ် ထင်ပေါ်ကျော်ကြားလာမည့် စကော်ဇနီ၏ ငယ်စဉ် တောင်ကျေးကလေးဘဝသည် ဘာတစ်ခုမျှ ထူးထူးခြားခြား မှတ်လောက် သားလောက်စရာ မရှိသောကြောင့်ပင် ဖြစ်သည်။

ငယ်စဉ်က စကော်ဇနီ၏ အနေအထိုင်၊ အပြောအဆို၊ အပြုအမူများသည် သာမန်အခြားသော ကလေးများကဲ့သို့ အေးအေးဆေးဆေး သူလိုငါလိုပင် ဖြစ်သည်။ ဒေါသထွက်လွယ်ခြင်း၊ စိတ်ကြီးခြင်းများလည်း မရှိ။ လိုချင်သည့် ပစ္စည်းတစ်ခုကို မရမချင်း နားငြီးလောက်အောင် အပူပူတဆူဆူ လုပ်တတ်ခြင်းလည်းမရှိ။ ရွယ်တူတန်းတူ အပေါင်းအဖော်များနှင့် ကစားရာတွင်လည်း မိုလ်ကျခြင်း၊ တခုံးတစ ထိပ်ပေါက်ခေါင်းကွဲ မြူးလုပ်ခဲ့ခြင်းများလည်း မရှိ။ ပြောစမှတ် ပြုလောက်အောင် ထူးခြားသည့် လက္ခဏာဟူ၍ ဘာဆိုဘာတစ်ခုမှ မရှိခဲ့။

စကော်ဇနီ၏ ဘိုးဘွားမိဘများနှင့် ဆွေမျိုးအစဉ်အဆက်များသည် ဆောလ်တစ်ပင်လယ်ကမ်းခြေရှိ ပိုမားရေးနီးယားပြည်နယ် အရှေ့ပိုင်း "စကော်ဇင်စင်" ရွာကလေးမှ ဖြစ်ကြသည်။ စကော်ဇင်စင် ရွာကလေးကို အကြောင်းပြု၍ သူ့မိဘများက သူ့ကို "စကော်ဇနီ" ဟူ၍ အမည်ပေးခဲ့ခြင်းပင်ဖြစ်သည်။

အရွယ်ရောက်လာချိန်တွင် စစ်သားတစ်ယောက် ဖြစ်လာသော စကော်ဇနီအတွက် "ဘမျိုးဘိုးတူ" ပြောစရာဟူ၍ တစ်ချက်သာလျှင် ရှိသည်။ ဤသည်မှာ အခြားမဟုတ်၊ သူ့မိခင်ဘက်မှ ဘိုးစဉ်ဘောင်ဆက် ဆွေတော်မျိုးမှန်သမျှ တစ်ယောက်မကျန် စစ်မှုထမ်းခဲ့ကြခြင်း ဖြစ်သည်။ သူတို့တစ်တွေသည် တာတာလူမျိုးများနှင့်လည်းကောင်း၊ တူရကီလူမျိုး

www.burmeseclassic.com

www.burmeseclassic.com



များနှင့်လည်းကောင်း ခေတ်အဆက်ဆက် ဖြစ်ပွားခဲ့သော စစ်ပွဲများတွင် ပါဝင်တိုက်ခိုက်ခဲ့ကြသူများ ဖြစ်သည်။

စကော်ဇနီ၏ မိဘများသည် စကော်ဇနီအား မမွေးဖွားမီကပင် ဗီယင်နာမြို့သို့ ပြောင်းရွှေ့၍ အခြေစိုက်ကာ တင့်တောင့်တင့်တယ် နေထိုင်လာခဲ့ကြသည်။ သို့သော် စကော်ဇနီအား မွေးဖွားပြီးနောက်ပိုင်းတွင် ဩစတြီးယားနိုင်ငံတစ်ဝန်းလုံး စီးပွားပျက် ကပ်ဆိုက်လာခဲ့သဖြင့် စကော်ဇနီမှာ ငယ်စဉ်က အတော်ကလေး ဆင်းဆင်းရဲရဲ နေထိုင်ခဲ့ရသည်။ မည်မျှဆင်းရဲခဲ့ပါသနည်းဟူမူ သူ့အသက် ၁၅ နှစ်အရွယ်ကျမှ ထောပတ်အစစ်ကို ပထမဆုံးအကြိမ် စားဖူးသည်အထိ ဖြစ်ခဲ့ရသည်။

"ဟုတ်ပါတယ်…။ ကျွန်တော့်အသက် ၁၅ နှစ်ကျမှ ထောပတ်အစစ်ကို စားခဲ့ရတယ်။ အဲဒီတုန်းက ကျွန်တော့်အဖေက ကျွန်တော့်ကို ပြောတဲ့ စကားတစ်ခွန်းကို ကောင်းကောင်းမှတ်မိနေပါသေးတယ်။ အဖေက လောကမှာ ပစ္စည်းဥစ္စာ မပြည့်စုံလို့ ဘာမှပူပန်စရာမလိုဘူး။ ကျကျနန စည်းစိမ်နဲ့ နေချင်တဲ့အကျင့်မရှိလို့ ပိုတောင်မှကောင်းသေးတယ်လို့ ပြောပါတယ်။ တကယ်လည်း သူပြောတဲ့အတိုင်း မှန်နေပါတယ်…"

ထောပတ်အစစ်ကို ပထမဆုံးအကြိမ် စားခဲ့ဖူးစဉ်က သူ့အဖေ ပေးခဲ့သော ဘဝသင်ခန်းစာကို ပထမဆုံးအကြိမ် ကြားနာလက်ခံရပုံနှင့် ပတ်သက်၍ စကော်ဇနီက အထက်ပါအတိုင်း အမှတ်တရ ပြန်ပြောပြခဲ့သည်။

ထိုအချိန်မှစ၍ သူသည် ဘဝသင်ခန်းစာကို သူ့အရွယ် သူ့အတိုင်းအတာအရ နားလည်သဘောပေါက်ခဲ့သည်။ စီးပွားရေးကပ်ဆိုက်၍ တစ်နိုင်ငံလုံး အကျပ်ရိုက်နေသဖြင့် အစားအသောက် အနေအထိုင် ဆင်းရဲခဲ့ရသော စကော်ဇနီသည် ဆင်းရဲမှုဒဏ်ကို တဖြည်းဖြည်း ခံနိုင်ရည်ရှိလာခဲ့သည်။ တစ်စတစ်စ ကျင့်သားရလာခဲ့သည်။ ခြေမွေးမီးမလောင် လက်မွေးမီးမလောင် ဘဝမျိုးဖြင့် ဇိမ်ကျကျ မနေနိုင်၍ မနေခဲ့ရသော စကော်ဇနီသည် ဆင်းဆင်းရဲရဲ ကြမ်းကြမ်းတမ်းတမ်း ဘဝမျိုးတွင် နေထိုင်ခဲ့ရာမှ "တုံးဆိုတိုက်…ကျားဆိုကိုက်" ဆိုသော စိတ်ဓာတ်မျိုး ဝင်စားလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အရွယ်အားဖြင့်လည်း သေးကြွသည့် လူပျိုပေါက်အရွယ်၊ စိတ်ဓာတ် အားဖြင့်လည်း "တုံးတိုက်တိုက်၊ ကျားကိုက်ကိုက်" ဆိုသည့် စိတ်ဓာတ်အခံ ရှိနေပြီဖြစ်သည့်အလျောက်၊ စကော်ဇနီသည် ထိုအချိန် ထိုအခါက ဆယ်ကျော်သက်အရွယ် လူငယ်များအတွင်း ခေတ်စားခဲ့သည့် ဓားခုတ်ပွဲများကို မကြာခဏ "စိန်" ခေါ်၍ ဆင်နွှဲခဲ့သည်။ ကြမ်းကြမ်းတမ်းတမ်း စားသောက် နေထိုင်လာခဲ့ရာမှ စိတ်ကြမ်းလူကြမ်း ဖြစ်လာသော စကော်ဇနီသည် ထစ်ခနဲဆိုလျှင် ငုံ့ခံမနေဘဲ ဓားချင်းယှဉ်ခုတ်ရန် "စိန်" ခေါ်လေ့ရှိသည်။ ထို့ပြင် ထိုစဉ်က ဓားခုတ်ပညာသည် လူငယ်လူရွယ်များ လေ့လာလိုက်စား ကြသည့် အားကစားအတတ်ပညာတစ်ရပ် ဖြစ်နေသဖြင့် လူငယ်အချင်းချင်း "စိန်" ခေါ်၍ ဓားခုတ်ကြသည်များကို လူမိုက်အလုပ်ဟူ၍ မယူဆဘဲ ပညာစွမ်းပြသည့် ပွဲများအဖြစ် အများက လက်ခံခဲ့ကြသည်။

သို့ဖြင့် စကော်ဇနီသည် ဆယ်ကျော်သက်ရွယ် လူပျိုပေါက်ဘဝတွင် ဓားပွဲပေါင်း ၁၅ ပွဲမျှ နွှဲခဲ့ဖူးသည်။ ဤ ၁၅ ပွဲအနက် သူ့အတွက် အမှတ်တရဖြစ်စေသည့် ဓားခုတ်ပွဲ ၂ ပွဲ ပါဝင်ခဲ့သည်။

ပထမ အမှတ်တရ ဖြစ်ခဲ့ရသည့် ဓားခုတ်ပွဲမှာ လူငယ်ပီပီ နှလုံးသားရေးရာနှင့် ပတ်သက်သည့် ပွဲဖြစ်သည်။ ဗီယင်နာမြို့သူ လုပျိုဖြူ တစ်ယောက်၏ အချစ်အတွက် သူနှင့်အခြားလူငယ်တစ်ယောက် ဓားချင်းယှဉ်၍ ခုတ်ခဲ့ကြရသည်။ သို့သော် ထိုပွဲမှာ မည်သူမျှမနိုင်ဘဲ နှစ်ဦးစလုံး အရှုံးဖြင့် အဆုံးသတ်ခဲ့ကြရသည်။ အဘယ်ကြောင့်ဆိုသော် သူတို့နှစ်ယောက် အပြိုင်ချစ်နေမိကြသော ဗီယင်နာမြို့သူ လုပျိုဖြူ ကချေသည်မ ကလေးသည် ဓားခုတ်ပွဲကျင်းပအပြီး တနင်္ဂနွေ နှစ်ပတ်ခန့်အကြာတွင် သူတို့နှစ်ယောက်စလုံးကို ကျောခိုင်းကာ အခြားသူတစ်ယောက်နှင့် လက်ထပ် သွားခဲ့သောကြောင့်ဖြစ်သည်။

ဒုတိယ အမှတ်တရ ဖြစ်ခဲ့ရသည့် ဓားခုတ်ပွဲမှာ သူ၏ ဆယ်ကြိမ်မြောက်ပွဲဖြစ်သည်။ ထိုပွဲတွင် စကော်ဇနီသည် ခြေလှမ်းတစ်ချက် မှားသွား ခဲ့ရာမှ သူ၏ဘယ်ဘက်ပါးမှာ တစ်ဖက်လူ၏ ဓားချက်ဖြင့်

www.burmeseclassic.com



ရုတ်တရက် ပူခနဲဖြစ်သွားခဲ့သည်။ သတိရ၍ ကြည့်လိုက်သောအခါ သူ၏ဘယ်ဘက် ပါးတွင် သုံးလက်မခန့် ကန့်လန့်ဖြတ် ထိသွားသော ဓားဒဏ်ရာမှ သွေး များစီးကျလာသည်ကို တွေ့လိုက်ရသည်။ ဤသို့ဖြင့် စကော်ဇနီသည် ယခင်ကပွဲတွင် "အသည်းနှလုံး" ၌ ဒဏ်ရာရခဲ့သလို ယခုပွဲတွင်လည်း ဘယ်ဘက်ပါး၌ သေရာပါသည့် ဓားဒဏ်ရာကြီး ရခဲ့တော့သည်။

နောင်အခါ၌ သူ့ပါးမှာ ကန့်လန့်ဖြတ် အမာရွတ်ကြီးကိုကြည့်ကာ လူအတော်များများက စကော်ဇနီအား တကယ့်လူဆိုးကြီးတစ်ယောက် ဟူ၍ ထင်မှတ်မှားခဲ့ကြသည်။

သို့သော် ထောပတ်အစစ်ကို ပထမဆုံးအကြိမ် စားခဲ့ရစဉ်က သူ့အဖေထံမှ ဘဝသင်ခန်းစာကို ရခဲ့သလို လူငယ်အချင်းချင်း ဓားခုတ် ပွဲများ နွှဲခဲ့ရာမှ ဘဝအတွေ့အကြုံများကို သူကောင်းကောင်းကြီး ရခဲ့သည်။ ထိုသို့ တစ်ဦးနှင့်တစ်ဦး ဓားချင်းယှဉ်ခုတ်သည့်ပွဲမှ ရရှိခဲ့သော အတွေ့ အကြုံများသည် နောင်အခါ၌ တစ်ဖက်နှင့်တစ်ဖက် သေနတ်ချင်းယှဉ် ပစ်ကြရသည့် စစ်မြေပြင်တိုက်ပွဲများတွင် အလေ့အကျင့်ဖြစ်လာခဲ့သည်။ ဤအတွေ့အကြုံ အလေ့အကျင့်များနှင့် စပ်လျဉ်း၍ တစ်ခါက စကော်ဇနီ ကိုယ်တိုင် ဤသို့ ပြန်လည်ဖောက်သည်ချဖူးသည်။

"ကျောင်းသားဘဝတုန်းက အားကစားကလပ်တွေမှာ အလေ့အကျင့် ရလာခဲ့တဲ့ ကိုယ့်ကိုယ်ကို ထိန်းသိမ်းမှုတွေဟာ နောင်ကျတော့ အင်မတန် အသုံးဝင်ပြီး အင်မတန် ကျေးဇူးတင်စရာ ကောင်းပါတယ်။ ကျွန်တော် အသက်(၁၈)နှစ်သားအရွယ်တုန်းက ကျွန်တော့်သူငယ်ချင်း ကျောင်းသား တွေရေ့မှာ ပထမဆုံးအကြိမ် ဓားခုတ်ပွဲက ရခဲ့တဲ့ အတွေ့အကြုံကြောင့် ကျွန်တော်ဟာ စစ်မြေပြင်မှာ ရန်သူက သဲသဲမဲမဲ ပစ်နေပေမဲ့ မဖြုံခဲ့ပါ ဘူး။ ဓားခုတ်ပွဲမှာ တစ်ဖက်လူရဲ့ ဓားချက် အထိခံရဖူးတဲ့အတွက် ကြောက်စိတ်ဆိုတာလည်း မရှိသလောက်ပါပဲ။ အရေးကြီးတာက ဓားခုတ် ပြိုင်ပွဲမှာ ရန်သူရဲ့ခေါင်းကို မိမိရရကြီး ထိသွားအောင် ချိန်ပြီး ခုတ်ရသလို စစ်ပွဲတစ်ပွဲမှာလည်း ဒီအတိုင်းပါပဲ။ စိတ်ထဲမှာ ချိတုံချတုံနဲ့ ဇဝေဇဝါဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



တာမျိုး၊ ခြေထောက်ကို ဟိုဘက်ဒီဘက် လှမ်းနေတာမျိုးနဲ့ အချိန်ဖြုန်း မနေသင့်ပါဘူး။ ကိုယ်ချိန်ရွယ်ထားတဲ့ ပစ်မှတ်အပေါ်မှာပဲ အာရုံစိုက်ပြီး ရန်သူကို တစ်ဟုန်ထိုး တိုက်ခိုက်ဖို့ လိုပါတယ်. . .”

ဤစကားများကို ထောက်ရှုခြင်းအားဖြင့် စကော်ဇနီသည် စိတ်ကူးယဉ်သမားမဟုတ်၊ လက်တွေ့သမားဖြစ်ကြောင်း ကောင်းကောင်းကြီး သိ သာနိုင်သည်။ အထက်တန်း ကျောင်းသားဘဝတွင် သူယူခဲ့သော ဘာသာ ရပ်များကိုကြည့်လျှင် ဤအချက်မှာ ပို၍ထင်ရှားသည်။ သူသင်ယူခဲ့သော ဘာသာရပ်များမှာ လက်တွေ့ကျသော သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ စသည့် ဘာသာရပ်များသာ ဖြစ်သည်။ သမိုင်း၊ ပထဝီ၊ ဒဿနိက စသော စိတ်ကူးယဉ် ဘာသာရပ်များကို သူလုံးဝစိတ် မဝင်စား၊ သင်လည်း မသင်ကြားခဲ့. . .။

ထို့ပြင် စကော်ဇနီနှင့် အခြားအခြားသော တပ်မှူးများ၊ စစ်ဗိုလ်များ အကြားတွင် မတူ ကွဲပြားခြားနားနေသော အချက်တစ်ချက် ရှိသေးသည်။ များသောအားဖြင့် စစ်တပ်တစ်တပ်တွင် စစ်ဗိုလ်ရာထူး၊ တပ်မှူးရာထူး ရရှိနေကြသူများသည် ဂုဏ်သရေရှိ ချမ်းသာသော မိဘများမှ မွေးဖွား လာကြပြီး တက္ကသိုလ်၊ ကောလိပ် စသည့် အထက်တန်းပညာများကို သင်ကြားလာခဲ့ကြသည့် ပညာတတ် လူတန်းစားများသာလျှင် ဖြစ်ကြ သည်။ သို့သော် စကော်ဇနီမှာ ဤလို စစ်ဗိုလ်မျိုး၊ ဤလို တပ်မှူးမျိုး မဟုတ်။ သူ့တွင် ပညာတတ် လူတန်းစားများ၏ အတတ်ပညာများနှင့် အရည်အချင်းများ လုံးဝမရှိ။ ပညာတတ်ဉာဏ်များ မရှိ၊ ယုတ်စွအဆုံး သောလူများက သူ့အား ပညာတတ်ပုဂ္ဂိုလ်တစ်ယောက်ဟူ၍ အထင်ကြီး စေရုံမျှလောက်အတွက်ပင် စာအုပ်တစ်အုပ်ကို အစမှအဆုံး ဟန်ဆောင် [illegible]တောင် ဖတ်လေ့ဖတ်ထ မရှိသည်အထိ စာဖတ်ဝါသနာ နည်းခဲ့သည်။

ထိုသို့ ပညာတတ် အကျင့်အကြံများနှင့် စိတ်ကူးယဉ်ဝါဒကို [illegible]ထောက်မခံသော စကော်ဇနီသည် နိုင်ငံရေးနှင့် ပတ်သက်၍လည်း [illegible]စိတ်ပါဝင်စားခြင်း မရှိ။ “နိုင်ငံရေးဆိုသည်မှာ အချိန်ကုန်သော [illegible]တစ်ခုဖြစ်သည်” ဟူ၍ပင် တစ်ယူသန်တစ်ဖက်သတ် စွဲမှတ်ထား [illegible]

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ့အသက် နှစ်ဆယ်ကျော်အရွယ် နာဇီပါတီ အရှိန်အဝါ စတင် ကြီးထွားလာချိန်တွင်မူ သူသည် ပါတီဝင်အဖြစ် လျှောက်လွှာတင်ခဲ့သည်။ နိုင်ငံရေးကို စိတ်ပါဝင်စားခြင်း မရှိပါဘဲလျက် နာဇီပါတီဝင်အဖြစ် လျှောက်လွှာတင်ခဲ့သည်ကို သူ့သူငယ်ချင်း အပေါင်းအသင်းများက တအံ့တသြ ဖြစ်ခဲ့ကြသည်။ ဤအချက်နှင့် စပ်လျဉ်း၍ သူက အကြောင်းပြခဲ့သည်မှာ စီးပွားရေးအရ ချွတ်ခြုံကျနေသော မိမိတို့ ဩစတြီးလျနိုင်ငံကလေးသည် ဂျာမနီနှင့် ပူးပေါင်းလိုက်ပါက အဘက်ဘက်မှ တိုးတက် ဖွံ့ဖြိုးလာသည်ဟု ယုံကြည်သောကြောင့် ဟူ၍ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ နိုင်ငံရေးကို လုံးဝစိတ်ပါဝင်စားခြင်း မရှိခဲ့သော စကော်ဇနီသည် တစ်နေ့သောအခါတွင် "လူမှန်သမျှ နိုင်ငံရေး သတ္တဝါဖြစ်သည်"ဟူသော သဘောတရား အဆိုအမိန့်ကို သူကိုယ်တိုင် လက်တွေ့ကြုံစရာ ဖြစ်လာခဲ့သည်။

ထိုအချိန်မှာ ၁၉၃၇ ခုနှစ် နွေဦးရာသီ၏ တစ်ခုသော နေ့တစ်နေ့ပင် ဖြစ်သည်။ နေရာမှာ ဩစတြီးလျနိုင်ငံ၏ မြို့တော် ဗီယင်နာမြို့တွင် ဖြစ်သည်။

ထိုအချိန်က တစ်နေ့တစ်ခြား အရှိန်အဝါ ကြီးမားလာသော နာဇီပါတီကို လိုလိုလားလား ထောက်ခံသူများနှင့် မလိုလား ရှုံ့ချသူများ၏ ပဋိပက္ခကြောင့် ဩစတြီးလျ နိုင်ငံကလေးတွင် ပြည်တွင်းရေး ရှုပ်ထွေးနေချိန်ဖြစ်သည်။ နာဇီ ဂျာမနီနှင့် ပူးပေါင်းရန် ငြင်းဆန်ခဲ့သော ဩစတြီးလျ အစိုးရအဖွဲ့ ပြုတ်ကျခဲ့သည်မှာ ပူပူနွေးနွေး ရက်ပိုင်းမျှသာ ရှိသေးသည်။

ထိုနေ့က ဝန်ကြီးချုပ်သစ်အဖြစ် ဟစ်တလာက ရွေးချယ်ထားသော နာဇီခေါင်းဆောင်သည် အစိုးရရုံး အဆောက်အဦ လသာဆောင်မှနေ မိန့်ခွန်းပြောကြားလျက်ရှိသည်။ ရုံးရှေ့ ကွက်လပ်ကြီးတွင်မူ ရောမ လူထုပရိသတ်ကြီးသည် ဝန်ကြီးချုပ်အသစ်၏ မိန့်ခွန်းကို နားထောင်ရင်း ရုတ်ရုတ်သဲသဲ လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်။ ပတ်ဝန်းကျင် တစ်ခွင်လုံးမှာ အသံချဲ့စက်မှတစ်ဆင့် ထွက်ပေါ်လာသော နာဇီဝန်ကြီးချုပ်သစ်၏ ဟိန်းဟောက်သံများ ခြိမ်းခြောက်သံများဖြင့် ပွဲတင်ထပ်လျက် ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေမှာ တစ်စုံတစ်ရာ ဆိုးဆိုးဝါးဝါးဖြစ်နိုင်သည့် အနေအထားမျိုးရှိနေသည်။

ထိုအခိုက် အစိုးရရုံး အဆောက်အဦနှင့် ဘေးချင်းယှဉ်နေသော လမ်းမကြီးပေါ်မှ လူအုပ်ကြီးထဲတွင် အော့တိုစကော်ဇနီအား မထင်မရှား တွေ့မြင်ကြရသည်။ သူသည် ထိုနေရာသို့ အကြောင်းမဲ့ ရောက်ရှိနေခြင်း မဟုတ်၊ သူ ပါဝင်ထားသော ဗီယင်နာ အားကစားကလပ်မှ ခေါင်းဆောင်များ၏ ညွှန်ကြားချက်အရ ဝန်ကြီးချုပ်အသစ် မိန့်ခွန်း ပြောကြားသည့် ဤနိုင်ငံရေး တရားပွဲသို့ လူထုပရိသတ်ကြီးကို ထိန်းသိမ်းစောင့်ရှောက် နေကြသော ရဲအဖွဲ့ဝင်များအား ကူညီ၍ လုပ်အားပေးရန် ရောက်ရှိနေခြင်း ဖြစ်သည်။

စကော်ဇနီသည် အသံချဲ့စက်မှတစ်ဆင့် ထွက်ပေါ်လာသော နိုင်ငံရေး စကားလုံးများကို အမှတ်မထင် နားထောင်နေခိုက် ရုံးအဆောက်အဦ၏ ဘေးတစ်ဖက်မှ ဝင်းတံခါးကြီးပွင့်လာပြီး မော်တော်ကားကြီးတစ်စီး ထွက် လာသည်ကို လှမ်းမြင်လိုက်ရသည်။ အသေအချာ ကြည့်လိုက်သောအခါ ကားနောက်ပိုင်းတွင် သမ္မတကြီး "မိခေးလပ်စ်" လိုက်ပါသွားသည်ကို တွေ့လိုက်ရသည်။

ထိုအခိုက်မှာပင် အားကစားကလပ် တာဝန်ခံသည် ရုတ်တရက် သူ့အနားသို့ ဖြန်းခနဲ ရောက်လာပြီး သူ့ပခုံးကို လှမ်းပုတ်လိုက်သည်။

"စကော်ဇနီ၊ မင်းကတော့ ဖျတ်ဖျတ်လတ်လတ် ရှိပါတယ်"

အားကစား တာဝန်ခံသည် ဆိုင်းမဆင့် ဗုံမဆင့်ဘဲ ထိုသို့ပြော လိုက်ပြီးနောက် စကော်ဇနီအား သမ္မတကြီး စီးသွားသော မော်တော်ကား နောက်သို့ ချက်ချင်းလိုက်သွားရန် တာဝန်ပေးလိုက်သည်။ သူ့ပြောပြ ချက်အရဆိုလျှင် သမ္မတသည် ယခုအိမ်တော်သို့ ပြန်သွားခြင်းဖြစ်သည်။ တစ်ချိန်တည်းတွင် နာဇီကာကွယ်ရေး တပ်ဖွဲ့ဝင်များသည်လည်း အိမ်တော်သို့ သွားနေကြပြီဖြစ်ရာ အိမ်တော်တွင် အသင့်ရှိနေကြသော အစောင့်တပ်များနှင့် ထိပ်တိုက်တိုးပြီး ပဋိပက္ခ ဖြစ်နိုင်စရာ ရှိသည်။ အခြေအနေမသင့်လျှင် တစ်ဖက်နှင့်တစ်ဖက် ပစ်လားခတ်လား ဖြစ်ကုန်ကြ

www.burmeseclassic.com

www.burmeseclassic.com



မည်ကို စိုးရိမ်ရသည်။ သို့ဖြစ်ရာ စကော်ဇနီသည် အိမ်တော်သို့ သမ္မတကားကို ကျော်တက်၍ အမြန်ဆုံးရောက်အောင် ကြိုသွားပြီး ဝန်ကြီးချုပ်သစ်၏ အမိန့်အရဟု ဆိုကာ အပြိုင်ဖြစ်နေကြသော လက်နက်ကိုင် တပ်ဖွဲ့ဝင်များကို ထိန်းသိမ်းရန်ဖြစ်သည်။ အကယ်၍ တစ်စုံတစ်ရာ ပြဿနာပေါ်လာပါက ဝန်ကြီးချုပ်ထံ ဖုန်းဆက်အကြောင်းကြားပါဟု၍လည်း အားကစားဘာဝန်ခံက စကော်ဇနီအား မှာကြားလိုက်သေးသည်။

စကော်ဇနီသည် ချက်ချင်းပင် သူ့ကားပေါ်သို့ ခုန်တက်ကာ မောင်းထွက်လာခဲ့သည်။ သို့သော် သူ့ရှေ့မှ ခပ်စောစောကသွားသော သမ္မတကားကို လှမ်းမြင်လိုက်ပြီး မီလုဆဲဆဲအချိန်မှာပင် နာဇီကာကွယ်ရေး တပ်ဖွဲ့ဝင်များ လိုက်ပါလာသော ကားနှစ်စီး သုံးစီးခန့်သည် တစ်နေရာမှ ထွက်ပေါ်လာပြီး သမ္မတကားနောက်မှ စီတန်း၍ လိုက်ပါသွားကြသည်ကို တွေ့မြင်လိုက်ရသည်။ သို့ဖြစ်ရာ သူသည် သမ္မတကားဆီသို့ ဘယ်နည်းနှင့်မျှ ကျော်မတက်နိုင်အောင် ဖြစ်သွားခဲ့သည်။ ဤအတိုင်းသာဆိုလျှင် နာဇီကာကွယ်ရေး တပ်ဖွဲ့ဝင်များနှင့် အစိုးရအစောင့်တပ်သားများ၏ လက်နက်ကိုင် ပဋိပက္ခမှာ တားမနိုင်ဆီးမရ မုချ ပေါ်ပေါက်လာတော့မည်သာ ဖြစ်သည်။

သမ္မတအိမ်တော်ရှေ့သို့ စကော်ဇနီ ရောက်ရှိသွားသော အချိန်တွင် သမ္မတမှာ သူ့ကားပေါ်မှဆင်း၍ အိမ်တော်ရှေ့ တပ်ဖွဲ့ဝင်များသည် သူတို့စီးလာသော ကားများပေါ်မှ ကတိုက်ကရိုက် ဆင်းနေကြဆဲပင် ရှိသေးသည်။ သူတို့အားလုံး လက်ဝဲဘက်လက်မောင်းတွင် နာဇီ စကြာတံဆိပ် လက်ပတ်များ ပတ်ထားကြပြီး အချို့မှာ ခြောက်လုံးပြူးများ ခါးထိုးထားကြသည်ကို တွေ့မြင်ရသည်။

စကော်ဇနီသည် သူ့ကားပေါ်မှ ဖြန်းခနဲခုန်ဆင်းလိုက်ပြီး သူ့ရှေ့မှ ပိတ်ဆို့နေကြသော နာဇီတပ်ဖွဲ့ဝင်များကို ဖယ်ရှားရှောင်တိမ်းကာ သမ္မတ တက်သွားသော လေယာဉ်ပေါ်သို့ အပြေးအလွှား တက်လိုက်သွားခဲ့သည်။ လေကားတစ်ဝက်ခန့်တွင် သမ္မတကို မီလာခဲ့ရာ ထိုအချိန်မှာပင်

www.burmeseclassic.com

www.burmeseclassic.com



လေ့ကားထိပ်မှာပင် လေ့ကားထိပ်မှ အစိုးရအစောင့်တပ်မှူး တစ်ယောက်သည် ခြောက်လုံးပြူးကို လက်မှအသင့်ကိုင်ရင်း ပါးစပ်မှ အော်ဟစ်ကာ အခြား အစောင့်တပ်သားများနှင့်အတူ ပြေးဆင်းလာသည်ကို တွေ့လိုက်ရသည်။

"ဟေ့•• ရပ်၊ မရပ်ရင် ပစ်လိုက်မယ်•••"

အစောင့်တပ်မှူးများ၏ အော်သံ မဆုံးမီမှာပင် နာဇီတပ်ဖွဲ့ဝင်များကလည်း လေ့ကားပေါ်သို့ တရကြမ်းပြေးတက်လာခဲ့ရာ စကော်ဇနီမှာ သမ္မတနှင့်အတူ လေ့ကားအလယ်တွင် အပေါ်မှ အစိုးရအစောင့်တပ်များနှင့် အောက်မှ နာဇီတပ်ဖွဲ့ဝင်များအကြား နှစ်ယောက်သား ညှပ်ပူးညှပ်ပိတ်မိနေကြတော့သည်။ နှစ်ဖက်စလုံးမှ သေနတ်များကို အသင့်ကိုင်၍ တစ်ဖက်နှင့်တစ်ဖက် ချိန်ထားကြပြီး ဖြစ်သည်။ စက္ကန့်ပိုင်းအတွင်း သေနတ်ပြောင်းဝများမှ ကျည်ဆန်များ ပလူပျံသလို ထွက်လာကြတော့မည် ဖြစ်သည်။ စကော်ဇနီသည် ရုတ်တရက် သူ့ခေါင်းထဲ ပေါ်လာသည့် စကားလုံးများကို ပါးစပ်မှ ထုတ်ဖော်လိုက်သည်။

"ခင်ဗျားတို့ အရမ်းမလုပ်ကြနဲ့••• ကျုပ်ပြောတာ နားထောင်ကြစမ်း•••"

လေ့ကားပေါ်နှင့် လေ့ကားအောက်မှ လက်နက်ကိုင်များ နှစ်ဖက်စလုံး ဖြုန်းခနဲ အံ့အားသင့်ကာ ကြောင်သွားကြသည်။

ဤတွင် လေ့ကားအလယ်မှ သမ္မတမိခေးလပ်စ်သည် သူ့ပတ်ဝန်းကျင်တွင် ရုတ်ရုတ်သဲသဲဖြစ်နေသော အခြေအနေကို တအံ့တသြဖြစ်ကာ ရုတ်တရက် လှမ်းမေးလိုက်သည်။

"နေပါဦး၊ ဒါက ဘယ်လို ဖြစ်ကြတာတုံး•••"

သမ္မတသည် အထက်ပါမေးခွန်းကို မည်သူ့အား မေးသည်ဟူ၍ မသိရဘဲ ရုတ်တရက် ဓမ္မဓိဋ္ဌာန် မေးလိုက်ပြီးမှ တစ်ဆက်တည်း သူ့ဘေးနားတွင် ရပ်နေသော စကော်ဇနီအား ပုဂ္ဂလဓိဋ္ဌာန် မေးလိုက်ပြန်သည်။

"မင်းကကော ဘယ်က အကောင်လဲ•••"

"ကျွန်တော် ဝန်ကြီးချုပ်က လွှတ်လိုက်တဲ့လူပါ၊ သမ္မတကြီးရဲ့

www.burmeseclassic.com



လုံခြုံရေး အတွက် ဝန်ကြီးချုပ်က ကျွန်တော့်ကို တာဝန်ပေးလိုက်ပါတယ်။ မယုံရင် ဖုန်းဆက်မေးကြည့်နိုင်ပါတယ်"

သမ္မတကြီး၏အမေးကို စကော်ဇနီက အထက်ပါအတိုင်း မဆိုင်းမတွ ပြန်ဖြေလိုက်သည်။ တစ်ဆက်တည်းပင် သူသည် သူ့အပေါ် လေယာဉ်ပျံ တစ်ထဲတွင် သူနှင့် မျက်နှာချင်းဆိုင်ရပ်နေသော အစိုးရ အစောင့် တပ်မှူးအားလည်း ဤနေရာတွင် တစ်စုံတစ်ရာ လက်နက်ကိုင် ပဋိပက္ခ ဖြစ်ပွားခဲ့ပါက တပ်မှူး၏ တာဝန်ဖြစ်ကြောင်း ခပ်တည်တည် ပြောလိုက်သည်။ စကော်ဇနီ၏ စကားကြောင့် တပ်မှူးမှ ရုတ်တရက်ဘာ လုပ်ရမှန်း မသိအောင် ဖြစ်သွားခဲ့သည်။

ထို့နောက် ပို၍သေချာစေရန်အတွက် လောလောဆယ် တစ်ဖက်နှင့်တစ်ဖက်ခြေလှမ်းလက်လှမ်းဖြစ်အောင် မလုပ်ကြဘဲ အခြေအနေကို ထိန်းထားပြီး ဝန်ကြီးချုပ်ထံ ဖုန်းဆက်ကြည့်ကြသည်။

ဤတွင် ဝန်ကြီးချုပ်သည် တယ်လီဖုန်းထဲမှနေ၍ အခြေအနေ အရပ်ရပ်ကို သမ္မတကြီးအား ရှင်းပြရုံမျှမက သမ္မတကြီးနှင့် စကားပြောပြီးနောက် စကော်ဇနီကိုလည်း ယခုကဲ့သို့ ပဋိပက္ခ မဖြစ်အောင် ထိန်းသိမ်းခဲ့သည့်အတွက် ကျေးဇူးတင်ကြောင်း သီးခြားပြောလိုက်သေးသည်။

နောက်ဆုံး၌ သမ္မတကြီးနှင့်တကွ နှစ်ဖက်စလုံး၏ ယုံကြည်မှုကို အပြည့်အဝ ခံယူရရှိခဲ့ပြီဖြစ်သော စကော်ဇနီသည် ရုတ်တရက် ချက်ချင်း အစိုးရတပ်သားများနှင့် နာဇီတပ်ဖွဲ့ဝင်များ၏ ခေါင်းဆောင်ဖြစ်သွားခဲ့သည်။ စကော်ဇနီ၏ အမိန့်အရ၊ အစိုးရအစောင့်တပ်သားများက သမ္မတ အိမ်တော်၏ အပြင်ကိုလည်းကောင်း၊ စောင့်ရှောက်ကြရန် တာဝန်အသီးသီး ခွဲဝေယူသွားခဲ့ကြသည်။

သို့ဖြင့် ထိုနေ့ထိုရက်က လက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပွားလုဆဲဆဲ ပေါက်ကွဲမည့်အခြေအနေသို့ ရောက်ရှိနေသော ဗီယင်နာမြို့တော်မှာ စကော်ဇနီ၏ စွမ်းဆောင်ချက်ကြောင့် သေနတ်သံတစ်ချက်မျှမကြားရတော့ဘဲ ငြိမ်းချမ်းသာယာစွာ ရှိနေခဲ့သည်။

ဤအဖြစ်အပျက်များမှာ အချိန်ကာလအားဖြင့် မိနစ်ပိုင်းမျှသာ

www.burmeseclassic.com

www.burmeseclassic.com



ကြာခဲ့သည်။ သို့သော် ဤမိနစ်ပိုင်းမျှသာ အချိန်ကလေးသည် ဗီယင်နာ မြို့သူမြို့သားများ၏ ကံကြမ္မာကိုသော်လည်းကောင်း၊ ထိုမှတစ်ဆင့် ဩစတြီးယားနိုင်ငံကလေးနှင့် နာဇီပါတီ၏ နောင်ရေးကိုလည်းကောင်း အဆုံးအဖြတ်ပေးခဲ့သည့် အချိန်ကလေးဖြစ်သည်။

ဤမျှ တိုတောင်းသော အချိန်ကာလအတွင်း ဤမျှ အရေးကြီးသော ဖြစ်ရပ်များကို အဆုံးအဖြတ်ပေးခဲ့သူမှာ အော့တိုစကော်ဇနီပင် ဖြစ်သည်။ အရေးကြုံလာလျှင် ချီတုံချတုံဖြင့် တွေဝေယိမ်းယိုင်နေခြင်း မရှိဘဲ တစ်စုံတစ်ခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်ကာ မြန်မြန်ထက်ထက် လုပ်တတ်သော စကော်ဇနီ၏ အစွမ်းအစသည် မမျှော်လင့်ဘဲ လက်နက်ကိုင် ပဋိပက္ခတစ်ခုကို အချိန်မီ တားဆီးနိုင်ခဲ့သည်။

အကျိုးသက်ရောက်မှု အတိုင်းအတာအားဖြင့် ကြီးမားလှသော ဤအဖြစ်အပျက်ကလေးသည် စကော်ဇနီ၏ အစွမ်းအစနှင့် အရည်အချင်းကြောင့် သူကိုယ်တိုင် မမျှော်လင့်ဘဲ အမှတ်မထင် ရရှိခဲ့သည့် ပထာမအောင်ပွဲတစ်ခုပင် ဖြစ်သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ၁၀ ရက်၊ တစ်မကြီး ၃၀၊ သုံ့ပန်း ၆၃

"လေ့ပြေးတုန်း တက်ကျိုး" ဆိုသည့် စကားပမာ စကော်ဇနီတစ်ယောက် စီးပွားရေးကို ဖောက်ချ၍ လုပ်ကိုင်ခဲ့ရာမှ အထိုက်အလျောက် အောင်မြင်နေဆဲမှာပင် ဖြုန်းခနဲ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလာခဲ့သည်။ စစ်ထဲမဝင်မနေရ ဥပဒေဖြင့် သူ့အား ဆင့်ခေါ်သည့် အမိန့်ရောက်ရှိလာချိန်တွင် သူသည် ဗီယင်နာမြို့ အဆောက်အဦ ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုတွင် အစုရှယ်ယာ ပါဝင်လုပ်ကိုင်နေဆဲဖြစ်သည်။

ထိုအချိန်တွင် စကော်ဇနီသည် လေယာဉ်မောင်း ဝါသနာပါ၍ အတော်အတန် မောင်းတတ်နေပြီဖြစ်ရာ စစ်ထဲမဝင်မဖြစ်၍ ဝင်ရမည်ဆိုပါက ရိုးရိုးကြည်းတပ်ထဲ ဝင်ရသည်ထက် လေတပ်ထဲ ဝင်ရသည်က ပို၍ အဆင်ပြေမည်ဟု စိတ်ကူးမိသည်။ သို့ဖြင့် လေတပ်မတော်တွင် လေယာဉ်မှူးတစ်ယောက်အဖြစ် အမှုထမ်းလိုကြောင်း လျှောက်ထားခဲ့သည်။ သို့သော် ဆိုင်ရာက သူ့လျှောက်လွှာကိုကြည့်ကာ "အသက်ကြီးလွန်းသည်" ဟူသော အကြောင်းပြချက်ဖြင့် လေယာဉ်မှူးအဖြစ် လက်မခံဘဲ ဗီယင်နာမြို့ရှိ လေတပ်ဆိုင်ရာ သယ်ယူပို့ဆောင်ရေးဌာနတွင် တာဝန်ထမ်းဆောင်ရန် အမိန့်ချမှတ်ခဲ့သည်။

လေယာဉ်မှူးအဖြစ် တာဝန်ထမ်းရွက်ရန် "အသက်ကြီးလွန်းသည်" ဟူသော စကော်ဇနီမှာ ထိုစဉ်က ၃၁ နှစ်မျှ ရှိနေပြီဖြစ်သည်။

သူသည် အဆိုပါ လေတပ်သယ်ယူပို့ဆောင်ရေးဌာနတွင် ငါးလမျှ

www.burmeseclassic.com



အမှုထမ်းခဲ့ရပြီးနောက် နာဇီပါတီမှ ဟင်းမလား ကိုယ်တိုင် အုပ်ချုပ်ကွပ်ကဲသည့် လုံခြုံရေးတပ်ဖွဲ့ လက်အောက်ရှိ လေယာဉ်ပစ်အမြောက်တပ်သို့ မိုလ်လောင်းရာထူးဖြင့် ပြောင်းရွှေ့ခဲ့ရသည်။ သို့ဖြင့် သူသည် ၁၉၄၀ ပြည့်နှစ် ဖေဖော်ဝါရီလထဲတွင် ဘာလင်မြို့တော်သို့ ရောက်ရှိလာခဲ့သည်။ ဤသည်မှာ သူ့အတွက် ဂျာမနီမြေပေါ်သို့လည်းကောင်း၊ ဘာလင်မြို့တော်သို့လည်းကောင်း ပထမဆုံးအကြိမ် ခြေချခဲ့ဖူးခြင်း ဖြစ်သည်။

လျှပ်တစ်ပြက် စစ်ဆင်ရေးဖြင့် ရုတ်တရက် ထိုးနှက်ခဲ့ကြသော ဂျာမန်တပ်များသည် ဒိန်းမတ်၊ နော်ဝေး၊ ဘယ်လ်ဂျီယန်၊ လူဇင်ဘတ်၊ နယ်သာလန် စသော နိုင်ငံကလေးများကို လအနည်းငယ်အတွင်း တစ်နိုင်ငံပြီး တစ်နိုင်ငံ သိမ်းပိုက်ခဲ့ရာမှ နောက်ဆုံးတွင် ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့တော်ကြီးကိုပါ အောင်မြင်စွာ သိမ်းပိုက်နိုင်ခဲ့ကြသည်။

ထိုသို့ ရှစ်လကျော် ကိုးလအတွင်း ဥရောပ တစ်တိုက်လုံး မီးဟုန်းဟုန်းတောက်လောင်၍ မရေမတွက်နိုင်သော ဂျာမန်တပ်သားများ၏ အမြောက်သံများနှင့် သေနတ်သံများ ဆူညံမြည်ဟီးကာ နိုင်ငံငယ်ကလေးများနှင့်တကွ ပဲရစ်မြို့တော်ကြီး ကျဆုံးသွားသည့် အချိန်အထိ စကော်ဇနီသည် ဤစစ်ကြီးတွင် သေနတ်တစ်ချက်မျှ မပစ်ဖောက်ရသေးဘဲ ဖြစ်နေခဲ့သည်။

သူသည် ပြင်သစ်နိုင်ငံကြီး ကျဆုံးပြီးနောက် ဘာလင်မှတစ်ဆင့် ဟော်လန်နိုင်ငံသို့ တာဝန်ဖြင့် ပြောင်းရွှေ့ခဲ့ရသည်။ ထိုမှတစ်ဆင့် ဧပြီလထဲတွင် ယူဂိုစလားဗီးယားနိုင်ငံသို့ ဆက်လက် ချီတက်ခဲ့ရသည်။

ယူဂိုစလပ် အစိုးရသည် မူလက ဂျာမဏီ အာဏာရှင် ဟစ်တလာနှင့် မဟာမိတ်စာချုပ် ချုပ်ဆိုထားခဲ့သည်။ သို့သော် အဆိုပါ အစိုးရအဖွဲ့မှာ ဖြုတ်ချခြင်းခံလိုက်ရပြီး နောက်တက်လာသော အစိုးရအဖွဲ့သစ်က ယင်းစာချုပ်ကို ဆုတ်ပစ်ခဲ့သည်။ ထိုအချိန်မှာပင် ဂျာမန်တပ်များ ယူဂိုစလားဗီးယားနိုင်ငံတွင်းသို့ ချီတက်သိမ်းပိုက်ခဲ့ကြရာ ဤတပ်များနှင့်အတူ စကော်ဇနီ လိုက်ပါသွားခဲ့ရခြင်း ဖြစ်သည်။

ဤယူဂိုစလပ် စစ်မြေပြင်မှာပင် စကော်ဇနီသည် သူ၏သေနတ်ကို

www.burmeseclassic.com



ပထမဆုံးအကြိမ် အသုံးပြုခဲ့ရခြင်း ဖြစ်သည်။ ထိုညက တိုက်ပွဲဖြစ်ပွား၍ သူ့သေနတ်မှ ခလုတ်ကို ပထမဆုံးအကြိမ် စတင်၍ ဖြုတ်ခဲ့ရသလို စစ်မြေပြင်တွင် ကျဆုံးခဲ့သော အလောင်းများကိုလည်း ပထမဆုံးအကြိမ် မြင်ဖူးခဲ့ရသည်။

တိုက်ပွဲအပြီးတွင် ရန်သူ့လက်ချက်ဖြင့် ကျဆုံးသွားခဲ့သော မိမိတို့ ဂျာမန်စစ်သားအလောင်းများကို မြေမြှုပ်သင်္ဂြိုဟ်ရန်အတွက် စနစ်တကျ တန်းစီထားခဲ့ကြသည်။ စကော်ဇနီသည် မြေကြီးပေါ်တွင် စီတန်းထားသော အလောင်းများကိုကြည့်ကာ "အင်း… စစ်သားဆိုတာ သေတဲ့အထိ တန်းစီကြရတာပါကလား"ဟူ၍ ကြဲကြဲဖန်ဖန် တွေးလိုက်မိသည်။ မှန်သည်။ မိမိတို့ စစ်သားဘဝဆိုသည်မှာ ရပ်လည်းတန်းစီ၊ သွားလည်းတန်းစီ၊ စားလည်းတန်းစီ၊ သေသည်အထိ တန်းစီကြရပြီး နောက်ဆုံးမြေကြီးထဲ မြှုပ်ရာတွင်ပင် တန်းစီ၍ အမြှုပ်ခံကြသည့်ဘဝ ဖြစ်သည်။

ယူဂိုစလပ်စစ်မြေပြင်သို့ ရောက်လာခဲ့သည့်ဘဝ အထက်ပါ တိုက်ပွဲ မတိုင်မီက သူ၏ စစ်သားဘဝ အတွေ့အကြုံမှာ စိုစိုပြည်ပြည် မရှိလှဘဲ ပျင်းခြောက်ခြောက်နိုင်ခဲ့သည်။ တိုက်ပွဲတစ်ပွဲမျှ မနွှဲရသေးဘဲ သေနတ် တစ်ချက်မျှ မပစ်ရသေးသော စစ်သားဘဝမှာ ပျင်းစရာကောင်းလှသည်ဟု မှတ်ချက်ချခဲ့သည်။

ထိုသို့ သေနတ်တစ်ချက်မျှ မပစ်ဖောက်ရသေးသော်လည်း တစ်နေရာတွင်မူ သူသည် သေနတ်ကိုပြ၍ အသုံးပြုခဲ့ရသည်။ ဖြစ်ပုံမှာ ပြင်သစ်နိုင်ငံကို ဖြတ်ကျော်၍ ဟော်လန်နိုင်ငံသို့ ရောက်သွားသောအခါ ဟော်လန်ဆိပ်ကမ်းမြို့တစ်မြို့တွင် မိမိတို့ ဂျာမန်တပ်များသည် တင့်ကားကြီးများကို ပင်လယ်ကူးသင်္ဘောကြီးများပေါ်သို့ တင်ရန်စီစဉ်နေကြသည်ကို တွေ့ရသည်။

ဤနေရာတွင် အခက်အခဲ တွေ့နေရသည်မှာ တင့်ကားကြီးများ၏ အလေးချိန်သည် အလွန့်အလွန် များပြားနေသဖြင့် လက်ရှိဆိပ်ကမ်းတွင် ရှိနေသည့် ကုန်းဘောင်တံတားများကို အသုံးပြု၍ မရသဖြစ်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်ရာ တင့်ကားကြီးများ၏ အလေးချိန်ကို ခံနိုင်မည့် ကုန်းဘောင်တံတားတစ်ခု အမြန်ဆုံးရရှိရန် လိုအပ်နေသည်။ နောက်ဆုံးတွင် အဆိုပါ ကုန်းဘောင်တံတား ရရှိနေရေးအတွက် သက်ဆိုင်ရာ တပ်မှူးက စကော်ဇနီအား တာဝန်ပေးလိုက်သည်။

စကော်ဇနီသည် ချက်ချင်း သင်္ဘောဆိပ်နှင့် အနီးဆုံးတစ်နေရာမှ သံထည်လုပ်ငန်း လုပ်ကိုင်နေသည့် အလုပ်ရုံတစ်ရုံသို့ သွားရောက်ကာ သူအလိုရှိသည့်ပုံစံဖြင့် ကုန်းဘောင်တံတားတစ်ခု အမြန်ဆုံး လုပ်ပေးရန် အကူအညီတောင်းခံခဲ့သည်။ သို့သော် အဆိုပါ အလုပ်ရုံပိုင်ရှင် ဒပ်ချ် အမျိုးသားသည် စကော်ဇနီတောင်းသော အကူအညီကို ရုတ်တရက် မပေးဘဲ အကြောင်းအမျိုးမျိုးပြ၍ ငြင်းဆန်နေခဲ့ရာ နောက်ဆုံး၌ စကော်ဇနီသည် အဆိုပါ အလုပ်ရုံပိုင်ရှင်အား သေနတ်ဖြင့် ချိန်တွယ်၍ သူအလိုရှိသော ကုန်းဘောင်တံတားကို အလုပ်သမားများဖြင့် ညတွင်းချင်း အပြီး အလုပ်ခိုင်းခဲ့ရသည်။ နောက်တစ်နေ့နံနက် လင်းလျှင်လင်းချင်း သူသည် သက်ဆိုင်ရာ တပ်မှူးအား အိပ်ရာမှနိုး၍ အဆိုပါ ကုန်းဘောင်သစ်ဖြင့် တင့်ကားကြီးများ စစ်သင်္ဘောပေါ်သို့အရောက် မောင်းသွားကြသည်ကို ပြသနိုင်ခဲ့သည်။

လုပ်စရာရှိသည့် အလုပ်ကို မဖြစ်မနေလုပ်တတ်သော စကော်ဇနီသည် ဟော်လန်နိုင်ငံမှ ဒပ်ချ်အမျိုးသားကို သေနတ်ပြ၍ ထိုသို့ အဓမ္မ အကူအညီတောင်းခဲ့သလို ဂျာမန်စစ်ဗိုလ်ကလေး တစ်ယောက်ကိုလည်း သူလိုချင်သည့် ပစ္စည်းကို မရ ရသည့်နည်းဖြင့် တောင်းယူခဲ့သေး၏။

ဖြစ်ပုံမှာ ဟောလန်နိုင်ငံတွင် ရှိနေစဉ်အတွင်း တစ်နေ့တွင် စကော်ဇနီသည် စစ်လောရီကားတစ်စီးဖြင့် ခရီးသွားနေခိုက် လမ်းခုလတ်မှာပင် ကားဘီးပေါက်သွားခဲ့သည်။ သူ့ကားဘီးပေါက်သွားသည့် နေရာနှင့် မလှမ်းမကမ်းတွင် ဂျာမန်မော်တော်ယာဉ်တပ်မှ ကားပစ္စည်းသိုလှောင်သည့် ဌာနတစ်ခု ရှိနေသည်။ စကော်ဇနီသည် အဆိုပါ ကားပစ္စည်း သိုလှောင်သည့် ဌာနသို့သွားရောက်၍ သူ့ကားအတွက် ဘီးအသစ်လဲပေးရန် အကူအညီတောင်းခံခဲ့သည်။ သို့သော် အဆိုပါ မော်တော်ယာဉ်

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်း သိုလှောင်ရေးဌာနမှ တာဝန်ခံဖြစ်သူ ဂျာမန်စစ်ဗိုလ်ကလေးသည် စည်းကမ်းဥပဒေအရ အထက်အရာရှိတစ်ယောက်၏ အမိန့်စာပါမှသာလျှင် ကားဘီးအသစ်များကို ထုတ်ပေးနိုင်မည်ဖြစ်ကြောင်း "စာအုပ်ကြီးအတိုင်း" ပြောလာခဲ့သည်။

ဤတွင် စိတ်မြန်ကိုယ်မြန်ရှိလှသော စကော်ဇနီသည် သူ့ခါးမှ ခြောက်လုံးပြူးကို ဆွဲထုတ်၍ ပစ္စည်းသိုလှောင်ရေးဌာနရှိ ဓာတ်ဆီပေပါများကို ချိန်ရွယ်ကာ သူ့ကားအတွက် ဘီးအသစ် ထုတ်မပေးလျှင် ဤ စခန်းတစ်ခုလုံးကို ဖောက်ခွဲပစ်မည်ဟု ကြိမ်းမောင်းခဲ့ရာ ဌာနတာဝန်ခံ စစ်ဗိုလ်ကလေးမှာ ကြောက်အားလန့်အားဖြင့် ကားဘီးအသစ် တစ်စုံ ထုတ်ပေးလိုက်ရသည်။ နောက် တနင်္ဂနွေ သုံးပတ်ခန့်ကြာသောအခါ စကော်ဇနီမှာ ထိုအဖြစ်အပျက်နှင့် ပတ်သက်၍ ဗိုလ်ချုပ်ကြီးတစ်ယောက်ထံ ချက်ချင်းသွားရောက် သတင်းပို့၍ ရှင်းလင်းတင်ပြခဲ့ရပြီး ပြင်းပြင်းထန်ထန် သတိပေးခြင်း ခံခဲ့ရသည်။

ထိုသို့ ပော်လန်နိုင်ငံ ဆိပ်ကမ်းမြို့တစ်မြို့နှင့် လမ်းဘေးမှ မော်တော်ယာဉ်မောင်းပစ္စည်း သိုလှောင်ရေးဌာနတွင် သူ့သေနတ်ကို ပြရုံသာ ပြ၍ ခြိမ်းခြောက်ခဲ့ရသော စကော်ဇနီသည် ယူဂိုဇလပ် စစ်မြေပြင်ရောက်မှ တိုက်ပွဲနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ပြီး သူ့သေနတ်ကို ပထမဆုံးအကြိမ် စတင် ပစ်ခတ်ခဲ့ရသည်။

အထက်ပါ တိုက်ပွဲအပြီး ရက်များမကြာမီ စကော်ဇနီသည် တပ်စုတစ်စုကို ခေါင်းဆောင်ကာ တိုက်ကင်းလှည့်ခဲ့ရသည်။ တိုက်ကင်းလှည့်ရသောဒေသမှာ တောင်ကုန်းများ ထူထပ်လှ၍ တစ်နေရာတွင် ရန်သူ ယူဂိုစလပ်တပ်များနှင့် ဘွားခနဲ ပက်ပင်းတိုးမိကြသည်။ ရန်သူက မိမိတို့ထက် အင်အားများနေသည်ကို သိလိုက်ရသော စကော်ဇနီသည် တောင်ကုန်းတစ်ခုပေါ်မှ အပေါ်စီးရနေသော မိမိတပ်စုကို ရုတ်တရက် ဘယ်ညာ တောင်ပံဖြန့်၍ နေရာယူခိုင်းလိုက်ပြီး သူကိုယ်တိုင်ကမူ ရန်သူ၏ ပစ်ကွင်းတွင် မားမားကြီးရပ်ကာ လက်နက်ချရန် ဖြန်းခနဲ ပြောအော်၍ အမိန့်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမျှော်လင့်ထားသည့်အတိုင်းပင် ရန်သူတပ်သားများသည် မိမိတို့၏ ပစ်ကွင်းတွင် မကြောက်မရွံ့ဘဲ ရဲရဲဝံ့ဝံ့ မားမားကြီးရပ် လက်နက်ချရန် အမိန့်ပေးလိုက်သော စကော်ဇနီကိုကြည့်ကာ မိမိတို့ထက် အင်အားကြီးမားသော ဂျာမန်တပ်ကြီးတစ်တပ်က မိမိတို့အား ဝိုင်းထားကြပြီဟု၍ တထစ်ချ ယူဆလိုက်ကြသည်။ သို့ဖြင့် သူသည် အရာရှိသုံးဦးအပါအဝင် ယူဂိုစလပ်တပ်သား ၆၃ ယောက်တို့အား သေနတ်တစ်ချက်မျှ မဖောက်ရဘဲ အရှင်လက်ရ ဖမ်းဆီးရမိခဲ့သည်။ ဤစွမ်းဆောင်ချက်ကြောင့် သူသည် "ရန်သူရှေ့မှောက်တွင် မကြောက်ရွံ့ဘဲ ရဲဝံ့စွန့်စားသူတစ်ယောက်အဖြစ် ဗိုလ်ကလေးရာထူးသို့ တိုးမြှင့်ပေးခြင်း ခံခဲ့ရသည်။

ဂျာမန်တပ်များသည် ယူဂိုစလားဗီးယားနိုင်ငံအား တိုက်ခိုက်သိမ်းပိုက်ရာ၌ စုစုပေါင်း ၁၀ ရက်မျှသာကြာခဲ့သည်။ ဤ ၁၀ ရက်အတွင်း ယူဂိုစလပ်တပ်မကြီးပေါင်း ၃၀ တို့မှာ ဂျာမန်တို့၏ လုံးဝချေမှုန်းဖျက်ဆီးခြင်း ခံခဲ့ရသည်။

ထိုသို့ ၁၀ ရက်အတွင်း တပ်မကြီးပေါင်း ၃၀ ကို ချေမှုန်းဖျက်ဆီးခဲ့ကြရာ၌ အခြားအခြားသော ဂျာမန်စစ်ဗိုလ် စစ်သားများ၏ စွမ်းဆောင်ချက်များ မည်သို့မည်ပုံ ရှိခဲ့သည်ကို တိတိကျကျ မသိရသော်လည်း အော့တိုစကော်ဇနီ၏ အစွမ်းအစဖြင့် ရန်သူ ၆၃ ယောက်တိတိ သုံ့ပန်းအဖြစ် ဖမ်းဆီးရမိခဲ့သည်ကတော့ အတိအကျ အထင်အရှားပင် ဖြစ်သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

# အရှေ့ဆီက စကော်ဇနီ

ယခုတစ်ကြိမ်တွင် စကော်ဇနီသည် အရှေ့ဘက်ဆီသို့ ဦးတည်ချီတက်နေရပြီဖြစ်သည်။

စကော်ဇနီ အပါအဝင် ထောင်ပေါင်းများစွာသော ဂျာမန်တပ်သားများကို သယ်ဆောင်လာသော စစ်မီးရထားတွဲများသည် ပိုလန်နိုင်ငံကို ဖြတ်ကျော်ကာ အရှေ့ဘက်ဆီသို့ ဦးတည်ခုတ်မောင်း လာခဲ့ကြသည်။ ရထားတွဲများပေါ်မှ အောင်ပွဲရ ဂျာမန်စစ်သားများ၏ စစ်ချီသီချင်းသံများသည် မီးရထားလမ်း၏ တစ်ဖက်တစ်ချက်ရှိ လယ်ကွင်းများဆီသို့ ပျံ့လွင့်လျက်ရှိသည်။

စကော်ဇနီတို့ စီးနင်းလိုက်ပါလာကြသော စစ်ရထားများသည် ဆိုဗီယက်နယ်စပ်သို့ မရောက်မီ တစ်ရက်ခရီး၊ နှစ်ရက်ခရီးခန့်အလိုတွင် တစ်နေရာ၌ စက်ရပ်နားသတ်၍ ရပ်လိုက်ကြသည်။ စကော်ဇနီသည် အခြားသော ဂျာမန်စစ်သားများနှင့်အတူ ရထားတွဲပေါ်မှ ဆင်းခဲ့ရသည်။ ထို့နောက် အသင့်စောင့်နေသော စစ်လော်ရီကားကြီးပေါ်သို့ တက်ကာ ခရီးဆက်ခဲ့ကြ ရပြန်သည်။

ညဘက်တွင် ချီတက်လာကြခြင်းဖြစ်၍ သူတို့စီးလာကြသော ရှည် လျားလှသည့် ကားတန်းကြီးမှာ အမှောင်ထုအောက် လမ်းကြီးတစ် လျှောက်တွင် ရောမမြွေကြီးတစ်ကောင်လို တရွေ့ရွေ့ ဖြည်းဖြည်း တွား သွားလျက်ရှိသည်။ လရောင်ကင်းမဲ့၍ မှောင်နှင့်မည်းမည်း

www.burmeseclassic.com



ရှိနေသော်လည်း ကားလမ်းဘေး တစ်ဖက်တစ်ချက်မှ ပြောင်းခင်းများ ပဲခင်းများနှင့် ကောက် ရိုးပုံများကို ကြယ်ရောင်အောက်တွင် မှုန်တိမှုန်မွှား မြင်နေကြရသည်။ ဤယာခင်းများနှင့်အတူ လမ်းဘေးတစ်လျှောက် နေရာအတော်များများတွင် မည်းနက်သည့် အရာဝတ္ထု ပုံသဏ္ဍာန်များကို လည်း မကြာခဏ မြင်တွေ့ခဲ့ရသည်။ တွေ့နေကျ မြင်နေကျ ကျင့်သားရ နေကြသော သူတို့ မျက်လုံးများက ဤမည်းနက်နေသော အရာဝတ္ထုများ သည် ရောမတင့်ကားကြီးနှင့် အမြောက်ကြီးများဖြစ်ကြောင်း သိနေကြ သည်။

ကျူးကျော်စစ်အတွက် အသင့်ဖြစ်နေကြလေပြီ။

ထိုညသည် ဇွန်လ၏ တစ်ခုသော ညတစ်ညပင်ဖြစ်သည်။ ထိုညမှာပင် စကော်ဇနီ အပါအဝင် ဂျာမန်စစ်သားများသည် ဗိုလ်ချုပ်ကြီး တစ်ဦး ၏ စစ်ချီအမိန့်ကို နာခံခဲ့ကြရသည်။

"တို့ရဲ့ ရန်သူဟာ ရုရှားပဲ။ မနက် ငါးနာရီတိတိမှာ တိုက်ပွဲစမယ်၊ ဂျာမနီရဲ့ ကံကြမ္မာ၊ ဥရောပတိုက်ရဲ့ ကံကြမ္မာဟာ တို့အပေါ်မှာ တည်နေ ပြီ။ ငါတို့ မချအောင်ရမယ်။ နောက်တစ်ပတ် နှစ်ပတ်အတွင်း ငါတို့ဟာ မော်စကိုမြို့တော်မှာ စစ်ရေးပြ အခမ်းအနား ကျင်းပမယ်"

ဤအမိန့်အတိုင်း ဖြစ်လုနီးပါး အခြေအနေသို့ ဆိုက်ရောက်ခဲ့ သည်။ သို့သော် ဂျာမန်စစ်ဦးစီးဌာနချုပ်သည် အခြေအနေကို ဘက်ပေါင်း စုံမှ တွက်ခဲ့ရာ၌ အတွက်မှားခဲ့သည်။

စကော်ဇနီ၏ ယူဆချက်အရဆိုပါလျှင် အဓိကအားဖြင့် ရုရှား လူမျိုးတို့၏ စရိုက်အပေါ်တွင် အတွက်မှားခဲ့သည်ဟု ဆိုသည်။ အထူး သဖြင့် ဂျာမန်စစ်ဦးစီးဌာနချုပ်သည် ရုရှားနယ်မြေပေါ်တွင် စစ်ပွဲတစ်ရပ် ဆင်နွှဲမိ ရုရှားလူမျိုးများသည် ဘယ်လိုလူစားမျိုးဖြစ်သည်ကို ပထမဆုံး သိနားလည်ထားဖို့လိုသည်ဟု ယူဆသည်။

ယခုအခါ ဂျာမန်စစ်သား အမြောက်အမြားသည် ရုရှားလူမျိုး အကြောင်းနှင့် ရုရှားနိုင်ငံအကြောင်း "တစ်ပုံတစ်ခေါင်းကြီး" ပြောပြနိုင်ကြ ပြီဖြစ်သည်။ ဤ "တစ်ပုံတစ်ခေါင်းကြီး" ပြောပြကြသည့် အထဲတွင်

www.burmeseclassic.com

www.burmeseclassic.com



သူတို့အားလုံး တူညီသော အချက်တစ်ချက်မှာ ရုရှားနယ်မြေပေါ်တွင် ဆင်နွှဲခဲ့ရသည့် တိုက်ပွဲများသည် ဘယ်တိုင်းပြည်က ဘယ်တိုက်ပွဲနှင့် မှမတူဆိုသော အချက်ပင်ဖြစ်သည်။

ဤနေရာတွင် စကော်ဇနီ၏ ကောက်ချက်အရဆိုလျှင် ရုရှားလူမျိုး များသည် "အလုံးစုံစစ်ပွဲ" ဟူသော စကားကို ပြောကြားရာ၌ ဤစကား၏ အနက်အဓိပ္ပာယ်ကို အကျယ်ပြန့်ဆုံး၊ အလေးနက်ဆုံးနှင့် အမှန်ကန်ဆုံး နားလည်သဘောပေါက်ထားသည့် လူမျိုးတစ်မျိုးပင် ဖြစ်သည်။ အဘယ် ကြောင့်ဆိုသော် ရုရှားလူမျိုးများသည် ဂျာမန်တို့ကို ခုခံတိုက်ခိုက်ကြရာ၌ နေရာမရွေး၊ အချိန်မရွေး၊ အသက်အရွယ်မရွေး၊ လက်နက်မရွေးဘဲ နေရာတိုင်း၊ အချိန်တိုင်း၊ လူတိုင်း ရရာလက်နက်ဖြင့် တိုက်ခိုက်ခဲ့ကြသော ကြောင့် ဖြစ်သည်။ ဤသည်ပင်လျှင် "အလုံးစုံစစ်ပွဲ"၏ အဓိပ္ပာယ်ဖြစ် သည်။

အစပထမတွင်မူ ဥရောပတိုက်မှ အခြားအခြားသော နိုင်ငံများမှာ ကဲ့သို့ ဂျာမန်တပ်များသည် စာရွက်ပေါ်တွင် ချတွက်ထားသည့် တွက်ကိန်း အတိုင်း ရှေ့သို့ တစ်ဟုန်ထိုး ချီတက်နိုင်ခဲ့ကြသည်။ သို့ချီတက်ခဲ့ကြရာ တွင် နယ်မြေ ကျယ်ပြန့်သလောက် အကျိုးသက်ရောက်မှု ကြီးမားလှ သဖြင့် ဂျာမန်တပ်များ၏ ချီတက်မှုကို ထာဝရဘုရားသခင်တော်မှ တားဆီး၍ ရမည်မဟုတ်ဟုပင် ထင်မှတ်ခဲ့ကြရသည်။

စကော်ဇနီ ပါဝင်သောတပ်သည် ပထမနေ့ရက်များတွင် တစ်နေ့ လျှင် မိုင် ငါးဆယ်နှုန်းဖြင့် ချီတက်၍ ရုရှားနယ်မြေများကို သိမ်းပိုက်ခဲ့ ကြသည်။ ပျမ်းမျှခြင်းအားဖြင့် တစ်ပတ်လျှင် မိုင် သုံးရာခန့် ခရီးပေါက် ခဲ့ကြသည်။ ဤသည်မှာ ကမ္ဘာ့စစ်သမိုင်းတွင် အမြန်ဆုံး ချီတက်နှုန်းပင် ဖြစ်သည်။

ချီတက်မှုနှုန်းအားဖြင့် အံ့သြလောက်အောင် လျင်မြန်ခဲ့သည်နှင့် အမျှ ရရှိခဲ့သော အောင်ပွဲများမှာလည်း ကြီးမားလှသည်။ ကျေးလက် တောရွာများနှင့် မြို့ကြီးများကို တစ်ရွာပြီးတစ်ရွာ၊ တစ်မြို့ပြီးတစ်မြို့ သိမ်းပိုက်နိုင်ခဲ့ရုံမက သုံ့ပန်းအဖြစ် ဖမ်းဆီးရမိခဲ့သော ဆိုဗီယက်စစ်သား

www.burmeseclassic.com

www.burmeseclassic.com



များ၏ အရေအတွက်မှာလည်း မကြုံစဖူးလောက်အောင် များပြားလှသည်။ ဘိုင်လိုရုရှားပြည်နယ်၏မြို့တော် မင့်မြို့ကို သိမ်းပိုက်ခဲ့ရာတွင် ဆိုဗီယက် စစ်သားသုံးသိန်းကို သုံ့ပန်းအဖြစ် ဖမ်းဆီးရမိခဲ့သည်။ ဆိုဗီယက်ပြည်နယ်စု၏ မြို့တော်ဖြစ်သော စမိုလင့်တွင် သုံ့ပန်းနှစ်သိန်း ဖမ်းဆီးရမိခဲ့၍ ယူကရိန်းပြည်နယ်၏ မြို့တော် ကီယက်မြို့တွင်မူ သုံ့ပန်းစစ်သားပေါင်း ခြောက်သိန်းကျော်မျှ ဖမ်းဆီးရမိခဲ့ကြသည်။ ဆယ်ရက်ကျော်အတွင်း သုံ့ပန်းစစ်သားတစ်သန်းကျော် ဖမ်းဆီးရမိခဲ့သည်မှာ ကမ္ဘာစစ်သမိုင်းတွင် ဘယ်တုန်းဘယ်အခါကမှ မကြုံဖူး မကြားဖူးသည့် အရေအတွက်ဖြစ်သည်။

ဂျာမန်တပ်များ၏ အောင်စည်အောင်မောင်းသံများသည် ကြီးမား ကျယ်ပြန့်လှသည့် ဆိုဗီယက်ပြည်ထောင်စုကြီး၏ ကောင်းကင်ယံတွင် ဆူညံစွာ ပဲ့တင်ထပ်၍ ရိုက်ခတ်လျက်ရှိသည်။ မိုးလုံးပြည့်မျှ ထစ်ချုန်းမြည်ဟီးနေသော ဂျာမန်တပ်များ၏ အောင်သံအောင်လံများကို လွှမ်းခြုံ ပေါ်ထွက်လာသည်မှာ ဂျာမန်စစ်ဦးစီးဌာနချုပ်မှ ကြေညာချက်ပင် ဖြစ်သည်။

"ရက်ပေါင်း ဆယ့်လေးရက်အတွင်း ရုရှားပြည်ကြီးကို ချေမှုန်းလိုက်ပြီ. . . "

စကော်ဇနီသည် ဘရက်စ်လစ်တော့မြို့ထဲသို့ သူ၏တပ်ဖွဲ့နှင့် အတူ ချီတက်ဝင်ရောက်လာခဲ့သည်။ ဤမြို့မှာ ပထမ ကမ္ဘာစစ်ကြီးအပြီး ၁၉၁၈ ခုနှစ်က ဂျာမန်တို့ စစ်ရှုံးသည့်စာချုပ်ကို လက်မှတ်ရေးထိုးခဲ့သော မြို့ပင်ဖြစ် သည်။

ဂျာမန်တို့က ဤ ဘရက်စ်လစ်တော့မြို့ကို အောင်မြင်စွာ သိမ်းပိုက်လိုက်ပြီဟု ကမ္ဘာသို့ ကြေညာခဲ့ပြီးဖြစ်သော်လည်း ဤမြို့ရှိ ရုရှားတို့သည် ဤကြေညာချက်ကို ဂရုမစိုက်သလို ဖြစ်နေကြသည့် မြို့တွင်း၌ ကျန်ရှိနေသေးသည့် ဆိုဗီယက် တပ်သားများနှင့်တကွ မြို့သူမြို့သားများသည် ဆက်လက်ခုခံနေကြ၍ မြို့တွင်းတိုက်ပွဲများ ဖြစ်ပွားနေဆဲပင် ရှိသေးသည်။ ဘူတာရုံရှိ ရုရှားမီးရထား အလုပ်သမားများသည်

www.burmeseclassic.com

www.burmeseclassic.com



ဘာလင်နှင့်ဝါဆောမြို့များမှ ဂျာမန်စစ်သားများနှင့် လက်နက်ခဲယမ်းမီးကျောက်များ တင်ဆောင်လာသော စစ်မီးရထားအတွက် လမ်းရှင်းမပေးဘဲ ခေါင်းမာစွာ ငြင်းဆန်နေကြသည်။ လမ်းရှင်းပေးရန် ဂျာမန်တပ်မှူးများက အော်ဟစ် အမိန့်ပေးသည်ကို ရုရှားတို့က သေနတ်ကျည်ဆန်များဖြင့် ပြန်၍ အဖြေပေးခဲ့ကြသည်။ သို့ဖြင့် အဆောက်အဦ တစ်ခုအတွင်းမှ ခုခံနေကြသော ရုရှားအလုပ်သမားများကို ဂျာမန်တို့က အလုံးအရင်းနှင့် ဝင်ရောက် တိုက်ခိုက်ကြရာ ရုရှားတို့သည် နောက်ဆုံးအချိန်အထိ လက်နက်မချဘဲ တစ်ယောက်မကျန် အသေခံ၍ တိုက်ခိုက်သွားခဲ့ကြသည်။

စကော်ဇနီသည် သေခြင်းတရားအပေါ် ရုရှားတို့၏ ခံယူချက်သဘောထားနှင့်ပတ်သက်၍ စဉ်းစားမရအောင် ဖြစ်မိသည်။ "လူမှန်သမျှသေရမှာ ကြောက်စမြဲဖြစ်သည်"ဟူသော စကားသည် ရုရှားတို့နှင့် မဆိုင်သလိုပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အချို့သော စစ်မြေပြင်တွင် ရုရှားတို့သည် အားနည်းနေသော စက်ယန္တရားများနေရာ၌ လူသားများ ကို အစားထိုး၍ အနိုင်တိုက်ခဲ့ကြသောကြောင့် ဖြစ်သည်။

တစ်ခါသော် စကော်ဇနီသည် တိုက်ပွဲတစ်ပွဲကို တစ်နေ့နှင့်တစ်ညလုံးလုံး သဲသဲမဲမဲ ဆင်နွှဲခဲ့ရသည်။ ထိုတိုက်ပွဲတွင် မိမိတို့ဘက်မှ ဟောင်ဝစ်ဇာ အမြောက်ကြီးများ အပါအဝင် လက်နက်အင်အား ပိုကောင်းမွန်ကြီးမားနေသဖြင့် ရုရှားတို့မှာ အလူးအလဲ ခံခဲ့ကြရသည်။ ဂျာမန်တို့၏ ဟောင်ဝစ်ဇာ အမြောက်ကြီးများနှင့်တကွ စစ်အမြောက်အများ၊ စက်သေနတ်များအောက်တွင် ရုရှားတို့မှာ အတုံးအရုံး ကျဆုံးနေကြသည်။

တိုက်ပွဲမှာ နံနက် ဆယ်နာရီခန့်တွင် စတင်ဖြစ်ပွားခဲ့၍ ညနေစောင်းသည်အထိ သဲသဲမဲမဲ တိုက်နေကြဆဲဖြစ်သည်။ ဂျာမန်တို့က လက်နက်အင်အားကောင်းသလောက် ရုရှားတို့က လူအင်အား ပိုမိုများပြားလျက် ရှိရာ မရှုမလှ အတုံးအရုံး ကျဆုံးနေသည့်ကြားထဲမှပင် ရုရှားတို့သည် အညှာမခံ အလံမလှဲဘဲ ကျဆုံးသွားသည့် တပ်သားများနေရာတွင် ထပ်မံ၍ အားဖြည့်ကာ ဇွဲနပဲဖြင့် တိုက်ခိုက်လျက်ရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ညဘက်သို့ ရောက်လာသည်အထိ တိုက်ပွဲမှာ အရှိန်ကောင်းနေဆဲ ဖြစ်သည်။

စကော်ဇနီသည် တစ်နေ့လုံးလုံး သေနတ်ကို လက်ကမချဘဲ အဆက်မပြတ် ပစ်ခတ်နေခဲ့ရ၍ လက်မောင်းများအောင့်ကာ လက်အံ သေသလိုပင်ဖြစ်နေသည်။ ညဆယ်နာရီခန့်တွင် အထက်အရာရှိ၏ အမိန့်ဖြင့် စကော်ဇနီသည် သူနေရာတွင် လူစားလဲခဲ့ပြီး ကတုတ်ကျင်းထဲ သို့ ဆင်းလာခဲ့သည်။ မကြာမီ ပစ်သံခတ်သံများ ဆူညံနေဆဲမှာပင် သူသည် ကတုတ်ကျင်းထဲတွင် သေနတ်ကို ပိုက်ရင်းထိုင်လျက်သား မေ့ခနဲ အိပ်ပျော်သွားခဲ့သည်။

သူနိုးလာသောအခါ အရုဏ်ကျင်း၍ လင်းစပြုနေပြီဖြစ်သည်။ သေ နတ်သံ၊ အမြောက်သံများမှာ ညဦးပိုင်းကလောက် ဆူညံပြင်းထန် ခြင်း မရှိတော့သော်လည်း တဒိုင်းဒိုင်း တအုန်းအုန်းဖြင့် ကြားနေဆဲဖြစ် သည်။

စကော်ဇနီသည် ကတုတ်ကျင်းထဲမှထွက်ကာ မလှမ်းမကမ်းရှိ ဟောင်ဝစ်ဇာအမြောက်များ ပစ်မိန့်ပေးသည့်နေရာသို့ ဝမ်းလျားမှောက် ကာ တွားသွားခဲ့သည်။ ထိုနေရာသို့ ရောက်သောအခါ ဝူဝူးဝါးဝါးဖြင့် မပီကလာ ပီကလာအော်နေသော အမြောက်ပစ်တာဝန်ခံ အရာရှိ၏ အသံကို ကြားလိုက်ရသည်။ သူ့စိတ်ထဲတွင် ထိုအရာရှိမှာ ရန်သူ့လက် ချက်ဖြင့် ၊ ဒဏ်ရာအပြင်းအထန်ရနေပြီဟု ထင်လိုက်မိသည်။

သို့သော် အနားသို့ ရောက်သွားသောအခါ အထင်နှင့်အမြင် ပါစင်အောင်လွဲနေသည်ကို တွေ့လိုက်ရသည်။ အမြောက်ပစ် တာဝန်ခံ အရာရှိသည် တစ်စုံတစ်ရာ ဒဏ်ရာရ၍ ဟစ်အော်ညည်းညူနေခြင်း မဟုတ်ဘဲ တစ်ညလုံးလုံး ရုရှားတပ်သားများ တက်လာတိုင်း တက်လာတိုင်း အမြောက် ပစ်မိန့်ကို အဆက်မပြတ် ပေးနေရသဖြင့် ပြီးငွေ့ချောက်ခြားကာ ဖော့ဒ်ကာ အရက်ကို တစ်ပုလင်းပြီး တစ်ပုလင်း သောက်ခဲ့ရာမှ အရက်မူး လွန်ပြီး အော်ဟစ်နေခြင်းဖြစ်သည်။

စကော်ဇနီသည် အရက်အလွန်အကျွံမူးနေသော အရာရှိအနီးမှ

www.burmeseclassic.com

www.burmeseclassic.com



နေ၍ ရှေ့သို့ လှမ်းကြည့်လိုက်သည်။ သူ့ရှေ့ ခပ်လှမ်းလှမ်းတွင် ရုရှားတပ်သားများ၏ အလောင်းများမှာ မြင်မကောင်း ရှုမကောင်းအောင် တောင်ပုံရာပုံဖြစ်နေသည်ကို ထွက်ပြူစ နေရောင်အောက်တွင် အထင်အရှားမြင်နေရသည်။ သူသည် အကြီးအကျယ် အံ့သြသွားမိသည်။

သည့်ထက်ပို၍ အံ့သြစရာကောင်းသည်မှာ ဤမျှလောက် အစုံးအရုံးကျဆုံးနေပါလျက် ရုရှားတို့သည် စိတ်မပျက် လက်မပျက်မလျှော့ဘဲ တိုက်ပွဲကို ဆက်လက်ဆင်နွှဲနေကြခြင်းပင် ဖြစ်သည်။ စကော်ဇနီ ကြည့်နေဆဲမှာပင် ရုရှားတပ်များသည် နောက်တစ်သုတ် ရှေ့သို့ ချီတက်လာနေကြပြန်သည်ကို တွေ့ရသည်။ သို့ဖြင့် သူသည် အနားတွင် အသင့်ရှိနေသော တယ်လီဖုန်းကို ကောက်ကိုင်ကာ အမြောက်ကျင်းရှိရာသို့ ပစ်မိန့်လှမ်းပေးလိုက်သည်။

ထိုနေ့ကလည်း ဂျာမန်တို့၏ အမြောက်ဆန်များ အကြားတွင် ရုရှားတပ်သား ထောင်ပေါင်းများစွာ အသေခံ၍ အကြိမ်ကြိမ် ထပ်မံချီတက်တိုက်ခိုက်ခဲ့ကြရာ နောက်ဆုံးတွင် အမြောက်ပစ်မိန့် ပေးခဲ့ရသော စကော်ဇနီကိုယ်တိုင် မျက်စိအောက်မှ အနိစ္စာရုံ မြင်ကွင်းများကြောင့် အော်ဂလီဆန်ကာ စောစောက အရာရှိနည်းတူ အရက်ကို အမူးလွန်အောင် သောက်ပစ်ခဲ့ရသည်။

စကော်ဇနီသည် ရုရှားလူမျိုးများ၏ "စရိုက်လက္ခဏာ"ကို အခြားတစ်နေရာတွင် ထပ်မံတွေ့ခဲ့ရပြန်သည်။ ထိုနေရာမှာ မိမိတို့ ဂျာမန်တပ်များ ချီတက်သိမ်းပိုက်ခဲ့သည့် လမ်းမကြီးတစ်ခုပေါ်မှ တံတားတစ်ခုတွင် ဖြစ်သည်။ ထိုတံတားမှာ အနည်းငယ်ပျက်စီးယိုယွင်းနေသဖြင့် ရိုးရိုးခြေလျင်တပ်များနှင့် စစ်မော်တော်ယာဉ် အသေးစားများသာ ဖြတ်သန်းသွားလာနိုင်သည်။ အခြားလော်ရီကားကြီးများနှင့် သံချပ်ကာကားများ၊ အမြောက်တင်ကားများ ဖြတ်သန်းသွားလာရန် မလွယ်ကူဘဲ ဖြစ်နေသည်။

ရှေ့ဆုံးမှ ချီတက်သွားသော ခြေလျင်တပ်မှ ဂျာမန်တပ်မှူးသည် နောက်ပိုင်းမှ အဆက်မပြတ် ချီတက်လာကြမည့် အမြောက်တပ်နှင့်

www.burmeseclassic.com

www.burmeseclassic.com



သံချပ်ကာ ကားတပ်များအတွက် အနည်းငယ် ချို့ယွင်းနေသော တံတားကို ပြင်ဆင်ရန် ဆောက်လုပ်ရေးတပ်ခွဲတစ်ခွဲကို တာဝန်ယူ၍ နောက်ချန်ထားခဲ့သည်။ ဆောက်လုပ်ရေးတပ်သားများသည် မိမိတို့တပ်များ အဆက်မပြတ် ချီတက်ဖြတ်သန်းနေဆဲမှာပင် တံတားကို ခိုင်ခံ့အောင် ပြုပြင်ခဲ့ကြသည်။

သို့သော် တပ်များ ထိုသို့အဆက်မပြတ် ချီတက်ဖြတ်သန်းနေကြသည့် အခိုက်မှာပင် တပ်ဖွဲ့တစ်ခုနှင့်တစ်ခု မိနစ်အနည်းငယ်ခြား၍ အဆက်ပြတ်သွားခဲ့သည်။ ဤမိနစ်အနည်းငယ်မျှသာ အခိုက်တန့်အချိန်းကလေးမှာပင် ဘယ်နေရာက ဘယ်လိုပေါ်လာမှန်း မသိလိုက်ရသော ရုရှားတို့၏ လျှပ်တစ်ပြက် ချေမှုန်းတိုက်ခိုက်မှုကြောင့် ဂျာမန်ဆောက်လုပ်ရေးတပ်ခွဲတစ်ခုလုံး ပြုတ်ပြုတ်ဖြုန်းကာ တစ်ယောက်မကျန်ကျဆုံးခဲ့ကြရသည်။ မကြာမီ မိနစ်ပိုင်းအတွင်း ထိုတံတားရှိရာသို့ နောက်ထပ်ရောက်လာသော ဂျာမန်တပ်သားများသည် မိမိတို့ဘက်မှ တပ်ခွဲတစ်ခွဲလုံး အတုံးအရုံး ကျဆုံးနေကြသည်ကို တအံ့တသြ တွေ့ကြရတော့သည်။ ပို၍ အံ့သြစရာကောင်းသည်မှာ ထိုနေရာတစ်ဝိုက်တွင် ရုရှားတပ်သားများ၏ ခြေရာလက်ရာဟူ၍ ဘာတစ်ခုမှ အစအနမကျန်ရစ်ခဲ့ခြင်းပင် ဖြစ်သည်။

ထိုမှတစ်ဖန် ရုရှားတို့၏ စရိုက်ကို ထပ်မံတွေ့ ကြုံခဲ့ရသည်မှာ ဂိုဒိုရှိအမည်ရှိ မြို့ကလေးတစ်မြို့တွင် ဖြစ်သည်။ စကော်ဇနီသည် သက်ဆိုင်ရာ တပ်မှူး၏ အမိန့်အရ တပ်မကြီးတစ်ခုလုံး မရောက်မီရှေ့မှ ကြိုတင်ချီတက်၍ ဂိုဒိုရှိမြို့ကို သိမ်းပိုက်ခဲ့ရသည်။ ထိုသို့အလျှင်အမြန် ချီတက်သိမ်းပိုက်ခဲ့ရသည်မှာ ထိုမြို့ရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ရုရှားတို့ ဖျက်ဆီးချိန် မရလိုက်ဘဲ အကောင်းပကတိ သိမ်းပိုက်မိစေရန် ဖြစ်သည်။

ရည်ရွယ်သတ်မှတ်ထားသည့်အတိုင်း စကော်ဇနီခေါင်းဆောင်သော တပ်သည် ဂိုဒိုရှိမြို့သို့ အချိန်မီရောက်ရှိသွားခဲ့ရာမှ အဓိကရည်မှန်းချက်ဖြစ်သော လျှပ်စစ်ဓာတ်အားပေး စက်ရုံကိုလည်း မပျက်မစီး

www.burmeseclassic.com



ဘဲ သိမ်းပိုက်နိုင်ခဲ့ကြသည်။ သို့သော် အဆိုပါလျှပ်စစ်ဓာတ်အားပေးစက်ရုံ အတွင်းသို့ ရောက်ရှိသွားသောအခါ စကော်ဇနီနှင့်တကွ ဂျာမန်တပ်သား အားလုံးတို့မှာ ပါးစပ်အဟောင်းသားဖြင့် အကြီးအကျယ် အံ့အားသင့်သွား ခဲ့ကြရသည်။ အဘယ်ကြောင့်ဆိုသော် ရုရှားတို့သည် အဆိုပါစက်ရုံကို ဖောက် ခွဲဖျက်ဆီးခြင်း မပြုလုပ်ခဲ့ဘဲ အတွင်းမှ ရောမ အင်ဂျင်စက်ကြီးများ နှင့်တကွ စက်ကိရိယာ တန်ဆာပလာများကို တစ်ခုမကျန် တစ်စမကျန် အောင်ဖြုတ်၍ သယ်ဆောင်သွားခဲ့ကြသောကြောင့်ဖြစ်သည်။ စက်ရုံ အတွင်းမှ ပစ္စည်းကိရိယာမှန်သမျှ ပြောင်တလင်းခါအောင် သယ်သွားခဲ့ ကြရာ၌ မည်မျှအထိ ပါသွားခဲ့ပါသနည်းဟူမူ မီးလုံးများနှင့်တကွ မီးသီးခေါင်းများပါမကျန် ဖြုတ်သွားခဲ့ကြ၍ စက်ရုံကြီးမှာ အမိုးနှင့်အကာသာလျှင် ကျန်ရစ်ခဲ့သည်ကို တွေ့ကြရသည်။

စကော်ဇနီသည် အခွံကြီးသာလျှင် ကျန်ရစ်ခဲ့သော စက်ရုံကြီးကို ကြည့်ကာ ရုရှားတို့ ဟစ်အော်ကြွေးကြော်နေကြသော "အလုံးစုံစစ်ပွဲ" ၏ အနက်အဓိပ္ပာယ်ကို ချက်ချင်းနားလည်သဘောပေါက် သွားခဲ့သည်။

ဆိုဗီယက် စစ်မျက်နှာမှ အောင်ပွဲသတင်းများကို နားထောင်ကာ ဂျာမနီမှ ဂျာမန်ပြည်သူများသည် စစ်ကြီးပြီးဆုံးပြီဟု ယူဆကောင်း ယူဆနေကြမည်ဖြစ်သည်။ သို့သော် အထက်ပါ ဂိုဒိုရှီမြို့မှ လျှပ်စစ်ဓာတ် အားပေး စက်ရုံ၏ အဖြစ်အပျက်ကို ထောက်ရှုခြင်းအားဖြင့် ဆိုဗီယက် ပြည်သူများ အတွက်မူ ဤစစ်ကြီးသည် ယခုမှ အစပင်ရှိသေးသည်။

သို့ဖြစ်ရာ မကြာမီ ရုရှားတစ်မျိုးသားလုံး၊ ဆိုဗီယက်ပြည်သူ တစ်ရပ်လုံးသည် "အလုံးစုံစစ်ပွဲကြီး" (ဝါ) "မျိုးချစ်စစ်ပွဲကြီး" ဆင်နွှဲလာ ကြသည် ကို စကော်ဇနီ အပါအဝင် ဂျာမန်တပ်သားများ ကိုယ်တွေ့ ကြုံကြရတော့သည်။

လက်နက် ခဲယမ်းမီးကျောက်များ တင်ဆောင်မောင်းနှင်လာကြ သည့် ဂျာမန်စစ်လော်ရီကားတန်းကြီး၏ နောက်ဆုံးမှ လိုက်ပါလာသော ကားများမှာ လမ်းခုလတ်တွင် မကြာခဏ ကားရောလူပါ ရှာမတွေ့အောင် ဖြစ်ခဲ့ကြရသည်။ ရုံဖန်ရံခါ တပ်စခန်း တစ်နေရာမှ ထွက်ခွာသွားကြသော

www.burmeseclassic.com

www.burmeseclassic.com



ဂျာမန်တပ်စိတ်၊ တပ်စု၊ တပ်ခွဲများမှာ သတ်မှတ်ထားသည့် နေရာသို့ လုံးဝရောက်လာခြင်း မရှိတော့ဘဲ လမ်းခုလတ်မှာပင် တပ်စိတ်လိုက်၊ တပ်စုလိုက်၊ တပ်ခွဲလိုက် ပျောက်ခြင်းမလှ ပျောက်သွားခဲ့ကြပြန်သည်။

စကော်ဇနီနှင့်တကွ ဂျာမန်တပ်သားအားလုံးသည် အထက်ပါ ထူးခြားဆန်းကြယ်သော အဖြစ်အပျက်များကိုကြည့်ကာ ရုရှားလူမျိုးများ၏ "စရိုက်လက္ခဏာ"ကို ပို၍ပို၍ သဘောပေါက်လာကြသည်။

အထူးသဖြင့် စကော်ဇနီ သတိထားမိသလောက်ဆိုလျှင် မိမိတို့ ဂျာမန်တပ်မှူးများ အသုံးပြုနေကြသည့် လမ်းပြမြေပုံများမှာ လုံးဝခေတ်မမီ တော့ဘဲ လက်တွေ့သုံးမရအောင် ဖြစ်နေသည်ကို တွေ့ရသည်။ ယင်း မြေပုံများမှာ လွန်ခဲ့သည့် နှစ်ပေါင်းသုံးဆယ်ကျော်၊ အောက်တိုဘာ တော်လှန်ရေးမတိုင်မီက မြေပုံများဖြစ်၍ မြို့ရွာများ၊ ရထားလမ်း၊ ကားလမ်း များနှင့် အချက်အချာကျသည့် မြေပြင်အမှတ်အသားများ အပြည့်အစုံ ပါဝင်ခြင်းမရှိသည့်ပြင် ခရီးမိုင် အကွာဝေးမှာလည်း အများများအယွင်းယွင်း ဖော်ပြထားသည်ကို တွေ့ရသည်။

သို့ဖြစ်ရာ စကော်ဇနီ၏ စိတ်ထဲတွင် ဤမြေပုံများကိုသာ အားကိုး ၍ ချီတက်တိုက်ခိုက်နေကြရသော ဂျာမန်တပ်များမှာ တဖြည်းဖြည်း တစ်စတစ်စ ရန်သူ့ထောင်ချောက်ထဲ တိုးဝင်နေရသလို ခံစားလာမိသည်။ ထို့ပြင် အရှေ့နှင့်အနောက် တောင်နှင့်မြောက် မိုးကုတ်စက်ဝိုင်း တစ်ခုမှ တစ်ခုသို့ မျက်စိတစ်ဆုံး ကျယ်မောပြန့်ပြောလှသည့် ရုရှားပြည်ကြီး၏ မြေကြီးပေါ်တွင် ဘယ်နေရာက ရန်သူကို ဘယ်လိုလုပ် ရှာရမှန်းမသိ အောင် ဖြစ်နေခဲ့ကြသည်။ သို့သော် ထိုအခိုက်မှာပင် ရန်သူ ရုရှားတပ် သားများသည် ဖြုန်းခနဲ မြေကြီးထဲမှ ခွဲထွက်လာသလို မိမိတို့ ပတ်ပတ် လည်လည်တွင် ပေါ်လာပြီး သဲသဲမဲမဲ ရက်ရက်စက်စက် ပစ်ခတ်တိုက် ခိုက် ကြတော့သည်။ ထို့နောက် မိနစ်ပိုင်းအတွင်းမှာပင် သူတို့အားလုံး ဖြုန်းခနဲ ပျောက်ကွယ်သွားကြသည်မှာ မြေကြီးထဲများ ပြန်ငုပ်သွားကြ သလားဟု အောက်မေ့လိုက်ရသည်။

စကော်ဇနီသည် ပြောက်ကျားစစ်ပွဲ၏ အနက်အဓိပ္ပာယ်ကို ယခုမှ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်းကြီး သဘောပေါက်ခဲ့သည်။ တစ်ချိန်တည်းတွင် မိမိတို့ ဂျာမန်တပ်သားများအနေဖြင့် ယခု ရုရှားနယ်မြေပေါ်တွင် ဆင်နွှဲနေကြ ရသော တိုက်ပွဲများသည် ဘယ်တိုင်းပြည်က ဘယ်တိုက်ပွဲနှင့်မှ မတူအောင် ကွဲပြားခြားနားနေသည်ကို သတိပြုလိုက်မိသည်။

များမကြာမီ ရုရှားတပ်မတော်ကြီးသည် မော်စကိုမြို့တော်၏ အနောက်တောင် အရပ်ဒေသရှိ စမိုလင်မြို့အနီးတွင် ဘွားခနဲ ပေါ်လာ သည်။

တစ်ညတွင် စကော်ဇေနီသည် ဖရီဖရဲ ပြိုကွဲလာသော နာဇီလုံခြုံ ရေး တပ်သားများနှင့်အတူ ဂျဲပက်ဂျာမြို့အနီးတွင် စခန်းချလျက်ရှိသည်။ သူ တပ်စခန်းချနေသော နေရာဒေသမှာ ပင်မတပ်မတော်ကြီး၏ ရှေ့သို့ မိုင်တစ်ရာခန့် အကွာအဝေးတွင် ရောက်ရှိနေသည်။ ထိုနေရာ ထိုဒေသမှာ ပင် ထိုညက မော်စကို ရေဒီယိုမှ အသံလွှင့်ချက်ကို စကော်ဇေနီ ကြားခဲ့ရ ခြင်းဖြစ်သည်။

"ဆိုဗီယက် ယူနီယံ သူရဲကောင်းဘွဲ့တံဆိပ်ရ၊ မာရှယ်တီမိုရှန်ကို ဟာ စမိုလင့်ဒေသမှာရှိတဲ့ ဆိုဗီယက်လက်နက်ကိုင်တပ်များကို ဦးစီးကွပ်ကဲဖို့ တာဝန်ယူလိုက်ပါပြီ။ မကြာခင် ဒီဒေသက ဟစ်တလာရဲ့ နောက်လိုက် စစ်ခွေးတွေဟာ ချေမှုန်းသုတ်သင်ခြင်း ခံကြရပါတော့မယ်"

ယခုတစ်ကြိမ်တွင် ဂျာမန်တို့မှာ ခံဘက်က ဖြစ်သွားခဲ့သည်။ ယာခင်းနှင့် ကွင်းပြင်များထဲတွင် မည်းနက်သော သတ္တဝါကြီးများသည် မိုးချုန်းသည့်ပမာ ကြောက်မက်ဖွယ်ရာ အသံကြီးများဖြင့် တစ်ကောင် ပြီးတစ်ကောင် ထွက်ပေါ်လာကြသည်။ ရုရှားတို့၏ တီ ၃၄ တင့်ကားကြီး များပင်ဖြစ်သည်။ ဂျာမန်သံချပ်ကာကားများသည် တီ ၃၄ ရုရှားတင့်ကား ကြီးများ၏ ရှေ့မှောက်တွင် တစ်စင်းပြီးတစ်စင်း မီးဟုန်းဟုန်းတောက် လောင် ခဲ့ကြရသည်။ ရံဖန်ရံခါ ဂျာမန်တို့ လက်နက်ဖြင့် ဆိုဗီယက်တင့် ကား တစ်စီးတစ်လေ ပျက်စီးသွားခဲ့ပါက တင့်ကားထဲမှ ရုရှားစစ်သား သည် အဖုံးကိုဖွင့်ကာ အပြင်သို့ထွက်လာလေ့ ရှိသည်။ သို့သော် သူထွက်လာသည်မှာ လက်နက်ချရန်မဟုတ်၊ သူ့ခါးမှ ခြောက်လုံးပြူးဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဂျာမန်စစ်သား လေးငါးခြောက်ယောက်ကို ပစ်သတ်ပြီး သူ့ကိုယ်ကို အသေခံရန်သာ ဖြစ်သည်။

တဖြည်းဖြည်း နှင်းများလည်း ကျစပြုလာပြီဖြစ်သည်။ တစ်နေ့ တစ်ခြား အအေးဓာတ်မှာ ပိုကဲသည်ထက် ကဲလာနေသည်။ သုည ဒီဂရီမှ သုညအောက် ဒီဂရီနှစ်ဆယ်၊ သုံးညအောက် ဒီဂရီသုံးဆယ်။

စကော်ဇနီနှင့် သူ့တပ်သားများသည် ရောမ နှင်းထုကြီးထဲတွင် မြုပ်နေသော တင့်ကားများနှင့် သံချပ်ကာကားများကို ပင်ပန်းကြီးစွာ ဆွဲထုတ်နေကြသည်။ သို့သော် သံချပ်ကာ ကားများနှင့် တင့်ကားများမှာ တုတ်တုတ်မျှမလှုပ်၊ နောက်ဆုံး၌ လူတွေကိုယ်တိုင် နှင်းထုထဲတွင် မြုပ် သွားကြသဖြင့် ကိုယ့်ကိုယ်ကို မနည်းဆွဲနုတ်ကြရသည်။

ဆိုးဝါးပြင်းထန်လှသည့် ရုရှားဆောင်းရာသီ၏ ဒဏ်ရာ အလူးအလဲ ခံနေကြရသော ဂျာမန်စစ်သားများမှာ မိမိတို့အတွက် ဆောင်းတွင်းအသုံး အဆောင် အစားသောက်၊ ရိက္ခာများနှင့် အနွေးထည်များ လုံးဝပေးပို့ ခြင်းမပြုဘဲ ဘာလင်မြို့တော် စစ်ရုံးချုပ်တွင် ဇိမ်ကျကျ နေထိုင်လျက် ရှိသော အရာရှိကြီးများကို ရေရွတ်ကျိန်ဆဲမိကြသည်။ ထိုသို့ ရေရွတ်ကျိန် ဆဲနေကြရင်းပင် ပိုမိုပြင်းထန်လာသော အအေးဓာတ်ကြောင့် ခြေဖျား လက်ဖျားများ ပြတ်ကြွေကျကာ ဂျာမန်စစ်သားများ ထောင်ပေါင်းများစွာ မှာ နှင်းတောထဲတွင် သွေးခဲ၍ အသက်ပျောက်ခဲ့ကြရသည်။

ထိုအချိန် ထိုကာလမှာပင် ရှေးရှေးက ရှစ်ခေါဘာဏီတပ်ကြီးများ ပမာ ရုရှားတပ်မကြီးပေါင်း တစ်ရာတိတိသည် မျက်စိတစ်ဆုံး ဖွေးဖွေး ဖြူဖြူနေသည့် နှင်းထုကြီးထဲမှ ဘွားခနဲ ထွက်ပေါ်လာခဲ့သည်။

ဂျာမန်တပ်သားများသည် သူတို့မျက်စိကိုပင် သူတို့မယုံနိုင်အောင် ဖြစ်ခဲ့ကြရသည်။ ဤရုရှားနယ်မြေပေါ်သို့ သူတို့ စတင်ကျူးကျော် ဝင်ရောက်လာခဲ့ကြစဉ်က သုံ့ပန်းစစ်သားပေါင်း ထောင်သောင်းသိန်းမကက သန်းချီ၍ ဖမ်းဆီးရမိခဲ့လျက် ယခုတစ်ဖန် တပ်မကြီးပေါင်း တစ်ရာခန့် ပေါ်ထွက်လာသည်ကို စဉ်းစားမရအောင် ဖြစ်ခဲ့ကြသည်။

အမှန်စင်စစ် လူဦးရေ သန်းပေါင်း ၂၀၀ ခန့် ပေါင်းနေထိုင်လျ

www.burmeseclassic.com



ရှိသော ဆိုဗီယက်ပြည်ထောင်စုကြီးတွင် လူတစ်သန်းဆိုသည်မှာ ပြောပလောက်သည့် အရေအတွက်မဟုတ်၊ သန်းပေါင်း ၂၀၀ ထဲမှ လူတစ်သန်း အဖမ်းခံရသည်မှာ ပြောပလောက်သည့် အရေအတွက်မဟုတ်၊ ကျန်ရှိနေသည့် ၁၉၉ သန်းထဲမှ အလွယ်တကူ နေ့ချင်းညချင်း အစားထိုးနိုင်သည်မဟုတ်ပါလား . . .။

ထို့ပြင် ဂျာမန်တို့လက်တွင်းရှိ အဆိုပါ ရုရှားစစ်သုံ့ပန်း တစ်သန်းကျော်တို့သည် ဂျာမန်တို့ အောင်ပွဲခံနေချိန်က ပြဿနာမပေါ်ခဲ့သော်လည်း ယခုကဲ့သို့ ဂျာမန်တပ်များ ဖရိုဖရဲဆုတ်ခွာရသည့် အချိန်တွင်မူ ခါးပိုက်ထဲ မြွေပွေးထည့်ထားမိသလို ဖြစ်ခဲ့ကြရသည်။

ဤအကြောင်းနှင့် စပ်လျဉ်း၍ စကော်ဇနီက အောက်ပါအတိုင်း ပြန်လည် ဖောက်သည်ချခဲ့သည်။

"ကျုပ်တို့ ဆုတ်ခွာရတဲ့ အချိန်လည်းကျရော . . . အဲဒီ ရုရှားသုံ့ပန်းတွေဟာ ကျုပ်တို့ရဲ့ အနီးကပ်ရန်သူတွေ ဖြစ်လာတော့တာပါပဲ၊ ဖြစ်ပုံက ဒီလို . . .၊ ခပ်စောစောပိုင်းက ဖမ်းဆီးရမိခဲ့တဲ့ သုံ့ပန်းတွေရဲ့ အရေအတွက်ဟာ အဆမတန် များနေပါတယ်၊ ဘယ်လောက်များများ နေသလဲဆိုတော့ ဂျာမန်စစ်သား တစ်ယောက်တစ်ယောက်ကို ရုရှားသုံ့ပန်း ငါးရာအထိ တာဝန်ယူပြီး စောင့်ခဲ့ကြရပါတယ်။ ဒီကြားထဲက အင်မတန် ကျယ်ပြန့်တဲ့ ရုရှားပြည်ကြီးမှာ ရောမသစ်ပင်ကြီးတွေနဲ့ သစ်တောကြီးတွေ ကလည်း ပေါချင်တိုင်းပေါနေတော့ တစ်နေရာက တစ်နေရာ ပြောင်းကြ ရွှေ့ ကြတဲ့အခါမှာ သုံ့ပန်းတွေဟာ ရာလိုက်ထောင်လိုက်ချီပြီး တောအုပ် တွေထဲ ထွက်ပြေးကြပါတယ်။ အဲဒီနောက် စစ်မျက်နှာရဲ့ တစ်ဖက်မှာရှိတဲ့ သူတို့ခေါင်းဆောင်တွေ ရောက်လာကြပြီး အဲဒီသုံ့ပန်းတွေကို လက်နက် တပ်ဆင်ပေးတော့တာပါပဲ။ ဒီလိုနဲ့ သူတို့ဟာ အင်မတန် စစ်ပမ်းပြီး ဖရိုဖရဲ ဆုတ်ခွာနေကြတဲ့ ကျုပ်တို့ ဂျာမန်တပ်တွေကို တရကြမ်း ဝင် တိုက်ကြတော့တာပါပဲ"

၁၉၄၂ ခု၊ ဒီဇင်ဘာလ၏ နောက်ဆုံးနေ့ရက်များတွင် ဂျာမန်ပြည်သူတွေများသည် စတာလင်ဂရက် တိုက်ပွဲ၌ ရုရှားတပ်များ

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းထားသော ဂျာမန်ဖိုလ်ချုပ်ကြီး ဗွန်ပေါလပ်စ်၏ ကံကြမ္မာကိုမူ ငယ်ပညာ စွာဖြင့် နားစွင့်လျက် ရှိနေကြသည်။

ထိုနေ့ထိုရက်မှာပင် စကော်ဇနီသည် စစ်မြေပြင်တွင် ရရှားတို့ လက်ချက်ဖြင့် ဒဏ်ရာရရှိခဲ့ပြီး သက်ဆိုင်ရာမှ ခွင့်ပြုချက်အရ သူ့ဇာတိ ဖြစ်သော ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့သို့ ခွင့်ရက်ရှည်ယူကာ ပြန်လည် ရောက်ရှိလာခဲ့သည်။

သူ့တွင် အဆိုပါဒဏ်ရာနှင့်အတူ အဖျားရောဂါတစ်ခုနှင့် သူ့ရဲ ကောင်း တံဆိပ်တစ်ခုလည်း ပါလာခဲ့သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

# အသံတိတ်သေနတ်တစ်လက်နှင့် ဘဲတစ်ကောင်

လူတစ်ယောက်အတွက် အခွင့်အရေးတစ်ရပ်ဆိုသည်မှာ အခြေအနေနှင့် အချိန်အခါ၏ ဖန်တီးမှုဖြစ်သည်။

ရုရှားစစ်မြေပြင်မှ ဒဏ်ရာရ၍ ခွင့်ဖြင့် ပြန်လာပြီးနောက် စကော်ဇနီ၏ အခြေအနေမှာ ဘာလင်စစ်ရုံးချုပ်၏ မှတ်ချက်အရ "ပြည်တွင်းတာဝန်များနှင့်သာ သင့်တော်သည်" ဟူသော အခြေအနေဖြစ်ခဲ့သည်။ ထိုအချိန်မှာပင် အာဏာရှင် ဟစ်တလာသည် ဗြိတိသျှအသေခံကွန်မန်ဒိုတပ်ဖွဲ့များ၏ လုပ်ဆောင်ချက်များကို စိတ်ပါဝင်စားကာ "ငါးကြင်းဆီဖြင့် ငါးကြင်း ပြန်ကြော်" ရန် ဂျာမန်အသေခံတပ်ဖွဲ့ တစ်ခု အမြန်ဆုံး ဖွဲ့စည်းရေးအတွက် စစ်ဦးစီးဌာနချုပ်အား အမိန့်ပေးခဲ့သည်။

ထိုအခြေအနေနှင့် ထိုအချိန်အခါ၏ ဖန်တီးမှုအရ စကော်ဇနီသည် ဂျာမန်အသေခံတပ်ဖွဲ့၏ ပထမဆုံးသော ဦးစီးခေါင်းဆောင် ဖြစ်လာခဲ့ရသည်။

အမှန်စင်စစ် ထိုသို့ ပထမဆုံး စတင်ဖွဲ့စည်းမည့် ဂျာမန်အသေခံတပ်ဖွဲ့တွင် စကော်ဇနီအား ဦးစီးခေါင်းဆောင်အဖြစ် ရွေးချယ်ခဲ့ခြင်းမှာ တိုက်ပွဲတွင် ရရှိခဲ့သည့် ဒဏ်ရာကြောင့် စစ်မြေပြင်သို့ ပြန်မသွားနိုင်သည့် အခြေအနေတစ်ခုတည်းအပေါ်တွင် မူတည်၍ ရွေးချယ်ခြင်းမဟုတ်။ အခြားအခြားသော အခြေအနေများလည်း ရှိနေသေးသည်။

www.burmeseclassic.com



စကော်ဇနီသည် လူတကာက လေးစားရသည့် တကယ့်ပညာတတ် ပုဂ္ဂိုလ်ကြီးတစ်ယောက် မဟုတ်သော်လည်း အထက်တန်းပညာကိုမူ လူတန်းစေ့အောင် သင်ကြားတတ်မြောက်ခဲ့သူ ဖြစ်သည်။ အထူးသဖြင့် ခေတ်မီဆောက်လုပ်ရေး အတတ်နှင့် အထက်တန်း သင်္ချာများအပြင် ဓာတုဗေဒ၊ ရူပဗေဒ စသော သိပ္ပံဓာတ်ခွဲပညာများကိုလည်း အထိုက်အလျောက် နားလည်တတ်ကျွမ်းထားသူ ဖြစ်သည်။

ထို့ပြင် ဘဝစစ်မြေပြင်မှ အတွေ့အကြုံအရ အထက်အရာရှိကြီးများက စကော်ဇနီအား "သွက်လက်ဖျတ်လတ်သည်၊ အသိဉာဏ်ထက်မြက်သည်၊ ပေးအပ်သော တာဝန်ကို စွန့်စွန့်စားစား ဆောင်ရွက်တတ်သည်" ဟူသော မှတ်ချက်များဖြင့် အသိအမှတ်ပြုခဲ့ကြသည်။

ဤသည်တို့မှာ အသေခံတပ်ဖွဲ့ ခေါင်းဆောင်အဖြစ် ရွေးချယ်ရာ၌ အဘက်ဘက်မှ ပြီးပြည့်စုံနေသည့် စကော်ဇနီ၏ အခြေအနေများ ဖြစ်သည်။

တစ်ဖန် အချိန်အခါအားဖြင့် ဆိုလျှင်လည်း ဂျာမန်တပ်များသည် ယခုအခါ စစ်မျက်နှာ အတော်များများတွင် အလူးအလဲ ခံနေကြရသည်။ စတာလင်ဂရက်တိုက်ပွဲတွင် မရှုမလှ အရေးနိမ့်ခဲ့ရသည့် အာဖရိကမှ "သဲကန္တာရမြေခွေးကြီး" ရိုးမဲလ်သည် ဗြိတိသျှတပ်များ၏ အပြင်းအထန် ထိုးနှက်ခြင်းကို ခံနေရသည်။ ဂျာမနီ၏ အားကိုးအားထားရာဖြစ်သော အီတလီနိုင်ငံမှာလည်း ဝင်ရိုးတန်းအဖွဲ့မှ ပဲ့ထွက်လုဆဲဆဲ ဖြစ်နေသည်။ မြေပြင်မှာရော၊ ရေပြင်မှာရော၊ လေပြင်မှာပါ စစ်မျက်နှာ အားလုံးတွင် ဂျာမန်တပ်များမှာ ရှုံးပြီးရင်း ရှုံးရင်း ဖြစ်နေကြသည်။

ထိုသို့ အဘက်ဘက်မှ မျှော်လင့်ချက် ကင်းမဲ့နေသည့် အချိန်အခါမျိုးတွင် ရန်သူအား မိမိရရကြီး အထိနာအောင် ထိုးနှက်ရန်အတွက် "နည်းနည်းနှင့် ကြဲကြဲဝိုင်း" ရမည့် လက်ရွေးစင် အသေခံတပ်ဖွဲ့ တစ်ခုကို အမြန်ဆုံး ဖွဲ့စည်းရမည်ဟူ၍ အာဏာရှင်ကြီး ဟစ်တလာက တိုက်ရိုက် လွှတ်အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။

ဤအချိန်အခါနှင့် အခြေအနေများ၏ ဖန်တီးမှုဖြင့် ရုရှားစစ်မြေပြင်

www.burmeseclassic.com

www.burmeseclassic.com



မှ ဒဏ်ရာရ၍ ပြန်လည်ရောက်ရှိလာခဲ့သော ဗိုလ်ကလေး စကော်ဇနီသည် ဒဏ်ရာပျောက်ကင်းပြီးနောက် ၁၉၄၃ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့တွင် ဗိုလ်ကြီးရာထူးသို့ တိုးမြှင့်ကာ တာဝန်သစ်တစ်ရပ် ပေးအပ်ခြင်းခံခဲ့ရသည်။ တာဝန်သစ်မှာ အသေခံ တပ်သားသစ်များကို ခေါ်ယူ၍ သင်တန်းကျောင်းဖွင့်လှစ်သော အသေခံတပ်သားများ တတ်သင့်တပ်အပ်သော ပညာရပ်များကို လေ့ကျင့်သင်ကြားပေးရန် ဖြစ်သတည်း။

ရာထူးသစ်နှင့် တာဝန်သစ်ကို လက်ခံခဲ့ပြီးနောက် ရက်အနည်းငယ် ခန့်အကြာတွင် သူသည် ရေကြောင်းဗိုလ်ချုပ်ကြီး ကင်းနားရစ္စနှင့် သွား ရောက်တွေ့ဆုံခဲ့ရသည်။ ဗိုလ်ချုပ်ကြီး ကင်းနားရစ္စမှာ ဟစ်တလာ၏ ထောက်လှမ်းရေးဘက်ဆိုင်ရာ တာဝန်အကြီးဆုံး ပုဂ္ဂိုလ်ကြီးဖြစ်၍ အသေခံတပ်သားများ၏ ကွန်မန်ဒိုသင်တန်းကျောင်း ဖွင့်လှစ်ရေးအတွက် စကော်ဇနီသည် သူ့ထံမှ အမိန့်ညွှန်ကြားချက်ကို နာခံရမည်ဖြစ်သည်။

တာဝန်သစ်ကို ထမ်းဆောင်ရန်အတွက် ပထမဆုံးအကြိမ် သူ့အထက်အရာရှိဖြစ်သော ဗိုလ်ချုပ်ကြီး ကင်းနားရစ္စနှင့် ထိုသို့ တွေ့ဆုံခဲ့ရာတွင် စကော်ဇနီသည် အတော်ကလေး စိတ်ပျက်သွားခဲ့မိသည်။ အဘယ်ကြောင့်ဆိုသော် အသေခံတပ်သားသစ် သင်တန်းကျောင်းသို့ တက်ရောက်ခွင့်ရရန် လျှောက်လွှာတင်ခဲ့ကြသော လူသစ်များအား လျှို့ဝှက် ထောက်လှမ်းရေးနှင့် စပ်လျဉ်းသည့် အတွေ့အကြုံ၊ အရည်ချင်းများကို စစ်ဆေးရမည့်အစား ဗိုလ်ကြီး ကင်းနားရစ္စသည် မဆိုင်သည့် အခြားရုံးလုပ်ငန်းကိစ္စရပ်များကို သုံးနာရီလုံးလုံး အချိန်ဖြုန်း၍ "လက်ချာရိုက် နေခဲ့သောကြောင့် ဖြစ်သည်။

သို့သော် တာဝန်သစ်ကို တကယ်တမ်း ထမ်းဆောင်လုပ်ကိုင်လာရသောအခါ ကံအားလျော်စွာ သူ့စိတ်တိုင်းကျသည့် လက်ထောက်အရာရှိ တစ်ယောက်ကို ရရှိခဲ့သဖြင့် အားရကျေနပ်သွားခဲ့သည်။

အသေခံတပ်ဖွဲ့ ဖွဲ့စည်းရေးတွင် စကော်ဇနီ၏ လက်ထောက်အဖြစ် ဆောင်ရွက်ရသူမှာ ရယ်ဒယ်ဆိုသူ အရာခံဗိုလ်ကလေးတစ်ယောက် ဖြစ်သည်။ ရယ်ဒယ်သည် စကော်ဇနီနှင့် ကျောင်းနေဖက် သူငယ်ချင်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပင်ဖြစ်၍ ဘာလင်တွင် သူငယ်ချင်းနှစ်ယောက် ပြန်တွေ့ခဲ့ကြခြင်း ဖြစ်သည်။

ရယ်ဒယ်သည် အမြဲတမ်း ဖျတ်လတ်တက်ကြွနေသူတစ်ဦးဖြစ်သည့်ပြင် အလုပ်ကိစ္စနှင့် ပတ်သက်လျှင် အရာရာတွင် လာဘ်မြင်သူတစ်ဦးဖြစ်သည်။ အထက်လူကြီးများ စိတ်တိုင်းကျ နိုင်းသမျှကို ပြေလည်ကျေနပ်အောင် လုပ်ပေးနိုင်သည့် အရည်အချင်းမျိုး အပြည့်အဝ ရှိသူဖြစ်သည်။ အထူးသဖြင့် နေရာတကာတွင် ကြိုးနီစနစ်ဖြင့် ဗြူရိုကရက်လုပ်ထုံးလုပ်နည်းများကို ရွံရှာစက်ဆုတ်လှသော စကော်ဇနီအတွက် ရယ်ဒယ်သည် အလွန်အားကိုးရသူတစ်ဦး ဖြစ်လာခဲ့သည်။ အထက်အရာရှိများထံ "တစ်ဆိတ်ကို တစ်အိတ်" လုပ်၍ အစီရင်ခံစာများ ရေးသားပေးပို့ရခြင်း၊ အလုပ်တစ်ခုကို ဗှာနပေါင်းမြောက်များစွာသို့ "သိသာရန်" တင်ပြရခြင်း၊ အမိန့်တောင်းခံရခြင်း စသည့်အလုပ်များကို ရယ်ဒယ်က ဒိုင်ခံ၍ လုပ်ပေးခဲ့သည်။ ထိုမှတစ်ပါး အကင်းပါးခြင်း၊ ဖြတ်ထိုးဉာဏ်ကောင်းခြင်း၊ စိတ်ဓာတ်ကြံ့ခိုင်ခြင်း စသောအရည်အချင်းများဖြင့် ပြည့်စုံနေသော ရယ်ဒယ်သည် အသေခံတပ်ဖွဲ့ ခေါင်းဆောင်ဖြစ်သော မိမိအတွက် အစစ အရာရာ အားကိုးရမည်ဖြစ်ကြောင်း စကော်ဇနီက တထစ်ချ မှတ်ယူယုံကြည်ခဲ့သည်။

စကော်ဇနီသည် သူ၏အသေခံတပ်ဖွဲ့ သင်တန်းကျောင်းကို ဘာလင်မြို့တော်နှင့် မလှမ်းမကမ်း "ဖရိုက်ဒင်သယ်" အမည်ရှိ နေရာဒေသတွင် ဖွင့်လှစ်ခဲ့သည်။ ထိုနေရာ ထိုဒေသမှာ ယခင်က ဘာလင်မြို့မှ အထက်တန်းလွှာ လူကုံထံများ အမဲလိုက်သည့် နေရာဒေသဖြစ်သည်။ များမကြာမီ ထိုနေရာတစ်ဝိုက် တောတန်းနှင့် တောအုပ်များအလယ် အတော်ကလေး ကျယ်ပြန့်သည့် မြေကွက်လပ်ပေါ်တွင် စစ်တန်းလျားများနှင့် အဆောက်အဦများ ပေါ်ထွက်လာကြသည်။

အသေခံတပ်ဖွဲ့ သင်တန်းကျောင်းအုပ်ကြီး စကော်ဇနီသည် ဂျာမန် အသေခံ တပ်သားလောင်းများအတွက် သင်ရိုးညွှန်းတမ်းများနှင့် လိုအပ်သော အချက်အလက် စာရွက်စာတမ်းများကို နေ့ရောညပါ အပူတပြင်း

www.burmeseclassic.com



ရှာဖွေလေ့လာခဲ့သည်။ ဆည်းပူး မှတ်သားခဲ့သည်။ အထူးသဖြင့် မိမိတို့ ထက်စော၍ အသေခံ ကွန်မန်ဒိုတပ်ဖွဲ့များကို ဖွဲ့စည်းခဲ့ကြသော ဗြိတိသျှ အသေခံတပ်များ၏ လုပ်ဆောင်ချက်များကို အသေးစိတ် စူးစမ်းသုံးသပ်ခဲ့သည်။

စကော်ဇေနီ၏ မေတ္တာရပ်ခံ တောင်းဆိုချက်အရ ဂျာမန်ထောက်လှမ်းရေးဌာနချုပ်မှ ဗြိတိသျှအသေခံ တပ်ဖွဲ့ဝင်များ၏ လှုပ်ရှားလုပ်ဆောင်မှုများနှင့် ပတ်သက်၍ သူတို့စုဆောင်း ရရှိထားသမျှ အစီရင်ခံစာများ၊ စာရွက်စာတမ်းများကို ရောမဖိုင်တွဲကြီးများဖြင့် ပေးပို့လိုက်သည်။ ဤဖိုင်တွဲများနှင့် စာရွက်စာတမ်းများကို တစ်ရွက်ချင်းလှန်၍ သူလေ့လာဖတ်ရှုခဲ့သည်။

တစ်ခု ခက်နေသည်မှာ ဂျာမန်စစ်ဦးစီးဌာနချုပ်သည် ဗြိတိသျှ အသေခံတပ်ဖွဲ့ဝင်များ၏ ထိရောက်သော လုပ်ဆောင်ချက်များကို ပေါ့ပေါ့တန်တန် သာမန်မျှသာ သဘောထားနေကြခြင်းဖြစ်သည်။ သူတို့အနေဖြင့် ဤထိရောက်သော လုပ်ဆောင်ချက်များသည် အချိန်ယူ၍ စနစ်တကျ လေ့ကျင့်သင်ကြားထားကြသည့် အသေခံတပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်မှု များဟူ၍ မယူဆကြဘဲ မိုက်ရူးရဲများနှင့် တစ်ကိုယ်တော် စွန့်စားရေးသမားများ၏ တစ်ခါတစ်ရံ စိတ်ကူးပေါက်ပြီး ထလုပ်ကြသည့် အပျော်တမ်းလုပ်ရပ်များဟူ၍သာ ခံယူနေကြသည်။

စကော်ဇေနီသည် ဤခံယူချက်ကို လုံးဝသဘောမတူခဲ့။ သူကိုယ်တိုင်က ရုံဖန်ရံခါ ထိုသို့သော ကွန်မန်ဒို တပ်ဖွဲ့မျိုးကို ဖွဲ့စည်းရန် ခပ်စောစောကပင် စိတ်ကူးရခဲ့သည်။ သို့ဖြစ်၍လည်း သူသည် ဤတာဝန်ကို ဝမ်းမြောက်ဝမ်းသာ လက်ခံ၍ စိတ်ပါဝင်စားစွာ အကောင်အထည်ဖော်နေခြင်းဖြစ်သည်။

ဂျာမန်စစ်ဦးစီးဌာနချုပ်မှ ပေးပို့လိုက်သော ရောမဖိုင်တွဲကြီးများနှင့် စာရွက်စာတမ်းများမှာ များသောအားဖြင့် ရုံးထုံးစံ ရုံးလုပ်ငန်းအရ "တစ်ဆိတ်တစ်အိတ်" လုပ်ကာ ချုပ်တွင်ရေးသားထားကြသည့် အစီရင်ခံစာများသာ ဖြစ်သည်။ သို့သော် ဤစာရွက်စာတမ်းများထဲတွင် သူလျှိုများ၏ လျှို့ဝှက်

www.burmeseclassic.com



အစီရင်ခံစာများ၊ စစ်မြေပြင် ထောက်လှမ်းရေး အဖွဲ့ဝင်များ၏ သတင်းပေးပို့ချက်များနှင့် ဖမ်းမိထားသော ရန်သူ့သံ့ပန်းအချို့၏ အစစ်ခံချက်များကို တွေ့လိုက်ရသောအခါ စကော်ဇေနီမှာ အထူးပင် အားရကျေနပ်သွားမိသည်။

၎င်းအစီရင်ခံစာများ၊ သတင်းစာများနှင့် အစစ်ခံချက်များသည် တိုတို တုတ်တုတ်ပင် ဖြစ်သော်လည်း ဗြိတိသျှ အသေခံတပ်ဖွဲ့ဝင်များ၏ လေ့ကျင့်သင်ကြားမှုများ၊ လက်တွေ့ လုပ်ပုံလုပ်နည်းများနှင့်တကွ သူတို့၏ အတွင်းရေး လျှို့ဝှက်ချက်များကိုပါ အတော်အတန် ခန့်မှန်းနိုင်လောက်သည့် အချက်အလက် အနှစ်သာရများ ပါဝင်နေသည်ကို တွေ့ရသည်။

ဥပမာအားဖြင့် ဆိုရလျှင် အာဖရိက စစ်မြေပြင်ရှိ ဂျာမန်ဗိုလ်ချုပ်ကြီး ရိုးမဲလ်အား ဗြိတိသျှ အသေခံတပ်သားများက လက်ရဖမ်းဆီး၍ ပြန်ပေးဆွဲရန် လျှို့ဝှက်ကြံစည်ခဲ့ပုံများကို အဆိုပါ စာရွက်စာတမ်းများထဲတွင် ဖတ်ရှုခဲ့ရသည်။ ဗြိတိသျှ အသေခံတပ်သား ကွန်မန်ဒိုများသည် အနောက်ဘက် သဲကန္တာရအတွင်း ဗိုလ်ချုပ်ကြီး ရိုးမဲလ်အားအရှင်လက်ရ ဖမ်းဆီးရန်အတွက် စစ်မြေပြင်၏ နောက်ပိုင်း မိုင် ၂၅၀ ကွာဝေးသည့် နေရာတစ်နေရာသို့ ရေငုပ်သင်္ဘောဖြင့် တိတ်တဆိတ်သွားရောက်ကာ ကြိုးပမ်းခဲ့ကြသည်။

သို့သော် "သဲကန္တာရမြေခွေးကြီး" ရိုးမဲလ်အား သဲကန္တာရထဲတွင် လက်ရဖမ်းဆီးရန် လျှို့ဝှက်ကြံစည်ခဲ့ကြသော ဗြိတိသျှ အသေခံတပ်များ၏ ကြိုးပမ်းမှုမှာ "သဲထဲရေသွန်သလို" သာ ဖြစ်ခဲ့ရသည်။ အဘယ်ကြောင့်ဆိုသော် ထိုနေ့ထိုရက် ထိုအချိန်က ဗိုလ်ချုပ်ကြီး ရိုးမဲလ်မှာ အဆိုပါ အနောက်ဘက် သဲကန္တာရဒေသတွင် လုံးဝမရှိတော့ဘဲ အီတလီနိုင်ငံ၊ ရောမမြို့တော်သို့ ရောက်ရှိနေသောကြောင့် ဖြစ်သည်။

အမှန်စင်စစ် ဂျာမန်တို့သည် ဗိုလ်ချုပ်ကြီး ရိုးမဲလ်အား ဗြိတိသျှ အသေခံတပ်သားများက ပြန်ပေးဆွဲရန် ထိုသို့ကြံစည်ခဲ့သည်ကို အလျှင်းမသိခဲ့။ သို့သော် အလွန့်အလွန် အရေးပါအရာရောက်လှသော ဗိုလ်ချုပ်ကြီးတစ်ဦးဖြစ်သဖြင့် သူ၏လုံခြုံရေးအတွက် စစ်မြေပြင်ဌာနချုပ်မှ သူ

www.burmeseclassic.com

www.burmeseclassic.com



ထွက်ခွာသည်ကိုလည်းကောင်း၊ ရောမမြို့တော်သို့ သူရောက်ရှိနေသည်ကို လည်းကောင်း၊ လုံးဝလျှို့ဝှက်ထားခဲ့ကြသည်။ ထိုမျှမက အကယ်၍ ရောမမြို့တော်သို့ ဗိုလ်ချုပ်ကြီး ရိုးမဲလ်ရောက်ရှိနေသည်ကို ရန်သူ သူလျှိုများ သိသွားသည့်တိုင်အောင် သူအမှန်တကယ် တည်းခိုလျက်ရှိ သည့် အဆောက်အဦကို ထိပ်တန်းလျှို့ဝှက်အဖြစ်ထားရှိကာ အခြား အဆောက် အဦတစ်ခုတွင် တည်းခိုနေလေဟန်ဖြင့် ရန်သူများအား မျက်စိလှည့်စားထားခဲ့ကြသည်။

စကော်ဇေနီသည် အထက်ပါ တကယ့်ဖြစ်ရပ်မှန်များနှင့် အတွင်းရေး အချက်အလက်များကို လေ့လာဖတ်ရှုပြီးနောက် သူ့ခေါင်းထဲတွင် အရေးကြီးသည့် သင်ခန်းစာနှစ်ခုကို အလေးအနက် မှတ်သားထားလိုက်မိ သည်။

ပထမသင်ခန်းစာမှာ ဗိုလ်ချုပ်ကြီး ရိုးမဲလ်အား ပြန်ပေးဆွဲရန် ကြိုးပမ်းခဲ့ကြသည့် အကြံအစည်ကို သုံးသပ်ကြည့်ခြင်းအားဖြင့် အသေခံ တပ်သားများ၏ ထိရောက်သော လုပ်ဆောင်ချက်များသည် စစ်ပွဲတစ်ပွဲကို မတိုက်မီက တစ်ဝက်အောင်မြင်စေရန် ဖန်တီးနိုင်ကြောင်း အခိုင်အမာ ယုံကြည်ခဲ့သည်။ အကယ်၍သာ ဗြိတိသျှ အသေခံတပ်များက ဗိုလ်ချုပ် ကြီး ရိုးမဲလ်အား လက်ရဖမ်းဆီးနိုင်ပါက မိမိတို့ ဂျာမန်တပ်များသည် အာဖရိက စစ်မျက်နှာတွင် ယခုထက်စော၍ အရေးနိမ့်မှုကို ကြုံတွေ့ကြရ မည်မှာ မုချဖြစ်သည်။

တစ်ဖန် ဗြိတိသျှ အသေခံတပ်သားများသည် ရောမမြို့တော်သို့ ဗိုလ်ချုပ်ကြီး ရိုးမဲလ် ရောက်ရှိနေသည်ကို လုံးဝမသိ၊ အနောက်ဘက် သဲကန္တာရအတွင်းမှာပင် ရှိနေသေးသည်ဟု တထစ်ချ ယုံကြည်ခဲ့ကြ သည်။ ထို့ပြင် အကယ်၍ ရောမမြို့တော်သို့ ဗိုလ်ချုပ်ကြီး ရောက်ရှိနေ သည်ကို သိရှိခဲ့ကြသည့်တိုင်အောင် ဂျာမန်တို့၏ လှည့်စားမှုကြောင့် ဗိုလ်ချုပ်ကြီး အမှန်တကယ် တည်းခိုသည့် အဆောက်အဦကိုမသိရဘဲ အခြား အဆောက်အဦတစ်ခုကို လွဲမှား၍ ဝင်ရောက်တိုက်ခိုက်ကြမည် သာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအချက်ကို ထောက်ရှုခြင်းအားဖြင့် မိမိတို့ ဂျာမန်အသေခံ တပ်သားများအဖို့ ဗြိတိသျှအသေခံတပ်သားများ အလှည့်စားခံရသလို မခံရအောင် အထူးသတိပြုရမည်ဖြစ်ကြောင်း စကော်ဇနီ ကောင်းကောင်း ကြီး သဘောပေါက်သွားခဲ့သည်။ ဤသည်ပင်လျှင် သူ့အတွက် အရေးကြီး လှသည့် ဒုတိယ သင်ခန်းစာဖြစ်သည်။ ဤသင်ခန်းစာအရ တစ်စုံတစ်ခု သော လျှို့ဝှက်တာဝန်တစ်ခုကို ထမ်းဆောင်ရမည်ဆိုပါက ထိုတာဝန်နှင့် ပတ်သက်၍ အမှန်အကန်ဆုံးနှင့် အတိကျဆုံးဖြစ်အောင် ကြိုတင် ထောက်လှမ်းရမည်ဖြစ်ကြောင်း အလေးအနက် နှာယူမှတ်သားခဲ့သည်။

သို့ဖြစ်ရာ စကော်ဇနီသည် သူ၏ သင်တန်းကျောင်းမှ အသေခံ တပ်သားများအား အခြားသော ပညာရပ်များနှင့်အတူ ရန်သူ့သတင်းကို အတိအကျ ထောက်လှမ်းရေးနှင့် ပတ်သက်၍ လိုအပ်သော ပညာရပ် များကို အထူးဂရုပြုကာ လေ့လာသင်ကြားစေခဲ့သည်။ ရန်သူ၏ တန်ပြန် လှည့်စားမှုများနှင့် မမှန်သတင်းများကို အတတ်နိုင်ဆုံး သတိပြုဖော်ထုတ် ရန် ညွှန်ကြားပို့ချခဲ့သည်။ နှစ်ဖက်စလုံးမှ လစာငွေများနှင့် ထောက်ပံ့ မှုများကို ရသလောက်ယူ၍ လည်သလို စားတတ်ကြသော "နှစ်ဖက်လွှ သူလျှိုများ"နှင့် ပတ်သက်၍လည်း အထူးသတိထားကြရန် လိုအပ်ကြောင်း ကောင်းကောင်းကြီး ညွှန်ကြားပေးခဲ့သည်။

တစ်ဆက်တည်းပင် စကော်ဇနီသည် သူ၏ အသေခံတပ်ဖွဲ့ သင်တန်းကျောင်းတွင် အသေခံတပ်သားလောင်းများအား ရန်သူကို မလှုပ်နိုင်အောင် ချုပ်ကိုင်နည်း လက်နက်တစ်စုံတစ်ရာကို အသုံးမပြုဘဲ လူတစ်ယောက်အား စက္ကန့်ပိုင်းအတွင်း အသက်ပျောက်သွားအောင် သတ်သင် နည်းမှအစ၊ အခက်အခဲ အကြပ်အတည်းများကို ရင်ဆိုင်ကျော် လွှားရန်အတွက် စိတ်ဓာတ်ကြံ့ခိုင်မှုနှင့် ကိုယ်ကာယ သန်မာတောင့်တင်းမှု များကိုပါ အပြင်းအထန် လေ့ကျင့်သင်ကြားပေးခဲ့သည်။

တစ်ချိန်တည်းမှာပင် စကော်ဇနီသည် သူ၏ အသေခံတပ်ဖွဲ့ သင်တန်းမှ အသေခံတပ်သားလောင်းများအား လုပ်ငန်းတာဝန်တစ်ခုတွင် စုပေါင်း လုပ်ဆောင်မှုနှင့် တစ်ဦးချင်း လုပ်ဆောင်မှု၏ ကွဲပြားခြားနားပုံများ

www.burmeseclassic.com

www.burmeseclassic.com



တစ် ပေါင်းတစ်စည်းတည်း ရှိနေပုံများကို အလေးအနက် ပို့ချခဲ့သည်။ တိုက်ပွဲတစ်ခုဆင်နွှဲတော့မည်ဆိုပါက တပ်သားတိုင်းသည် မိမိတစ်ဦးတည်း အတွက်ရော၊ တပ်ဖွဲ့တစ်ခုလုံးအတွက်ပါ တာဝန်ရှိကြောင်း။ မိမိ၏ တစ်ဦးချင်းတာဝန်ကို စနစ်တကျ ကျေပွန်အောင် ထမ်းဆောင်ရင်း အခြားတပ်သားများအတွက် မိမိတွင် တာဝန်ရှိသည်ဟူသော အချက်ကို မမေ့မလျော့ကြရန် သဘောတရားရော လက်တွေ့ပါ ပေါင်းစပ်သင်ကြားခဲ့သည်။ ဤသို့ဖြင့် စကော်ဇနီ၏ အသေခံတပ်သားကောင်းများသည် "အားလုံးအတွက်တစ်ယောက်၊ တစ်ယောက်အတွက် အားလုံး" ဟူသော အစီပွာယ်ကို စာအုပ်ကြီးထဲမှ ဆိုရိုးစကားထက် ပိုမိုနားလည် သဘောပေါက်ခဲ့ကြသည်။

ဖရိုက်ဒင်သယ် အသေခံတပ်ဖွဲ့ သင်တန်းကျောင်းတွင် ထိုသို့ အပြင်းအထန် နေ့ရောညပါ သင်ကြားခဲ့သည်မှာ လေးလတိတိကြာခဲ့သည်။ ဤလေးလတာ ကာလအတွင်း စကော်ဇနီသည် ဗြိတိသျှ အသေခံတပ်သားများနှင့် တစ်ပွဲတစ်လမ်း အကဲစမ်းလိုက်ရသေးသည်။

သူ၏ သင်တန်းကျောင်းမှာ ထောက်လှမ်းရေး ဌာနချုပ်၏ လက်အောက်ခံဖြစ်ရာ ရန်သူ၏ လှုပ်ရှားမှုများနှင့် ပတ်သက်၍ အရေးကြီးသော သတင်းများကို ဌာနချုပ်မှ သူ့ထံသို့ အမြဲလိုလို သတင်းပေးပို့ခဲ့သည်။ ဤသတင်းများအနက် မဟာမိတ်တပ်များသည် ဂျာမန်တို့ သိမ်းပိုက်ထားသည့် တိုင်းပြည်များမှ ဖက်ဆစ်ဆန့်ကျင်ရေး ပြောက်ကျားဘက်တော်သားများရှိရာသို့ သူလျှိုအဆက်အသွယ်များ၊ ရေဒီယို ဝိုင်ယာလက်စက်များနှင့် လက်နက်ရိက္ခာများကို လေယာဉ်ပေါ်မှ လေထီးများဖြင့် ညစဉ်ညတိုင်းလိုလို ချပေးနေကြောင်း သိရှိရသည်။

ဤသတင်းနှင့် တစ်ဆက်တည်း ဟော်လန်နိုင်ငံတွင် ထိုသို့ မဟာ မိတ်လေယာဉ်များပေါ်မှ လေထီးဖြင့် ချပေးခဲ့ကြသည့် ဗြိတိသျှ သူလျှိုများနှင့် လက်နက်ရိက္ခာများ၊ ပစ္စည်းကိရိယာများကို ဂျာမန်စပ်များက ဖမ်းဆီးရမိထားကြောင်း သတင်းများရောက်ရှိလာသည်။ သို့ဖြစ်ရာ ဤသတင်းများကို အကြောင်းပြု၍ စကော်ဇနီသည် ဟော်လန်နိုင်ငံသို့

www.burmeseclassic.com

www.burmeseclassic.com



လိုအပ်သလို ဆောင်ရွက်ရန် ရုတ်တရက် ထွက်ခွာလာခဲ့ရသည်။

ပော်လန်နိုင်ငံသို့ ရောက်သောအခါ သူသည် ဗြိတိသျှတို့ အသုံးပြုနေကြသော ထောက်လှမ်းရေးဆိုင်ရာ နည်းပရိယာယ်များနှင့် လုပ်ပုံလုပ်နည်းများကို အသေးစိတ် လေ့လာမှတ်သားခဲ့သည်။ ဤသည်နှင့် တစ်ဆက်တည်း စကော်ဇနီသည် ဗြိတိသျှ ထောက်လှမ်းရေးအဖွဲ့ကြီးအား "ငါးကြင်းဆီဖြင့် ငါးကြင်းကြော်" သည့် အလုပ်တစ်ခုကို အောင်မြင်စွာ လုပ်ဆောင်ခဲ့သည်။

စကော်ဇနီ လုပ်ဆောင်ခဲ့သည့် အလုပ်မှာ ဤသို့ဖြစ်သည်။ သူသည် ပော်လန်နိုင်ငံတွင် ဖမ်းဆီးရမိထားသော ဗြိတိသျှ သူလျှိုများထံမှ လျှို့ဝှက်သင်္ကေတများကို အသုံးပြုကာ လန်ဒန်မြို့ရှိ ဗြိတိသျှထောက်လှမ်းရေး ဌာနချုပ်သို့ နောက်ဆုံး ပေါ်လက်နက်အသစ်အဆန်းများကို ဝိုင်ယာလက်ဖြင့် လှမ်း၍ မှာကြားခဲ့သည်။ ဤတွင် ဗြိတိသျှထောက်လှမ်းရေးဌာနချုပ်မှ တာဝန်ရှိ ပုဂ္ဂိုလ်များသည် စကော်ဇနီ၏ "ပုံများရိုက်" ၍ မှာကြားချက်များကို လုံးဝမရိပ်မိဘဲ တကယ်ပင် မိမိတို့ သူလျှိုများထံမှ မှာကြားသည်ဟု ယုံကြည်ယူဆကာ မှာကြားသမျှ လက်နက်အသစ်အဆန်းများကို မဆိုင်းမတွ ပေးပို့ခဲ့ကြသည်။ ဤသို့ဖြင့် ဂျာမန်ထောက်လှမ်းရေး တပ်သားများသည် ဗြိတိသျှတို့ထံမှ လေထီးဖြင့် ချပေးသော နောက်ဆုံးပေါ် လက်နက်များကို အလွယ်တကူ ရရှိခဲ့ကြသည်။

ထိုသို့ စကော်ဇနီ၏ "ပုံများရိုက်" ၍ မှာကြားခဲ့သည့် လက်နက်အသစ်အဆန်းများထဲတွင် နောက်ဆုံးပေါ် အသံမထွက်သည့် ခြောက်လုံးပြူးများနှင့် ပစ္စတိုသေနတ်များလည်း ပါဝင်ခဲ့သည်။ ထိုစဉ်က ထိုသို့သော "ဆိုင်းလင့်ဇာ" ခေါ် အသံတိတ်သေနတ်များကို ဂျာမန်တို့ တီထွင်ထုတ်လုပ်နိုင်ခြင်း မရှိသေးဘဲ ဖြစ်နေရာ စကော်ဇနီသည် အဆိုပါ နောက်ဆုံးပေါ် လက်နက်ကို အထူးပင် သဘောကျ နှစ်သက်ခဲ့သည်။

ဗြိတိသျှ ထောက်လှမ်းရေးဌာနချုပ်မှ ပေးပို့လိုက်သော အဆိုပါ အသံတိတ် ခြောက်လုံးပြူးများ ရရှိသည့်နေ့ကဆိုလျှင် စကော်ဇနီသည် ထိုအဆိုပါ သေနတ်များကို "ဖင်ပြန် ခေါင်းပြန်" အပြန်ပြန်အလှန်လှန်

www.burmeseclassic.com



ကြည့်ကာ အကျေနပ်ကြီး ကျေနပ်နေခဲ့သည်။ ထို့နောက် သူသည် အဆိုပါ အသံတိတ် ခြောက်လုံးပြူးများ၏ အစွမ်းကို လက်တွေ့စမ်းသပ်ကြည့်ရန်အတွက် ရုံးခန်းပြတင်းပေါက်မှနေ၍ အပြင်ဘက် လမ်းဘေးရှိ မြောင်းထဲတွင် ရေကူးနေသော ဘဲတစ်ကောင်အား အသံတိတ် ခြောက်လုံး ပြူးဖြင့် ချိန်၍ တစ်ချက်လှမ်းပစ်လိုက်သည်။

လေလုံအောင် ပိတ်ထားသည့် ပုလင်းဝမှ ဖော့ဆို့ကို ဆွဲဖွင့်လိုက်သလို "ဖောက်" ခနဲ အသံတစ်ခု သေနတ်ပြောင်းဝမှ ထွက်လာသည်ကို ကြားလိုက်ရသည်။ စောစောက မြောင်းထဲတွင် ယက်ကန်ယက်ကန်ဖြင့် ကူးနေသော ဘဲကလေးသည် ရုတ်တရက် ပက်လက်လန်သွားပြီး မလှုပ်မယှက်ဖြစ်သွားသည်။ မြောင်းဘေးရှိ လမ်းပေါ်မှ လူများသည် ဘာမှ မဖြစ်သလို ဘာမှ မကြားလိုက်သလို သွားမြဲတိုင်း သွားနေကြသည်။

စကော်ဇနီသည် သူ့လက်ထဲမှ အသံတိတ် သေနတ်ကို ငုံ့ကြည့်ကာ အားရပါးရကြီး ပြုံးလိုက်သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ထိပ်တန်းလျှို့ဝှက် တာဝန်တစ်ရပ်

အီတလီ အာဏာရှင် မူဆိုလိုနီ အဖမ်းခံလိုက်ရသည်ဟူသော သတင်း ရောက်ရှိလာသည့် ဖူလိုင်လ၏ တစ်ခုသော တနင်္ဂနွေနေ့အထိ စကော်ဇေနီ သည် ဂျာမနီ နာဇီအာဏာရှင်ကြီး ဟစ်တလာအား လူကိုယ်တိုင် တစ်ခါ ဘူးမျှ မမြင်ဘူး မတွေ့ဘူးသေးပေ။

ရံဖန်ရံခါ ထောင်သောင်းမကသော ဂျာမန်စစ်သားများ၏ စစ်ရေးပြ အခမ်းအနားများတွင် ခေါင်းဆောင်ကြီး ဟစ်တလာအား အဝေးက လှမ်းမြင်ခဲ့ရသည်မှတစ်ပါး ယခုကဲ့သို့ နီးနီးကပ်ကပ် မြင်ရတွေ့ရလိမ့်မည် ဟူ၍ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့၊ မိုးနှင့် မြေပြင်ပမာ အခြေအနေ အဆင့်အတန်းနှင့် ရာထူးအရှိန်အဝါကွာချင်တိုင်း ကွာနေသော အာဏာ ရှင်ကြီးနှင့် မိမိတို့နှစ်ကိုယ်ချင်း ရင်းရင်းနှီးနှီး စကားပြောခွင့် ရရန်ကား သာ၍သာ၍ အလှမ်းဝေးသေးသည်။

သို့သော် ကောင်းကင်ဘုံမှ အပ်တစ်စင်းနှင့် လူ့ပြည်မှ အပ်တစ် စင်းတို့ ထိတွေ့ရန် ခဲယဉ်းသည်ထက် ပို၍ခဲယဉ်းလှသော လူ့ဘဝကိုပင် ရရှိထားသည့် စကော်ဇေနီသည် လူသားအချင်းချင်းဖြစ်ကြသော အာဏာ ရှင် ဟစ်တလာနှင့် တစ်နေ့သောအခါတွင် မျက်နှာချင်းဆိုင် တွေ့ ကြုံဆုံစည်းရုံမျှမက တရင်းတနှီး စကားပြောရန် အခြေအနေက ဖန်တီး လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခေါင်းဆောင်ကြီး ဟာစ်တလာနှင့် အမြန်ဆုံးလာတွေ့ပါ" ဟူသော ဆင့်ခေါ်သံကို မမျှော်လင့်ဘဲ ကြားလိုက်ရသည့်အခါ စကော်ဇနီမှာ သူ့နားကိုပင် သူမယုံနိုင်လောက်အောင် ဖြစ်သွားခဲ့မိသည်။ ယေရှုသခင်ထံမှ ဆင့်ခေါ်သံကို ကြားလိုက်ရသည့်အလား ဖြန်းခနဲ ကြက်သီးမွေးညှင်းများပင် ထသွားမိသည်။

ကြားလိုက်ရသည့် သတင်းစကားအပေါ်တွင် သံသယစိတ်များဖြင့် လှုပ်ရှားနေခဲ့သော စကော်ဇနီသည် အာဏာရှင် ဟာစ်တလာနှင့် တွေ့ဆုံရမည့် ရောမအခွင့်အရေးကြီးကို ဆုံးရှုံးလက်လွှတ် သွားတော့မတတ် ဖြစ်ခဲ့ရသည်။

ထိုအချိန်က သူသည် ဘာလင်မြို့တော်တွင်မရှိဘဲ ဗီယင်နာမြို့သို့ ရောက်နေပြီး စားသောက်ဆိုင်တစ်ဆိုင်တွင် မိတ်ဆွေတစ်ယောက်နှင့် စကားလက်ဆုံ ကျနေခိုက်ဖြစ်သည်။ နစ်နာရီ၊ သုံးနာရီမျှပင် ဖြစ်စေ၊ ယူနီဖောင်းမပါဘဲ အရပ်ဝတ်အရပ်စားဖြင့် လွတ်လွတ်လပ်လပ် အေးအေးဆေးဆေး မိတ်ဆွေတစ်ယောက်နှင့် စားရင်းသောက်ရင်း စကားစမြည် ပြောနေရသည်မှာ သူ့အား ချမ်းသာသုခတစ်ရပ်ပင်ဖြစ်သည်။ သည်ကြားထဲက တာဝန်ဝတ္တရားကို နားလည်လေးစားသည့် စကော်ဇနီသည် နောက်ပိုင်းကို စိတ်မချသဖြင့် ပြောလက်စ စကားကိုဖြတ်ကာ အသေခံ ကွန်မန်ဒို သင်တန်းကျောင်းရှိရာ ဖရိုက်ဒင်သယ်စခန်းသို့ တယ်လီဖုန်း လှမ်းဆက်ကြည့်မိသည်။

"ဘာများထူးသေးလဲဟေ့ . . ."

ဘာများ အကြောင်းထူးသေးလဲ•• ဟုတ်လား ထူးသည် အကြောင်းထူးသမှ တကယ့်ရောမ အကြောင်းထူးကြီးဖြစ်သည်။ ဤအကြောင်းထူးကြောင့် စကော်ဇနီကို လိုက်ရှာနေကြသည်မှာ နစ်နာရီ နီးပါးမျှရှိနေပြီဖြစ်သည်။ ဘာလင်တစ်မြို့လုံး နှံ့နေပြီဖြစ်သည်။

"အဲဒီအကြောင်းထူးဆိုတာ တခြားမဟုတ်ဘူး ဗိုလ်ကြီး ခေါင်းဆောင်ကြီး ဟာစ်တလာရဲ့ ဌာနချုပ်ကို ဗိုလ်ကြီးအမြန်ဆုံး သွားရောက်ဖို့ပါတဲ့ . . ."

www.burmeseclassic.com

www.burmeseclassic.com



"... ... ... ... ... ... ... ... ..."

"ဟုတ်ပါတယ်၊ အဲဒီအတွက် ဗှာနချုပ်ကိုသွားဖို့ တင်းပဲလ်ဟော့ လေဆိပ်မှာ အခုလေယာဉ်တစ်စင်း အသင့်စောင့်နေပါတယ်၊ ညနေ ငါးနာရီတိတိမှာ အဲဒီလေယာဉ်နဲ့ ဗိုလ်ကြီး လိုက်သွားရမယ်လို့ ဆိုပါတယ်"

"... ... ... ... ... ... ... ... ..."

"ခင်ဗျား...၊ ဒါတော့ ကျွန်တော်တို့လည်း ဘာမှမသိရပါဘူး ဗိုလ်ကြီး။ ဘာကြောင့် ခေါ်တယ်ဆိုတာ ဟိုရောက်မှ သိရ.. သိရမယ် လို့ ပြောပါတယ်၊ ဟုတ်ကဲ့... ဒါပါပဲ"

တစ်ဖက်မှ စကားအဆုံးတွင် စကော်ဇနီသည် တယ်လီဖုန်းခွက် ကို ချရန်ပြန်လိုက်သည်။ ပြီးမှ ချက်ချင်းသတိရ၍ ကတိုက်ကရိုက် လှမ်းပြောလိုက်ရသည်။

"ဟော့... နေဦး... နေဦး...၊ ဒီလိုဆိုရင် ရာဒယ်ကို ငါ့ယူနီ ဖောင်းဝတ်စုံယူပြီး လေဆိပ်ကို ချက်ချင်းလာခဲ့ပါလို့ ပြောလိုက်"

စကော်ဇနီသည် သူ့မိတ်ဆွေကို နှုတ်ဆက်သည်ဆိုရုံမျှသာ နှုတ်ဆက်ပြီး စားသောက်ဆိုင်ထဲမှ အပြေးအလွှား ထွက်လာခဲ့သည်။ ဆိုင်ရှေ့ရောက်လျှင် အဆင်သင့်တွေ့ရသည့် အငှားကားတစ်စီးပေါ်သို့ ခုန် တက်ကာ လေဆိပ်သို့ အမြန်ဆုံးမောင်းရန် အမိန့်ပေးလိုက်သည်။

"ခေါင်းဆောင်ကြီး ဟစ်တလာရဲ့ ဗှာနချုပ်ကို အမြန်ဆုံး သတင်း လာပို့ပါ။ သတင်းလာပို့ပါ... လာပို့ပါ...ပို့ပါ..."

စက်ကုန်ဖွင့်၍ မောင်းနှင်နေသော ကားပေါ်တွင် စကော်ဇနီ၏ နားထဲ၌ စောစောက တယ်လီဖုန်းထဲမှ ကြားခဲ့ရသော အသံများဖြင့် ပဲ့တင်ထပ်နေသည်။ ဤပဲ့တင်သံများကို ကောင်းကင်ဘုံမှ လာနေသည် ဟူ၍ပင် ထင်ရသည်။ သတိရ၍ ကြည့်လိုက်သောအခါ လေဆိပ်သို့ ရောက်နေပြီကို တွေ့ရသည်။

လေဆိပ်သို့ အဝင်ဝတွင် ရာဒယ်ကို အဆင်သင့်တွေ့ရသည်။ ရာဒယ်က သူ့ဆရာ ဗိုလ်ကြီးစကော်ဇနီအား ဆီးကြို၍ ယူနီဖောင်းဝတ်စုံ

www.burmeseclassic.com

www.burmeseclassic.com



နှင့် နောက်ဆုံးထုတ် စစ်သတင်းပြန်တမ်းတစ်စောင်ကိုပါ လှမ်းပေးသည်။

"ဒီတလီမှာတော့ အစိုးရအဖွဲ့ အပြောင်းအလဲဖြစ်သွားပြီ၊ အဲဒါနဲ့ ပတ်သက်လို့ နောက်ထပ် ဘာတွေထူးဦးမလဲတော့ မသိဘူး"

စကော်ဇနီသည် သူ့လက်ထောက်အရာရှိ ရာဒယ်ပြောကြားသော နောက်ဆုံး သတင်းများကို နားစွင့်ထောင်ရင်း လေဆိပ်မှာပင် အရပ်ဝတ်များကိုချွတ်ကာ ယူနီဖောင်းဝတ်စုံကို လဲလိုက်သည်။ ခပ်လှမ်းလှမ်းတွင် လေယာဉ်တစ်စင်း စက်နှိုး၍ အဆင်သင့်ဖြစ်နေသည်ကို တွေ့ရသည်။ ဆူညံနေသော စက်သံများအကြားတွင် စကော်ဇနီသည် ရာဒယ်အား ခပ်ကျယ်ကျယ် အော်ပြောလိုက်သည်။

"ငါ ဟိုရောက်ရောက်ချင်း ဖုန်းဆက်လိုက်မယ်၊ ဒီအတောအတွင်း တပ်သားတွေကို အဆင်သင့်လုပ်ထား။ သူတို့ကိုပါ တာဝန်ပေးချင်ရင် ပေးရလိမ့်မယ် ကြားလား"

စကော်ဇနီအား သယ်ဆောင်လာသော လေယာဉ်မှာ ဗီအိုင်ပီခေါ် အလွန်အရေးကြီးသည့် ပုဂ္ဂိုလ်ကြီးများစီးသည့် လေယာဉ်ဖြစ်သည်။ ယခု ဤလေယာဉ်ပေါ်တွင် စီးနင်းလိုက်ပါလာခဲ့ရခြင်းဖြစ် စကော်ဇနီကို လည်း အလွန်အရေးကြီးသည့် ပုဂ္ဂိုလ်ကြီးတစ်ယောက်အဖြစ် သတ်မှတ်ရ မလို ဖြစ်နေသည်။ စင်စစ် ခေါင်းဆောင်ကြီး ဟစ်တလာကိုယ်တိုင်က အရေး တကြီး တွေ့ဆုံရန် ဆင့်ခေါ်ခြင်းခံရသော ပုဂ္ဂိုလ်သည် အလွန်အရေးကြီး သည့် ပုဂ္ဂိုလ်ပင် မဟုတ်ပါလော။

လေယာဉ်သည် အရှေ့ပိုင်း ပရပ်ရှားပြည်နယ်၏ တစ်ခုသော တောအုပ်အနီး ကွင်းပြင်ကွက်လပ်တစ်ခုတွင် အရှိန်သတ်ဆင်းလာခဲ့ သည်။ လေယာဉ်ကွင်း တစ်နေရာတွင် မာစီးဒီးကားနက်ကြီးတစ်စင်း အဆင်သင့်စောင့်နေသည်။ စကော်ဇနီသည် လေယာဉ်ပေါ်မှ ခပ်သွက် သွက်ဆင်းကာ ကားနက်ကြီးပေါ်သို့ ခပ်သုတ်သုတ် တက်ခဲ့သည်။ ကားနက်ကြီးသည် တဖြည်းဖြည်းချင်း လိမ့်ထွက်လာပြီး တောအုပ်အတွင်း သို့ အရှိန်ဖြင့် မောင်းနှင်ဝင်ရောက်လာသည်။

ဤတောအုပ်သည်ပင် ဟစ်တလာ၏ ဌာနချုပ်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟစ်တလာ၏ ခိုအောင်းရာဖြစ်သည်။ ဤဌာနချုပ်ကို အများက "ဝံပုလွေဂူ" ဟူ၍ အမည်ပေး ခေါ်ဝေါ်ခဲ့ကြသည်။ သစ်ပင်ကြီးများနှင့် သစ်တောများ၏ သဘာဝ ကာကွယ်မှုအပြင် ဤဌာနချုပ်စခန်းကို အစိမ်းပုပ်နှင့် အညိုရောင်များ ခြယ်ထားသည့် ပိုက်ကြီးများဖြင့် ဖုံးအုပ်ရုပ်ဖျက်ကာ လေကြောင်းရန် အန္တရာယ်မှ အကာအကွယ်ပြုလုပ်ထားခဲ့သည်။ တောအုပ်အတွင်း လေယာဉ်ပစ်အမြောက်ကြီးများ၊ ကာကွယ်ရေးကတုတ်ကျင်းများနှင့်တကွ သံဆူးကြိုးဝိုင်းများကိုလည်း သူနေရာနှင့်သူ အကွက်ရိုက်၍ ချထားသည်ကို တွေ့ မြင်ရသည်။ အဆင့်ဆင့်သော ဂိတ်များနှင့်အတူ ရာပေါင်းများစွာသော လက်နက်ကိုင် အစောင့်များကိုလည်း နေရာအနှံ့အပြားတွင် ဖြတ်သန်းခဲ့ရသည်။

ဌာနချုပ်စခန်း နောက်ဆုံးဂိတ်ဝတွင် တာဝန်ကျနေသည့် တာဝန်မှူးက စကော်ဇနီအား ချက်ချင်းပင် အဆောက်အဦတစ်ခုရှိရာသို့ ခေါ်ဆောင်သွားခဲ့သည်။ ထိုမှတစ်ဆင့် ယင်းအဆောက်အဦ၏ ဧည့်ခန်းဆောင်အတွင်းသို့ ရောက်သောအခါ သူ့အရင်ရောက်နှင့်နေကြသော အရာရှိငါးယောက်ကို တွေ့ရသည်။ စခန်းဂိတ် တာဝန်မှူးက စကော်ဇနီအား ထိုအရာရှိ ငါးဦးနှင့် မိတ်ဆက်ပေးသည်။

သူတို့ ငါးဦးမှာလည်း စကော်ဇနီ ကဲ့သို့ပင် ခေါင်းဆောင်ကြီး ဟစ်တလာ၏ အရေးတကြီး ဆင့်ခေါ်ချက်အရ ဥရောပတိုက် နေရာအနှံ့အပြားတွင် ရောက်ရှိနေကြသော ဂျာမန်တပ်များမှ လာခဲ့ကြခြင်းပင်ဖြစ် သည်။ သူတို့အားလုံးသည် စကော်ဇနီထက် ရာထူးကြီးကြသူများချည်းဖြစ်သည်။ စကော်ဇနီကဲ့သို့ပင် သူတို့သည်လည်း ဤဌာနချုပ်သို့ ဟစ်တလာ၏ အမိန့်ဖြင့် ဆင့်ခေါ်ခဲ့သည်မှာ ဘာအကြောင်းကြောင့်ဟူ၍ လုံးဝမသိကြဘဲ ဖြစ်နေကြသည်။

သို့သော် စကော်ဇနီ အပါအဝင် သူတို့ ခြောက်ယောက်စလုံး ယခုလောလောဆယ် သိထားကြသည့် အချက်တစ်ချက်ရှိသည်။ ယင်းမှာ အခြားမဟုတ်၊ ခေါင်းဆောင်ကြီး ဟစ်တလာသည် အရေးအကြီးဆုံးအားဖြင့် ထောင်သောင်းသိန်းသန်းမက များလှစွာသော ဂျာမန်စစ်သားများထဲမှ

www.burmeseclassic.com

www.burmeseclassic.com



မိမိတို့ ခြောက်ယောက်ကို ခေါင်းခေါက်၍ လက်ရွေးစင် ခေါ်ယူခဲ့ခြင်း ဖြစ်သည်ဟူသော အချက်ပင်ဖြစ်သည်။

ဤရွေး၍မှ ဆန်ကာတင်ရွေးချယ်၍ ဤရွေး၍မှ အရေးတကြီး ခေါ်ယူခဲ့ခြင်းသည် မည်သို့သော အကြောင်းကိစ္စများ ဖြစ်ပါသနည်း။

"လူကြီးမင်းများခင်ဗျား။ ခေါင်းဆောင်ကြီးရဲ့ အခန်းထဲကို ကြွကြပါ"

အချိန်အတော်ကြာအောင် စောင့်နေရသဖြင့် စိတ်ပျက်စပြုနေခိုက်မှာပင် တာဝန်မှူးက လာခေါ်သဖြင့် စကော်ဇနီသည် အခြားပုဂ္ဂိုလ်ငါးဦးနှင့်အတူ အခန်းကျယ်ကြီးတစ်ခုထဲသို့ ဝင်လိုက်ခဲ့ရသည်။

မိမိတို့နှင့်တကွ ဂျာမန်တစ်မျိုးသားလုံးက လေးစားကြည်ညို ရိုသေကြောက်ရွံ့ကြရသည့် ခေါင်းဆောင်ကြီး ဟစ်တလာအား မျက်ဝါးထင်ထင် အရှင်လတ်လတ် အနီးကပ်တွေ့ မြင်ကြရပြီတကား။

မှုလတန်း ကျောင်းသားကလေးများပမာ ခပ်ကုပ်ကုပ် ခပ်ယို့ယို့ ဖြစ်နေကြသော သူတို့ခြောက်ယောက်၏ ရှေ့မှောက်တွင် ခေါင်းဆောင်ကြီး ဟစ်တလာသည် "ကျောင်းအုပ်ကြီးတစ်ယောက်လို" မားမားကြီး ရပ်လျက် ရှိနေသည်။

စကော်ဇနီသည် ခေါင်းဆောင်ကြီးအား ကြံ့ခိုင်လှစွာ ရောမ အခွင့်အရေးကြီးတစ်ရပ်အဖြစ် နီးနီးကပ်ကပ် မြင်တွေ့ရသည့်အခိုက် ဂရုတစိုက် လေ့လာ၍ အသေအချာကြည့်လိုက်မိသည်။ သို့သော် သူ့မျက်စိအောက်တွင် ခေါင်းဆောင်ကြီးအား နဖူးတစ်ခြမ်းအုပ်ထားသည့် ဆံပင်နှင့် နှုတ်ခမ်းမွေးတိုနံ့နံ့အပြင် ကျူးနစ်စစ်အကျီကို ပထမကမ္ဘာစစ်ကြီးအတွင်းက သူရခဲ့သည့် သူ့ရဲကောင်းတံဆိပ်တစ်ပါး အခြားဘာ အဆောင်အယောင်မှ မတပ်ဘဲ ဝတ်ဆင်ထားသည်ကို မြင်ရသောအခါ ဓာတ်ပုံထဲတွင် မြင်နေကျထက် ဘာတစ်ခုမှ မထူးခြားဟု၍ မှတ်ချက်ချ လိုက်မိသည်။

သို့သော် စကော်ဇနီ၏ စိတ်ထဲတွင် ထူးထူးခြားခြား သတိထားလိုက်မိသည်မှာ ဟစ်တလာ၏ မျက်လုံးများပင်ဖြစ်သည်။ စူးရှလေးနက်လှသော ဤမျက်လုံးများသည် တစ်ဖက်သားအား သူလိုရာအတိုင်း

www.burmeseclassic.com

www.burmeseclassic.com



ဘာမဆိုစေခိုင်းနိုင်သည့် အညှိုးခတ်နှင့် အင်အားများ အပြည့်အဝပါရှိကြောင်း ကောင်းကောင်းကြီး သတိပြုမိသည်။

ရာထူးအဆင့်အတန်းအားဖြင့် အငယ်ဆုံးဖြစ်နေသော စကော်ဇနီသည့် သူတို့ခြောက်ယောက် တန်းစီကြရာ၌ ယာဘက်အစွန်ဆုံးမှ နေရာယူခဲ့သည်။ ခေါင်းဆောင်ကြီး ဝင်လာလျှင်လာချင်း အားလုံးက အလေးပြုလိုက်ကြသည်။ စကော်ဇနီသည် သူ့တစ်သက်တာဘဝတွင် မှတ်တမ်းတင်ရမည့် အတွေ့အကြုံကြီးတစ်ခု ဖြစ်နေသဖြင့် စိတ်လှုပ်ရှားလျက်ရှိသည်။ ခေါင်းဆောင်ကြီးအား ဦးညွှတ်၍ ခေါင်းငုံ့ကာ အလေးပြုခဲ့ရာ၌ အချိုးအစားမကျဘဲ ကုန်းကွကွကြီး ဖြစ်သွားခဲ့သည်ကို သူ့ကိုယ်သူသိ လိုက်သည်။

ဟစ်တလာသည် သူတို့ခြောက်ယောက်ရှေ့တွင် တစ်ယောက်ချင်းရပ်ကာ စူးရှသော မျက်လုံးအစုံဖြင့် တစ်ယောက်စီ တစ်ယောက်စီလိုက်ကြည့်ရင်း သူတို့ပြောပြကြသည့် အမည်၊ ကိုယ်ပိုင်အမှတ်၊ ရာထူးအဆင့်အတန်းစသည့် ကိုယ်ရေးရာဇဝင် အကျဉ်းချုပ်ကို စူးစူးစိုက်စိုက်နားထောင်ခဲ့သည်။ ပြီးမှ နောက်သို့အနည်းငယ် ဆုတ်လိုက်ပြီး ဖြန်းခနဲမမျှော်လင့်ဘဲ မေးခွန်းတစ်ခု ကောက်ကာငင်ကာ မေးလိုက်သည်။

"မင်းတို့အထဲက အီတလီနိုင်ငံအကြောင်း ဘယ်သူသိသလဲ၊ အီတလီလူမျိုးတွေကို မင်းတို့ ဘယ်လို ထင်သလဲ . . ."

တစ်ယောက်ပြီးတစ်ယောက် အလှည့်ကျ အဖြေပေးခဲ့ကြသည်။

"အီတလီနိုင်ငံဟာ ဂျာမနီရဲ့ ဝင်ရိုးတန်းအဖွဲ့ဝင် နိုင်ငံတစ်ခု ဖြစ်ပါတယ်"

"အီတလီလူမျိုးတွေဟာ ဂျာမန်လူမျိုးတွေရဲ့ ရင်းနှီးတဲ့ မဟာမိတ်တွေ ဖြစ်ပါတယ်"

အခြားစစ်ဗိုလ်ငါးယောက်၏ အဖြေများကို နားထောင်ရင်း သူတို့၏အသံများမှာ မျှော်လင့်ခြင်းကြီးစွာဖြင့် ပျာယီးပျာယာ နိုင်လှသည်ဟုစကော်ဇနီ၏ စိတ်ထဲတွင် ယူဆမိသည်။ တစ်ချိန်တည်းတွင် သူ့အလှည့်ရောက်လျှင် ဘယ်လိုဖြေရပါ့မလဲဟူ၍လည်း ဦးနှောက်ကို ညှစ်ထုတ်၍စဉ်းစားနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



လျှပ်စီးလက်လိုက်သလို သူ့ခေါင်းထဲသို့ ဖျတ်ခနဲ အလင်းရောင်တစ်ခုဝင်လာသည်။

ခေါင်းဆောင်ကြီး ဟစ်တလာသည် မိမိကဲ့သို့ပင် ဩစတြီးလျနိုင်ငံဖွား ဂျာမန်အမျိုးသားတစ်ယောက် ဖြစ်သည်။ ဩစတြီးလျ သွေးပါသော ဂျာမန်များသည် အခြားသော ဂျာမန်များထက် အရာရာတွင် ပို၍ ထူးချွန်သည်ဟု အများကလက်ခံ သတ်မှတ်ထားကြသည်။ ထို့ပြင် ဟစ်တလာသည် ယခုကဲ့သို့ နိုင်ငံ့ခေါင်းဆောင်တစ်ယောက်အဖြစ်သို့ မရောက်မီက ဩစတြီးလျပြည်၊ လင့်ဇ်မြို့နှင့် ဗီယင်နာမြို့တော်တွင် ကလေးဘဝ၊ လူငယ်ဘဝတွင် ကျင်လည်ကျက်စားခဲ့ရသည်။ ဘယ်အခြေအနေ ဘယ်ဘဝရောက်ရောက် မိမိ၏ ဇာတိချက်မြွှေ မွေးရပ်မြေဖြစ်သော ဩစတြီးလျပြည်ကလေး၏ သာယာလှပသည့် တောတောင်သဘာဝရှုခင်းများကို မကြာခဏ မိမိကိုယ်တိုင် သတိရအောက်မေ့မိသလို ခေါင်း ဆောင်ကြီး ဟစ်တလာသည် ပြန်လည်တမ်းတ သတိရလိမ့်မည်ဟု ယူဆရသည်။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း စိတ်အစဉ် အမျှင်တန်းနေမိရာမှ စကော်ဇေနီသည် သူ့အတွေးများကို ဖြုန်းခနဲ ရပ်ပစ်လိုက်ရသည်။ သူ့အလှည့်ရောက်လာပြီ။

"ခေါင်းဆောင်ကြီးခင်ဗျား . . . ကျွန်တော်ဟာ ဩစတြီးလျနယ်သားတစ်ယောက်ပါ . . . "

မဆီမဆိုင် ဖြုန်းခနဲ ကြားလိုက်ရသော စကော်ဇေနီ၏ စကားကြောင့် ခေါင်းဆောင်ကြီး ဟစ်တလာမှာ ရုတ်တရက်မှင်သက်မိသလို ဖြစ်သွားသည်။ ပြီးမှ သူ့အမူအရာကို ချက်ချင်းပြန်ထိန်းကာ သူ့ရှေ့တည့်တည့်တွင် ကျောက်ရုပ်တစ်ရုပ်လို မလှုပ်မယှက်ခြေစုံရပ်ကာ စကော်ဇေနီကို မျက်တောင်မခတ်ဘဲ စိုက်ကြည့်လိုက်သည်။ သူ၏ ရှုသော မျက်လုံးအစုံသည် စကော်ဇေနီပါးစပ်မှ ထွက်လာသော စကားများ၏ နောက်ကွယ်မှ အဖြေကို စကော်ဇေနီ၏ မျက်လုံးများထဲတွင် အသေအချာ ရှာဖွေနေမိသည်။ တွေ့ ပြီ . . . ။

www.burmeseclassic.com

www.burmeseclassic.com



"ဗိုလ်ကြီး စကော်ဇနီ၊ မင်း ဒီမှာ နေရစ်ခဲ့၊ ကျန်တဲ့လူတွေ အားလုံး သွားနိုင်ပြီ"

အမိန့်သည် အမိန့်ဖြစ်သည်။ တစ်ခဏချင်းမှာပင် ခေါင်းဆောင်ကြီး ဟာစ်တလာနှင့် ဗိုလ်ကြီးစကော်ဇနီတို့ နှစ်ယောက်တည်း ကျန်ခဲ့သည်။

ခေါင်းဆောင်ကြီးက စ၍ပြောသည်။

"ငါ့မှာ အင်မတန်အရေးကြီးတဲ့ အလုပ်တစ်ခုအတွက် မင်းကို တာဝန်ပေးဖို့ ရှိနေတယ်. . ."

စောစောကထက် အသံကို အနည်းငယ် နှိမ့်ပြောသဖြင့် ရင်းနှီးသည့်သဘောမျိုးဆောင်နေသည်ဟု ထင်ရသည်။ သို့သော် သူ့စကားကို ပြန်ဆက်လိုက်သောအခါ ခေါင်းဆောင်ကြီး၏ အသံမှာ ဒေါသအပြည့်ဖြင့် ကျယ်လောင်မာကျောလာသည်။ သူ့မိတ်ဆွေကြီး အီတလီ အာဏာရှင် မူဆိုလီနီမှာ သစ္စာဖောက်များ၏ လက်ချက်ဖြင့် အဖမ်းခံနေရပြီ ဖြစ်ကြောင်း၊ နောက်ဆုံးအခြေအနေအရ "မျိုးမစစ်" သည့် အမေရိကန် တပ်များသည် အီတလီနိုင်ငံအတွင်းသို့ ထိုးဖောက်ဝင်ရောက်ရန် အသင့် ဖြစ်နေကြ၍ ရောမမြို့ကြီးမှာ အချိန်မရွေး ကျဆုံးသွားနိုင်ကြောင်း၊ မူဆိုလီနီ အဖမ်းခံလိုက်ရသည်မှာ အီတလီဘုရင်နှင့် အီတလီစစ်တပ်မှ မာရှယ်ဘားဒိုဂလီယိုတို့၏ ပူးပေါင်းလုပ်ကြံမှုဖြစ်ကြောင်း၊ ယခုဆိုလျှင် သူတို့သည် မူဆိုလီနီအား အမေရိကန်နှင့် အင်္ဂလိပ်မဟာမိတ်များလက်သို့ အကျဉ်းသားတစ်ယောက်အဖြစ်အပ်ရန် စီစဉ်နေပြီဟု ကြားသိရကြောင်း . . .။

ပြောရင်းပြောရင်း ဟာစ်တလာ၏ အသံသည် ကျားဟိန်းသလို ဟိန်းလာသည်။

"မူဆိုလီနီကို ဒီလိုအဖြစ်မျိုး အရောက်မခံနိုင်ဘူး၊ ရောက်လည်း မရောက်စေရဘူး၊ သူ့ကို သစ္စာဖောက်ကောင်တွေက ရန်သူ့လက်ထဲ မအပ်ခင် မဖြစ်ဖြစ်တဲ့နည်းနဲ့ ကယ်ရမယ်"

သူ့စကားအဆုံးတွင် သူ့အသံသည် တစ်ခန်းလုံး ပဲ့တင်ထပ်ကာ ဒိုက်ခတ်တုန်ခါ၍ ကျန်ရစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရှင်းပါပြီ။ ခေါင်းဆောင်ကြီး ဟစ်တလာကိုယ်တိုင်က မိမိအား ဘာအတွက် အရေးတကြီးဆင့်ခေါ်ခဲ့သည်ကို စကော်ဇနီတစ်ယောက် ယခုအခါ လယ်ပြင်ဆင်သွားသလို အထင်အရှား သိရပါပြီ။ အသိန်းအသန်းမျှမက ရေတွက်၍ပင် မရနိုင်လောက်အောင် များပြားလှသည့် ဂျာမန်စစ် သည်တော်များထဲမှာ မိမိတစ်ယောက်တည်းကို လက်ရွေးစင်ဆန်ကာတင် ခေါင်းခေါက်၍ ပေးအပ်သောတာဝန်သည် မည်သည့်တာဝန်မျိုးဖြစ်ကြောင်း ကောင်းကောင်းကြီး သဘောပေါက်၍ ရှင်းရှင်းကြီး သိရပါပြီ။

ရတ်တရက်သော် စကော်ဇနီခမျာ ဘာတစ်ခွန်းမှ ပြန်မပြောနိုင်အောင်ပင် ဖြစ်နေမိရှာသည်။ မိမိလို ဘာမဟုတ်သည့် သာမန်အညတရ စစ်ဗိုလ်ပေါက်စလေးတစ်ယောက်အား စစ်သေနာပတိချုပ် တစ်ယောက်လုံး ကိုယ်တိုင်က သမိုင်းဝင်မည့် ရောမတာဝန်ကြီးတစ်ရပ်ကို ယုံယုံကြည်ကြည် ရင်းရင်းနှီးနှီး ပေးအပ်နေပြီဖြစ်ရာ မိမိအနေဖြင့် ဘာများပြောစရာ လိုပါသေးသနည်း။

စကော်ဇနီ၏ ပါးစပ်မှ စကားတစ်လုံးမျှ ထွက်မလာသော်လည်း သူ့မျက်နှာနှင့် မျက်လုံးများက "အရိုးကြေကြေ အရေခမ်းခမ်း သက်စွန့်ကြိုးပမ်း ဦးခေါင်းဆံမြည့် ပေးအပ်သရွေ့ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ပါမည်" ဟူသော စိတ်ဓာတ်များ တဖွားဖွား ပေါ်ပေါက်နေကြောင်း ခေါင်းဆောင်ကြီး ဟစ်တလာက ကောင်းကောင်းကြီး အကဲခတ်မိသည်။

"ဒါကြောင့် ငါ့မိတ်ဆွေကြီးကို မင်းသွားပြီး ကယ်ရလိမ့်မယ်‥ စကော်ဇနီ"

ခေါင်းဆောင်ကြီး၏ အမိန့်ကို စကော်ဇနီက လေးနက်တက်ကြွသည့်မျက်နှာ၊ တည်ငြိမ်စူးရှသည့် မျက်လုံးများဖြင့် စိတ်အားထက်သန်စွာ နာခံလိုက်သည်။

ချက်ချင်းဆိုသလို ဟစ်တလာ၏ အမူအရာသည် ရင်းနှီးသည့် လက္ခဏာမျိုး တစ်ပိုင်းတစ်စ ပေါ်လာပြန်သည်။ သူ့အသံမှာလည်း

www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ် တိုးသွားသည်။ ဤအမူအရာ၊ ဤအသံဖြင့် ဆက်လက်ပြော ကြားသွားသော ခေါင်းဆောင်ကြီး၏ စကားများကို စကော်ဇနီသည် တည်ငြိမ်လေးနက်စွာ နားစိုက်ထောင်ခဲ့သည်။

ဤကိစ္စမှာ တကယ့်ထိပ်တန်းအကျဆုံး လျှို့ဝှက်လုပ်ငန်းဖြစ်သည် ကို နားလည်သဘောပေါက်ထားရမည်ဖြစ်ကြောင်း၊ ခေါင်းဆောင်ကြီး နှင့် စကော်ဇနီအပါအဝင် လူပေါင်းငါးယောက်၊ ခြောက်ယောက် သာလျှင် အသိပေးရမည့်ကိစ္စဖြစ်ကြောင်း၊ သည်အထဲတွင် လေးထီတပ်များကို အုပ်ချုပ်သည့် ဗိုလ်ချုပ်စတူးဒင့်တစ်ယောက်ပါဝင်၍ သူ့ကို အသိပေး ထားပြီးဖြစ်ကြောင်း။ ဤဗိုလ်ချုပ်ကြီး စတူးဒင့်ထံမှ အမိန့်နှင့် ညွှန်ကြား ချက်များကို ရယူ၍ လုပ်ငန်းတာဝန်များကို ဆက်လက်လုပ်ဆောင်သွား ရမည်ဖြစ်ကြောင်း၊ သတ်မှတ်ထားသည့် ပုဂ္ဂိုလ်များမှတစ်ပါး အီတလီ နိုင်ငံရှိ ဂျာမန်စစ်ဌာနချုပ်နှင့် ဂျာမန်သံရုံးများကိုပင် အသိမပေးဘဲ လျှို့ဝှက်ထားရမည်ဖြစ်ကြောင်း။ ထို့ပြင် ယခုအချိန်အထိ မူဆိုလီနီအား ဘယ်နေရာ ဘယ်ဒေသတွင် ဖမ်းဆီးချုပ်နှောင်ထားသည်ကို မသိရသေး ဘဲ ဖြစ်နေကြောင်း၊ သို့ဖြစ်ရာ စကော်ဇနီသည် မူဆိုလီနီအား ကယ်တင် နိုင်ရန်အတွက် သူဘယ်မှာရှိနေသည်ကို ပထမဆုံး စုံစမ်းထောက်လှမ်းရ မည် ဖြစ်ကြောင်း။

သိသင့်သိအပ်သော အခြေအနေ အရပ်ရပ်တို့ကို စကော်ဇနီအား ရှင်းလင်းပြောပြရင်း ခေါင်းဆောင်ကြီး ဟစ်တလာအသံသည် တဖြည်း ဖြည်း တိုး၍တိုး၍ သွားသည်။ စကော်ဇနီအား မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေရင်း ပါးစပ်က ဆီမန်းမန်းသလို ပြောကြားနေသော သူ့အသံ နှင့် သူ့အမူအရာမှာ လူတစ်ယောက်အား အိပ်မွေ့ချရန် စိတ်ညှို့နေသည့် အိပ်မွေ့ဆရာတစ်ဦးနှင့်တူလှသည်။ စကော်ဇနီ ကိုယ်တိုင်မှာလည်း စိတ် ညှို့ခံနေရသူတစ်ယောက်ပမာ မလှုပ်မယှက် ငြိမ်သက်စွာဖြင့် ခေါင်း ဆောင်ကြီး၏ စကားများကို နားစိုက်ထောင်နေမိသည်။ ဘာတစ်ခုမှ ပြန်မပြောခဲ့၊ ဘာတစ်ခွန်းမှ ပြန်မမေးခဲ့။

နောက်ဆုံး၌ ခေါင်းဆောင်ကြီးက နိဂုံးချုပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းအနေနဲ့ အန္တရာယ်တွေကြားမှာ စွန့်စားပြီး လုပ်ရလိမ့်မယ်၊ ဒါပေမဲ့ မင်းအောင်မြင်မှာပါ။ မင်းရဲ့အောင်မြင်မှုဟာ စစ်ကြီးတစ်ခုလုံးရဲ့ လမ်းကြောင်းကို ပြောင်းလဲသွားတဲ့အထိ ကြီးကျယ်လာလိမ့်မယ်၊ ဒါကြောင့် ဒီတာဝန်ကို မင်းရဲ့ ပုဂ္ဂိုလ်ရေးအရ ငါ့ကို အဖြေပေးရမယ့် တာဝန်ပဲဆိုတာ မင်းမြဲမြဲမှတ်ထားပါ"

❑

www.burmeseclassic.com

www.burmeseclassic.com

## လေယာဉ်တစ်စင်း ရေထဲသို့ထိုးကျသွားခြင်း

ခေါင်းဆောင်ကြီးအခန်းထဲမှ ထွက်လာခဲ့ပြီး ညေ့ခန်းသို့ ပြန်ရောက် လျှင်ရောက်ချင်း စကော်ဇနီ၏ အပြင်းပြဆုံးဆန္ဒမှာ စီးကရက်သောက်ရန် ဖြစ်သည်။

မအောင့်နိုင်လောက်အောင် ဆေးလိပ်သောက်ချင်စိတ် ပေါ်လာ သဖြင့် စီးကရက်တစ်လိပ်ကို ထုတ်၍မီးညှိရန် ဟန်ပြင်နေဆဲမှာပင် ညေ့ခန်းထဲသို့ စောစောက တာဝန်မှူးဝင်လာသည်ကို တွေ့လိုက်ရသည်။ ပုပုနွေးနွေး အသစ်စက်စက်ဖြစ်သော သူ့အထက်အရာရှိ ဗိုလ်ချုပ် စတူးဒင့်နှင့် တွေ့ရန်လာခေါ်ခြင်း ဖြစ်သည်။ မီးမညှိရသေးသော စီးကရက် ကို ဘူးထဲပြန်ထည့်လိုက်ပြီး စကော်ဇနီသည် တာဝန်မှူးနောက်သို့ ထလိုက်ခဲ့ရသည်။

ဗိုလ်ချုပ် စတူးဒင့်အား သူ့ရုံးခန်းထဲတွင် အဆင်သင့်တွေ့ရသည်။ မိုက်ရွဲနေသော ဗိုလ်ချုပ်က ဖော်ရွေသော အမူအရာဖြင့် ဆီးကြိုနှုတ် ဆက်သည်။ ပေါ်လန်နိုင်ငံ ရှေ့တာဒမ်တိုက်ပွဲ၏ အမှတ်တံဆိပ်ဖြစ် သော သူ့မျက်ခုံးပေါ်မှ သေနတ်ဒဏ်ရာ အမာရွတ်ကြီးကို မမြင်ချင်အဆုံး မြင်နေရသည်။

သူတို့နှစ်ယောက် ဘာစကားမှ မပြောရသေးဘဲ အပြန်အလှန် နှုတ်ဆက်နေကြဆဲမှာပင် အခန်းထဲသို့ နောက်တစ်ယောက် ဝင်လာသည် ကို တွေ့လိုက်ရသည်။ ထင်ပေါ်ကျော်ကြားလှသည်နှင့်အမျှ မကြာခဏ

www.burmeseclassic.com

www.burmeseclassic.com



မြင်နေကျ တွေ့နေကျဖြစ်၍ သူ့ကို စကော်ဇနီ ကောင်းကောင်းကြီး မှတ်မိသည်။ ခေါင်းဆောင်ကြီး ဟစ်တလာ၏ ညာလက်ရုံး နာဇီလုံခြုံရေး တပ်များ၏ အထွတ်အထိပ် "ဆရာ့ ဆရာကြီး" ဟိမ်းရစ်ချ်ဟင်းမလား ပင် ဖြစ်သည်။

ဟင်းမလားသည် ဤအခန်းထဲသို့ အကြောင်းမဲ့ မတော်တဆ ဝင်လာခြင်းမဟုတ်၊ အခြားတစ်ပါးသော ကိစ္စတစ်ခုခုဖြင့် ဝင်ရောက်လာခြင်း လည်းမဟုတ်၊ ခေါင်းဆောင်ကြီး ဟစ်တလာ၏ ညွှန်ကြားချက်အရ မူဆိုလီနီ ကယ်တင်ရေး လျှို့ဝှက်တာဝန်ကြီးအတွက် လိုအပ်သည်များကို ရှင်းပြရန် ဤအခန်းထဲသို့ တကူးတက ဝင်လာခဲ့ခြင်းဖြစ်သည်။

ခေါင်းဆောင်ကြီးထံမှ ကြားသိခဲ့ရပြီးသည့်အတိုင်း အီတလီအစိုးရ အဖွဲ့သစ်သည် မူဆိုလီနီအား ဘယ်အရပ်ဘယ်ဒေသတွင် ဖမ်းဆီးချုပ် နှောင်ထားသည်ကို မိမိတို့ လုံးဝမသိရသေးကြောင်းဖြင့် ဟင်းမလားက စတင်ရှင်းပြသည်။ သို့သော် အခြားတစ်ဖက်မှ အတိအကျရရှိထားသည့် သတင်းများအရ မူဆိုလီနီအား မဟာမိတ်များလက်သို့ အကျဉ်းသားတစ် ယောက်အဖြစ် ပေးအပ်ရန် စီစဉ်နေသည်မှာ အသေအချာပင် ဖြစ်သည်။ ဆက်လက်၍ ဟင်းမလားက အီတလီနိုင်ငံတွင် ထင်ရှားသည့် နိုင်ငံရေး သမားများနှင့် လူသိများသည့် ပုဂ္ဂိုလ်ကြီးများအနက် လောလောဆယ် မိမိတို့ ဂျာမန်များအား လိုလားသူများနှင့် မလိုလားသူများ၏ အမည်များကို ပြောပြသည်။

စကော်ဇနီသည် ဟင်းမလား၏ ပြောကြားချက်များကို နားထောင် နေရာမှ ဤနေရာတွင် ဖောင်တိန်ကို ထုတ်၍ရေးမှတ်ရန် ဟန်ပြင်လိုက် သည်။

"အဲဒီ ဖောင်တိန်ကို ပြန်ထည့်လိုက်စမ်း။ မင်းမှာ ဒါလောက် ကလေးမှ မှတ်ဉာဏ်မရှိဘူးလား။ ဒီကိစ္စမှာ အစအဆုံးအားလုံး လျှို့ဝှက် ထားရမယ်ဆိုတာ မင်းနားလည်ထားစမ်းပါ"

မမျှော်လင့်ဘဲ ရုတ်တရက်လှမ်း၍ ဟောက်လိုက်သော ဟင်းမလား ၏အသံကြောင့် စကော်ဇနီမှာ ထိတ်ခနဲဖြစ်သွားသည်။ နောက်မှ ကိုယ့်

www.burmeseclassic.com

www.burmeseclassic.com



အမှားကိုယ် နားလည်သဘောပေါက်သွားပြီး ဖောင်တိန်ကို အိတ်ထဲသို့ ခပ်မြန်မြန် ထိုးထည့်လိုက်သည်။

ဟင်းမလားက နာရီဝက်ကျော်မျှ အခြေအနေအရပ်ရပ်ကို ရှင်းပြခဲ့သည်။

ပြီးလျှင်ပြီးချင်း စကော်ဇနီသည် ခေတ္တခဏ ခွင့်တောင်း၍ ရာဒယ်ထံ ဖုန်းဆက်ရန် တယ်လီဖုန်းရုံး ရှိရာသို့ ခပ်သုတ်သုတ် ထွက်လာခဲ့သည်။ ဖရိုက်ဒင်သယ်စခန်းသို့ ဖုန်းလှမ်းခေါ်လိုက်ပြီး ရာဒယ်ထံမှ ဖုန်းသံကိုစောင့်ရင်း သူသည် ခပ်စောစောက ပြန်ထည့်ခဲ့ရသော စီးကရက်ကို ဘူးထဲမှထုတ်ကာ မီးညှိ၍ အားရပါးရ ဖွာလိုက်မိသည်။

ခဏအကြာတွင် ဖရိုက်ဒင်သယ်စခန်းမှ တယ်လီဖုန်းပြန်လာသဖြင့် စကားပြောခွက်ကို ကောက်ကိုင်လိုက်သည်။ တစ်ဖက်မှ ရာဒယ်၏ အသံမှာအတော်ကလေး စိတ်လှုပ်ရှားနေပုံရသည်။ ထို့ကြောင့် စကော်ဇနီသည် သူ့အသံကို တည်တည်ငြိမ်ငြိမ်ထား၍ လိုအပ်သည်များကို မှာကြားခဲ့သည်။ ရာဒယ်၏ ပထမဆုံးလုပ်ရမည့်အလုပ်မှာ မိမိတို့လေ့ကျင့်သင်ကြားထားသော အသေခံတပ်သားများထဲမှ အီတလီ စကားပြောတတ်သူများ အပါအဝင် လက်ရွေးစင်လူငါးဆယ်ကို အမြန်ဆုံး ရွေးချယ်၍ နက်ဖြန်နံနက်တွင် လေယာဉ်ဖြင့် ခေါ်ဆောင်လာရန် ဖြစ်သည်။ သူတို့ကို ရှေးဦးစွာ ပြင်သစ်ပြည်တောင်ပိုင်းလေဆိပ်တစ်ခုသို့ ခေါ်ဆောင်လာရသည်။ ထိုမှတစ်ဆင့် အခြားမည်သည့်နေရာသို့ ဆက်လက်ထွက်ခွာ လာရမည်ကို လမ်းခုလတ်တွင် အချိန်မီ အကြောင်းကြားမည်ဖြစ်သည်။

"အသုံးအဆောင် ပစ္စည်းတွေလား။ အဲဒါတွေကို ယူလို့ရနိုင်သမျှ ယူခဲ့ကြပါ။ တခြားနောက်ထပ် ဘာပစ္စည်းတွေ အပိုယူလာခဲ့ရမယ်ဆိုတာ ခဏနေတော့ စာရင်းလုပ်ပြီး ကြေးနန်းရိုက်လိုက်မယ်၊ အပူပိုင်းဒေသမှာ ဝတ်တဲ့ ယူနီဖောင်းတွေကို ဆက်ဆက်ပါအောင် ယူခဲ့ကြ ဒါပေမဲ့ နက်ဖြန် မနက်ခရီးထွက်လာတဲ့ အခါမှာတော့ ရိုးရိုးအရပ်ဝတ်အရပ်စားတွေနဲ့လာခဲ့ကြပါ"

www.burmeseclassic.com

www.burmeseclassic.com



ထိုညမှာပင် စကော်ဇနီသည် ရာဒယ်တို့ ယူဆောင်လာကြရမည့် ပစ္စည်းစာရင်းများကို ကြေးနန်းဖြင့် လှမ်း၍ ထပ်မံအကြောင်းကြားခဲ့သည်။ ခရီးဆောင် ရေဒီယိုကလေးများ။ လက်ပစ်ဗုံးများ။ စက်သေနတ်များ။ ရှေးဦး သူနာပြု ဆေးသေတ္တာများ···။

စကော်ဇနီသည် စိတ်ကူးရသမျှ ပစ္စည်းများကို စာရွက်ပေါ်တွင် တစ်ခုပြီးတစ်ခု စာရင်းချကာ တစ်ခုပြီးတစ်ခု ကြေးနန်းဖြင့် စိတ်ရှည်လက်ရှည် လှမ်း၍မှာကြားခဲ့သည်။ သန်းခေါင်ကျော်အချိန်လောက်တွင် ကော်ဖီတစ်ခွက် မှာသောက်ကာ နောက်ထပ်လိုအပ်သည် ထင်သမျှကို ထပ်၍ အကြောင်းကြားခဲ့သည်။ အစစအရာရာ အထူးဂရုစိုက်၍ အသေးစိတ် လုပ်ဆောင်ကြရမည်ဖြစ်ရာ ပစ္စည်းပစ္စယများ ပြည့်စုံနိုင်သမျှ ပြည့်စုံမှ ဖြစ်မည်။

သို့ဖြင့် သူသည် အီတလီနိုင်ငံသုံး ငွေစက္ကူများ။ ပိုက်ဆံအကြွေများနှင့် မုတ်ဆိတ်ပုံတင်အတုများမှအစ လိုလိုမည်မည် အရေးကြုံလျှင် ရုပ်ဖျက်နိုင်ရန်အတွက် ဆံပင်အနက် ဆိုးဆေးများနှင့် ဘုန်းကြီးများဝတ်သည့် ဝတ်ရုံကြီးများကိုပါ ယူဆောင်သွားရန် စီစဉ်ခဲ့သည်။

ထို့နောက် နံနက် သုံးနာရီခန့်တွင် သူမှာကြားခဲ့သည့် ပစ္စည်းမျိုးစုံတို့၏ စာရင်းများနှင့် တစ်ဝက်တစ်ပျက် တစ်ပိုင်းတစ်စ စိတ်ကူးထားသော အစီအစဉ်များ သူ့ခေါင်းထဲတွင် ပွတ်သိပ်ပြည့်ကျပ်လျက်နှင့်ပင် သူသည် ခုတင်တစ်ခုပေါ်၌ အိပ်ပျော်သွားခဲ့သည်။

နောက်တစ်နေ့တွင် နံနက်စာစားပြီးလျှင်ပြီးချင်း မိုလ်ချုပ် စတူးဒင့်နှင့်အတူ စစ်သုံးလေယာဉ်တစ်စင်းဖြင့် အီတလီနိုင်ငံသို့ ထွက်ခွာ လာခဲ့ကြသည်။ ထိုလေယာဉ်ကို ဗိုလ်ချုပ်စတူးဒင့်၏ လေယာဉ်မှူး ဗိုလ်ကြီး ဂါးလက်ဆိုသူက မောင်းနှင်လာခဲ့သည်။ သူတို့သည် လမ်းခုလတ်တွင် မဟာမိတ်လေယာဉ်များနှင့် ရင်ဆိုင်တိုးနေမည်ကို စိုးရိမ်ရသဖြင့် အဲလပ် တောင်တန်းကိုဖြတ်ကျော်ကာ လေကြောင်းလမ်းသစ်မှ မောင်းနှင်လာခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



များမကြာမီ ဗိုလ်ချုပ် စတူးဒင့်နှင့် ဗိုလ်ကြီး စကော်ဇနီတို့ လိုက်ပါလာသော စစ်လေယာဉ်ကလေးသည် အီတလီနိုင်ငံ ရောမမြို့တော် လေဆိပ်သို့ အရှိန်သတ်၍ ဆင်းသက်လာခဲ့သည်။

ရောမမြို့တော်မှာ အပြင်ပန်းအားဖြင့် အေးချမ်းငြိမ်သက်လျက်ပင်ရှိသည်။ အာဏာရှင် မူဆိုလီနီ အဖမ်းခံရခြင်းကိုလည်းကောင်း၊ နောက်တက်လာသော ဘားဒေါ့ဂလီယို ခေါင်းဆောင်သည့် အစိုးရအဖွဲ့သည် ဂျာမန်တို့နှင့် ဟန်မပျက် ဆက်ဆံနေသော်လည်း မဟာမိတ်တို့နှင့် တစ်ဖက်လှည့် ပူးပေါင်းနေခြင်းကိုလည်းကောင်း၊ ဤအခြေအနေများကြောင့် အီတလီနိုင်ငံရှိ ဂျာမန်တပ်များအဖို့ အထူးသတိပြုနေရခြင်းကိုလည်းကောင်း၊ ရောမမြို့သူမြို့သားများအနေဖြင့် ဘာတစ်ခုမှ မသိသလို၊ ဘာတစ်ခုမှ စိတ်မဝင်စားသလို ပျော်ပျော်ပါးပါး စည်စည်ကားကား သွားလာလှုပ်ရှားလျက်ပင် ရှိနေကြသည်။

ထိုနေ့ ညနေဘက်တွင် အယ်လ်ဘန် တောင်ကုန်းပေါ်ရှိ ဂျာမန်စစ်ဌာနချုပ်တွင် စကော်ဇနီနှင့် ဗိုလ်ချုပ်စတူးဒင့်တို့သည် ဗိုလ်ချုပ်ကြီး ကက်ဆဲရင်းနှင့်အတူ ညစာစားခဲ့ကြသည်။ ညစာ စားကြရာ၌ စကော်ဇနီသည် စကားအပြောအဆို မများအောင် အထူးသတိထားနေခဲ့ရသည်။ အထူးသဖြင့် သာမန်ဗိုလ်ကြီးရာထူးမျှသာရှိသည့် မိမိအနေဖြင့် အစအဆုံး သိရှိထားပြီး မိမိကိုယ်တိုင် တာဝန်ယူနေရသော မူဆိုလီနီ လွတ်မြောက်ရေး အစီအစဉ်ကို အီတလီနိုင်ငံရှိ ဂျာမန်တပ်များ အားလုံး၏ အကြီးဆုံးတာဝန်ခံ ဗိုလ်ချုပ်ကြီး ကက်ဆဲလ်ရင်းအား ဘာတစ်ခုမှ အသိမပေးဘဲထားရသည်မှာ အတော်ကလေး ဝကျသည်ဟု ထင်မိသည်။

နောက် သုံးရက်ကြာသောအခါ ရာဒယ်ခေါင်းဆောင်သော ဖရိုက်ဒင်သယ်စခန်းမှ အသေခံတပ်သားများ ရောမမြို့သို့ ရောက်ရှိလာကြသည်။

စကော်ဇနီသည် သူ၏ အသေခံတပ်သားများအား လောလောဆယ် တာဝန်တစ်စုံတစ်ရာ ပေးအပ်ခြင်းမပြုသေးဘဲ အစစအရာရာ အဆင်သင့် ရှိနေကြရန်သာ ပြောကြားခဲ့သည်။ မူဆိုလီနီ ကယ်တင်ရေး

www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းနှင့် ပတ်သက်၍ သူလက်ထောက်အရာရှိဖြစ်သူ ရာဒယ်ကိုမှ ဤအကြောင်းနှင့် ပတ်သက်၍ အသိပေးလိုက်သည်။

အမှန်စင်စစ် နေရာတကာတွင် သွက်လက်ဖျတ်လတ်၍ အဖက်ဖက်က အားကိုးရသော ရာဒယ်အား ဤလျှို့ဝှက်ကို ထုတ်ဖော်ပြောပြထားခြင်းဖြင့် ခက်ခဲနက်နဲသလောက် သိမ်မွေ့ရှုပ်ထွေးလှသည့် ဤလုပ်ငန်းတာဝန်ကို ထမ်းဆောင်ရာ၌ သူ့ထံမှ များစွာအကူအညီရနိုင်မည်ဟူ၍ တထစ်ချ ယုံကြည်ယူဆထားသောကြောင့် ဖြစ်သည်။

ဤအတောအတွင်း စကော်ဇနီ၏ အဓိကအရေးအကြီးဆုံး အလုပ်မှာ မူဆိုလီနီနှင့် ပတ်သက်သည့် သတင်းများကို ရနိုင်သမျှ ထောက်လှမ်းစုံစမ်းခြင်းပင်ဖြစ်သည်။ ရောမမြို့တော်သို့ ရောက်ပြီးနောက် တစ်ပတ်ခန့်အကြာတွင် ဦးစွာပထမ မူဆိုလီနီအဖမ်းခံခဲ့ရသည့် အဖြစ်အပျက်များကို အသေးစိတ် စုံစမ်းသိရှိခဲ့ရသည်။

မူဆိုလီနီသည် ထိုနေ့က အီတလီဘုရင်နှင့် ဝင်ရောက်တွေ့ဆုံပြီး နန်းတော်မှ ပြန်ထွက်အလာတွင် သူနာပြုကားတစ်စီးဖြင့် ဖမ်းဆီးခေါ်ဆောင်သွားခြင်း ခံခဲ့ရသည်။ မူဆိုလီနီအား ဖမ်းဆီးခဲ့ရာတွင် ရဲအရာရှိတစ်ဦးနှင့် ရဲအဖွဲ့ဝင် ငါးဆယ်ခန့်ပါဝင်ခဲ့သည်။ အဆိုပါ ရဲအရာရှိသည် မူဆိုလီနီအား နန်းတော်မှ အထွက်တွင် ဆီးကြို၍ လုံခြုံရေးအတွက် တာဝန်ရှိသူ တစ်ယောက်အနေဖြင့် ဟန်ဆောင်ကာ သူနာပြုကားပေါ်သို့ အတင်းမမှတင်ကာ ဖမ်းဆီးသွားခဲ့သည်ဟု သိရသည်။

သို့သော် ထိုအချိန်မှစ၍ မူဆိုလီနီအား မည်သည့်နေရာသို့ ခေါ်ဆောင်သွားကြောင်းနှင့် မည်သည့်နေရာတွင် ဖမ်းဆီးချုပ်နှောင်ထားကြောင်းကိုမူ လုံးဝစုံစမ်းမရဘဲ အစပျောက်နေခဲ့သည်။ အရပ်စကားနှင့် ကောလာဟလသတင်းများကိုမူ အမျိုးမျိုးကြားနေရသည်။ အချို့က မူဆိုလီနီ အသတ်ခံရပြီဟု ဆိုကြသည်။ အချို့ကလည်း ကိုယ့်ကိုယ်ကို သတ်သေသွားသည်ဟု ပြောကြသည်။ အချို့ကလည်း ဆေးရုံတစ်ရုံတွင် လျှို့ဝှက်စွာ ဆေးကုနေသည်ဟူ၍လည်းကောင်း၊ ဂျာမန်စစ်သင်္ဘောကို ဝတ်ဆင်ကာ ပေါ်တူဂီနိုင်ငံသို့ ရုပ်ဖျက်၍ ထွက်ပြေးလွတ်မြောက်သွားပြီဟူ၍ လည်းကောင်း အမျိုးမျိုးအဖုံဖုံ ပြောနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေ သုံးပတ်လုံးလုံး အပူတပြင်း စုံစမ်းထောက်လှမ်းခဲ့ပြီး နောက် စကော်ဇနီသည် မမျှော်လင့်သော လူတစ်ယောက်ထံမှ မမျှော်လင့်သော စာတစ်စောင်တွင် မူဆိုလီနီကို ခြေရာခံမိကြသည်။ ထိုစာမှာ ယခင် အီတလီအစိုးရဟောင်းလက်ထက်က ဖက်ဆစ်ဆန့်ကျင်ရေး နိုင်ငံရေး အကျဉ်းသမားများအား ချုပ်နှောင်ထားခဲ့ဖူးသည့် ပွန်ဇာအမည်ရှိ ကျွန်းကလေးပေါ်တွင် တာဝန်ကျနေသည့် ရဲသားတစ်ယောက်က ရောမမြို့တော်ရှိ သူ့ရည်းစားအိမ်ဖော်မလေး တစ်ယောက်ထံ ပေးပို့လိုက်သည့် စာဖြစ်သည်။ ထိုစာကို ဂျာမန်ထောက်လှမ်းရေး အဖွဲ့ဝင်တစ်ဦးက တစ်နေရာမှ ရရှိလာခဲ့ပြီး စကော်ဇနီလက်သို့ ပေးအပ်ခဲ့သည်။ ထိုစာထဲတွင် အဆိုပါ ရဲသားက မိမိတာဝန်ကျနေသော ပွန်ဇာကျွန်းကလေးပေါ်သို့ မူဆိုလီနီ ရောက်ရှိနေကြောင်း အမှတ်မထင် ထည့်သွင်းရေးသားထားသည်ကို တွေ့ရသည်။

နှစ်ဖက်လွှ သူလျှိုများနှင့် တန်ပြန်ထောက်လှမ်းရေးသမားများ၏ "လုံကြုပ်" သတင်းများကို အထူးသတိထားနေရသော စကော်ဇနီသည် အဆိုပါစာထဲတွင် ပါရှိသည့် သတင်းနှင့်ပတ်သက်၍ ပိုမိုခိုင်လုံအောင် အခြားနေရာများတွင် ဆက်လက်စုံစမ်းခဲ့သည်။ ဤတွင် စကားများ သလောက် "ပါးစပ်မလုံ" သည့် အီတလီ ရေတပ်ဗိုလ်ကလေး တစ်ယောက် က မူဆိုလီနီအား အဆိုပါ ပွန်ဇာကျွန်းကလေးပေါ်တွင် ဖမ်းဆီးချုပ်နှောင် ထားခဲ့သည်မှာ မှန်ကြောင်း။ သို့သော် အထက်အမိန့်အရ မူဆိုလီနီအား ထိုကျွန်းကလေးပေါ်မှ ပြန်လည်ခေါ်ဆောင်လာခဲ့ပြီး စပက်ဇီယာ ရေတပ် စခန်းမှ မိမိ၏ စစ်သင်္ဘောပေါ်တွင် ချုပ်နှောင်ထားကြောင်း အမှတ်တမဲ့ ထုတ်ဖော်ပြောကြားခဲ့သည်။

"ထို စစ်သင်္ဘောပေါ်မှ အကျဉ်းသားကို ချက်ချင်းသွားရောက် ထယ်တင်ပါ..."

အထက်ပါ ဝိုင်ယာလက်ကြေးနန်းစာမှာ ဤသတင်းကို ရလျှင်ရ ချင်း ဟစ်တလာ၏ ဌာနချုပ်မှ ရောမမြို့တော်ရှိ စကော်ဇနီသို့ ချက်ချင်းပြန်လည်ပေးပို့လိုက်သည့် အမိန့်စာဖြစ်သည်။ သို့သော် ထိုအမိန့်

www.burmeseclassic.com

www.burmeseclassic.com



စာထဲတွင် ခေတ်မီလက်နက်များနှင့် အစောင့်အကြပ်များ ချထားသည့် အဆိုပါ အီတလီစစ်သင်္ဘောကို မည်သို့မည်ပုံ စီးနင်းတိုက်ခိုက်ရမည်ဟူသော အချက်နှင့် ပတ်သက်၍မူ မည်သို့မျှ ဖော်ပြထားခြင်းမရှိပေ။

ဤအတောအတွင်း ကံအားလျော်စွာ အီတလီစစ်ဖက်ဆိုင်ရာ အရာရှိများနှင့် ရင်းနှီးသော ဂျာမန်စစ်ဗိုလ်ကလေး တစ်ယောက်ထံမှ အချိန်မီ နောက်ထပ်သတင်းတစ်ခု ရရှိခဲ့ပြန်သည်။ အဆိုပါ သတင်းအရ မူဆိုလီနီမှာ အီတလီစစ်သင်္ဘောပေါ်မှတစ်ဆင့် တခြားတစ်နေရာသို့ ပြောင်းရွှေ့သွားပြန်ပြီဟု သိရသည်။ မူဆိုလီနီအား ပထမတွင် ဆာဒီနီယာ ပြည်နယ်အတွင်းရှိ ရွာတစ်ရွာသို့ ခေါ်ဆောင်သွားခဲ့ပြီး ထိုမှတစ်ဆင့် အီတလီကမ်းခြေနှင့် သုံးမိုင်ခန့်အကွာရှိ ကျွန်းကလေးတစ်ကျွန်းပေါ်မှ မက်ဒါလီနာဆိပ်ကမ်းသို့ ရောက်ရှိသွားခဲ့သည်။ ထိုဆိပ်ကမ်းမှ "ဗီလာ ဝက်ဘာ" အမည်ရှိ အိမ်ကလေးတွင် မူဆိုလီနီအား အကျယ်ချုပ် ချထားသည်ဟု နောက်ဆုံးသိရသည်။ ဤသတင်းမှာ အတော်ကလေး ခိုင်လုံတိကျသည်ဟု ဆိုရမည်ဖြစ်သည်။

သို့ဖြင့် စကော်ဇနီသည် သူ့တပ်ဖွဲ့မှ အီတလီစကား ကောင်းစွာ ပြောတတ်သည့် ဝါဂျာအမည်ရှိ ဗိုလ်ကလေးတစ်ယောက်ကိုခေါ်ကာ အဆိုပါ မက်ဒါလီနာ ဆိပ်ကမ်းသို့ မော်တော်ဘုတ်ကလေးတစ်စင်းဖြင့် နှစ်ယောက်သား ကူးလာခဲ့ကြသည်။ တစ်စုံတစ်ရာ မသင်္ကာ မဖြစ်စေရန်နှင့် အလွယ်တကူ သွားလာနိုင်ရန်အတွက် သူတို့နှစ်ယောက်စလုံး ဂျာမန်ရေတပ်သား အဝတ်အစားများ ဝတ်ဆင်ကာ ရုပ်ဖျက်လာခဲ့ကြသည်။ ထိုအချိန်က မက်ဒါလီနာ ဆိပ်ကမ်းတွင် ဂျာမန်စစ်တပ်မှ ဆက်သွယ်ရေး ရုံးတစ်ရုံး ဖွင့်လှစ်ထားဆဲဖြစ်သဖြင့် သွားရေးလာရေးမှာ ဗို၍ အဆင်ပြေခဲ့သည်။

ထိုသို့ မက်ဒါလီနာ ဆိပ်ကမ်းသို့ ကူးလာခဲ့ကြစဉ် မော်တော်ဘုတ်ပေါ်တွင် စကော်ဇနီက သူ့လက်အောက်ခံ ဗိုလ်ကလေး ဝါဂျာအား အဆိုပါ ဆိပ်ကမ်းရောက်လျှင် အရက်ဆိုင်များနှင့် စားသောက်ဆိုင်များသို့ ဝင်ရောက်ကာ သတင်းစုံစမ်းရန် ပြောဆိုမှာကြားခဲ့သည်။ အဆိုပါ ဆိပ်ကမ်းရှိရာ ကျွန်းကလေးပေါ်တွင် မူဆိုလီနီရှိနေလျှင် အီတလီအမျိုးသား

www.burmeseclassic.com



တစ်ယောက်ယောက်ထံမှ တစ်နည်းနည်းဖြင့် သတင်းအစအန ရနိုင်စရာ ရှိသည်ဟု တွက်ခဲ့ကြသည်။

စကော်ဇနီတွက်သည့်အတိုင်း ဖြစ်လာခဲ့သည်။ ပို၍ ကံကောင်းသည်မှာ ဗိုလ်ကလေး ဝါကျာသည် သူ့ဆရာ စကော်ဇနီ၏ ညွှန်ကြားချက်အတိုင်း တစ်နေရာပြီး တစ်နေရာ ဝင်ထွက်သွားလာ၍ စုံစမ်းခဲ့ရာမှ မူဆိုလီနီအား အကျယ်ချုပ်ထားသည်ဟု သတင်းရထားသော "ဗီလာဝက်ဘာ" အိမ်သို့ ရိက္ခာများ ပေးသွင်းရသည့် ဟင်းသီးဟင်းရွက်သည် တစ်ယောက်နှင့် အရက်ဆိုင်တစ်ဆိုင်တွင် သွားတိုးခဲ့သည်။

တကယ့် "အဖိုးတန်လူ" နှင့် လာတွေ့နေရပြီဖြစ်ရာ ဝါကျာသည် သူကိုယ်တိုင်ကလည်း မူးဟန်ဆောင်ကာ ထိုလူအား အတော်အတန် ရေချိန်ကိုက်အောင် အရက်တိုက်ရင်း ရသမျှသတင်းများကို အစ်ခဲ့သည်။ နောက်ဆုံး၌ ထိုလူသည် ခပ်ယိုင်ယိုင်ဖြစ်နေသော ဝါကျာအား လက်မောင်းကိုဆွဲ၍ ဆိုင်ပြင်သို့ တွဲခေါ်လာခဲ့ပြီး ဗီလာဝက်ဘာအိမ်ကို ခပ်လှမ်းလှမ်း တစ်နေရာမှ လှမ်း၍ လက်ညှိုးထိုးပြကာ ယနေ့နံနက်ကပင်လျှင် ထို အိမ်ရှေ့တွင် အစောင့်စစ်သားများအကြား လမ်းလျှောက်နေသော မူဆိုလီနီအား သူကိုယ်တိုင် မြင်ခဲ့ရသည်ဟူ၍ တိတိကျကျ ပြောပြခဲ့သည်။ သည့်ထက်ပို၍ သေချာသော သတင်းကို အဘယ်မှာ ရနိုင်ပါဦးမည်နည်း။

နောက်တစ်နေ့တွင် စကော်ဇနီနှင့် ဝါကျာတို့ ဆရာတပည့် နှစ်ယောက်သည် လက်တွေ့စတင်၍ ကွင်းဆင်းကြတော့သည်။ မူဆိုလီနီ သေချာပေါက်ရှိနေပြီဖြစ်သော အဆိုပါ အိမ်ကလေးတွင် အစောင့်စစ်သား မည်မျှရှိသည်ကိုလည်းကောင်း၊ ဤဆိပ်ကမ်းတစ်ခုလုံးတွင် အီတလီတပ်သား မည်မျှတပ်စွဲထားသည်ကိုလည်းကောင်း၊ အတိအကျသိရအောင် အပူတပြင်း စုံစမ်းကြသည်။ သူတို့ရရှိခဲ့သည့် သတင်းအရ ဤဆိပ်ကမ်းနှင့် ဤအိမ်ကလေးကို စီးနင်းတိုက်ခိုက် သိမ်းပိုက်ရမည်ဆိုပါက အင်အား အတော်များများ အသုံးပြုရမည့် အနေအထားတွင် ရှိနေသည်။ ထို့ပြင် အခြားအရေးတကြီး သိရှိထားရန် လိုအပ်သည့် အချက်တစ်ချက်မှာ

www.burmeseclassic.com

www.burmeseclassic.com



ဤဆိပ်ကမ်းပေါ်တွင် အီတလီတို့က အမြောက်များ တပ်ဆင်ထားခြင်း ရှိ/မရှိဟူသော အချက်ပင်ဖြစ်သည်။ အကယ်၍ အမြောက်များ တပ်ဆင်ထားလျှင်လည်း မည်သည့်နေရာတွင် ရှိနေပါသနည်း။

စကော်ဇနီနှင့် ဝါဂျာတို့သည် ဤအချက်ကို အတိအကျ စုံစမ်းရန်အတွက် ရေမမြုပ်တော်မှ လေယာဉ်ကလေးတစ်စင်း မှာယူကာ မက်ဒါလီနာ ဆိပ်ကမ်းပေါ်သို့ ပျံဝဲ၍ အချက်အချာကျသောနေရာများကို ဓာတ်ပုံရိုက်ယူကြသည်။ ထိုအခိုက် မမျှော်လင့်ဘဲ ဗြိတိသျှ လေတပ်မှ တိုက်လေယာဉ်အုပ်စုတစ်စုသည် စကော်ဇနီတို့ လေယာဉ်အနီးသို့ ရောက်ရှိလာကြရာ နှစ်ယောက်သား မျက်လုံးများ ပြူးသွားမိကြသည်။ ဗြိတိသျှ တိုက်လေယာဉ်များသည် မက်ဒါလီနာ ဆိပ်ကမ်းပေါ်သို့ ထိုးစိုက်ချလာပြီး ပျံဝဲနေကြရာ စကော်ဇနီ၏ စိတ်ထဲတွင် မိမိတို့ကဲ့သို့ပင် ဤဆိပ်ကမ်းအခြေအနေကို လာရောက်ထောက်လှမ်းနေကြလေသလားဟူ၍ အထင်ရောက်ကာ တအံ့တဩ ဖြစ်သွားမိသည်။

သို့သော် စကော်ဇနီမှာ ကြာကြာအံ့ဩချိန် မရလိုက်ဘဲ ဖြစ်ခဲ့ရသည်။ အဘယ်ကြောင့်ဆိုသော် ထိုအခိုက်အတန့်ကလေးမှာပင် ဘယ်လိုက ဘယ်လိုဖြစ်သွားသည်ဟူ၍ မသိလိုက်ရဘဲ မိမိတို့ လေယာဉ်ကလေးမှာ ရေထဲသို့ ထိုးစိုက်ကျသွားခဲ့သောကြောင့်တည်း. . . ။

❑

www.burmeseclassic.com

www.burmeseclassic.com

## အကျဉ်းသားမရှိသည့် အကျဉ်းထောင်

"အမြန်ဆုံးဖြစ်နိုင်သည့် နေ့ရက်တွင် စတင်၍ တိုက်ပွဲဆင်ရန် ဗိုလ်ကြီး စကော်ဇနီ စီစဉ်သတ်မှတ်ပါ . . ."

အထက်ပါ ကြိုးမဲ့ကြေးနန်းစာမှာ ဂျာမန်စစ်ဦးစီးဌာနချုပ် ထောက်လှမ်းရေးတာဝန်ခံ ဗိုလ်ချုပ်ကြီး ကင်းနားရစ္စထံမှ ရောမမြို့ရှိ စကော်ဇနီထံ ပေးပို့လိုက်သည့် အမိန့်ညွှန်ကြားစာပင် ဖြစ်သည်။ "အမြန်ဆုံး စတင်တိုက်ပွဲဆင်ရန်" ဆိုသည်မှာ မူဆိုလီနီအား ကယ်တင်ရန်ပင် ဖြစ်သည်။

သို့သော် ဤကြိုးမဲ့ကြေးနန်း အမိန့်စာနှင့်အတူ ယခုတစ်ကြိမ် မူဆိုလီနီအား သွားရောက်ကယ်တင်ရမည့်နေရာမှ ယခင်က စကော်ဇနီတို့ အတိအကျ သတင်းရထားသည့် မက်ဒါလီနာ ဆိပ်ကမ်းတွင် မဟုတ်ဘဲ အယ်လ်ဘာအမည်ရှိ ကျွန်းကလေးပေါ်သို့ သွားရောက်ကယ်တင်ရမည်ဟူ၍ ဗိုလ်ချုပ်ကြီး ကင်းနားရစ္စက ညွှန်ကြားခဲ့သည်။

ဤအချက်ကို စကော်ဇနီ ဘဝင်မကျနိုင်ဘဲ ဖြစ်နေသည်။

မူဆိုလီနီအား မက်ဒါလီနာ ဆိပ်ကမ်းပေါ်ရှိ ဗီလာဝက်ဘာ အိမ်ကလေးတွင် အကျယ်ချုပ် ချထားခဲ့သည်မှာ နိုင်လုံတိကျသည့် သတင်းဖြစ်သည်ဟု သူ တထစ်ချယူဆခဲ့သည်။ ထိုသို့ ယုံကြည်ယူဆသဖြင့် သူနှင့်သူ့လက်ထောက် ဝါဂျာတို့ကိုယ်တိုင် မက်ဒါလီနာ ဆိပ်ကမ်းပေါ်သို့ လေယာဉ်ဖြင့် ပျံသန်းပြီး ဓာတ်ပုံရိုက်ခဲ့ကြစဉ် ရေထဲသို့ လေယာဉ် ထိုးကျခဲ့ရခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က ရေထဲသို့ အရှိန်ဖြင့် ထိုးကျသွားခဲ့ရာတွင် စကော်ဇနီမှာ လေယာဉ်ထဲမှ အပြင်သို့ လွင့်စင်သွားခဲ့သည်။ သို့သော် သေကံမရောက် သက်မပျောက်ဘဲ ရေထဲတွင် နာရီဝက်ခန့် မျောပါနေခိုက် အီတလီ အမြောက်တင် စစ်သင်္ဘောတစ်စင်းမှ သင်္ဘောသားများက ဂျာမန်ရေတပ် သား အဝတ်အစားများဖြင့် ရုပ်ဖျက်ထားသော စကော်ဇနီအား မည်သို့ မျှ သံသယမဖြစ်ခဲ့ကြသော်လည်း စကော်ဇနီအနေဖြင့်မူ မိမိအား ရေထဲမှာ ကယ်တင်ခဲ့သည့် အမြောက်တင်စစ်သင်္ဘောမှာ မက်ဒါလီနာ ဆိပ်ကမ်းတွင် ချုပ်နှောင်ထားသည့် မူဆိုလီနာအတွက် အစောင့်တာဝန်ချ ထားသည့် စစ်သင်္ဘောဖြစ်သည်ဟူ၍ တစ်စွန်းတစ်စ ရိပ်စားမိခဲ့သည်။

ထိုသို့ စကော်ဇနီတို့ စီးသွားကြသော လေယာဉ်ရေထဲသို့ ပျက်ကျသွားသည်ဟူသောသတင်းကို ရရှိခဲ့သည့် ရာဒယ်သည် ရောမမြို့ ရှိ ဂျာမန်စစ်ဌာနချုပ် ရုံးခန်းထဲသို့ ဝင်လာသော စကော်ဇနီကို မြင်လိုက်ရ သောအခါ နေ့ခင်းကြောင်တောင် တစ္ဆေခြောက်ခံရပြီဟူ၍ပင် ထင်မှတ် လိုက်သည်။

စကော်ဇနီသည် ရေထဲသို့ လေယာဉ်ပျက်ကျရာ၌ နံရိုးသုံးချောင်း ကျိုးသွားခဲ့သည်။ ထိုဒဏ်ရာကြောင့် သူသည် ဆေးရုံသို့ ခေတ္တတက် ရောက်ကုသခဲ့ပြီး ဒဏ်ရာပျောက်ကင်း၍ ဆေးရုံမှ ဆင်းလျှင်ဆင်းချင်း ဗိုလ်ချုပ်ကြီး ကင်းနားရစ္စထံမှ အထက်ဖော်ပြပါ အမိန့်တစ်ခု ရောက်လာ ခဲ့ခြင်းဖြစ်သည်။

မူဆိုလီနီသည် မက်ဒါလီနာဆိပ်ကမ်းတွင် မရှိဘဲ အယ်လ်ဘာ ကျွန်းကလေးပေါ်သို့ ရောက်နေသည်ဟူ၍ စစ်ဦးစီးဌာနချုပ်မှ ကင်းနားရစ္စ က အကြောင်းကြားခဲ့သည်ကို စကော်ဇနီက လုံးဝလက်မခံနိုင်ဘဲ ဖြစ်နေ သည်။ မိမိနှင့် ဝါဂျာတို့ သေချာပေါက် ကိုယ်တိုင်သွားရောက် ထောက် လှမ်းရရှိခဲ့သော သတင်းများအရ မူဆိုလီနီသည် အကျယ်ချုပ် ချထားခြင်း ခံ နေရသည်မှာ ခိုင်လုံတိကျကြောင်း စကော်ဇနီ ကောင်းကောင်းကြီး ယုံကြည်ခဲ့သည်။

သို့ဖြစ်ရာ သူသည် ဉာဏ်ကိစ္စနှင့်စပ်လျဉ်း၍ ကင်းနားရစ္စရရှိခဲ့သည့်

www.burmeseclassic.com

www.burmeseclassic.com



သတင်းမှာ မမှန်ဘဲ မိမိရရှိထားသော သတင်းကသာ အမှန်ဖြစ်ကြောင်း ခေါင်းဆောင်ကြီး ဟစ်တလာအား ရှင်းပြရန် စစ်ဦးစီးဌာနချုပ်သို့ လေယာဉ်ဖြင့် ချက်ချင်းလာခဲ့သည်။ သူရရှိထားသည့် သတင်းမှာ အထောက်အထား ခိုင်လုံကြောင်း ယုံကြည်လက်ခံခဲ့ပြီးဖြစ်သော ဗိုလ်ချုပ် စတူးဒင့်ကလည်း စကော်ဇနီ၏ မေတ္တာရပ်ခံချက်အရ ဟစ်တလာ၏ စစ်ဦးစီးဌာနချုပ်သို့ တစ်ပါတည်း လိုက်ပါလာခဲ့သည်။

ယခုတစ်ကြိမ် ခေါင်းဆောင်ကြီး ဟစ်တလာနှင့် စကော်ဇနီတို့ တွေ့ဆုံကြရာ၌ ယခင် ပထမဆုံးအကြိမ်ကလို နှစ်ယောက်ချင်း မဟုတ်တော့ဘဲ အခြားသော ထိပ်သီးခေါင်းဆောင်များပါ ပါဝင်ခဲ့ကြသည်။ သို့ဖြင့် နာဇီပါတီနှင့် ဂျာမန်စစ်ဦးစီးဌာနချုပ်မှ အကြီးဆုံး ခေါင်းဆောင်များသည် မူဆိုလီနီ ဘယ်မှာရှိနေသည်ဟူသောအချက်ကို အတိအကျ ဆုံးဖြတ် သတ်မှတ်ကြရန် စုဝေးခဲ့ကြသည်။

ထိုနေ့က တွေ့ဆုံကြရာ၌ နိုင်ငံခြားရေးဝန်ကြီး ရစ်ဘင်ထရော့သည် ဟစ်တလာ၏ လက်ယာဘက်တွင် ရှိနေ၍ စစ်ဘက်ဆိုင်ရာ အကြီးအကဲများဖြစ်ကြသော မာရှယ်ကိုက်တဲလ်နှင့် ဗိုလ်ချုပ်ဂျိုဒဲလ်တို့က ဟစ်တလာ၏ နောက်ဘက်တွင် နေရာယူခဲ့သည်။ ဟစ်တလာ၏ လက်ဝဲဘက်တွင်မူ နာမည်ကျော် ဂက်စတာပို ဗိုလ်ချုပ်ဟင်းမလားနှင့် ရေကြောင်းဗိုလ်ချုပ်ကြီး ဒိုးနစ်တို့ရှိနေ၍ သူတို့နှင့် တစ်ဆက်တည်း လေတပ်ဆိုင်ရာ ဝန်ကြီးမာရှယ်ဂိုးအားရင်းကိုလည်း ထုံးစံအတိုင်း ရှုံ့ကျကျဖြင့် တွေ့ရသည်။

သူတို့အားလုံးသည် သားရေများဖြင့် ဖုံးအုပ်ချုပ်လုပ်ထားသော လက်တင် ကုလားထိုင်ကြီးများပေါ်တွင် အသီးသီး ထိုင်လျက်ရှိကြသည်။

ဗိုလ်ချုပ် စတူးဒင့်နှင့် ဘေးချင်းယှဉ်ထိုင်နေသော စကော်ဇနီက စတင်၍ အခြေအနေအရပ်ရပ်ကို ရှင်းပြတင်ပြခဲ့သည်။ ပထမတွင် စနစ်တကျ အစီအစဉ်အတိုင်းမဟုတ်ဘဲ ဟိုကျော်သည်လွှား ပြောကြားနေခဲ့ရာမှ တဖြည်းဖြည်းဖြင့် စကော်ဇနီသည် သူဆိုလိုသည့် အချက်ကို ထွင်းကွင်းကွက်ကွက် တင်ပြနိုင်ခဲ့သည်။ အထူးသဖြင့် သူ၏အမူအရာနှင့် လေယူလေသိမ်းကို ကြည့်ရခြင်းအားဖြင့် သူသည် ပြစ်ကြီးလျှနယ်

www.burmeseclassic.com

www.burmeseclassic.com



သားပီပီ "နလုံးသားထဲ"မှ စိတ်ရောကိုယ်ပါ လှိုက်လှဲယုံကြည်စွာ ပြောကြားနေကြောင်း သိသာနိုင်သည်။

သူက သူစုံစမ်းထောက်လှမ်းရရှိခဲ့သည့် သတင်းများနှင့် အထောက်အထားများအရ မူဆိုလီနီသည် မက်ဒါလီနာဆိပ်ကမ်းမှာပင် အသေအချာ ရှိနေကြောင်း၊ ထိုနေရာမှတစ်ပါး အခြားနေရာတွင် မရှိနိုင်ကြောင်း အကိုးအကား အချက်အလက်များဖြင့် သက်သေပြခဲ့သည်။ ဤနေရာတွင် သူ၏ ညွှန်ကြားချက်အရ သူ့လက်ထောက် ဝါဂျာက မူဆိုလီနီရှိနေသည့် အိမ်သို့ ရိက္ခာသွင်းရသော ဟင်းသီးဟင်းရွက်သည် တစ်ယောက်အား အရက်ဆိုင်တွင် မိတ်ဖွဲ့၍ သတင်းများရယူခဲ့ပုံကို ပြောပြသောအခါ အားလုံးငြိမ်သက်စွာ နားထောင်နေရာမှ ရုတ်တရက် ဂိုအားရင်းက အားရပါးရ ရယ်ချလိုက်သည်။

စကော်ဇနီသည် သူ့ရင်ထဲရှိသမျှ စကားများကို နာရီဝက်ကျော်မျှ "အိတ်သွန်ဖာမှောက်" ပြောပြခဲ့သည်။

သူစကားဆုံးသွားသောအခါ အခန်းထဲရှိ လူအားလုံးသည် တစ်ယောက်နှင့်တစ်ယောက် တိုင်ပင်ထားကြသည့်အလား ခေါင်းဆောင်ကြီး ဟစ်တလာ၏ မျက်နှာကို ပြိုင်တူလှမ်းကြည့်လိုက်ကြသည်။

ဟစ်တလာသည် ဖြုန်းခနဲ ထိုင်ရာမှထ၍ စကော်ဇနီအား လက်ဆွဲ နှုတ်ဆက်လိုက်သည်။

"မင်းပြောတာတွေ အားလုံးလက်ခံတယ်၊ ဒါကြောင့် စောစောက အမိန့်ကို ပြန်ရုပ်သိမ်းလိုက်တယ်၊ အခု မင်းတင်ပြတဲ့အတိုင်း မက်ဒါလီနာကို တို့ဝင်စီးရမယ်၊ ဒါနဲ့ပတ်သက်လို့ မင်းဘယ်လိုစီစဉ်ထားသလဲ. . ."

ခေါင်းဆောင်ကြီး၏ စကားအဆုံးတွင် အားလုံးက ဤအတိုင်း သဘောတူကြောင်း ကျယ်ကျယ်တစ်မျိုး တိုးတိုးတစ်ဖုံ တစ်ယောက်တစ်ခွန်း ဝိုင်းပြောကြသည်။

ဤတွင် စကော်ဇနီသည် ခေါက်ဖြင့်ခွဲထားသော မြေပုံတစ်ခုကို ထုတ်ကာ သူစီစဉ်ထားသည့် တိုက်ပွဲအစီအစဉ်များကို ကြေးနန်းချုပ်ခေါင်း ဆောင်ကြီးများအား အသေးစိတ်ရှင်းပြခဲ့သည်။ ဤစီအစဉ်ကို သူ

www.burmeseclassic.com

www.burmeseclassic.com



အထက်အရာရှိ မိုလ်ချုပ်စတူးဒင့်အား ခပ်စောစောကပင် တင်ပြ၍ အတည်ပြုချက် ရယူခဲ့ပြီး ဖြစ်သည်။

သူ့အစီအစဉ်အရ ဤတိုက်ပွဲကို တိုတောင်းသည့် အချိန်အတွင်း အင်အားကောင်းကောင်းဖြင့် ခြေမြန်လက်မြန် ဆင်နွှဲကြရမည်ဖြစ်သည်။ တိုက်ပွဲမစမီ တစ်ရက် ညနေဘက်တွင် အဆိုပါ မက်ဒါလီနာဆိပ်ကမ်းသို့ မိမိတို့ ဂျာမန်ရေတပ်မှ တပ်ဖွဲ့တစ်ခုကို အလည်အပတ် သဘောမျိုးဖြင့် ပရိယာယ်ဆင်၍ ကြိုတင်စေလွှတ်ထားရမည်။ ဤတပ်ဖွဲ့နှင့်အတူ ဂျာမန် ရေတပ်မှ စစ်ရေယာဉ်များ လိုက်ပါသွားရမည်။ ထိုသို့ လိုက်ပါခွင့်ရရန် ဆိပ်ကမ်းရှိ အီတလီရေတပ်အရာရှိများကို ကြိုတင်ဆက်သွယ်စည်းရုံး ထားရမည်။ နောက်တစ်နေ့နံနက်တွင် ဂျာမန်စစ်ရေယာဉ်များ ဆိပ်ကမ်း တွင် ရှိနေစဉ်အတွင်း ရေမြုပ်ဖုံးရှင်းသည့် ဂျာမန်စစ်သင်္ဘောအချို့ကို မက်ဒါလီနာဆိပ်ကမ်းနှင့် အနီးဆုံး ကျွန်းတစ်ကျွန်းသို့ စေလွှတ်ပေးရမည်။

အချိန်ကျ၍ တိုက်ပွဲစသည်နှင့် တစ်ပြိုင်နက် အဆိုပါရေမြုပ်ဖုံး ရှင်းသည့် သင်္ဘောများသည် ဂျာမန်တပ်သားများကို တင်ဆောင်၍ မက်ဒါလီနာဆိပ်ကမ်းသို့ အမြန်ဆုံးခုတ်မောင်းလာရမည်။ တစ်ချိန်တည်း တွင် စကော်ဇနီ ခေါင်းဆောင်သည့် အသေခံတပ်သားများနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ဆိပ်ကမ်းတစ်ခုလုံးကို ဝင်ရောက်စီးနင်းပြီး စကော်ဇနီ နှင့် လက်ရွေးစင် အသေခံတပ်သားအချို့က ဗီလာဝက်ဘာအိမ်ကို အမြန်ဆုံး တက်ရောက် သိမ်းပိုက်ကာ မူဆိုလီနီအား ကယ်တင်ခေါ် ဆောင်လာရမည်။ တစ်ချိန်တည်းတွင် ဆာဒီနီယာကျွန်းပေါ်ရှိ ဂျာမန် အမြောက်တပ်များကလည်း မက်ဒါလီနာကျွန်းပေါ်မှ အီတလီတပ်များရှိ သည့် နေရာများကို အမြောက်ဖြင့် လှမ်းထုကြရမည်။

စကော်ဇနီ၏ အထက်ပါတိုက်ခိုက်ရေး အစီအစဉ်ကို ခေါင်းဆောင် ကြီး ဟစ်တလာက သဘောတူလက်ခံခဲ့သည်။ ခေါင်းဆောင်ကြီး လက်ခံ သလို အားလုံးက ဝိုင်း၍လက်ခံခဲ့ကြသည်။ ထို့ပြင်မက ဤတိုက်ပွဲတွင် ပါဝင်သည့် ဂျာမန်တပ်ဖွဲ့များအားလုံးသည် စကော်ဇနီ၏ စီကွပ်ကဲမှု အောက်တွင်သာ ရှိမည်ဟူ၍ပင် ဆုံးဖြတ်သတ်မှတ်ပေးခဲ့ကြသည်။ "အရှင်

www.burmeseclassic.com



မွေး နေ့ချင်းကြီး” ဟူသော ဆိုရိုးစကားအတိုင်း သာမန်အရာရှိ ပေါက်စ ကလေးဖြစ်သည့် ဗိုလ်ကြီး စကော်ဇနီသည် ခေါင်းဆောင်ကြီး ဟစ်တလာ ၏ မ,စမှုကြောင့် တိုက်ပွဲတစ်ခုလုံးကို ကြီးမှူးအုပ်ချုပ်ရသည့် တပ်မှူးကြီး တစ်ယောက် ချက်ချင်းဖြစ်လာခဲ့သည်။

သို့သော် ဟစ်တလာသည် သူ၏အစဉ်အလာအရ စကော်ဇနီ အား နောက်ဆုံးသတိပေးစကားတစ်ခွန်း ပြောကြားခဲ့သည်။

“ဗိုလ်ကြီး စကော်ဇနီ၊ မင်း··· တစ်ခု နားလည်ထားရမှာက တကယ်လို့ ဒီကိစ္စမအောင်မြင်ဘဲ အရေးနိမ့်သွားရင်တော့ မင်းကို ငါ တာဝန်မယူနိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အီတလီဟာ အခုအချိန်အထိ ငါတို့ရဲ့ မဟာမိတ်အဖြစ်နဲ့ ရှိနေသေးတယ်”

“ဒီကိစ္စမှာ မင်းဟာ အထက်အမိန့်မရဘဲ မင်းသဘောနဲ့မင်း လုပ်တဲ့ လုပ်ငန်းပဲလို့ ငါ့အနေနဲ့ ကြေညာရလိမ့်မယ်၊ အဲဒီအခါကျရင် မင်းဟာ လူထုရဲ့အရေးယူအပြစ်ပေးတာကိုခံဖို့ အဆင်သင့်ရှိနေရလိမ့် မယ်”

စကော်ဇနီက ခေါင်းညိတ်၍ နားခံခဲ့သည်။ သူ့အနေဖြင့် အခြား ဘာစကားမှ ပြန်ပြောစရာမလို၊ ခေါင်းညိတ်ရန်သာ ရှိသည်။

သို့သော် သူ့လက်အောက်ခံ ငယ်သားများအား တိုက်ပွဲဝင်ရာ၌ အားမန်အပြည့်အဝ ရရှိစေရန်နှင့် စိတ်ဓာတ်တက်ကြွစေရန် လှုံ့ဆော် တတ်သော ဟစ်တလာသည် စကော်ဇနီ၏ ပခုံးကို လက်တစ်ဖက်ဖြင့် မသိမသာ လှမ်းကိုင်လိုက်ပြီး နောက်ဆုံးစကားတစ်ခွန်း ပြောလိုက်သည်။

“မင်းအောင်မြင်ပါလိမ့်မယ်···”

သို့ဖြင့် စကော်ဇနီသည် မူလအစီအစဉ်အတိုင်း မူဆိုလီနီအား ကယ်တင်ရေးအတွက် ရောမမြို့တော်သို့ ပြန်လည်ရောက်ရှိလာခဲ့သည်။ ရောက်သည့်နေ့မှာပင် သူသည် ဟစ်တလာနှင့် မည်သို့မည်ပုံ တွေ့ဆုံ၍ ရှင်းလင်းတင်ပြခဲ့ရသည်များကို သူ့လက်ထောက်အရာရှိ ရာဒယ်အား ပြန်လည်ပြောပြခဲ့သည်။ စကော်ဇနီက ဤတိုက်ပွဲ မအောင်မြင်ပါက သူတစ်ဦးတည်း ကွက်၍ “တရားခံ”အဖြစ် အပြစ်ပေးခံရမည်ဖြစ်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ဟစ်တလာက သူအားခြိမ်းခြောက်၍ နောက်ဆုံးသတိပေးစကား ပြော လိုက်သည်များကို ရာဒယ်အား ပြန်၍ဖောက်သည်ချခဲ့ရာ•••ရာဒယ်က

"အို • • • ဒီလိုဆိုရင်လည်း ရပါတယ်၊ ကျွန်တော်တို့အနေနဲ့ ဟင်းမလားရဲ့ အချုပ်ခန်းထဲသွားပြီး အေးအေးဆေးဆေး အနားယူရတာပေါ့"ဟူ၍ ငေါ့ပြောခဲ့သည်။

မကြာမီ သတ်မှတ်ထားသည့်နေ့ကို ရောက်လာသည်။ စီစဉ်ထားသည့်အတိုင်း ထိုနေ့က မက်ဒါလီနာဆိပ်ကမ်းအတွင်းသို့ ဝင်ရောက်လာသော ဂျာမန်စစ်ရေယာဉ် ခြောက်စင်းအနက် ရေယာဉ်တစ်စင်းပေါ်တွင် စကော်ဇနီကိုယ်တိုင် လိုက်ပါလာခဲ့သည်။ ရာဒယ်ကမူ ရေမြုပ်ပုံးရှင်းသည့် သင်္ဘောများကို တာဝန်ယူ၍ ဦးစီးရမည်ဖြစ်သည်။

နောက်တစ်နေ့နံနက်အတွက် အားလုံးအသင့်ဖြစ်နေပြီ ဖြစ်သည်။ ဤအချိန်သည် နာရီလက်တံကိုကြည့်၍ အလုပ်လုပ်ရမည့်အချိန်ဖြစ်ကြောင်း စကော်ဇနီ ကောင်းကောင်းကြီး နားလည်သဘောပေါက်ထားသည်။ နက်ဖြန်တိုက်ပွဲစလျှင်စချင်း ဆိပ်ကမ်းတစ်ခုလုံးရှိ တယ်လီဖုန်းကြိုးများကို ဖြတ်တောက်ပစ်ရန်နှင့် စီစဉ်ညွှန်ကြားထားပြီး ဖြစ်သည်။

ဂျာမန်သင်္ဘောသား အဝတ်အစားများ ဝတ်ဆင်ထားကြသော စကော်ဇနီနှင့်ဝါဂျာတို့သည် နောက်ဆုံးအခြေအနေကို စုံစမ်းရန် ဗီလာဝက်ဘာ အိမ်ကလေးနှင့် မလှမ်းမကမ်းသို့ သွားကြည့်ကြသည်။ ထိုနေရာတွင် အီတလီစစ်သားတစ်ယောက်နှင့် အဆင်သင့် သွားတွေ့ကြသည်။ ထို စစ်သားသည် အဝတ်ဟောင်းများကို အဝတ်လျှော်ဆိုင်သို့ပို့ရန် အသွားတွင် စကော်ဇနီတို့နှင့် တွေ့ရခြင်းဖြစ်သည်။

ဂျာမန် "ရေတပ်သား" စကော်ဇနီနှင့် ဝါဂျာတို့သည် အဆိုပါအီတလီစစ်သားအား လှမ်း၍မိတ်ဖွဲ့ရင်း ဟိုဟိုသည်သည် စကားပြောကြရာမှ မူဆိုလီနီ သေပြီဟူ၍ ကောလာဟလသတင်းများ ထွက်ပေါ်နေကြောင်းဖြင့် ပြောကြားလိုက်ရာ အီတလီစစ်သားက ထိုသတင်း မဟုတ်မှန်ကြောင်း ပြန်ပြောသည်။ ဤတွင် ကြိုတင် စည်းဝါးရိုက်ထားသည့်အတိုင်း ဝါဂျာက အီတလီစစ်သား၏စကားကို လုံးဝအယုံအကြည်မရှိ

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းနှင့် မှဆိုလီနီ သေပြီဆိုသော သတင်းမှာ အမှန်ပင်ဖြစ်ကြောင်း ဇွတ်ငြင်းတော့သည်။ "ကျုပ်က ဒီသတင်းကို သေချာပေါက်သိထားလို့ ပြောတာဗျ။ မှဆိုလီနီ သေခါနီး နောက်ဆုံးတွေ့လိုက်ရတဲ့ ဆရာဝန်တစ်ယောက်ဆီက ကျုပ်ကိုယ်တိုင် နားနဲ့ဆတ်ဆတ်ကြားခဲ့ရတာ . . ."

ဝါဂျာက မျက်နှာထိမျက်နှာထားဖြင့် ခပ်မာမာပြောလိုက်ရာ အီတလီစစ်သားကလည်း ငြိမ်မနေတော့ဘဲ သူ့သိသမျှ ဖွင့်ချတော့သည်။

"ဒါ လုံးဝမဖြစ်နိုင်ဘူး။ မှဆိုလီနီ သေပြီဆိုတာ ဟုတ်ကိုမဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က ဒီနေ့မနက်ဘဲ သူ့ကိုတွေ့လိုက်ရသေးတယ်၊ သူ့ကို သူ့နာပြုရေယာဉ်ပျံ အဖြူကလေးနဲ့ တင်ခေါ်သွားရာမှာ . . . ကျွန်တော်ကိုယ်တိုင် မနက်က အစောင့်တစ်ယောက်အဖြစ်နဲ့ လိုက် ပို့လိုက်ရတာပါ။ ကဲ . . . ခင်ဗျား ဘာပြောချင်သေးသလဲ"

ဘာမှ မပြောချင်ပါ။ ပြောလည်း မပြောနိုင်တော့ပါ။ ဝါဂျာရော စကော်ဇနီပါ ဒီတစ်ခါ ဟန်မဆောင်နိုင်တော့ဘဲ တကယ်ပင် မျက်လုံးပြူးသွားကြရပါပြီ။

အီတလီစစ်သား၏ စကားမှာ အမှန်ပင်ဖြစ်သည်။ ဤဆိပ်ကမ်းတွင် မနက်စောစောက အဖြူရောင်ဆေးသုတ်ထားသည့် သူနာပြုရေယာဉ်ပျံကလေးတစ်စင်းကို စကော်ဇနီတို့ကိုယ်တိုင် မြင်ခဲ့ကြသည်။ ယခု ထိုရေယာဉ်ပျံကလေး မရှိတော့ပါ။ လုံးဝ မတွေ့ရတော့ပါ။

ထို့ပြင် ယခုမှ စကော်ဇနီ သတိထားမိသည်မှာ မှဆိုလီနီအား အကျယ်ချုပ်ချထားသည့် အိမ်ကလေးတစ်ဝိုက်တွင် အစောင့်စစ်သားများ၏ အရေအတွက်သည် ယခင်အတိုင်းပင် အများအပြားရှိနေသော်လည်း သူတို့တစ်တွေ၏ အမူအရာများမှာ ခပ်အေးအေး ခပ်ပေါ့ပေါ့ ဖြစ်နေကြသည်။ ဟိုဟိုသည်သည် လွတ်လွတ်လပ်လပ် သွားလာလှုပ်ရှား လမ်းသလား၍ များပင် နေကြသည်။ ဤသည်ပင်လျှင် ဤစစ်သား၏စကားအရ မှဆိုလီနီအား ဤကျွန်းကလေးပေါ်မှ အခြားတစ်နေရာသို့ ခေါ်ဆောင်သွားပြီ ဆိုသောသတင်းမှာ မှချကေန်မှန်နေပြီဖြစ်သည်။

ယခု စကော်ဇနီ၏ အရေးအကြီးဆုံးအလုပ်မှာ မှဆိုလီနီအား

www.burmeseclassic.com

www.burmeseclassic.com



ကယ်တင်ရမည့်တိုက်ပွဲကို စတင်ဆင်နွှဲရန် သီသီကလေးသာ လိုတော့သည့်အချိန်တွင် အစီအစဉ်အားလုံးကို အချိန်မီအကြောင်းကြား၍ အချိန်မီ ပယ်ဖျက်ရုပ်သိမ်းလိုက်ရခြင်းပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မူဆိုလီနီမရှိတော့သည့်နေရာသို့ မူဆိုလီနီအား ကယ်တင်ရန် သွားရောက်ခြင်းသည် "အကျဉ်းသားမရှိသည့် အကျဉ်းထောင်"သို့ သွားရောက်ကယ်တင်သကဲ့သို့ ဖြစ်နေဖွယ်ရာ ရှိသောကြောင့်တည်း။

❑

www.burmeseclassic.com

www.burmeseclassic.com

# "ပုံမှားရိုက်" လိုက်သည့် သတင်းတစ်ပုဒ်

အခြေအနေမှာ "ပိုနေမြဲ ကျားနေမြဲ"ပင် ပြန်ဖြစ်သွားခဲ့သည်။ စကော်ဇနီ ခေါင်းဆောင်သော အသေခံတပ်များ အပါအဝင် အီတလီနိုင်ငံရှိ ဂျာမန်တပ်မတော်ကြီးသည် အပေါ်ယံဟန်ဆောင်မှုများဖြင့် အတွင်းကြိတ် အကြံအစည်များကို ဆက်လက်ကြံစည်လျက် ရှိနေကြသည်။

စကော်ဇနီနှင့် သူ၏ အသေခံတပ်ဖွဲ့ဝင်များက မူဆိုလီနီ လွတ်မြောက်ရေးအတွက် လျှို့ဝှက်ထောက်လှမ်း ကြိုးပမ်းနေခဲ့ကြသလို အခြားသော ဂျာမန်တပ်များအနေဖြင့်လည်း အီတလီတပ်များနှင့် နောက်ဆုံးစာရင်းရှင်းရမည့်နေ့အတွက် တိတ်တဆိတ် ကြိုတင်ပြင်ဆင်နေကြသည်။

အီတလီတို့ဘက်မှလည်း ဤအတိုင်းပင် ဖြစ်သည်။ ယခုအချိန်အထိ ဂျာမန်တပ်များကို အီတလီနယ်မြေပေါ်တွင် လက်ခံထားရှိ၍ ဣန္ဒြေမပျက် လည်ပင်းဖက်နေကြသော်လည်း မကြာမီ နောက်ကျောကို ဓားဖြင့်ထိုးရန် အတွင်းကြိတ်စီမံစိုင်းပြင်းနေကြသည်။ ဂျာမနီနှင့်အတူ ဝင်ရိုးတန်းနိုင်ငံအတွင်း ဟန်မပျက် ရပ်တည်နေရာမှ မဟာမိတ်နိုင်ငံများထံ လျှို့ဝှက်စွာ ခြေတစ်ဖက်လှမ်း၍ လက်တစ်ဖက် ကမ်းလျက်ရှိသည်။

အခြေအနေမှာ နှစ်ဖက်စလုံးက အကွက်ကောင်းကို ချောင်းနေကြသည့် အနေအထားမျိုးဖြစ်သည်။ တစ်ဖက်နှင့်တစ်ဖက် တစ်ချက်မှားလျှင် ကားခနဲ ခုန်အုပ်လိုက်မည်ဟူသော ရည်ရွယ်ချက်ကိုယ်စီဖြင့် အလစ်မပေးဘဲ စောင့်ကြည့်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအခြေအနေ အောက်မှာပင် စကော်ဇနီတစ်ယောက် ဦးနှောက်ခြောက်၍ အလုပ်များနေခဲ့သည်။ မူဆိုလီနီအား မဖြစ်မနေ ကယ်တင်နိုင်ရန်အတွက် ရနိုင်သမျှ သတင်းအစအနကို ထောက်လှမ်းစုံစမ်းခဲ့သည်။ ရောမမြို့တော်တစ်ဝန်းလုံးရှိ အရက်ဆိုင်များ၊ စားသောက်ဆိုင်များနှင့် လူစည်ကားရာ နေရာမှန်သမျှသို့ ဂျာမန်သူလျှိုများကို အနှံ့အပြား တာဝန်ပေးကာ သတင်းများစုဆောင်းခဲ့သည်။ သို့သော် စုဆောင်းရရှိသမျှ သတင်းများမှာ မမှန်သတင်းများနှင့် ကောလာဟလသတင်းများသာလျှင် ဖြစ်နေခဲ့သည်။ သို့ဖြင့် တစ်နေ့နေ့ တစ်ရွေ့ရွေ့ အချိန်ကုန်လာခဲ့သော်လည်း ခိုင်လုံသည့် သတင်းအစအနဟူ၍ ဘာတစ်ခုမှမရဘဲ မူဆိုလီနီမှာ ခြေရာပျောက်ခြင်းမလု ပျောက်နေခဲ့သည်။

ထိုအခိုက် ထိုအချိန်မှာပင် တစ်နေ့တွင် မမျှော်လင့်သည့် သဲလွန်စတစ်ခုကို ဘွားခနဲတွေ့ရသည်။

"ဂရင်းဆက်ဆို ပတ်ဝန်းကျင်တွင် လုံခြုံရေးအစီအစဉ်များ အားလုံး စီစဉ်ပြီးပြီ"

အီတလီပြည်ထဲရေးဌာနသို့ အမည်မသိ တစ်နေရာမှ လျှို့ဝှက်သင်္ကေတဖြင့် ပေးပို့လိုက်သော အထက်ပါကြိုးမဲ့ကြေးနန်း သတင်းတိုအလေးကို စကော်ဇနီတို့က ကြားဖြတ်ဖမ်းယူ ရရှိခဲ့ကြသည်။ အဆိုပါကြေးနန်းသတင်း၏အောက်တွင် "ကျူလီ"ဟူ၍ အမည်ရေးထိုးထားခဲ့ရာ ဂျာမန်သူလျှိုများထံမှ သတင်းအရ အဆိုပါ "ကျူလီ"မှာ အီတလီပြည်ထဲရေးဌာန ဗိုလ်ချုပ်တစ်ဦးဖြစ်ရုံမျှမက မူဆိုလီနီ၏ လုံခြုံရေးအတွက် သီးသန့်တာဝန်ပေးထားခြင်းခံရသည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်ကြောင်း ထပ်ဆောင်း၍ သိရသည်။

သို့ဖြစ်ရာ အထက်ပါ ဗိုလ်ချုပ်ကျူလီထံမှ ကြေးနန်းအရဆိုပါလျှင် "လုံခြုံရေးအစီအစဉ်များအားလုံး စီစဉ်ပြီးပြီ"ဆိုသော "ဂရင်းဆက်ဆို" အရပ်ဒေသတွင် မူဆိုလီနီအား ဖမ်းဆီးချုပ်နှောင်ထားသည့် အမိဖမ်းအဖြစ်ယူသော် ရနိုင်ကောင်းရာသည် မဟုတ်ပါလော။

သို့ဖြစ်၍ "ဂရင်းဆက်ဆို"သည် မည်သည့်အရပ်ဒေသ ဖြစ်ပါသနည်း။ မည်သည့်နေရာတွင် တည်ရှိပါသနည်း။

www.burmeseclassic.com

www.burmeseclassic.com



မြေပုံများနှင့် မြို့ပြလမ်းညွှန်စာအုပ်များကို အပူတပြင်း ရှာဖွေ၍ ကြည့်ကြသောအခါ ဂရင်းဆက်ဆိုသည် အီတလီနိုင်ငံ၏ အဓိကအမှတ်အသားဖြစ်သော အက်ပင်းနီးစ် တောင်တန်းကြီး၏ အမြင့်ဆုံးတောင်ထိပ် တောင်ထွတ် ဖြစ်နေသည်ကို တွေ့ရသည်။ အဆိုပါ တောင်ထိပ်၏ အောက်ဘက် တောင်ခြေသို့ ရောမမြို့မှ ခရီးမိုင် တစ်ရာခန့်သာရှိသဖြင့် မဝေးကွာလှဟု ဆိုနိုင်သည်။ သို့သော် ဂရင်းဆက်ဆိုဟူ၍ ခေါ်ဝေါ်နေကြသော အဆိုပါ တောင်ထွတ်မှာ အမြင့်အားဖြင့် ပေတစ်သောင်းနီးပါးမျှရှိနေကြောင်း သိရသည်။

ထိုပြင် မြေပုံများတွင် တွေ့ရသမျှ အဆိုပါ ဂရင်းဆက်ဆို တောင်ထိပ် ၌ တောင်ပေါ်စခန်းအဖြစ် တစ်စုံတစ်ရာ အဆောက်အဦများ လုံးဝဖော်ပြ ထားခြင်းမရှိဘဲ ဖြစ်နေသည်။ သို့ဖြစ်ရာ ထိုသို့ လူနေအိမ်ခြေဟူ၍ လုံးဝမရှိသည့် အဆိုပါဂရင်းဆက်ဆို တောင်ထိပ်ပေါ်သို့ အာဏာရှင်ကြီး မူဆိုလီနီအား ပို့ဆောင်ချုပ်နှောင်ထားသည်ဆိုခြင်းမှာ ဖြစ်နိုင်ပါမည်လော၊ ထိုမှတစ်ပါး ပေတစ်သောင်းနီးပါးမျှ မြင့်၍ တိမ်တိုက်များ အမြဲဖုံးအုပ်နေသော အဆိုပါတောင်ထိပ်တောင်ထွတ်ပေါ်တွင် မူဆိုလီနီအတွက် မြောက်မြားလှစွာသော အစောင့်အကြပ် စစ်သားများကို မည်သို့မည်ပုံ ထားရှိပါမည်နည်း။

ဘဝင်မကျဖြစ်နေကြသော စကော်ဇနီနှင့် သူ့လူများသည် စစ်ကြီးမတိုင်မီက မြေပုံများပေါ်တွင် ဖော်ပြပါရှိသည့် အချက်များကို မကျေနပ်သဖြင့် နောက်ဆုံးထုတ် မြို့ပြလမ်းညွှန်စာအုပ်များကို လှန်လှောကြည့်ကြပြန်သည်။

တွေ့ပါပြီ။

အဆိုပါ ဂရင်းဆက်ဆို တောင်ထိပ်တွင် ပေ ခြောက်ထောင်ခန့်မြင့်သည့် တောင်စောင်းတစ်နေရာ၌ များမကြာမီက ဆောင်းရာသီအားကစား စခန်းတစ်ခု ဖွင့်လှစ်ခဲ့သည်။ ထိုစခန်းတွင် "တင်ပို့ဒ်ပီရေတာ" ဟူသောအမည်ဖြင့် ဟိုတယ်အဆောက်အဦတစ်ခု ဆောက်လုပ်ထားရှိခဲ့ကြောင်း ဘွားခနဲ တွေ့လိုက်ကြရသည်။ ထိုဟိုတယ်စစ်ဆက်တည်

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာလှည့် ခရီးသည်များအတွက် အဆိုပါ တောင်ပေါ်အားကစားစခန်းနှင့် ဟိုတယ်အကြောင်း ဆေးရောင်စုံပုံနှိပ်ထားသည့် လက်ကမ်းကြော်ငြာစာရွက်များပါ ရှာဖွေတွေ့ရှိခဲ့ရာ စကော်ဇနီတို့သည် အဆိုပါ နေရာဒေသအကြောင်း အပြည့်အစုံ သိရှိခဲ့ကြရသည်။

အကယ်၍သာ ထိုနေရာ ထိုဒေသတွင် မူဆိုလီနီအား အမှန်တကယ် ချုပ်နှောင်ထားခဲ့ပါက သူ့အား သွားရောက်ကယ်တင်ရန်မှာ "မလွယ်ရေးချ မလွယ်"ထဲကပင်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် အဆိုပါ အမြင့်ပေခြောက်ထောင်ကျော်ရှိသည့် တောင်ပေါ်စခန်းကလေးသို့ သွားနိုင်သည့် တစ်ခုတည်းသော ခရီးလမ်းပန်း ဆက်သွယ်ရေးမှာ ကောင်းကင်ကြိုး ဓာတ်ရထားမှတစ်ပါး အခြားနည်းလမ်းဖြင့် အဆိုပါ တောင်ပေါ် အားကစားစခန်းသို့ သွားရောက်ရန်မှာ လုံးဝမဖြစ်နိုင်သည့် အလုပ်တစ်ခု ဖြစ်သည်။

သို့သော် ထိုသို့ မဖြစ်နိုင်သည့်အလုပ်ကို လုပ်ရန်အတွက် စကော်ဇနီသည် ဤဂျာမန်ကွန်မန်ဒို တပ်ဖွဲ့ခေါင်းဆောင်ကြီးအဖြစ် တာဝန်ယူခဲ့သည် မဟုတ်ပါလော•••။

စကော်ဇနီသည် ခေါင်းဆောင်ကြီး ဟစ်တလာ၏ နောက်ဆုံးမှာကြားချက်အရ သူ ထမ်းဆောင်ရမည့် တာဝန်သည် ဤစစ်ကြီး တစ်ခုလုံး၏ လမ်းကြောင်းကိုသာ ပြောင်းလဲနိုင်သည်မဟုတ်၊ သူ့အတွက်ပါ သေရေးရှင်ရေးတမျှ အရေးကြီးသည့် တာဝန်ကြီးတစ်ရပ်ဖြစ်ကြောင်း ကောင်းကောင်းကြီး နားလည်သဘောပေါက်ထားပြီး ဖြစ်သည်။

သို့ဖြစ်ရာ သူသည် ဂရင်းဆက်ဆိုအမည်ရှိ တောင်ပေါ်စခန်းနှင့် ပတ်ဝန်းကျင်တစ်ဝိုက်သို့ ရှေးဦးစွာ သူကိုယ်တိုင် သွားရောက်၍ အခြေအနေကို စုံစမ်းထောက်လှမ်းခဲ့သည်။ ဤတွင် ဂရင်းဆက်ဆို တောင်ပေါ်ဒေသ၊ တောင်ပေါ်အားကစားစခန်းသို့ တစ်ခုတည်းသော သွားရာလမ်းဖြစ်သည့် ကောင်းကင်ကြိုး ဓာတ်ရထားများကို လွန်ခဲ့သည့် တစ်ရက်နှစ်ရက်ခန့်ကစ၍ အသွားအလာ လုံးဝခွင့်မပြုတော့ဘဲ ပိတ်ထားလိုက်ကြောင်း သိရှိရသည်။ ဤအတိုင်းသာဆိုလျှင် ဤတောင်ပေါ်စခန်း တည်နေရာတွင်

www.burmeseclassic.com

www.burmeseclassic.com



မှုဆိုလီနီအား ဖမ်းဆီးချုပ်နှောင်ထားသည်မှာ သေချာပြီဟု တထစ်ချယူဆစရာ ဖြစ်လာခဲ့သည်။

ဤအချက်ကို ပို၍သေချာသည်ထက် သေချာစေရန် စကော်ဇေနီသည် အဆိုပါ တောင်ပေါ်စခန်းကို လေယာဉ်ဖြင့် ပျံသန်း၍ ဓာတ်ပုံရိုက်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။

နောက်တစ်နေ့မှာ စက်တင်ဘာလ (၈) ရက်နေ့ဖြစ်သည်။ ထိုနေ့တွင် စကော်ဇေနီသည် ရာဒယ်နှင့်အတူ လေယာဉ်ငယ်တစ်စင်းဖြင့် ဂရင်းဆက်ဆို တောင်ပေါ်ဒေသ တစ်ဝိုက်သို့ ပျံဝဲခဲ့ကြသည်။ စကော်ဇေနီသည် တောင်ပေါ် စခန်း၌ အနေအထားကို ဓာတ်ပုံရိုက်ရန်အတွက် သူတို့စီးလာကြသည့် လေယာဉ်၏ ဝမ်းဗိုက်အောက်တွင် အလိုအလျောက် ဓာတ်ပုံရိုက်သည့် "အော်တိုမက်တစ် ကင်မရာ"တစ်လုံး တပ်ဆင်လာခဲ့သည်။

အရေးတကြီး လုပ်ရသည့် လုပ်ငန်းမှန်သမျှ အနည်းနှင့်အများ အခက်အခဲ တွေ့ရစမြဲဖြစ်သည်။ "အလျင်လိုမှ အနှေးဖြစ်" တတ်သည်။ လေယာဉ်တွင် တပ်ဆင်ထားသည့် အဆိုပါ အော်တိုမက်တစ် ကင်မရာမှာ တောင်ပေါ်စခန်းသို့ ရောက်ခါနီးတွင်မှ ခလုတ်ပျက်၍ "ဂျမ်း"ဖြစ်သွားခဲ့သည်။ သို့ဖြစ်ရာ စကော်ဇေနီသည် ကံအားလျော်စွာ လိုသုံးလိုမယ် ယူလာခဲ့သော ရိုးရိုးကင်မရာဖြင့် ဓာတ်ပုံများ ရသလောက် ရိုက်ယူခဲ့သည်။

သို့သော် ပေတစ်သောင်းနီးပါးခန့် မြင့်သည့် ကောင်းကင်တွင် အရှိန်ဖြင့် ပျံဝဲနေသော လေယာဉ်ပေါ်မှနေ၍ ကင်မရာကို အောက်သို့ချိန်ကာ ဓာတ်ပုံရိုက်ရသည့်အလုပ်မှာ လက်တွေ့အားဖြင့် မလွယ်လှသည်ကို တွေ့ရသည်။ စကော်ဇေနီသည် ရေခဲလုမတတ် အေးနေပြီး အရှိန်ပြင်းစွာဖြင့် ဆန့်ကျင်ဘက် တိုက်ခတ်နေသော လေထုထဲတွင် လေယာဉ်ကိုယ်ထည်၏ အပြင်သို့ ခေါင်းပြူကာ အောက်သို့ငုံ့ပြီး ခက်ခက်ခဲခဲ ဓာတ်ပုံရိုက်ခဲ့ရသည်။ ထိုသို့ ကောင်းကင်တွင် လေယာဉ်ပေါ်မှ ဓာတ်ပုံရိုက်နေခိုက်၊ အဟုန်ပြင်းလုလွန်းပြီး လူတစ်ကိုယ်လုံး အပြင်သို့ လွင့်ထွက်ကျသွားမည် စိုးရသဖြင့် တဖျပ်ဖျပ် ဓာတ်ပုံရိုက်နေသော စကော်ဇေနီ၏ ခြေ

www.burmeseclassic.com

www.burmeseclassic.com



ထောက် နှစ်ဖက်ကို ရာဒယ်က တအားဆွဲထားခဲ့ရသည်။

အကယ်၍ ထိုသို့သာ ခြေထောက်ကို ဆွဲမထားပါက ပထမတစ်ကြိမ် မက်ဒါလီနာဆိပ်ကမ်းတွင် ရေထဲသို့ လေယာဉ်ပျက်ကျစဉ်ကထက် ပိုဆိုးပြီး ယခုတစ်ကြိမ်တွင် နံရိုးသုံးချောင်းသာမက တစ်ကိုယ်လုံး ကျိုးပဲ့ကြေမွ၍ အရိုးရောအသားပါ ရှာမရအောင် ဖြစ်သွားမည်မှာ မုချဖြစ်သည်။

သို့ဖြင့် လိုချင်သည့် ဓာတ်ပုံများကို ရသည့်နည်းဖြင့် ရိုက်ယူခဲ့ကြသည်။ တောင်ပေါ်အားကစားခန်း တစ်ခုလုံး၏ပုံ၊ ဟိုတယ် အဆောက်အဦပုံ၊ ကောင်းကင်ကြိုး ဓာတ်ရထားဆိုက်သည့် ဘူတာရုံကလေး၏ ပုံနှင့်တကွ ဟိုတယ်အဆောက်အဦ၏ ဘေးနားမှာ သုံးမြှောင်မြေကွက်လပ်လေးပါမကျန် ထင်ရှားသည့် မြေပြင်အမှတ်အသား မှန်သမျှကို ရိုက်ယူခဲ့ကြသည်။

အသွားတွင် အော်တိုမက်တစ် ကင်မရာ ပျက်ခဲ့ရသည့်နည်းတူ အပြန်ခရီးတွင်လည်း အကြီးအကျယ် ဒုက္ခရောက်ခဲ့ရသည်။ ဂျာမန်စစ်ဌာနချုပ်သို့ သူတို့လေယာဉ် ပြန်မရောက်မီကလေးမှာပင် အမေရိကန်ဗုံးကြဲလေယာဉ်ကြီးများသည် ဌာနချုပ်အဆောက်အဦများပေါ်သို့ ဗုံးများတရပေါ ကြဲချခဲ့ကြရာ သူတို့ပြန်ရောက်သွားသည့် အချိန်တွင် ဌာနချုပ်တစ်ခုလုံး မီးဟုန်းဟုန်း တောက်လောင်နေသည်ကို ထိတ်လန့်ဖွယ်ရာတွေ့မြင်ကြရသည်။ ကံအားလျော်စွာ ထိုသို့မီးဟုန်းဟုန်း တောက်လောင်၍ ပေါက်ကွဲနေသော အဆောက်အဦများကို လွတ်အောင်ရှောင်တိမ်းကာမြေပြင်သို့ ကမန်းကတန်း ထိုးစိုက်ဆင်းခဲ့ရသည်။

အမေရိကန်တို့၏ ဗုံးဒဏ်ကြောင့် သူတို့နေထိုင်ရာ အဆောက်အဦများလည်း မီးလောင်ပျက်စီးခဲ့ရာမှ စကော်ဇနီတို့အတွက် အထူးထိခိုက်စရာဖြစ်ခဲ့ရသည်မှာ ပုံကြီးချဲ့သည့် ဓာတ်ပုံကူးစက်များပါ မီးထဲကို ပါသွားခြင်း ဖြစ်သည်။ သို့ဖြင့် ဂရင်းဆက်ဆို တောင်ပေါ်စခန်းမှ ရိုက်ကူးလာခဲ့သော ဓာတ်ပုံများကို အသေးစိတ်ပုံကြီးချဲ့၍ လေ့လာကြည့်ရှုမည့် အစီအစဉ်များ ပျက်ပြားခဲ့သည်။

ထိုနေ့က အမေရိကန် လေယာဉ်များ၏ အပြင်းအထန်ဗုံးကြဲမှုကို

www.burmeseclassic.com

www.burmeseclassic.com



ခံလိုက်ရပြီးနောက် အခြေအနေမှာ ပို၍ဆိုးဝါးလာခဲ့သည်။ ရောမမြို့တော် တစ်ခုလုံးမှာ ရုတ်ရုတ်သဲသဲဖြင့် ထိန်းမနိုင်သိမ်းမရ ဖြစ်နေသည်။ ဤအတောအတွင်း အီတလီတပ်များ မဟာမိတ်ထံသို့ လက်နက်ချလိုက်ပြီဆိုသော သတင်းထွက်ပေါ်လာခဲ့ရာ စောစောက ဟန်ဆောင်၍ အပေါ်ယံ ဆက်ဆံနေကြသော ဂျာမန်တပ်များနှင့် အီတလီတပ်များအကြား တင်းမာမှုများ သိသိသာသာကြီး ပေါ်ပေါက်လာခဲ့သည်။ အချို့နေရာများတွင် တစ်ဖက်နှင့်တစ်ဖက် ပစ်ခတ်မှုများပင် ပြောက်တိပြောက်ကျား ဖြစ်ပွားလာခဲ့ကြသည်။

သို့ဖြစ်ရာ မူဆိုလီနီအား အချိန်မီကယ်တင်ရန် ယခင်ကထက်ပို၍ အရေးကြီးလာပြီဖြစ်သည်။

ဤအတောအတွင်း ဂရင်းဆက်ဆို တောင်ပေါ်စခန်းတွင် **မူဆိုလီနီ** ရှိနေသည်မှာ သေချာသလောက်ဖြစ်ကြောင်း ခိုင်လုံသော **အထောက်အထားတစ်ခု** ထပ်မံတွေ့ရှိရပြန်သည်။ စကော်ဇနီသည် **ဂျာမန်စစ်ဖက်ဆိုင်ရာ** ဆရာဝန်တစ်ယောက်အား ကျန်းမာရေးအတွက် အနားယူအပန်းဖြေရန်အတွက် ဂရင်းဆက်ဆို တောင်ပေါ်စခန်းမှ ဟိုတယ်တွင် သင့်တော်ကြောင်း အကြံပေးလိုက်သည်။ သူ၏အကြံပေးချက်အရ အဆိုပါဆရာဝန်သည် ဂရင်းဆက်ဆို စခန်းသို့သွားရန် စီစဉ်ခဲ့ရာ ထိုစခန်းသို့ မည်သူတစ်ဦး တစ်ယောက်မျှ သွားခွင့်မပြုတော့ကြောင်း သိရသည်။

တစ်ဖန် စကော်ဇနီသည် အခြေအနေကို လေ့လာရန်အတွက် တစ်နေရာမှနေ၍ ဂရင်းဆက်ဆိုစခန်းရှိ ဟိုတယ်မန်နေဂျာထံ အကြောင်းကိစ္စတစ်စုံတစ်ရာရှိသည့်ဟန်ဖြင့် တယ်လီဖုန်း လှမ်းဆက်ကြည့်ရာ ဟိုတယ်မန်နေဂျာနှင့် မတွေ့ရဘဲ တယ်လီဖုန်းထဲမှနေ၍ အီတလီစစ်ဗိုလ်တစ်ယောက်၏ ဟိန်းဟောက်ခြင်းကိုသာ ခံခဲ့ရသည်။ သည့်ထက်ပို၍ သေချာသည့်အချက်မှာ အဆိုပါ တောင်ပေါ်စခန်းရှိ ဟိုတယ်မှ အလုပ်သမားများက မိမိတို့အား တစ်စုံတစ်ရာ ကြိုတင်၍ "နို့တစ်" မပေးဘဲ အလုပ်မှ ရုပ်စဲပစ်ခဲ့သည့်အတွက် လျော်ကြေးပေးရန် အလုပ်သမား

www.burmeseclassic.com

www.burmeseclassic.com



သမဂ္ဂမှတစ်ဆင့် အစိုးရထံ အရေးဆိုသည့် တိုင်ကြားစာတစ်စောင် ပေးပို့ခဲ့ရာ ယင်းတိုင်စာထဲတွင် ထိုဟိုတယ်အား ဖက်ဆစ် မူဆိုလီနီ အတွက် အသုံးပြု ရန်ဟူ၍ သက်ဆိုင်ရာက အကြောင်းကြားခဲ့ကြောင်း အတိအလင်း ဖော်ပြပါရှိခဲ့သည်။

ဂရင်းဆက်ဆိုတွင် မူဆိုလီနီရှိနေသည်မှာ သေချာနေပေပြီ။

စကော်ဇနီသည် သူနှင့် ရာဒယ်တို့ လေယာဉ်ဖြင့် သွားရောက် ရိုက်ကူးခဲ့သည့် ဂရင်ဆက်ဆိုစခန်းမှ ဓာတ်ပုံများကို ပုံကြီးမချဲ့နိုင်တော့ဘဲ သည်အတိုင်းပင် ကူးကြည့်ခဲ့ကြသည်။ ပုံများမှာ လေးလက်မပတ်လည် မျှသာရှိ၍ ပုံကြီးချဲ့သလောက် အသေးစိတ် ထင်ထင်ရှားရှား မပြတ်သား သော်လည်း မြေအနေအထားနှင့် အဆောက်အဦပုံများကိုမူ အတော် အတန် ပီပီသသ မြင်ကြရသည်။ အထူးသဖြင့် ဟိုတယ်၏ ဘေးနားတွင် သုံးမြှောင့်သဏ္ဍာန် မြေကွက်လပ်ကလေးမှာ ဓာတ်ပုံထဲတွင် ထင်းနေ အောင် ပေါ်လွင်လှသည်။

စကော်ဇနီသည် ဓာတ်ပုံထဲမှ အဆိုပါမြေကွက်ကလေးကို အသေ အချာကြည့်ရင်း စိတ်ကူးတစ်ခု ရလာသည်။

အမှန်စင်စစ် ဂရင်းဆက်ဆို တောင်ပေါ်စခန်း ဟိုတယ်အဆောက် အဦရှိရာသို့ အရောက်သွားနိုင်သည့် တစ်ခုတည်းသော လမ်းပန်းဆက်သွယ် ရေးမှာ ကောင်းကင်ကြိုး ဓာတ်ရထားသာလျှင် ရှိသည်။ အမြင့်ပေ ခြောက်ထောင်ကျော်ရှိသည့် ထိုနေရာ ပတ်ပတ်လည်တွင် အလွန်မြင့်မား မတ်စောက်သည့် တောင်တန်းတောင်စောင်းများ ထူထပ်လှသည်ဖြစ်ရာ ရိုးရိုးသာမန်ခြေလျင်လမ်းဖြင့်တက်ရန် လုံးဝမဖြစ်နိုင်သည့်နေရာပင် ဖြစ်သည်။

သို့ဖြစ်လျှင် ထိုသို့ ခြေလျင်ခရီးဖြင့် မြေပြင်မှတက်၍ မဖြစ်နိုင် သော ထိုနေရာသို့ ကောင်းကင်မှ လေယာဉ်ဖြင့် ဆင်းသက်ရန် စဉ်းစား ကြံဆကြည့်ပြန်သည်။ သို့သော် လေယာဉ်ပြေးလမ်းကြောင်း မရှိဘဲ အလွန် ကျဉ်းမြောင်းလှသည့် အဆိုပါမြေနေရာ ကွက်ကွက်ကလေးတွင် လေယာဉ်ဆင်းသက်ရန်မှာ ဘယ်နည်းနှင့်မျှ မဖြစ်နိုင်ကြောင်း တွေ့နေရ

www.burmeseclassic.com

www.burmeseclassic.com



ပြန်သည်။ ထို့မှတစ်ဖန် လေထီးဖြင့် ဆင်းသက်မည်ဆိုပါလျှင်လည်း ထိုနေရာ တစ်ဝိုက်မှ အရှိန်အဟုန်ပြင်းလှသည့် လေဝဲ၏ တိုက်ခိုက်မှုနှန်း အရ လေထီးများ လွင့်စင်စုတ်ပြတ်ကာ လေထီးသမားများ၏ အသက် အန္တရာယ်ပါ ထိခိုက်ဖွယ်ရာ ရှိနေသည်။

ထိုသို့ လေယာဉ်ရော လေထီးပါ ဆင်းသက်၍ မရနိုင်လောက် အောင် ဖြစ်နေပါက အကယ်၍ "ဂလိုက်ဒါ" ခေါ် စက်မဲ့လေယာဉ်များဖြင့် ဆင်းသက်လျှင် ဖြစ်နိုင်စရာ ရှိပါမည်လော။

ထိုသို့ ရုတ်တရက် ဖျတ်ခနဲ စဉ်းစားလိုက်မိသည်နှင့် တစ်ပြိုင်နက် စကော်ဇနီသည် ခါတ်ပုံထဲမှ ဟိုတယ်၏ ဘေးနားတွင် တွေ့မြင်နေရ သော သုံးမြှောင့်မြေကွက်လပ်ကလေးကို အသေအချာ ပြန်ကြည့်လိုက် မိသည်။ အကယ်၍ ဤမြေကွက်လပ်ကလေးသည် အတော်အတန် ညီညာပြန့်ပြူးနေမည်ဆိုပါက အဆိုပါ ဂလိုက်ဒါခေါ် စက်မဲ့လေယာဉ် အချို့ ဆင်းသက်နိုင်လိမ့်မည်ဟု ခန့်မှန်းရသည်။

ဤအတိုင်းသာဆိုပါက အသေခံကွန်မန်ဒို တပ်သားများသည် စက်မဲ့လေယာဉ်များဖြင့် ထိုနေရာသို့ ရုတ်တရက်အလစ်တွင် ဆင်းသက် ပြီးနောက် ထိုနေရာနှင့် ကပ်နေသော ဟိုတယ်အဆောက်အဦပေါ်ရှိ မူဆိုလီနီအား တစ်ဟုန်ထိုး ဝင်ရောက်ကယ်နိုင်ကြမည် ဖြစ်သည်။ ထို့မှ တစ်ဆင့် တောင်ပေါ်စခန်းရှိ ကောင်းကင်ကြိုး ဓါတ်ရထားရုံသို့ မူဆိုလီနီ အား ခေါ်ဆောင်ကာ ယင်းဓါတ်ရထားဖြင့် တောင်ခြေသို့အရောက် ခေါ်ဆောင်လာနိုင်သည်။ ထိုအချိန်တွင် တောင်ခြေရှိ ကောင်းကင်ကြိုး ဓါတ်ရထားရုံကိုလည်း တောင်အောက်မှ ဂျာမန်တပ်များက အဆင်သင့် တိုက်ခိုက် သိမ်းပိုက်ထားပြီး ဖြစ်နေရမည်။

ဤအစီအစဉ်အရ ဆိုပါလျှင် စက်မဲ့လေယာဉ်များဖြင့် တောင်ပေါ် စခန်းသို့ ဆင်းသက်ကြပြီးနောက် အသေခံတပ်သားများသည် ဟိုတယ် အဆောက်အဦပေါ်မှ မူဆိုလီနီရှိရာသို့ သုံးမိနစ်အတွင်း ရောက်ရှိနိုင်မည် ဟု စကော်ဇနီတွက်မိသည်။ ထိုနေရာမှတစ်ဆင့် တောင်ခြေသို့ ရောက် ရန် အချိန်မည်မျှကြာဖွယ်ရာ ရှိပါသနည်း။ ဤအချက်နှင့် ပတ်သက်၍မူ

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေနှင့် အခွင့်အလမ်း ဆုံးဖြတ်လိမ့်မည်သာ ဖြစ်သည်။

အထက်ပါ အစီအစဉ်များကို စကော်ဇနီက ဗိုလ်ချုပ် စတူးဒင့်ထံ တင်ပြသောအခါ စတူးဒင့်သည် အမာရွတ်ကြီးရှိနေသည့် သူ့မျက်နှာကို တွန့်ကာ စကော်ဇနီအား မျက်မှောင်ကြုတ်၍ ကြည့်လိုက်သည်။ စကော်ဇနီ ၏ ပြင်းပြထက်သန်နေသော စိတ်ဓာတ်ကို နားလည်သဘောပေါက်ထားသော စတူးဒင့်သည် သူကိုယ်တိုင် တစ်စုံတစ်ရာ အဆုံးအဖြတ် မပေးဘဲ၊ လေထီးတပ်ဖွဲ့မှ ကျွမ်းကျင်သော ပါရဂူများဖြစ်သည့် အရာရှိနှစ်ယောက်ကို ခေါ်၍ တင်ပြတိုင်ပင်ခဲ့သည်။

၎င်းတွင် ပါရဂူအရာရှိနှစ်ဦးက စက်မဲ့လေယာဉ်ဆင်းရမည့် သုံးမြောင့် မြေကွက်လပ်ကလေးမှာ သေးငယ်ကျဉ်းမြောင်းလွန်းသည်။ ထိုမြေကွက်ကလေးပေါ်သို့ စက်မဲ့လေယာဉ်များ ဆင်းသက်ရန်မှာ အန္တရာယ်များလှသည်။ အကယ်၍ ထိုနေရာသို့ ထိုပုံထိုနည်းဖြင့် ဆင်းသက်ကြမည်ဆိုပါက အသေခံတပ်သား တစ်ရာဆင်းလျှင် အများဆုံး လူနှစ်ဆယ်သာလျှင် အသက်ရှင်နိုင်ဖွယ် ရှိသည်… စသည်ဖြင့် စကော်ဇနီအား တွက်ပြကြသည်။

၎င်းတွင် စကော်ဇနီက အဆိုပါ တောင်ပေါ်စခန်းသို့ အရောက်သွားနိုင်သည့် နည်းလမ်းမှာ ၎င်းတစ်လမ်းသာ ရှိတော့ကြောင်း၊ အကယ်၍ ၎င်းနည်းလမ်းထက် သာလွန်ကောင်းမွန်သည့် နည်းလမ်းများရှိပါက ၎င်းတို့အနေဖြင့် အပြန်အလှန် တင်ပြစေလိုကြောင်း၊ ထိုသို့ တင်ပြခြင်း မပြုနိုင်ပါက မိမိ၏အစီအစဉ်ကို လက်ခံခွင့်ပြုစေလိုကြောင်း၊ အကယ်၍ ဟစ်တလာကိုယ်တိုင် ပေးအပ်လိုက်သော တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ရမည်ဆိုပါက မိမိအနေဖြင့် ၎င်းနည်းလမ်းသာ ရှိသည်ဟု အနိုင်အမာယူဆကြောင်း စသည်ဖြင့် အကြောက်အကန် ပြောပြခဲ့သည်။

နောက်ဆုံး၌ ဗိုလ်ချုပ်စတူးဒင့်နှင့် ပါရဂူအရာရှိများသည် စကော်ဇနီ၏ ခေါင်းမာသော အစီအစဉ်များကို ဆက်လက်ကန့်ကွက်မနေတော့ဘဲ ခွင့်ပြုလိုက်ကြရသည်။ သို့သော် စကော်ဇနီ အလိုရှိသည့် စက်မဲ့လေယာဉ်များကို ပြင်သစ်ပြည်တောင်ပိုင်းမှ မှာကြားပေးရမည်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သဖြင့် သုံးရက်ခန့် ဆိုင်းငံ့ပါရန် မေတ္တာရပ်ခံခဲ့ကြသည်။ တိုက်ပွဲစတင်မည့် နေ့ရက်ကို စက်တင်ဘာလ (၁၂) ရက်နေ့ဟူ၍ သတ်မှတ်ခဲ့ကြသည်။ ဂလိုက်ဒါခေါ် စက်မဲ့လေယာဉ်များ ချိတ်ဆွဲထားသည့် လေယာဉ်များကို ထိုနေ့နံနက် (၇) နာရီတိတိတွင် သတ်မှတ်ထားသည့်နေရာမှ စတင်ထွက်ခွာ ပျံသန်းရန် ဆုံးဖြတ်ခဲ့ကြသည်။

ထိုနေ့ညတွင် စကော်ဇေနီသည် သူ၏အသေခံတပ်သားများအား ခေါ်ယူတွေ့ဆုံ၍ မိမိတို့သည် ခေါင်းဆောင်ကြီး ဟစ်တလာ ကိုယ်တိုင်ကိုယ်ထိလက်ရောက် ညွှန်ကြားချက်အရ အန္တရာယ်များပြား၍ အခက်အခဲကြီးမားလှသည့် လုပ်ငန်းတာဝန်တစ်ရပ်ကို ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့သည်။

"မှန်တဲ့အတိုင်း ပြောရမယ်ဆိုရင် ဒီကိစ္စနဲ့ ပတ်သက်ပြီး သက်ဆိုင်ရာ ပါရဂူတွေက ငါတို့ကိုသိပ်ပြီး ခွင့်မပြုချင်ကြဘူး။ တိုက်ပွဲမစခင်ကတည်းက ငါတို့ဘက်က အတော်များများ ကျဆုံးလိမ့်မယ်လို့ သူတို့က ထင်နေကြတယ်၊ တိုက်ပွဲမှာ အတော်များများ ကျဆုံးဖို့ ငါမျှော်လင့်တယ်၊ ဒါကြောင့် ဒီတိုက်ပွဲမှာ ပါရမယ်လို့ ဖြစ်နေတဲ့လူတွေ နောက်ပိုင်းက မိသားစုအတွက် စိုးရိမ်ပူပန်မှု ရှိနေတဲ့လူတွေအနေနဲ့ အခုကတည်းက မပါဘဲ နေနိုင်တယ်၊ အဲဒီလို တိုက်ပွဲမှာ မပါဘဲနေခဲ့လို့ စိတ်ထဲကဘာမှ စနိုးစနောင့်ဖြစ်စရာမလိုဘူး။ ဒီလိုမပါဘဲနေခဲ့တာကို ဒို့တပ်သားတွေကလွဲလို့ အပြင်က ဘယ်သူမှမသိစေရဘူး။ အဲဒီလူတွေကို အရင်ကလိုဘဲ လေးလေးစားစား ဆက်ဆံသွားမယ်"

စကော်ဇေနီ၏ အသေခံတပ်များမှာ "အာဂလူ" များဖြစ်သည်။ စကော်ဇေနီက ထိုသို့ပြောသည့်တိုင်အောင် တစ်ယောက်မှ နောက်မဆုတ်ဘဲ အားလုံးရှေ့သို့ တက်ခဲ့ကြသည်။ သို့ဖြစ်ရာ ဂလိုက်ဒါဖြင့် ဆင်းရန်အတွက် အသေခံတပ်သား (၁၈) ယောက်သာ အလိုရှိနေသော စကော်ဇေနီသည် ကျန်တပ်သားများအား အတော်ကလေး သဘောပေါက်အောင် နားချထားရစ်ခဲ့သည်။

သည့်နောက် ကျန်ရှိနေသော အချိန်များတွင် ဤလက်ရွေးစင်

www.burmeseclassic.com

www.burmeseclassic.com



တပ်သား (၁၈) ယောက်နှင့် စကော်ဇနီတို့သည် လိုအပ်သမျှ စိစဉ် ပြင်ဆင် မှုများကို အပူတပြင်း လေ့ကျင့်လုပ်ကိုင်ခဲ့ကြရသည်။ ဂရင်းဆက်ဆို တောင်ပေါ်စခန်းသို့ ပျံသန်းရမည့် လေယာဉ်လမ်းကြောင်း၊ စက်မဲ့ လေယာဉ်များကို ထိန်းချုပ်ပဲ့ကိုင်နည်း၊ မြေပြင်သို့ ဆင်းသက်နည်းစနစ်များ နှင့် လိုအပ်သည့်အချိန် ခရီးအကွာဝေးနှင့် ပျံသန်းရမည့်အမြင့် စသည်တို့ ဖြစ်သည်။

တိုက်ပွဲမစမီ ညနေတွင် စကော်ဇနီနှင့် ရာဒယ်တို့သည် သူတို့၏ အသေခံတပ်သားများနှင့် တပျော်တပါးကြီး စားပွဲသောက်ပွဲကြီး ကျင်းပ ခဲ့ကြသည်။ တိုက်ပွဲအောင်မြင်ရေးအတွက် ရည်စူး၍ ရှိန်ပိန်အရက်ကို ခွက်ချင်းတော့၍ သောက်ခဲ့ကြသည်။

"မင်းတို့အနေနဲ့ တချို့နေရာတွေမှာ ဘယ်နည်းနဲ့မှ လွယ်လွယ်ကူ ကူ ရှောရှောရှူရှူ လုပ်လို့မရနိုင်တဲ့ အလုပ်တွေ ရှိတယ်ဆိုတာ သိထားဖို့ လိုတယ်၊ သက်ဆိုင်ရာ ပါရဂူတွေနဲ့ အီတလီတွေ အတွက်မှားနေကြတာ ဒါဘဲ၊ ရန်သူက စိတ်ချရပြီလို့ ယူဆနေလေလေ၊ တို့အတွက် သူတို့ သတိမထားမိတဲ့ အခွင့်အရေးတွေ ပိုပြီးရနိုင်လေလေပဲ၊ ဒါကို တို့မကြာခင် တွေ့ရလိမ့်မယ်"

စကော်ဇနီက "မဖြစ်နိုင်"သော ကိစ္စကို "ဖြစ်အောင်" လုပ်ဆောင် ရေးတွင် သူခံယူ သဘောပေါက်ထားသော အဘိဓမ္မာတစ်ရပ်ကို သူ့ တပ်သားများအား အထက်ပါအတိုင်း ဖွင့်ဆို ပြောကြားခဲ့သည်။

ထိုနေ့ညတွင် ရှေးဦးစွာ ဂရင်းဆက်ဆို စခန်း၏ အောက်ဖက် တောင်ခြေတစ်ပိုက်တွင် တောင်ကြားဒေသများကို ကြိုတင်စီးနင်းသိမ်း ပိုက်ထားရန် ဂျာမန်လေထီးတပ်ဖွဲ့မှ တပ်သားများ စတင်၍ ချီတက်သွား ကြသည်။

သူတို့ချီတက် ထွက်ခွာသွားခဲ့ကြပြီးနောက် ခဏအကြာတွင် မဟာမိတ် တပ်ပေါင်းစု အသံလွှင့်ဌာနမှ သတင်းကြေညာချက်မှာ "အီတလီဘုရင်က မူဆိုလီနီအား မဟာမိတ်တို့ လက်သို့ အပ်လိုက်ပြီဖြစ်ကြောင်းနှင့် ယခု အခါ မူဆိုလီနီအား အီတလီစစ်သင်္ဘောတစ်စင်းဖြင့် ပင်ဆောင်ကာ

www.burmeseclassic.com

www.burmeseclassic.com



မြောက်အာဖရိကတိုက်သို့ ခေါ်ဆောင်သွားပြီ" ဟူ၍ ဖြစ်သည်။

ဤသတင်း ကြေညာချက်ကို ကြားရလျှင်ကြားရချင်း စကော်ဇနီမှာ ရုတ်တရက် အသက်မရှူနိုင်အောင် ဖြစ်သွားခဲ့သည်။ သည့်အတိုင်းမှန်လျှင် မိမိတို့အတွက် "ခဲလေသမျှ သဲရေကျ" ဖြစ်ရပြီဟု ယူဆကာ ရုတ်တရက် ဘာလုပ်ရမှန်းမသိအောင် ဂယောင်ချောက်ချား ဖြစ်သွားခဲ့မိသည်။

သို့သော် ခေါင်းအေးအေးထား၍ ပြန်စဉ်းစားလိုက်သောအခါ အီတလီ စစ်သင်္ဘောကြီးများ ရှိနေသောနေရာနှင့် မူဆိုလီနီအား ဖမ်းဆီးချုပ်နှောင်ထားသည့် ဂရင်းဆက်ဆို တောင်ပေါ်စခန်းမှာ အလှမ်းကွာဝေးလှသည်ကို ချက်ချင်းသတိရလိုက်မိသည်။ ဤမျှခရီးကွာဝေးလှသည့် ဂရင်းဆက်ဆို တောင်ပေါ်စခန်းမှ အီတလီ စစ်သင်္ဘောကြီးရှိရာသို့ မူဆိုလီနီအား အချိန်မီ ခေါ်ဆောင်သွားရန်မှာ လုံးဝမဖြစ်နိုင်ကြောင်း သတိထားမိသည်။

သို့ဖြစ်ရာ မဟာမိတ်တပ်ပေါင်းစုံ အသံလွှင့်ဌာနမှ သတင်းကြေညာချက်သည် မဟုတ်မမှန် လုပ်ကြံထားသည့် သတင်းဖြစ်ရမည်ဟူ၍ တထစ်ချ တွက်လိုက်မိသည်။ ဤတွင်မှ စကော်ဇနီ၏ ရင်ထဲက အလုံးကြီး ကျသွားတော့သည်။

စကော်ဇနီ တွက်သည့်အတိုင်းပင် ဖြစ်သည်။ ထိုသတင်းမှာ မူဆိုလီနီအား ကယ်တင်ရန် လျှို့ဝှက်စွာ ကြိုးပမ်းနေကြသည့် စကော်ဇနီတို့ ဂျာမန်ကွန်မန်ဒို တပ်သားများအား မူဆိုလီနီနှင့် ပတ်သက်၍ ခြေရာခံ၍ မရအောင် တစ်ဖက်လှည့်ဖြင့် "ပုံမှားရိုက်လိုက်သည့်" သတင်းတစ်ပုဒ်ပင်ဖြစ်သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ဥရောပတစ်တိုက်လုံး အိပ်ရာမှ လန့်နိုးခြင်း

စက်တင်ဘာလ (၁၂) ရက်နေ့ နံနက်ခင်းအချိန်...

ရောမမြို့တော် ဂျာမန်စစ်ဌာနချုပ်၏ လေယာဉ်ကွင်းတွင် အသင့်ရောက်ရှိနေကြသော ဂျာမန်အသေခံတပ်သားများသည် တိမ်တိုက်များကင်းစင်၍ ကြည်လင်နေသော ကောင်းကင်ကြီးကို မကြာခဏမော့ကြည့်မိသည်။ ယနေ့နံနက်တွင်မှ ရာသီဥတု ထူးထူးခြားခြား ကောင်းမွန်၍သာသာယာယာ ဖြစ်နေသည်ကို သတိပြုမိကြသည်။ မိမိတို့ သွားရောက်ရမည့် အရှေ့မြောက်စူးစူးအရပ် အတော်ကလေး ခပ်ဝေးဝေးမှ ဖြူဖွေးသော တိမ်စိုင်တိမ်ခဲများသည် တစ်ဖြည်းဖြည်း ပါး၍ပါး၍ လေထုထဲသယ်ဆောင်ရာသို့ လွင့်ပါနေကြသည်ကို လှမ်းမြင်နေကြရသည်။

ဤအတိုင်းသာဆိုလျှင် ဂရင်းဆက်ဆို တောင်ပေါ်စခန်းသို့ မိမိတို့အသေခံတပ်သားများ အလွယ်တကူ ရောရောရှူရှူ ဆင်းသက်နိုင်ကြလိမ့်မည်ဟု မျှော်လင့်ခဲ့ရသည်။

သို့သော် မျှော်လင့်တိုင်းလည်း အခါခပ်သိမ်း ဖြစ်မလာသလိုမမျှော် လင့်ဘဲနှင့်လည်း ရံဖန်ရံခါ ဖြစ်တတ်သော နိယာမတရားသည်နေရာတိုင်း အဖြစ်အပျက်တိုင်းတွင် ရှိနေခဲ့သည်။

ဂလိုက်ဒါခေါ် စက်မဲ့ လေယာဉ်များ ချိတ်ဆွဲ၍ လေယာဉ်များဖွံ့သန်းရမည့်အချိန်ကို နံနက် (၇) နာရီဟူ၍ သတ်မှတ်ခဲ့သည်။ သို့သော်ဂလိုက်ဒါများသည် အချိန်မီ ရောက်မလာဘဲ နောက်ကျနေသဖြင့်ကောင်ဇနီတို့ ရှုစုသည် လေဆိပ်တွင် တမျှော်မျှော် ဖြစ်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



နံနက် (၇) နာရီ…၊ (၈) နာရီ…၊ (၉) နာရီ၊ နောက်ဆုံးတွင် ဂလိုက်ဒါများသည် နံနက် (၁၁) နာရီထက် စော၍ မရောက်နိုင်ဟု သိရသည်။ အသေခံတပ်သားများမှာ အကြီးအကျယ် စိတ်ပျက်သွားကြသည်။

သို့သော် မဖြစ်နိုင်သည့်အရာကို ဖြစ်အောင်လုပ်လိုသော စကော်ဇေနီကမူ ဖြစ်သမျှအကြောင်း အကောင်းကြီးဘဲဟူ၍ သဘောထားခဲ့သည်။ ယခုကဲ့သို့ ဂလိုက်ဒါများ နောက်ကျနေသဖြင့် နေမွန်းတည့်ချိန်လောက်မှ စတင်ထွက်ခွာရခြင်းသည် တစ်မျိုးတစ်ဖုံ ကောင်းသည်ဟု ယူဆမိသည်။ ဤမျှလောက် ပူပြင်းနေသည့် နေ့ခင်းဘက် မွန်းတည့်ချိန်တွင် အမြင့်ပေ ခြောက်ထောင်ကျော်ရှိ ဂရင်းဆက်ဆို တောင်ပေါ်စခန်းသို့ ရန်သူဂျာမန်များ ဆင်းသက်လာကြလိမ့်မည်ဟူ၍ ဘယ်နည်းနှင့်မျှ အီတလီတို့ မျှော်လင့်ကြလိမ့်မည်မဟုတ်၊ ထိုသို့ မမျှော်လင့်သည့်အချိန်တွင် မမျှော်လင့်သည့် နေရာမှ ဝင်ရောက်တိုက်ခိုက်ရခြင်းသည် အောင်မြင်မှုအတွက် အာမခံချက်တစ်ခုပင် မဟုတ်ပါလော။

သို့ဖြစ်ရာ စကော်ဇေနီသည် ဂလိုက်ဒါများ အရောက်နောက်ကျနေသည်ကို လုံးဝစိတ်ပျက်ညည်းညူခြင်းမပြုဘဲ သူယူလာသော သစ်သီးဘူးများနှင့် အစားအစာဘူးများကို သူ့လူများအား ပျော်ပွဲစားထွက်ကြမည့် အဖွဲ့ဝင်များပမာ လိုက်လံဝေငှကာ ရွှင်ရွှင်ပြုံးပြုံး ရှိနေခဲ့သည်။

ထိုသို့ ဂလိုက်ဒါများ အချိန်မီ ရောက်မလာခြင်းသည် သူ့လက်ထောက်အရာရှိ ရာဒယ်အတွက် အရေးကြီးသော လုပ်ငန်းတစ်ခုကို လုပ်ဆောင်ရန် အချိန်ပေးလိုက်သလို ဖြစ်ခဲ့သည်။

ရာဒယ်သည် ဂလိုက်ဒါများ ရောက်မလာမီအတွင်း ရောမမြို့ထဲသို့ အပြေးအလွှား သွားရောက်ကာ အရေးကြီးသည့် ပုဂ္ဂိုလ်တစ်ယောက်ကို ကားဖြင့် ခေါ်ဆောင်လာခဲ့သည်။ ထိုပုဂ္ဂိုလ်မှာ ဆိုလက်တီအမည်ရှိ အီတလီ ဗိုလ်ချုပ်တစ်ဦးဖြစ်သည်။

ဗိုလ်ချုပ် ဆိုလက်တီသည် ယခုအချိန်အထိ ဂျာမန်များအပေါ်တွင် ယုံကြည်လေးစားချက် ထောက်ခံအားပေးသူ တစ်ဦးဖြစ်သည်။ သို့ဖြစ်ရာ

www.burmeseclassic.com

www.burmeseclassic.com



ဂရင်းဆက်ဆို တောင်ပေါ်စခန်းကို အလစ်ဝင်ရောက် စီးနင်းတိုက်ခိုက်ရာတွင် မိမိတို့နှင့်အတူ စောင့်ကြပ်နေရသည့် အီတလီတပ်သားများအဖို့ "ယုံထင် ကြောင်ထင်"ဖြစ်ကာ မိမိတို့ဘက်မှ ပို၍ အခွင့်သာစရာရှိသည်ဟု ရာဒယ်က တထစ်ချယူဆမိသည်။ ဤသို့သော ယူဆချက်ဖြင့် သူသည် မိုလ်ချုပ် ဆိုလက်တီအား အရေးတကြီး သွားရောက်ခေါ်ဆောင် လာခဲ့ခြင်းဖြစ်သည်။

သို့ဖြင့် ၁၁ နာရီသာသာခန့်တွင် ဂလိုက်ဒါများ ရောက်ရှိလာကြရာ လေယာဉ်များတွင် ချိတ်ဆွဲ၍ စတင်ပျံသန်းရန် စီစဉ်ကြတော့သည်။ ထိုသို့ ဂလိုက်ဒါများ ချိတ်ဆွဲထားသည့် လေယာဉ်များတွင် ရှေ့ဆုံးမှ လေယာဉ်ကို ယခင်က စကော်ဇနီတို့နှင့်အတူ ဂရင်းဆက်ဆို တောင်ပေါ်စခန်းသို့ ပထာမ ပျံသန်းကြည့်ရှုခဲ့စဉ်က မောင်းနှင်လိုက်ပါခဲ့သည့် လေယာဉ်မှူးက ဦးဆောင်ပျံသန်းရမည် ဖြစ်သည်။

နေ့ ၁၂ နာရီ မိနစ် ၃၀ တိတိအချိန်တွင် စတင်ပျံသန်းရန်အတွက် စကော်ဇနီနှင့်တကွ သူ၏အသေခံတပ်သားများသည် ဂလိုက်ဒါများပေါ်သို့ တက်ရန်ပြင်ဆင်ကြသည်။ ထိုအခိုက်အတန့် ကလေးမှာပင် လေကြောင်းရန် အချက်ပေးဥဩသံသည် ကျယ်လောင်ရှည်လျားစွာ ပေါ်ထွက်လာခဲ့ရာ စကော်ဇနီတို့မှာ မည်သို့မျှ မတတ်နိုင်ဘဲ နီးရာပုန်းကျင်းများထဲသို့ အပြေးအလွှားဆင်း၍ အကာအကွယ် ယူခဲ့ကြရသည်။

ချက်ချင်းဆိုသလိုပင် မဟာမိတ် ဗုံးကြဲလေယာဉ်ကြီးများသည် ရာမ မိုးချိန်းသံများပမာ ကျယ်လောင်သည့် အသံကြီးများဖြင့် မိုးလုံးပြည့်ပျံသန်းလာကြပြီး ဗုံးများကို တအုန်းအုန်း ကြဲချကြတော့သည်။ စကော်ဇနီတို့ ဂျာမန်စစ်ဌာနချုပ် တစ်ခုလုံးမှာ တဒိုင်းဒိုင်းတဝုန်းဝုန်းဖြင့် နားကွဲလုမတတ် ပေါက်ကွဲသံများ ဆူညံမြည်ဟည်းကာ ပတ်ဝန်းကျင်တစ်ဝိုက်တွင် မြေကြီးနှင့် ဖုန်မှုန့်များ လွင့်စဉ်ဖုံးအုပ်သွားခဲ့သည်။

သို့သော် မဟာမိတ် လေယာဉ်များ ပြန်သွားကြပြီးနောက် လေကြောင်းရန် ကင်းရှင်းသည့် အချက်ပေးဥဩသံ ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် စကော်ဇနီတို့လူစုသည် ပုန်းကျင်းများထဲမှ ထွက်ကာ ရိုက်

www.burmeseclassic.com

www.burmeseclassic.com



ထွက်၍ ကြည့်လိုက်ကြသောအခါ မိမိတို့ စီးနင်းလိုက်ပါကြမည့် လေယာဉ်များနှင့် ဂလိုက်ဒါများမှာ လုံးဝမပျက်စီးဘဲ အားလုံးအကောင်း ပကတိ ရှိနေသည်ကို တအံ့တသြ တွေ့လိုက်ကြရသည်။ သူတို့အတွက် ထိခိုက်မှု ဟူ၍ လေယာဉ်ပြေးလမ်းကြောင်းတွင် အချို့နေရာများ၌ ဗုံးများ ကျရောက် ပေါက်ကွဲခဲ့သဖြင့် ကျင်းကြီးများ ဖြစ်နေခြင်းသာလျှင် ရှိသည်။

စကော်ဇနီနှင့် သူ၏အသေခံတပ်သားများသည် အားလုံးတိုင်ပင်ထားကြသည့်အလား ဂလိုက်ဒါများပေါ်သို့ ပြိုင်တူအပြေးအလွှား တက်ခဲ့ကြသည်။ စကော်ဇနီသည် သူ့အတွက် သတ်မှတ်ထားသည့် ဂလိုက်ဒါပေါ်သို့ သူ့လူများနှင့်အတူ ခုန်တက်လိုက်သည်။ တစ်ချိန်တည်းတွင် နောက်မှပါလာသော အီတလီဗိုလ်ချုပ် ဆိုလက်တီအား အပေါ်သို့ ဆွဲတင်ကာ သူ့ရှေ့တွင် အထိုင်ခိုင်းလိုက်ပြီးနောက် လေယာဉ်ကို စတင်မောင်းနှင်ရန် လက်မြှောက်၍ အချက်ပြလိုက်သည်။

စောစောက ဗုံးဒဏ်ကြောင့် လေယာဉ်ပြေးလမ်းကြောင်းပေါ်တွင် ကွက်တိကွက်ကျား ဖြစ်ပေါ်နေသော ကျင်းကြီးများကို ရှောင်တိမ်းကာ လေယာဉ်ကို အရှိန်ယူ၍ အပေါ်သို့ ပျံတက်ရသည်မှာ အသည်းယားစရာပင်ဖြစ်သည်။ စကော်ဇနီတို့၏ လေယာဉ်နှင့် ဂလိုက်ဒါသည် ကံအားလျော်စွာ တစ်စုံတစ်ရာ မထိခိုက်ဘဲ ကောင်းကင်သို့ ထိုးတက်လာနိုင်ခဲ့သော်လည်း သူတို့နောက်မှ ကပ်ပါလာကြသည့် လေယာဉ်နှစ်စင်းမှာ ကျင်းကြီးများကို လွတ်အောင်မရှောင်နိုင်ဘဲ နှစ်စင်းစလုံး ကျင်းကြီးများထဲသို့ ထိုးကျသွားခဲ့သည်။ သို့သော် စကော်ဇနီသည် ကတိုက်ကရိုက် ထွက်ခွာ ပျံသန်းလာခဲ့ရသော မိမိတို့လေယာဉ်နှင့် ဂလိုက်ဒါကိုသာ အာရုံစိုက်နေရသည့်ပြင် ဂလိုက်ဒါပေါ်တွင် မိမိ၏ ဒူးနှစ်လုံးကြား၌ ဗိုလ်ချုပ်ဆိုလက်တီအား ညှပ်ထားပြီး ကြပ်ကြပ်တည်းတည်း လိုက်ပါလာခဲ့ရသဖြင့် မိမိတို့ နောက်တွင် လေယာဉ်နှစ်စင်း ကျင်းကြီးများသို့ ကျကျန်ရစ်ခဲ့သည်ကို လုံးဝမမြင်လိုက် မသိလိုက်ရဘဲ ဖြစ်သည်။

ထိုမှတစ်ဖန် အရှိန်ဖြင့် စက်ကုန်ဖွင့်၍ ပျံသန်းလာသော မိမိတို့၏ လေယာဉ်သည် အမြင့်ပေ သောင်းနှစ်ထောင်မှ အရောက်တွင်

www.burmeseclassic.com

www.burmeseclassic.com



မိမိတို့ရှေ့မှ လမ်းပြအဖြစ် ပျံသန်းနေသော လေယာဉ်နှင့် ဂလိုက်ဒါ နှစ်စင်းကို လုံးဝမမြင်ရတော့ဘဲ အစအနပျောက်သွားခဲ့ပြန်သည်။ မိမိတို့ လေယာဉ်၏ ပျံသန်းမှုအရှိန်အရ များမကြာမီဂရင်းဆက်ဆို တောင်ပေါ် စခန်းသို့ ရောက်လာတော့မည်ဖြစ်ရာ ထိုသို့လမ်းပြလေယာဉ်များ ပျောက်ဆုံးနေခြင်းဖြင့် အခြေအနေမှာ ဆိုးဆိုးဝါးဝါးဖြစ်လာနိုင်စရာ ရှိနေ သည်။

သို့ဖြစ်ရာ စကော်ဇနီသည် မိမိတို့ ဆင်းသက်ရမည့် နေရာကို မာတ်ပုံထဲတွင် မှတ်သားထားသည့်အတိုင်း ကိုယ်တိုင် ရှေ့ဆောင်သွားရန် စိတ်ကူးလိုက်မိသည်။ သို့သော် လောလောဆယ် ဂလိုက်ဒါပေါ်တွင် မိမိထိုင်၍ လိုက်ပါလာရသည့်နေရာမှာ ကျဉ်းကြပ်လွန်းလှသဖြင့် ရှေ့နောက် ဝဲယာဘယ်ကိုမျှ ကြည့်၍မရဘဲ မည်သည့်အရပ်သို့ ပျံသန်း ရောက်ရှိနေသည်ကိုပင် မသိနိုင်အောင် ဖြစ်နေသည်။

နောက်ဆုံး၌ စကော်ဇနီသည် မည်သို့မှမတတ်နိုင်တော့ဘဲ ခါးကြားမှဓားမြှောင်ကို ဆွဲထုတ်ကာ ဂလိုက်ဒါ၏ ဘေးဘက်မှ ပတ္တူစကို ဓားဦးဖြင့် ခွဲ၍ ဖြဲချလိုက်သည်။ ထို့နောက် ပြဲဟသွားသော ပတ္တူစကို မသိမသာလှပ်ကာ အပြင်သို့ ရုတ်တရက် လှမ်းကြည့်လိုက်သောအခါ မိမိတို့ဂလိုက်ဒါ၏ အောက်ဖက်တွင် မှိုင်းပြပြတောင်တန်းများကို မြင်လိုက် ရသည်။ ခဏအကြာတွင် ဂရင်းဆက်ဆို တောင်ထိပ်ပေါ်သို့ ရောက် လာပြီး သူ့မျက်စိထဲတွင် ကောင်းကောင်းကြီး မှတ်မိနေသော ဟိုတယ် အဆောက်အဦနှင့်တကွ ဘေးနားမှ သုံးမြှောင် မြေကွက်လပ်ကလေးကိုပါ အထင်အရှား မြင်တွေ့လိုက်ရသည်။ ဤမြေကွက်လပ်ကလေးသည် ပင်လျှင် သူတို့ ဆင်းကြရမည့် နေရာဖြစ်သည်။

"ကြိုးဖြုတ်လိုက်တော့ . . ."

စကော်ဇနီက ရှေ့မှ ဂလိုက်ဒါပဲ့ထိန်းသူအား လှမ်းအော်ပြောလိုက် သည်။ ချက်ချင်းပင် လေယာဉ်ဖြင့် တွဲချိတ်ထားသော ကြိုးသည် ရုတ်တရက် ပြုတ်သွားပြီးနောက် စကော်ဇနီတို့ စီးလာကြသော ဂလိုက်ဒါ သည် အောက်ဖက်သို့ အနည်းငယ်ကျသွားပြီး လေထဲတွင် အရှိန်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ပျံ့ဝဲလျက် ရှိနေသည်။ စက်သံများ လုံးဝမကြားရတော့ပြီဖြစ်သော်လည်း ဂလိုက်ဒါ၏ အတောင်ပံနှစ်ဖက်သို့ အရှိန်ဖြင့် တိုးဝင်လာနေသော လေထုအသံကိုမူ တရှဲရှဲ ကြားနေရသည်။

ဂလိုက်ဒါသည် တဖြည်းဖြည်း ပျံ့ဝဲရင်း အောက်ဖက်သို့ နိမ့်ဆင်းလာခဲ့ရာ ရှေ့မှ ပဲ့ထိန်းသည် စကော်ဇနီအား လှမ်းကြည့်လိုက်ပြီး မြေပြင်ပေါ်သို့ သုံးမြှောင့်သဏ္ဌာန် မြေကွက်လပ်ကလေးရှိရာသို့ လက်ညှိုးထိုးပြလိုက်သည်။ စကော်ဇနီသည် တစ်စတစ်စဖြင့် နိမ့်၍နိမ့်၍ ဆင်းလာသော ဂလိုက်ဒါပေါ်မှ ငုံ့ကြည့်လိုက်ရာ မိမိတို့စိတ်ထဲတွင် မြေကွက်လပ်ကလေးဟူ၍ ယူဆခဲ့ကြသော အဆိုပါ သုံးမြှောင့်သဏ္ဌာန်မှာ ညီညာပြန့်ပြူးသည့် မြေပြင်မဟုတ်ဘဲ တစ်ဖက်နိမ့် တစ်ဖက်မြင့်နေသည့် ဆင်ခြေလျှော တောင်စောင်းတစ်ခု ဖြစ်နေသည်ကို ရုတ်တရက် တွေ့လိုက်ရသည်။ မြေညီမြေပြန့်မဟုတ်သဖြင့် ဂလိုက်ဒါကို ချောချောမွေ့မွေ့ အလွယ်တကူ ဆင်းသက်စေရန်မှာ လုံးဝမဖြစ်နိုင်တော့သည်ကို သိလိုက်ရသည်။

အောက်ဖက်သို့ တဖြည်းဖြည်း နိမ့်သည်ထက် နိမ့်ဆင်းလာပြီး မြေပြင်နှင့် နီးသည်ထက် နီးလာနေပြီဖြစ်ရာ ဤအတိုင်းသာဆိုလျှင် မိမိတို့ ဂလိုက်ဒါသည် အဆိုပါ သံမြှောင့်တောင်စောင်းမှ ကျောက်ဆောင် ကျောက်သားများဖြင့် ရိုက်မိ၍ အစိတ်စိတ်အမြွှာမြွှာ လွင့်စဉ်သွားတော့မည်မှာ သေချာနေပြီ ဖြစ်သည်။

ဤတိုက်ပွဲအတွက် အသေးစိတ် စီစဉ်ပြင်ဆင်ခဲ့ကြစဉ်က ယခုလို ဂလိုက်ဒါကို သတ်မှတ်ထားသည့် နေရာ၌ အလွယ်တကူဆင်း၍ မရ လောက်အောင် အခက်အခဲတွေ့နေပါက တိုက်ပွဲကို ဆက်လက်ဆင်နွှဲခြင်းမပြုတော့ဘဲ ဂလိုက်ဒါကို တောင်ကြားထဲမှ အန္တရာယ်ကင်းရှင်းသည့် တစ်နေရာတွင် ဆင်းသက်ကြရမည်ဟူ၍ ဗိုလ်ချုပ်စတူးဒင့်က ညွှန်ကြားခဲ့သည်။ သို့သော် စကော်ဇနီသည် ချက်ချင်းပင် ဆုံးဖြတ်လိုက်သည်။ သူ့စိတ်ထဲတွင် ဤမျှခက်ခက်ခဲခဲဖြင့် သက်စွန့်ကြိုးပမ်း ပျံသန်းလာခဲ့ကြရပြီးမှ ယခုလို ဂလိုက်ဒါကို အလွယ်တကူ ဆင်းရသဖြင့် တိုက်ပွဲတစ်ခုလုံးကို ပယ်ဖျက်ပစ်လိုက်ရန်မှာ ရင်နာစရာကောင်းလှပါ

www.burmeseclassic.com

www.burmeseclassic.com



သည်ဟု ယူဆသည်။ သို့ဖြစ်ရာ သူသည် ခေါင်းထဲတွင် ဖျပ်ခနဲပေါ်လာသည့် အစီအစဉ်တစ်ခုကို ချက်ချင်းလုပ်ဆောင်ရန် သန္နိဋ္ဌာန်ချလိုက်သည်။

"ဒိုင်ဗင်ထိုးပြီး စိုက်ချလိုက် ဟိုတယ်နှင့် နီးနိုင်သမျှ နီးတဲ့နေရာမှ ဆင်းပါ"

စကော်ဇနီ၏ အမိန့်ပေးသံဆုံးသည်နှင့် တစ်ပြိုင်နက် ပဲ့ထိန်းသည် ဂလိုက်ဒါကို တောင်စောင်းပေါ်သို့ ဘေးတိုက်တည့်တည့်ကြီး ထိုးစိုက်ချလိုက်သည်။ ဂလိုက်ဒါ၏ ဦးပိုင်းသည် ဆင်ခြေလျှောနေသော တောင်စောင်းကို ဝင်ဆောင့်လိုက်ရာ ဂလိုက်ဒါ ကိုယ်ထည်တစ်ခုလုံးသည် သိမ့်သိမ့်ခါ၍ အတောင်ပံများ တစ်ခုစီတစ်စစီ ပြုတ်ထွက်လွင့်စဉ် သွားခဲ့ပြီး ကျောက်ဖျာပိုင်းကြီးပေါ်တွင် မလှုပ်မယှက် ငြိမ်သက်စွာ ရပ်သွားခဲ့သည်။

စကော်ဇနီ၏ ပထမဆုံးအတွေးမှာ "ငါမသေသေးဘူး" ဟူသော အတွေးဖြစ်သည်။ ထို့နောက် ဒုတိယအတွေးမှာ မူဆိုလီနီရှိရာသို့ သုံးမိနစ်အတွင်း အရောက်သွားရန်ပင် ဖြစ်သည်။

သူသည် ပျက်စီးသွားသော ဂလိုက်ဒါပေါ်မှ ဖြုန်းခနဲဆင်းလိုက်သည်။ သူရှေ့တည့်တည့် ကိုက်နှစ်ဆယ်ခန့်အကွာတွင် ဟိုတယ်၏ အုတ်နံရံကို လှမ်းမြင်နေရသည်။ အဆိုပါ အုတ်နံရံဘေးတွင် အီတလီအစောင့် စစ်သားတစ်ယောက်သည် ရုတ်တရက် ကောင်းကင်မှ ဖြုန်းခနဲ ကျလာသော စကော်ဇနီတို့လူစုကို အင်္ဂါဂြိုဟ်မှ သတ္တဝါများ ဤကမ္ဘာမြေပေါ်သို့ ဆင်းလာကြသည်ကို မြင်လိုက်ရသည့်အလား အံ့အားအသင့်ကြီးသင့်ကာ ပါးစပ် အဟောင်းသားဖြင့် မလှုပ်မရှားဘဲ ကြောင်ကြည့်နေမိသည်။

ထိုအခိုက်မှာပင် စကော်ဇနီသည် အဆိုပါ အီတလီစစ်သားရှိရာသို့ တစ်ဟုန်ထိုး ပြေးသွားပြီး မေးရိုးကို သေနတ်ဒင်ဖြင့် တအားပင်၍ ရိုက်ချလိုက်ရာ ထိုစစ်သားမှာ ပါးစပ်မှ အော်ချိန်ပင်မရလိုက်ဘဲ ပုံလျက်သား ကျသွားခဲ့သည်။ ထို့နောက် ထိုစစ်သားကို လုံးဝလှည့်မကြည့်ဘဲ ပထမဆုံးမြင်ရသည့် တံခါးပေါက်ဆီသို့ စွတ်ပြေးလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



တံခါးပေါက်သို့ရောက်၍ အတွင်းသို့ ဖြုန်းခနဲဝင်လိုက်ရာ အထဲတွင် အသံဖမ်းစက်ကလေးတစ်လုံးဖြင့် သတင်းများဖမ်းနေသော အချက်ပြ ဆက်သွယ်ရေး တပ်သားတစ်ယောက်ကို တွေ့လိုက်ရသည်။ ချက်ချင်းပင် အဆိုပါ တပ်သားထိုင်နေသော ကုလားထိုင်မှာ စကော်ဇနီ၏ တအား ဆောင့်ကန်လိုက်သော စစ်ဖိနပ်အရှိန်ဖြင့် အခန်းထောင့်သို့ လွင့်သွားခဲ့ပြီး ထိုစစ်သားမှာလည်း ကိုးရိုးကားရား ကြမ်းပေါ်သို့ ကျသွားသည်။ တစ်ဆက်တည်းပင် စကော်ဇနီသည် အခန်းထဲရှိ အသံလွှင့် အသံဖမ်းစက် ကိရိယာများနှင့်တကွ ကြမ်းပေါ်မှ တပ်သားကိုပါ သေနတ် ဖြင့် လေးငါးဆယ်ချက် ဆက်တိုက် ပစ်ချလိုက်သည်။ ထို့နောက် ထိုအခန်းကလေးမှာ အခြားတံခါးပေါက်မရှိဘဲ ဖြစ်နေသဖြင့် သူဝင်ခဲ့သည့် တံခါးမှ ချက်ချင်းပြန် ထွက်လာခဲ့သည်။

ထိုအချိန်တွင် အခြားဂျာမန်အသေခံတပ်သားများသည် သူတို့ ဆရာ စကော်ဇနီရှိရာသို့ ရောက်လာကြပြီဖြစ်ရာ သူတို့တစ်တွေ အားလုံး ဟိုတယ်အပေါ်ထပ်သို့တက်ရန် တံခါးမကြီးဆီသို့ အပြေးသွားကြသည်။ ထိုအခိုက် ဟိုတယ်အပေါ်ထပ် ပြတင်းပေါက်တွင် လူတစ်ယောက်ကို စကော်ဇနီက လှမ်းမြင်လိုက်ရသည်။ နဖူးမောက်မောက်ဖြင့် ထိပ်ပြောင် နေသည့် ထိုလူ၏ဦးခေါင်းနှင့် မျက်နှာပုံပန်းသဏ္ဌာန်ကို မြင်လိုက်ရခြင်း အားဖြင့် မူဆိုလီနီဖြစ်ကြောင်း ကောင်းကောင်းကြီး သိလိုက်ရသည်။

"အထဲကို ဝင်နေပါ။ ပြတင်းပေါက်နားမှာ ရပ်မနေပါနဲ့"

စကော်ဇနီသည် အပေါ်ထပ်မှ မူဆိုလီနီအား လှမ်းအော်ပြောလိုက် ရင်း သူ့တပ်သားများနှင့်အတူ တံခါးမကြီးရှိရာသို့ ရောက်လာခဲ့သည်။ တံခါးမကြီး အဝင်ဝတွင် အစောင့်စစ်သားတစ်ယောက်ကို တွေ့မြင်ကြရ သည်။ သူတို့နှစ်ယောက်စလုံး၏ မျက်နှာများတွင် အလွန့်အလွန်ပင် အံ့ဩနေကြသည့် အမူအရာများ ပေါ်လွင်နေကြသည်။

အဆိုပါ အစောင့်စစ်သားနှစ်ယောက်စလုံး မည်သို့မျှ ရှေ့ပ်ရှား နိုင်ဘဲ ရှိနေကြစဉ် အသေခံတပ်သားများသည် စက်သေနတ်များဖြင့် တံခါးဝသို့ချိန်၍ မွှေပစ်လိုက်ရာ အစောင့်နှစ်ယောက်စလုံး လဲကျသွားခဲ့

www.burmeseclassic.com

www.burmeseclassic.com



ပြီး တံခါးမကြီးလည်း ပွင့်ထွက်သွားခဲ့သည်။ စကော်ဇနီနှင့် သူ့လူများသည် ပွင့်သွားသော တံခါးမကြီးမှ အတွင်းသို့ ချက်ချင်းပြေးဝင်လာခဲ့ကြသည်။ ထိုအခိုက် သူတို့နောက်နားဆီမှ ဗိုလ်ချုပ် ဆိုလက်တီ၏ အီတလီဘာသာဖြင့် ဟစ်အော်သံများကို ကြားလိုက်ရသည်။

စကော်ဇနီသည် ရှေ့ဆုံးမှ ပြေးဝင်လာခဲ့ရာ အခန်းတစ်ခုထဲတွင် စုပြုံနေကြသော အီတလီစစ်သားများကို ဖြုန်းခနဲတွေ့လိုက်ရသည်။ သို့သော် အဆိုပါ အီတလီစစ်သားများမှာလည်း ဤဟိုတယ်တွင် ယခု ဘယ်သူတွေ ရောက်လာ၍ ဘာဖြစ်နေသည်ကိုပင် စဉ်းစားချိန်မရလိုက်ဘဲ စကော်ဇနီ၏ သေနတ်ပြောင်းဝတွင် အတုံးအရုံး လဲကျကုန်သည်။

စကော်ဇနီသည် ကြမ်းပြင်ပေါ်မှ အီတလီစစ်သားများကို ကျော်လွှား၍ အသင့်တွေ့ရသော လှေကားမှတစ်ဆင့် အပေါ်ထပ်သို့ တအားပြေး၍ တက်လာခဲ့သည်။ လှေကားထစ်များကို သုံးထစ်ကျော် လေးထစ်ကျော် ခုန်လွှား၍ ဒရောသောပါးတက်လာရင်း သူ့နားထဲတွင် အောက်ထပ်မှ ဗိုလ်ချုပ် ဆိုလက်တီ၏ အီတလီဘာသာဖြင့် အော်သံဟစ်သံများနှင့်အတူ စက်သေနတ်သံများကို ထပ်မံကြားနေရသည်။

လှေကားထိပ်သို့ ရောက်လာခဲ့ပြီး ထောင့်ချိုးအတိုင်း ပြေးလာခဲ့ရာမှ တံခါးရွက်များ ပတ်ထားသည့် တံခါးမကြီးတစ်ခုကို တွေ့လိုက်ရသဖြင့် တအားဆောင့်ကန်ကာ အထဲကို စွတ်ဝင်လာသည်။ အခန်းထဲတွင် လူသုံးယောက်ကို တွေ့လိုက်ရသည်။ အာဏာရှင် မူဆိုလီနီနှင့် အီတလီစစ်ဗိုလ်နှစ်ယောက်. . .။

အခန်းထဲသို့ စကော်ဇနီရောက်သွားသည်နှင့် တစ်ပြိုင်နက် သူ့နောက်မှ ကပ်ပါလာဟန်ရှိသော ခန္ဓာကိုယ် ထွားကျိုင်းတုတ်ခိုင်လှသည့် သူ့လက်ထောက်ဗိုလ် ရုဝပ်သည်လည်း အခန်းထဲသို့ ရှေ့ဆင့်နောက်ဆင့် ဝင်လိုက်လာခဲ့သည်။ တစ်ချိန်တည်းမှာပင် စကော်ဇနီ၏ အခြားအသေခံ စစ်သားနှစ်ယောက်သည် ဘယ်လိုကဘယ်လို ခဲခဲယဉ်းယဉ်း တက်လာ ခန်းမသိလိုက်ရဘဲ ပွင့်နေသော ပြတင်းပေါက်မှတစ်ဆင့် အခန်းထဲသို့ ဖြုန်းခနဲ ခုန်ဝင်လာကြသည်ကို တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အဆိုပါ အသေခံတပ်သားနှစ်ယောက်သည် အခန်းထဲသို့ ရောက်လျှင်ရောက်ခြင်း အချိန်ဆိုင်းမနေကြဘဲ မူဆိုလီနီ၏ ဘေးနားတွင် ရပ်ကာ အံ့အားသင့်၍ ဘာလုပ်ရမှန်းမသိဘဲ ကြောင်ကြည့်နေကြသည့် အီတလီ စစ်ဗိုလ်နှစ်ယောက်အား အခန်းပြင်ဘက်သို့ ဆွဲထုတ်သွားကြသည်။

အခန်းထဲတွင် မူဆိုလီနီနှင့် မိမိတို့ချည်းသာ ကျန်ရစ်ခဲ့ကြသော အခါ စကော်ဇနီသည် ပြတင်းပေါက်ရှိရာသို့ ခပ်သွက်သွက် လျှောက်သွားပြီး အပြင်ဘက်မှ တစ်ဆင့် အောက်သို့ငုံ့ကြည့်ကာ အခြေအနေကို အကဲခတ်လိုက်သည်။ ပထမဆုံး သူလှမ်းမြင်လိုက်ရသည်မှာ ရာဒယ်ပင် ဖြစ်သည်။ ရာဒယ်၏ ဂလိုက်ဒါသည် စကော်ဇနီတို့ ဂလိုက်ဒါလောက် အပျက်စီးဘဲ ထိုးစိုက်ဆင်းလာနိုင်ခဲ့သည်။

"ဟေး… ရာဒယ်၊ တို့ ဒီမှာ… သူ့ကိုတွေ့နေပြီ အခြေအနေ အားလုံးကောင်းတယ်၊ လောလောဆယ် မင်းအောက်ထပ်ကို ငါ့ကိုယ်စား တာဝန်ယူထားလိုက်ပါ…"

စကော်ဇနီက ရာဒယ်အား ထိုသို့လှမ်းအော်ပြောနေဆဲမှာပင် နောက်ထပ် မိမိတို့ ဂလိုက်ဒါသုံးစင်း ထပ်မံ၍ ဆင်းလာသည်ကို တွေ့လိုက် ရပြန်သည်။ သူတို့သည်လည်း မိမိတို့ဆင်းသလို ထိုးစိုက်၍ ဆင်းခဲ့ကြသည်ဖြစ်ရာ ဂလိုက်ဒါတစ်စင်း ထပ်မံဆင်းလာပြန်သည်။ သို့သော် ဂလိုက်ဒါမှာ ရောမကျောက်ဆောင်ကြီး တစ်ခုဖြင့် ဝင်လိုက်မိပြီး အစိတ်စိတ်အမြွာမြွာ ကြေမွပျက်စီးသွားခဲ့ရာ ဂလိုက်ဒါပေါ်တွင် လိုက်ပါလာကြသူ အားလုံး တစ်ယောက်မှ အသက်ရှင်ပုံမရ၊ ကြေမွပျက်စီး သွားသော ဂလိုက်ဒါနှင့်အတူ ကျောက်တုံးများ အကြားတွင် မလှုပ်မယှက် ဖြစ်နေကြသည်ကို လှမ်းမြင်ရသည်။

"မင်းတို့ တပ်မှူးနဲ့ တွေ့ချင်တယ်ဟေ့… အမြန်ဆုံးလာတွေ့…"

ချက်ချင်းဆိုသလိုပင် အခန်းအပြင်ဘက်မှ အီတလီဘာသာဖြင့် တစ်စုံတစ်ရာ ရေရွတ်သံများ ကြားလိုက်ရပြီး အီတလီဗိုလ်မှူးကြီး တစ်ယောက် အခန်းထဲသို့ ဝင်လာသည်။

"ခင်ဗျားတို့အားလုံး လက်နက်ချလိုက်ကြ…"

www.burmeseclassic.com

www.burmeseclassic.com



စကော်ဇနီက အီတလီဗိုလ်မှူးကြီးအား လှမ်း၍ပြောလိုက်သည်။ ဗိုလ်မှူးကြီးက တစ်စုံတစ်ရာပြန်မပြောမီ သူကပင် ဆက်ပြောလိုက်ပြန်သည်။ "အခု မူဆိုလီနီဟာ ကျုပ်တို့သိမ်းလိုက်ပြီ အဲဒီတော့ နောက်ထပ် အဓိပ္ပာယ်မရှိတဲ့ သွေးထွက်သံယိုမှုတွေ မဖြစ်စေချင်ရင် ခင်ဗျားတို့ကို စဉ်းစားဖို့အချိန် စက္ကန့်ခြောက်ဆယ်ပေးမယ်..."

စကော်ဇနီ၏ စကားအဆုံးတွင် အီတလီဗိုလ်မှူးကြီးသည် အခန်း အပြင်ဘက်သို့ ချာခနဲ လှည့်ထွက်သွားသည်။ သို့သော် စက္ကန့်ခြောက် ဆယ် မပြည့်မီမှာပင် ဗိုလ်မှူးကြီးသည် အခန်းထဲသို့ ပြန်ဝင်လာခဲ့သည်။ ယခု တစ်ကြိမ် ပြန်ဝင်လာရာ၌ သူ့လက်ထဲတွင် ဝိုင်အရက်အပြည့် ထည့်ထားသည့်ဖန်ခွက်တစ်ခွက် ကိုင်လာသည်ကို တွေ့ရသည်။

"သတ္တိကောင်းတဲ့ အောင်နိုင်သူ တစ်ယောက်ပါ..."

အီတလီဗိုလ်မှူးကြီးက ရုပ်ရှင်ဇာတ်ကားထဲမှ သရုပ်ဆောင် တစ်ယောက်လို ပြောကြားရင်း ဝိုင်အရက်ခွက်ကို စကော်ဇနီအား တရို အသေ လှမ်းပေးလိုက်သည်။ ရေငတ်နေသော စကော်ဇနီအတွက် အလောတော်ပင် ဖြစ်သွားသည်။ သူက မတောက်တစ်ခေါက် တတ် ထားသည့် အီတလီဘာသာဖြင့် "ကျေးဇူးတင်ပါတယ်" ဟု လှမ်းပြောရင်း ဖန်ခွက်ထဲမှ ဝိုင်အရက်နီကို တစ်ကြိုက်တည်း မော့ချလိုက်သည်။

ထိုအခိုက်မှာပင် အခြား အီတလီစစ်သားသည် လက်မှ စားပွဲခင်း ဟု ထင်ရသော အဝတ်ဖြူစတစ်စကို ကိုင်လာပြီး ပြတင်းပေါက်ဝသို့ သွားကာ ထိုအဝတ်ဖြူစကို အပြင်သို့ ထုတ်၍ ဝှေ့ရမ်းပြလိုက်သည်။ ချက်ချင်းဆိုသလိုပင် အောက်ဖက်ဆီမှ ဂျာမန်ဘာသာဖြင့် ဝမ်းသာအားရ ကောင်းချီးပေးလိုက်ကြသော အသံများသည် အပေါ်ထပ်မှ အခန်းထဲသို့ ပျံ့တက်လာခဲ့သည်။

ထိုအချိန်အထိ အာဏာရှင်ကြီး မူဆိုလီနီသည် ဤအခန်းထဲတွင် ဖြစ်ပျက်သမျှတို့ကို ဘာတစ်ခွန်းမှ ဝင်မပြောနိုင်ဘဲ ပွဲကြည့်တစ်ယောက် အလား ငေး၍ ကြည့်နေခဲ့မိသည်။ စကော်ဇနီ၏ လက်ထောက်ဗိုလ် [illegible]က [illegible] တုတ်ခိုင်ထွားကျိုင်းလှသည့် ခန္ဓာကိုယ်ကြီးဖြင့် အခန်းထောင့်

www.burmeseclassic.com

www.burmeseclassic.com



တစ်ထောင့်တွင် မူဆိုလီနီအား ကာကွယ်ထားခဲ့သည်။

အလံဖြူပြ၍ အီတလီတပ်သားများ လက်နက်ချလိုက်ကြတော့မှ မူဆိုလီနီသည် ရုဝပ်၏နောက်ကွယ်မှ ထွက်လာခဲ့သည်။ ဤတွင်မှ စကော်ဇနီသည် မူဆိုလီနီအား အသေအချာ အနီးကပ်ကြည့်လိုက်မိသည်။ အာဏာရှင်ကြီး မူဆိုလီနီသည် ဓာတ်ပုံများနှင့် ရုပ်ပုံကားချပ်များထဲတွင် မြင်ရသည်ထက် အတော်ကလေး အိုစာနေသည်ကို တွေ့ရသည်။ သူဝတ်ထားသော အပြာရောင်ဝတ်စုံမှာလည်း တုတ်ခိုင်လှသည့် သူ့ခန္ဓာကိုယ်ထက်ပင် ကြီးမားနေ၍ ဖိုးရိုးဖားရားဖြစ်နေသည်။ ခေါင်းတုံးဆံတောက်ညှပ်ထားပြီး မုတ်ဆိတ်များလည်း တိုနန့်နန့် ပေါက်နေသည်ကို တွေ့ရသည်။ ဤအခန်း ထဲသို့ ရောက်နေကြသော ဂျာမန်စစ်သားများသည် မိမိအားလာရောက် ကယ်တင်ကြသူများဖြစ်ကြောင်း ရိပ်မိလိုက်ပြီဖြစ်သော်လည်း စောစောက ပစ်သံခတ်သံများကြောင့် သူ့မျက်လုံးများထဲတွင် အထိတ်တလန့်ဖြစ်နေသည့် လက္ခဏာများ တွေ့နေရဆဲဖြစ်သည်။

BURMESE CLASSIC

စကော်ဇနီသည် ရှေ့သို့ ခြေတစ်လှမ်းတိုးကာ မူဆိုလီနီ ရှေ့တွင် ခြေစုံရပ်လိုက်သည်။ ဤအချိန်သည် သူ့အတွက် သမိုင်းဝင် စံတင်ရမည့် အချိန်ဖြစ်သည်ဟု သူနားလည်လိုက်သည်။

"လူကြီးမင်း ခင်ဗျား၊ ကျွန်တော်တို့ ခေါင်းဆောင်ကြီးက လူကြီးမင်းကို ကယ်တင်ဖို့ ကျွန်တော့်ကို လွှတ်လိုက်ပါတယ်..."

"ကျုပ်မိတ်ဆွေကြီး ဟစ်တလာက ကျုပ်ကို ပစ်မထားဘူးဆိုတာ ယုံကြည်ပြီးသားပါ... ကျုပ်ရဲ့ ကယ်တင်ရှင်ကို ကျုပ်ချီးကျူးပါတယ်"

မူဆိုလီနီ၏ စကားအဆုံးတွင် စကော်ဇနီသည် အခန်းထဲရှိ သူ့လူများအား ခေတ္တတာဝန်လွှဲထားခဲ့ပြီး လက်နက်ချနေကြသော အီတလီတပ်သားများအား သူကိုယ်တိုင် ကြည့်ရှုစစ်ဆေးရန် အပြင်သို့ထွက်လာခဲ့သည်။ လက်နက်ချကြသည့် အီတလီတပ်သားများထဲတွင် မမျှော်လင့်ဘဲ ဗိုလ်ချုပ် ကျူလီကို တွေ့လိုက်ရသဖြင့် ဝမ်းသာအံ့ဩသွားမိသည်။ ဤ ဗိုလ်ချုပ် ကျူလီထံမှ ကြေးနန်းသတင်းကြောင့်သာလျှင် မိမိတို့သည်

www.burmeseclassic.com

www.burmeseclassic.com



မှုဆိုလီနီအား ဤဂရင်းဆက်ဆိုစခန်းတွင် ဖမ်းဆီးချုပ်နှောင်ထားကြောင်း သိရှိခဲ့ရသည် မဟုတ်ပါလား။

တာဝန်မပြီးဆုံးသေး၊ လောလောဆယ် အရေးကြီးဆုံးမှာ ဤနေရာမှ အမြန်ဆုံး ထွက်ခွာသွားကြရန် ဖြစ်သည်။

မူလအစီအစဉ်အရဆိုလျှင် မှုဆိုလီနီအား တောင်ပေါ်စခန်းမှ တောင်ခြေသို့ ကောင်းကင်ကြိုးစာတ်ရထားဖြင့် ခေါ်ဆောင်သွားရန် ဖြစ်သည်။ ထိုသို့ ခေါ်ဆောင်သွားနိုင်ရန်အတွက် ဂျာမန်လေထီးတပ်သား များသည် တောင်ခြေရှိ ဓာတ်ရထားရုံကို ကြိုတင်သိမ်းပိုက်ခဲ့ကြပြီးဖြစ် သည်။ ဤသတင်းကို တယ်လီဖုန်းဖြင့် အကြောင်းကြားသဖြင့် စကော်ဇနီတို့ သိခဲ့ရပြီး ဖြစ်သည်။ သို့ဖြစ်ရာ စီစဉ်ထားသည့်အတိုင်း တောင်ခြေသို့ ကောင်းကင် ကြိုးဓာတ်ရထားဖြင့် ခေါ်ဆောင်သွားရန်သာ ဖြစ်သည်။

တစ်ဖန်တောင်ခြေမှ ရောမမြို့ထဲသို့ မှုဆိုလီနီအား ကုန်းလမ်းခရီး ဖြင့် ဆက်လက်ခေါ်ဆောင်သွားရန် မဖြစ်နိုင်ကြောင်း မူလကပင် ကြိုတင် တွက်ဆထားကြပြီးဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ယခုကဲ့သို့ ဂရင်း ဆက်ဆို စခန်းကို ဂျာမန်အသေခံတပ်သားများ ဝင်ရောက်စီးနင်းကြ ကြောင်း အီတလီတို့ သိကြသည်နှင့် တစ်ပြိုင်နက် တောင်ခြေမှ ရောမမြို့ တော်သို့သွားရာ မော်တော်ကားလမ်းမှန်သမျှတို့ကို ပိတ်ဆို့ထားကြမည်မှာ ဧကန်မုချလက်ခတ်မလွဲဖြစ်သည်။ သို့ဖြစ်ရာ မှုဆိုလီနီအား တောင်ခြေမှ တစ်ဆင့် အနီးဆုံး လေဆိပ်တစ်ခုသို့ ခေါ်ဆောင်သွားပြီး ထိုလေဆိပ်တွင် အသင့်စောင့်နေသည့် ဂျာမန်စစ်လေယာဉ်ကလေးဖြင့် တင်ဆောင်သွား ကြရန် စီစဉ်ထားသည်။ ဤအစီအစဉ်အရ အခြားဂျာမန်တပ်များကလည်း ယခုအခါ အဆိုပါဂရင်းဆက်ဆိုတောင်ခြေနှင့် မလှမ်းမကမ်းရှိ အကွီလာလေဆိပ်ကို ယာယီသိမ်းပိုက်ထားကြပြီဖြစ်ကြောင်း သတင်း ရရှိပြီး ဖြစ်သည်။

သို့သော် ဤနေရာတွင် အကြီးအကျယ် အခက်တွေ့နေသည်မှာ ဂရင်းဆက်ဆိုတောင်ပေါ်စခန်းမှ စကော်ဇနီ၏ အချက်ပြဆက်သွယ်ရေး

www.burmeseclassic.com

www.burmeseclassic.com



တပ်သားသည် အဆိုပါ ပက္ကီလာလေဆိပ်သို့ စစ်လေယာဉ်သုံးစင်းလွှတ်ပေးရန် ရောမမြို့ရှိ ဂျာမန်စစ်ဌာနချုပ်သို့ ရေဒီယိုဝိုင်ယာလက်ဖြင့် အကြောင်းကြားရာ၌ ခေါ်မရအောင် ဖြစ်နေခဲ့သည်။

အချိန်လု၍ သေရေးရှင်ရေးလုပ်နေသည်ဖြစ်ရာ စကော်ဇနီသည် မူဆိုလီနီအား ကြိုတင်ပြုလုပ်ထားသည့် အရေးပေါ် အခြားအစီအစဉ်တစ်ခုဖြင့် ခေါ်ဆောင်သွားရန် စိတ်ကူးပြန်သည်။ ယင်းအစီအစဉ်မှာ လိုအပ်လာပါက ဂရင်းဆက်ဆို တောင်ကြားတစ်နေရာမှ ဂျာမန်လေယာဉ်ကလေး တစ်စင်းဖြင့် မူဆိုလီနီအား တင်ဆောင်သွားရန်ဖြစ်သည်။ သို့သော် စကော်ဇနီအတွက် ပို၍ခေါင်းခဲစရာဖြစ်လာရသည်မှာ အဆိုပါ လေယာဉ်ကလေးသည် သတ်မှတ်ထားသည့် တောင်ကြားတစ်နေရာသို့ အချိန်မီဆောက်ရှိ လာခဲ့ပြီဖြစ်သော်လည်း မြေပြင်သို့ အဆင်းတွင် စက်ချို့ယွင်းပြီး ပြန်မတက်နိုင်ဘဲ ဖြစ်နေခဲ့ပြန်သည်။

နောက်ဆုံး၌ စကော်ဇနီအတွက် တစ်ခုတည်းသော နည်းလမ်းသာကျန်တော့သည်။ ထိုနည်းလမ်းမှာ အခြားမဟုတ်၊ အကယ်၍ အလွန့်အလွန် အခက်အခဲတွေ့နေပါက ဗိုလ်ချုပ်စတူးဒင့်က သူ၏လေယာဉ်ကလေး တစ်စင်းဖြင့် ဂရင်းဆက်ဆို တောင်ပေါ်စခန်းသို့ မဖြစ်ဖြစ်သည့်နည်းဖြင့် ဆင်းသက်စေပြီး မူဆိုလီနီအား ခေါ်ဆောင်လာရန်ဖြစ်သည်။ ထိုအစီအစဉ် ထိုနည်းလမ်းမှာ အောင်မြင်ရန် အခဲယဉ်းဆုံးဖြစ်သော်လည်း အခြား အစီအစဉ်၊ အခြားနည်းလမ်းများ လုံးဝမဖြစ်နိုင်တော့သည့်အဆုံး စကော်ဇနီအတွက် ဤတစ်လမ်းသာလျှင် အားကိုးစရာကျန်တော့သည်။ မျှော်လင့်စရာ ကျန်တော့သည်။

စကော်ဇနီသည် ကောင်းကင်သို့ မော့ကြည့်နေမိသည်။ တစ်ခဏချင်းမှာပင် သူမျှော်လင့်နေသည့် ဂါးလက်၏ "စတော့" အမျိုးအစား ကင်းထောက်လေယာဉ်ကလေးသည် ကြည်လင်သော ကောင်းကင်သို့ ပေါ်လာပြီး မကြာမီ မိမိတို့၏ ခေါင်းပေါ်၌ ဝိုင်းကြီးပတ်ပတ် ပျံဝဲနေသည်ကို တွေ့ မြင်လိုက်ရသည်။ စကော်ဇနီသည် ဤဂရင်းဆက်ဆို တောင်ပေါ်စခန်း၏ အခြေအနေကို ပထမဆုံးအကြိမ် လေယာဉ်ဖြင့် ပျံဝဲလေ့လာခဲ့

www.burmeseclassic.com

www.burmeseclassic.com



ဆိုက လေယာဉ်မောင်းသမား ဂါးလက်၏ အရည်အချင်းကို အတော်အတန် သိရှိခဲ့ပြီးဖြစ်၍ သူ့လေယာဉ်ကလေးကို မြင်လိုက်ရသောအခါ အားရဝမ်းသာ ဖြစ်သွားမိသည်။

ချင်ချင်းပင် သူသည် ဂျာမန်အသေခံတပ်သားများနှင့်တကွ သူတို့၏ သုံ့ပန်းများဖြစ်နေကြသော အီတလီစစ်သားများကိုပါ ခေါ်၍ ဟိုတယ်အဆောက်အဦနှင့် မလှမ်းမကမ်းမှ ကျောက်တုံးများကို လူ့အင်အားဖြင့် ဖယ်ရှားခိုင်းခဲ့သည်။ ခဏအကြာတွင် အတော်ကလေးကျယ်ပြန့်သည့် မြေနေရာကို ရခဲ့ပြီဖြစ်၍ ခေါင်းပေါ်တွင် ပျံဝဲနေသော ဂါးလက်ထံ အချက် ပြလိုက်ရာ ဂါးလက်သည် သူ့လေယာဉ်ကလေးကို စကော်ဇနီတို့ ရှင်း ပေးထားသည့် မြေကွက်ကလေးပေါ်သို့ ခဲခဲယဉ်းယဉ်းဖြင့် ရအောင် ထိုး ဆင်းခဲ့သည်။

ဂါးလက်သည် ကျဉ်းမြောင်းလှသည့် မြေပြင်ပေါ်သို့ ခဲခဲယဉ်းယဉ်း ဆင်းသက်နိုင်ခဲ့သဖြင့် သူ့ကိုယ်သူ အားရကျေနပ်နေခဲ့ရာမှ သူဆက်လက် ထမ်းဆောင်ရမည့် တာဝန်ကို ကြားသိလိုက်ရသောအခါ အထိတ်တလန့် ဖြစ်သွားမိသည်။ စကော်ဇနီ၏ ပြောကြားချက်အရ ယခု သူထမ်းဆောင် ရမည့် တာဝန်မှာ မုဆိုလီနီနှင့် စကော်ဇနီတို့နှစ်ယောက်အား သူ့လေယာဉ် ကလေးဖြင့် တင်ဆောင်ကာ ဤနေရာမှ ပြန်လည်ထွက်ခွာသွားရန် ဖြစ် သည်။

အမှန်စင်စစ် ဂါးလက်၏ လေယာဉ်ကလေးမှာ အလွန်ပင် သေး ငယ်လှသည်။ ရန်သူ့နယ်မြေသို့ ကင်းထောက်ရာတွင် အသုံးပြုလေ့ ရှိသည့် အမောင်းသမားဖြစ်သူ မိမိနှင့်တကွ ကိုယ်လုံးကိုယ်ထည် တုတ်ခိုင်ကြီးထွားလှသည့် မုဆိုလီနီနှင့် ကိုယ်ကာယ သန်မာထွားကြိုင်း လှသည့် စကော်ဇနီတို့နှစ်ယောက် အပါအဝင် လူသုံးယောက်စလုံးကို တင်ဆောင်သွားရန် စီစဉ်သည့် စကော်ဇနီသည် စိတ်မနှံ့ဘဲ ရူးများနေ လေရော့သလားဟူ၍ပင် ဂါးလက်က တွေးမိသည်။ ဤမျှလောက် ကိုယ် အလေးချိန် များပြားလှသည့် "ခရီးသည်" နှစ်ယောက်ကို တင်ဆောင်မည် ဆိုပါက ကိုယ့်ကိုယ်ကို သေကြောင်းကြံသလိုဖြစ်နေရာ ဂါးလက်သည်

www.burmeseclassic.com

www.burmeseclassic.com



စကော်ဇနီ၏ အကြံ အစည်ကို လုံးဝလက်မခံဘဲ ငြင်းဆန်ခဲ့သည်။

သို့သော် စကော်ဇနီသည် ယခုအခါ ဂါးလက်က ခေါင်းမာသလောက် သူမှာ ခေါင်းကြီးနေသူဖြစ်သည်။ ခေါင်းဆောင်ကြီး ဟာစ်တလာကိုယ်တိုင် ပေးအပ်သည့်အမိန့်နှင့် တာဝန်အရ သူသည် မူဆိုလီနီအား ဤနေရာမှ အမြန်ဆုံးလွတ်မြောက်အောင် ကယ်တင်ရမည်ဖြစ်သည်။ ယခု လောလောဆယ် မိမိတို့၏ နောက်ဆုံးအခြေအနေအရ ဤတာဝန်နှင့်အမိန့်ကို ကျေပွန်အောင် စွမ်းဆောင်နိုင်မည့် တစ်ခုတည်းသောနည်းလမ်းမှာ ဤလေယာဉ်ကလေးဖြင့် မူဆိုလီနီအား တင်ဆောင်၍ ဤနေရာမှ အမြန်ဆုံးထွက်ခွာသွားရေးပင်ဖြစ်သည်။ အကယ်၍သာ ဤလေယာဉ်ကလေးဖြင့် ထိုသို့တင်ဆောင်မသွားခဲ့သည့်အတွက် မူဆိုလီနီတွင် တစ်စုံတစ်ရာဖြစ်သွားခဲ့ပါက မိမိတို့အားလုံး အကြီးလေးဆုံးသော အပြစ်ဒဏ်ကျခံ ရလိမ့်မည်ဖြစ်ကြောင်း စကော်ဇနီက ဂါးလက်အား စိတ်ရှည်လက်ရှည် အသေးစိတ် ရှင်းပြခဲ့သည်။

နောက်ဆုံး၌ ဂါးလက်သည် ဖြစ်ချင်ရာဖြစ်ဟူသောစိတ်ဖြင့် စကော် ဇနီ၏အမိန့်ကို နာခံရန် သဘောတူလိုက်သည်။

"ကဲ··· ဒီလိုဆိုရင်လဲ ဗိုလ်ကြီးရဲ့ အစီအစဉ်အတိုင်း လိုက်နာပါ့မယ်၊ ဒီနေရာက အမြန်ဆုံးထွက်သွားဖို့သာ စီစဉ်ပါတော့"

ချက်ချင်းပင် စကော်ဇနီသည် သူ့လူများအား နောက်တစ်ကြိမ်ပြန်၍ ခေါ်ယူစုစည်းကာ လေယာဉ်ပြန်တက်နိုင်စေရန် လေယာဉ်ပြေးလမ်းကြောင်းကို ထပ်မံချဲ့ထွင် ရှင်းလင်းခိုင်းခဲ့သည်။ ယခုတစ်ကြိမ်တွင်မူ အာဏာရှင်ကြီး မူဆိုလီနီကိုယ်တိုင် ကျောက်တုံးအချို့ကို မ၍ ရွှေ့ပေးခဲ့ရသည်။

လေယာဉ်ပြေးလမ်း ရှင်းပြီးသည့်နောက် စကော်ဇနီနှင့် မူဆိုလီနီတို့သည် ဂါးလက်နှင့်အတူ လေယာဉ်ကလေးပေါ်သို့ တက်ခဲ့ကြသည်။ နှစ်ယောက်စီး လေယာဉ်ကလေးပေါ်တွင် လေယာဉ်မောင်းသည့် ဂါးလက်၏ နောက်မှ မူဆိုလီနီထိုင်၍ စကော်ဇနီက မူဆိုလီနီ၏နောက်မှ ကြပ်ကြပ်တည်းတည်း နေရာယူခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်စက်ကိုနှိုး၍ ပန်ကာများ စတင်လည်ပတ်သည်နှင့် တစ်ပြိုင်နက် သန်မာတောင့်တင်းသည့် အသေခံတပ်သား ၁၂ ယောက်တို့သည် လွှန်ဆွဲသမားများပမာ မြေကြီးထဲသို့ ခြေဖနောင့်များ မြုပ်ဝင်သွားကြသည်အထိ ခြေကန်၍ လေယာဉ်ကို တအားဝိုင်းဆွဲထားခဲ့ကြရသည်။ လေယာဉ်ပြေးလမ်းကြောင်းမှာ လေယာဉ်ကို အရှိန်ယူနိုင် ရလောက်အောင် မရှိသဖြင့် စက်ရှိန်ဖြင့် ပျံသန်းရမည်ဖြစ်ရာ စက်ရှိန်မရမချင်း လေယာဉ်ကို ဘီးမလိမ့်အောင် ထိုသို့ ဝိုင်းဆွဲထားကြရခြင်း ဖြစ်သည်။

ဂါးလက်သည် လက်ဝဲဘက်ကို မြှောက်ထားခဲ့ပြီး စက်သံပို၍ ကျယ်လောင်ကာ ပန်ကာများ အရှိန်ပြင်းသည်ထက် ပြင်းစွာဖြင့် ပန်ကာရွက်များကိုပင် မမြင်ရတော့လောက်အောင် လည်ပတ်နှုန်း မြန်လာသည်နှင့် တစ်ပြိုင်နက်မြှောက်ထားသောလက်ကို အောက်သို့ ရုတ်တရက်ပြန်ချ၍ အချက်ပြလိုက်သည်။ ဤတွင် တပ်သားများသည် ဖြုန်းခနဲလွှတ်ပေးလိုက်ကြရာ လေယာဉ်သည် အရှိန်ဖြင့် ဆောင့်ထွက်သွားတော့သည်။

စကော်ဇနီသည် သူ့ဘေးတစ်ဖက်တစ်ချက်မှ လေယာဉ်ကိုယ်ထည်၏ သံမဏိဘောင်နှစ်ဖက်ကို တအားဆုပ်ထားရင်း ကျောက်တုံးကျောက်ခဲများပေါ်တွင် ဘယ်ညာယိမ်းထိုး၍ တအားပြေးနေသော လေယာဉ်နှင့်အတူ ဟိုဘက်ယိမ်းလိုက် သည်ဘက်ယိမ်းလိုက်ဖြင့် ပါသွားခဲ့သည်။ ထိုအခိုက် သူတို့ရှေ့တည့်တည့်တွင် ချောက်ကြီးတစ်ခုကို ဖြုန်းခနဲ လှမ်းမြင်လိုက်ရသည်။ သူ့စိတ်ထဲတွင် ဘုရားတနေဆဲမှာပင် လေယာဉ်ကလေးသည် ချောက်ကြီး၏ တစ်ဖက်စွန်းမှနေ၍ အောက်သို့ ထိုးစိုက်ကျသွားခဲ့သည်။

ဂါးလက်သည် တကယ်ပင် ချီးကျူးအံ့သြဖွယ်ကောင်းသည့် လေယာဉ်မောင်းသမား တစ်ဦးဖြစ်သည်။ လေယာဉ်သည် ချောက်ထဲ စိုက်ကျ၍ သွားခဲ့ရာမှ ရှေ့ဘီးကျွတ်ထွက်သွားပြီး စက်အရှိန်ဖြင့် လေထဲတွင်ကျနေဆဲမှာပင် ဂါးလက်သည် အပေါ်သို့ ထောင်တက်ကာ လေယာဉ်ကိုယ်ထည်ကို ပြန်၍ တည့်မတ်ပေးလိုက်သည်။ ခဏအကြာတွင် လေယာဉ်သည်

www.burmeseclassic.com

www.burmeseclassic.com



တောင်ကြားအတွင်း အောက်ခြေမြေပြင်မှ ပေ သုံးရာလေးရာအမြင့်တွင် အရှိန်ဖြင့် ပျံသန်းလျက် ရှိနေသည်။

ထိုသို့ အထွက်တွင် "အသက်ကို ဖက်ဖြင့်ထုပ်၍" ထွက်ခွာ မောင်းနှင်လာခဲ့ရပြီးနောက် ဂါးလက်၏ အစွမ်းအစဖြင့် တစ်စုံတစ်ရာ သောအန္တရာယ် မတွေ့ရတော့ဘဲ ရောမမြို့သို့ ရောက်လာခဲ့ကြသည်။ ရောမမြို့ ဂျာမန်တပ်မတော် လေယာဉ်ကွင်းသို့ ဆင်းရာတွင်လည်း ဂါးလက်သည် ရှေ့ဘီးမပါဘဲ နောက်ဘီးနှင့် ကိုယ်ထည်ကို ထိန်း၍ ချောမောစွာ ဆင်းသက်နိုင်ခဲ့သည်။

အဆိုပါ လေယာဉ်ကွင်းတွင် ဂျာမန်စစ်အရာအရှိကြီးများနှင့် အရေးကြီးသော ပုဂ္ဂိုလ်ကြီးများသည် ဂါးလက်၏ လေယာဉ်ကို အသင့်စောင့်ဆိုင်း ကြိုဆိုနေကြသည်ကို တွေ့ရသည်။ မိုလ်ချုပ် စတူးဒင့်၏ လက်ထောက် အရာရှိအားလုံး ရောက်ရှိနေကြသည်။ "သတ္တဝါနှင့် လက်နက်" မမှုဘဲ အလွန်သေးငယ်သည့် လေယာဉ်ကလေးပေါ်မှ ရောမလူကြီး သုံးယောက် ဆင်းလာကြသောအခါ အသင့်စောင့်ကြိုနေသူများက ဂျာမန် အလေ့အထုံးနည်းအတိုင်း လက်တစ်ဖက်ကို ဆန့်တန်း၍ အလေးပြုလိုက်ကြသည်။ သူတို့ မျက်စိအောက်တွင် မူဆိုလီနီတစ်ယောက် မသေ မပျောက်ဘဲ ရှိနေသည်ကို တွေ့လိုက်ရသဖြင့် အံ့အားအသင့်ကြီး သင့်နေကြသည်။ မိတ်ဟောင်းဆွေဟောင်းကြီးကို ဖက်လှဲတကင်းဖြင့် ရင်းနှီးစွာ နှုတ်ဆက်ကြသည်။

သို့သော် မိတ်ဟောင်းဆွေဟောင်းနှင့် တွေ့ဆုံနှုတ်ဆက်သည့်ပွဲကို ကြာကြာ ကျင်းပနေ၍မဖြစ်၊ ဤလေယာဉ်ကွင်းနှင့် မလှမ်းမကမ်းတွင် ဂျာမန်တပ်များနှင့် အီတလီတပ်များ တိုက်ပွဲဖြစ်ပွား နေကြပြီဖြစ်သည်။ ထို့ပြင် မဟာမိတ်တပ်များသည် အီတလီကမ်းခြေသို့ တက်ရောက်လာကြပြီဖြစ်သည်။

သို့ဖြစ်ရာ စကော်ဇနီနှင့် မူဆိုလီနီတို့သည် ဂျာမန်လေတပ်မှ သယ်ယူပို့ဆောင်ရေး လေယာဉ်တစ်စင်းပေါ်သို့ ပြောင်းကာ ဗီယင်နာသို့ အမြန်ဆုံး ဆက်လက်ထွက်ခွာလာခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အမြင့်ပေ တစ်သောင်းကျော်မှ ပျံသန်းလာခဲ့သော လေယာဉ်ပေါ်တွင် စကော်ဇနီသည် ပထမဆုံးအကြိမ် စိတ်အေးလက်အေးဖြင့် အနားယူခဲ့ရသည်။ ဟစ်တလာထံမှ အမိန့်နှင့်တာဝန် စတင်ကြားနာလက်ခံခဲ့ရသည့်မှစ၍ ယခုဤလေယာဉ်ပေါ်သို့ ရောက်ရှိလာခဲ့သည့် အချိန်ကာလအတောအတွင်း မူဆိုလီနီ၏ လွတ်မြောက်ရေးအတွက် သူ၏ကြိုးပမ်းမှုအဝဝတို့ကို ပြန်ပြောင်း စဉ်းစားလာခဲ့မိသည်။

စကော်ဇနီကဲ့သို့ပင် မူဆိုလီနီမှာလည်း လွန်ခဲ့ရသည့် နာရီပိုင်းအထိ အကျဉ်းသားဘဝဖြင့် အသေဘေးကို မိနစ်စက္ကန့်နှင့်အမျှ စိုးရိမ်ထိတ်လန့် နေရသည့်အဖြစ်မှ ယခုကဲ့သို့ မမျှော်လင့်ဘဲ လွတ်မြောက်လာခဲ့ရသည်မှာ အိပ်မက်ဆန်လွန်းလှသဖြင့် တကယ်မှ ဟုတ်ပါလေစဟု၍ တွေးတောကာ သူ့ကိုယ်သူ မယုံနိုင်လောက်အောင် ဖြစ်နေမိသည်။

သူတို့စီးလာကြသော လေယာဉ်သည် ဗီယင်နာမြို့သို့ ညကြီးမင်းကြီး ဆိုက်လာခဲ့သည်။

စစ်ကြီးအတွင်း အစစအရာရာ ယိုယွင်းပျက်စီးနေသော်လည်း ဗီယင်နာမြို့မှ အင်ပီးရီးရဲလ် ဟိုတယ်သည် အဝတ်အစား ဖိုသီဖတ်သီဖြင့် မသပ်မရပ် ပုံပျက်ပန်းပျက်ဖြစ်ကာ ခရီးဆောင်ပစ္စည်းပစ္စယဟူ၍ ဘာတစ်ခုမှ မပါဘဲ ညကြီးသန်းခေါင် ရောက်ရှိကြသည့် ဧည့်သည်နှစ်ဦးကို ရုတ်တရက် လက်မခံဘဲ ဖြစ်နေကြသည်။ နောက်မှ အမည်မသိ ဤလူစိမ်းနှစ်ယောက်အတွက် သက်ဆိုင်ရာ အာဏာပိုင်များက ကြိုတင်မှာကြား အကြောင်းကြားထားပြီး ဖြစ်သဖြင့် အသင့်ပြင်ဆင်ထားသည့် အခန်းများကို ဖွင့်ပေးခဲ့ကြသည်။

မူဆိုလီနီသည် သူ့အတွက် သတ်မှတ်ထားသော အခန်းရှိရာ အပေါ်ထပ်သို့ တောက်လျှောက်တက်သွားခဲ့သည်။ "ကျုပ်အတွက် ဘာမှ မလိုဘူး ညဝတ်အင်္ကျီတောင် မလိုဘူး။ ကျုပ် အိပ်ရာဝင်တော့မယ်. . ." ဟူ၍ ပြောကြားသွားခဲ့သည်။

မူဆိုလီနီအနေဖြင့် အိပ်ရာဝင်နိုင်ပြီဖြစ်သော်လည်း သူ၏ "ကယ်တင်ရှင်" စကော်ဇနီမှာမူ အိပ်ရာမဝင်နိုင်သေးဘဲ ဖြစ်နေခဲ့သည်။ သူ့အတွက် တယ်လီဖုန်း လာနေသောကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲသို့ ရောက်လျှင်ရောက်ခြင်း တယ်လီဖုန်းသံ ထွက်ပေါ်လာသဖြင့် စကားပြောခွက်ကို ကောက်ကိုင်၍ နားထောင်လိုက်သည်။

"ညကြီး သန်းခေါင်ကျော် တယ်လီဖုန်းခေါ်သူမှာ ဂက်စတာပို ဗိုလ်ချုပ် ဟင်းမလားပင်ဖြစ်သည်။ ဘာလင်မြို့တော်မှ လှမ်းခေါ်ခြင်းဖြစ်သည်။ စကော်ဇနီသည် ဟင်းမလားအသံကို ကြားလိုက်ရသည်နှင့် ရုတ် တရက် သူ့လက်ထဲမှ သောက်လက်စ စီးကရက်ကို ပြာခွက်ထဲသို့ ထိုးချေ လိုက်မိသည်။

"ဆရာ ဆရာကြီး ဟင်းမလားက အသေခံတပ်သားကျော် စကော်ဇနီအား ပေးအပ်လိုက်သည့် အမိန့်ဖြင့် တာဝန်ကို ကျေပွန်စွာ ထမ်းရွက်ခဲ့သဖြင့် ချီးကျူးကြောင်း မိန့်ဟမြွက်ကြားခဲ့သည်။ ထို့မှတစ်ဖန် ဂက်စတာပို ဗိုလ်ချုပ်က စကော်ဇနီအား ယခုည ဗီယင်နာတွင် ရောက်ရှိနေခိုက် ဗီယင်နာမှာပင် ရှိနေသော ဇနီးဖြစ်သူအား ဟိုတယ်သို့ ခေါ်ယူတွေ့ဆုံသင့်ကြောင်း အကြံညာဏ်ပေးခဲ့သည်။ ထို့နောက် မွှဆိုလီနီအား နောက်နေ့တွင် ခေါင်းဆောင်ကြီး ဟစ်တလာထံ အရောက်ပို့ဆောင်ပေးရန် ထပ်မံညွှန်ကြားခဲ့သည်။

ဟင်းမလား အကြံပေး ခွင့်ပြုချက်အရ ဇနီးဖြစ်သူထံ ဟိုတယ်မှ တယ်လီဖုန်း ဆက်နေဆဲမှာပင် ဂျာမန်ဗိုလ်မှူးကြီးတစ်ယောက်၊ စကော်ဇနီ၏ အခန်းထဲသို့ သုတ်သီးသုတ်ပျာ ဝင်လာသည်ကို တွေ့လိုက်ရသည်။ သူ့ရဲကောင်း ဘွဲ့တံဆိပ်တပ်ဆင်ထားသော အဆိုပါ ဗိုလ်မှူးကြီးသည် တစ်စုံတစ်ရာ ဘာတစ်ခွန်းမှ မပြောသေးဘဲ အခန်းအလယ် ကော်ဇောပေါ်တွင် ခြေစုံရပ်ကာ ဖနောင့်နှစ်ဖက်ကို "ခေါက်" ခနဲ မြည်အောင် ခွာခြင်းရိုက်ပြီးမှ ခေါင်းငုံ့၍ အရိုအသေပေးလိုက်သည်။ ပြီးမှ သူ့လည်ပင်းတွင် ဆွဲထားသော သူ့ရဲကောင်း ဘွဲ့တံဆိပ်ကို ဖြုတ်ကာ စကော်ဇနီ၏ ခေါင်းမှတစ်ဆင့် စွပ်၍လည်ပင်းတွင် ဆွဲပေးလိုက်သည်။

"ခေါင်းဆောင်ကြီးရဲ့အမိန့် အရပါ"

ယခုမှ ဗိုလ်မှူးကြီးက စကားစပြောသည်။ ဝိုက်ပွဲတစ်ပွဲကို

www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်စွာ ဆင်နွှဲခဲ့ပြီး ယင်းအောင်မြင်မှုအတွက် နေ့ချင်းညချင်း ဘွဲ့တံဆိပ် ချီးမြှင့်ခံရသည်မှာ ရှားမှရှားလှသည့် ဖြစ်ရပ်ပင်ဖြစ်သည်။ ထိုသို့ ညတွင်းချင်း ချီးမြှင့်နိုင်ရန်အတွက် စစ်ဦးစီးဌာနချုပ်မှ အမိန့်အရ ဗိုလ်မှူးကြီးသည် သူရရှိထားသည့် ဘွဲ့တံဆိပ်ကိုဖြုတ်၍ စကော်ဇနီအား ပေးအပ်ခဲ့ရခြင်း ဖြစ်သည်။

ထိုအခိုက် စကော်ဇနီ၏ ဇနီးဖြစ်သူ ရောက်လာသည်။ သူ့အသက်နှင့် ခန္ဓာကိုယ်ကို ခေါင်းဆောင်ကြီး ဟစ်တလာအတွက် ပုံအပ်ခဲ့သော အသေခံတပ်သားကျော်သည် သူ့အား တစ်ကိုယ်လုံး ပုံအပ်ခဲ့သည့်အထိ ချစ်ခဲ့ရသော ချစ်ဇနီးနှင့် ယခုတစ်ဖန် ပြန်လည်ဆုံတွေ့နေရပြီ ဖြစ်သည်။

စကော်ဇနီနှင့် သူ့ဇနီးတို့ စကားကောင်းနေကြဆဲမှာပင် တယ်လီဖုန်းသံ ကြားလိုက်ရပြန်သည်။

ခေါင်းဆောင်ကြီး ဟစ်တလာ၏ အသံပင်တည်း . . .။

"ဗိုလ်မှူး စကော်ဇနီ . . ."

ည သန်းခေါင်ကျော် အချိန်တွင် တယ်လီဖုန်းထဲမှ ကြားလိုက်ရသော ဟစ်တလာ၏အသံမှာ မြူးကြွရွှင်ပြနေသည်။ သူ့နှုတ်ဖျားမှ ပထမဆုံး ပေါ်ထွက်လာသော စကားသည် စကော်ဇနီအား "ဗိုလ်ကြီး" ဘဝမှ "ဗိုလ်မှူး" အဖြစ်သို့ ရာထူးတိုးပေးလိုက်သည့် အမိန့်ပြန်တမ်းပင် ဖြစ်သည်။ "အရှင်မွေးလျှင် နေ့ချင်းကြီး" ဟူ၍ ဆိုခဲ့သည် မဟုတ်ပါလား။

"ဗိုလ်မှူး စကော်ဇနီ . . . မင်းဟာ ငါ့နှလုံးသားထဲမှာ အမြဲ တိန်းအောင်းနေမယ့် သူတစ်ယောက်ပဲ။ ဒီနေ့ဟာ မင်းရဲ့အောင်ပွဲခံတဲ့နေ့ တို့ရဲ့ ရည်မှန်းချက်ကို အောင်မြင်မှု သရဖူ ဆောင်းပေးလိုက်တဲ့နေ့ပဲ၊ မင်းရဲ့ ခေါင်းဆောင်ကြီးက မင်းကို ကျေးဇူးတင်ပါတယ် . . ."

ခေါင်းဆောင်ကြီး၏ စကားအဆုံးတွင် မာရှယ်ဂိုးအားရင်း၏ အသံကို ဆက်၍ ကြားရသည်။ ပြီးနောက် ဗိုလ်ချုပ်ကြီး ကိုက်တဲလ်၊ ရှိုးခဲလ်၊ ဂိုးဘဲလ် စသည့် ပုဂ္ဂိုလ်ကြီးများ တစ်ယောက်ပြီးတစ်ယောက် "ဗိုလ်မှူး စကော်ဇနီ" အား တယ်လီဖုန်းဖြင့် နှုတ်ခွန်းဆက်ကာ ချီးမွမ်းကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ည ထိုအချိန် သန်းခေါင်ကျော်မှာပင် ဗီယင်နာ အသံလွှင့်ဌာနမှ "မူဆိုလီနီ လွတ်မြောက်လာပြီဖြစ်ကြောင်း" အထူး သတင်းကြေညာချက် ထွက်ပေါ်လာသည်။ မြို့တော်တစ်လုံး လှုပ်လှုပ်ရွရွ ဖြစ်သွားခဲ့သည်။ ဥရောပတစ်တိုက်လုံး အိပ်ရာမှ လန့်နိုးသွားခဲ့သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

# မယ်ဆယ်တီးတိုးအား အသေရရ အရှင်ရရ

"မယ်ရှယ်တီးတိုးအား အသေရရ အရှင်ရရ ဖမ်းပေးပါ"

အထက်ပါအမိန့်မှာ ဂျာမန်စစ်ဦးစီးဌာနချုပ်မှတစ်ဆင့် ဗိုလ်မှူး စကော်ဇေနီအား ခေါင်းဆောင်ကြီး ဟစ်တလာက ဒုတိယအကြိမ် ဆင့်ဆိုခဲ့သည့် အမိန့်ဖြစ်သည်။ တစ်နည်းဆိုရလျှင် မူဆိုလီနီအား တစ်စုံတစ်ရာ ဘေးမသီရန်မခဘဲ လွတ်မြောက်အောင် ကယ်တင်ခဲ့သည့် အသေခံ တပ်သားကျော် စကော်ဇေနီ၏ အစွမ်းအစကို အာဏာရှင်ကြီး ဟစ်တလာက ဒုတိယအကြိမ် စမ်းသပ်လိုက်ခြင်းပင် ဖြစ်သည်။

မှန်သည်၊ မူဆိုလီနီ လွတ်မြောက်လာခဲ့ပြီးသည့် အချိန်မှစ၍ "ကွန်မန်ဒို" ခေါ် အသေခံတပ်သားများမှာ ဂျာမန်တပ်မတော်နှင့် ဂျာမန်ပြည်သူများအကြားတွင် အထူးပင် "ရေပန်းစား" လာခဲ့သည်။ သည်အထဲတွင် စကော်ဇေနီ၏အမည်သည် ထိပ်ဆုံးမှ ပါဝင်၍ ရှေ့ဆုံးမှ ပြေးခဲ့သည်။ ဟိုနေရာတွင်လည်း၊ စကော်ဇေနီ၊ သည်နေရာတွင်လည်း စကော်ဇေနီ၊ ဘာ လင်မြို့တော်တွင်လည်း စကော်ဇေနီ၊ မြူးနစ်မြို့တွင်လည်း စကော်ဇေနီ၊ ဂျာမန် တစ်နိုင်ငံလုံး စကော်ဇေနီအကြောင်း၊ သူ၏အသေခံတပ်သားများ အကြောင်း "ပြောမဆုံးပေါင်၊ တောသုံးထောင်" ဖြစ်နေကြသည်။

စကော်ဇေနီ၏ အမည်နှင့် သူ၏အသေခံတပ်သားများ သတင်းသည် ဂျာမနီနိုင်ငံနှင့် ဂျာမန်မြို့ကြီးများတွင်သာမက အခြားနိုင်ငံများနှင့်

www.burmeseclassic.com

www.burmeseclassic.com



အခြားမြို့ကြီးများတွင်ပါ ဂယက်ရိုက်ခတ်လျက် ရှိနေခဲ့သည်။ အီတလီနိုင်ငံနှင့် ရောမမြို့တော်··· ပြင်သစ်နိုင်ငံနှင့် ပါရီမြို့တော်···အင်္ဂလန်နိုင်ငံနှင့် လန်ဒန်မြို့တော်များတွင်သာမက ဆိုဗီယက်နိုင်ငံ၊ မော်စကိုမြို့တော်နှင့် အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တော်သို့ တိုင်အောင် ဂျာမန် အသေခံ တပ်သားကျော် စကော်ဇေနီ၏ စွန့်စားခန်းများကို တအံ့တသြ ပြောဆို ဆွေးနွေးကာ ထင်မြင်ချက်ပေးလျက် ရှိနေခဲ့ကြသည်။

ထို့ပြင် ဂျာမန်၊ အီတလီ၊ အင်္ဂလိပ်၊ ပြင်သစ်၊ ရုရှား၊ စပိန်၊ အာရပ်၊ အိန္ဒိယ၊ တရုတ်၊ ဂျပန် အစရှိသည့် ဘာသာပေါင်း နှစ်ဆယ်ဖြင့် ဂျာမန်စစ်ဦးစီးဌာနချုပ်မှ ပုံနှိပ်ထုတ်ဝေလျက်ရှိသော "အချက်ပြမဂ္ဂဇင်း" ကို အီတလီအာဏာရှင်ကြီး မူဆိုလီနီ လွတ်မြောက်လာသည့် အထိမ်းအမှတ်အဖြစ် အထူးထုတ်ဝေခဲ့ရာ ဂျာမန်အသေခံ တပ်ဖွဲ့၏ ဂုဏ်သတင်းသည် ကမ္ဘာအနှံ့ပျံ့လွင့်သွားခဲ့သည်။ အဆိုပါ အထူးထုတ်မဂ္ဂဇင်း၏ မျက်နှာ ဖုံးတွင် မူဆိုလီနီအား ဖမ်းဆီးချုပ်နှောင်ထားသည့် ဂရင်းဆက်ဆိုတောင် ပေါ်စခန်းရှိ ဟိုတယ်အဆောက်အဦကြီးကို စကော်ဇေနီခေါင်းဆောင်သည့် ဂျာမန်အသေခံ တပ်သားများက တစ်ဟုန်ထိုး ဝင်ရောက်တိုက်ခိုက် သိမ်းပိုက်နေကြသည့် ဆေးရောင်စုံပန်းချီဖြင့် တခမ်းတနားပုံနှိပ်ဖော်ပြထားသည်ကို တွေ့ရသည်။ အတွင်းစာမျက်နှာများတွင်လည်း အာဏာရှင်ကြီး မူဆိုလီနီအား အီတလီအစိုးရလက်တွင်းမှ ကယ်တင်ရန် ခေါင်းဆောင်ကြီး ဟစ်တလာက အသေခံတပ်သားကျော် စကော်ဇေနီအား မည်သို့မည်ပုံ သက်စွန့်ကြိုးပမ်း အမှုတော်ထမ်းရွက်ခဲ့ကြသည်ကို တခမ်းတနားအသေးစိတ် ရေးသားဖော်ပြထားခဲ့သည်။

သို့ဖြစ်ရာ ထိုနေ့ထိုရက်များက စကော်ဇေနီမှာ သွားလေရာ မျက်နှာပွင့်လန်း၍ လူတကာ၏ အရေးထားလေးစားမှုကို ခံယူရသည်။ ရှေ့တန်းစစ်မျက်နှာတစ်နေရာတွင်ရှိသော ဟစ်တလာ၏ စစ်ဦးစီးဌာနချုပ်၌ ဂျာမန်ထိပ်သီး ခေါင်းဆောင်ကြီးများက စကော်ဇေနီအား ရောမသူရဲကောင်းကြီးပမာ ကြိုဆိုဂုဏ်ပြုခဲ့ကြသလို ဘာလင်မြို့တော်ရှိ နာဇီပါတီဌာနချုပ်ကလည်း စကော်ဇေနီအား အမျိုးမျိုးသော ဆုများနှင့် ဘွဲ့တံဆိပ်များကို ချီးမြှင့်ပေးအပ်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



စကော်ဇနီသည် ထိုရက်များအတွင်းက သူ့အား ချီးကျူးဂုဏ်ပြုသည့် အခမ်းအနားများနှင့် ဘွဲ့တံဆိပ် ချီးမြှင့်သည့် အခမ်းအနားသို့ နေ့စဉ်ရက်ဆက် တက်ရောက်နေရသဖြင့် မအားမလပ်အောင် ရှိနေခဲ့သည်။ အီတလီ အာဏာရှင်ကြီး မူဆိုလီနီကိုယ်တိုင်က သူ့အား "သူရဲကောင်းတစ်ရာ" ဘွဲ့ထူးကို ပေးအပ်ခဲ့ရုံမျှမက ရွှေသားအစစ်ဖြင့် ပြုလုပ်ထားသည့် ရွှေလက်ပတ်နာရီတစ်လုံး ချီးမြှင့်ခဲ့သည်။ ယင်း ရွှေလက်ပတ်နာရီ၏ ကျောဘက်တွင် မူဆိုလီနီ၏ အမည်အတိုကောက် "အမ်" (M) ဟူသော စာလုံးနှင့် မူဆိုလီနီအား ကယ်တင်ခဲ့သည့် "၁၂ ၉ ၄၃" ဟူသော နေ့စွဲကို အမှတ်တရ ရေးထိုးပေးခဲ့သည်။

လေတပ်ဆိုင်ရာ ဝန်ကြီး မာရှယ်ဂိုးအားရင်းသည်လည်း အထူးမီးရထားဖြင့် ဘာလင်မြို့တော်သို့ ဆိုက်ရောက်လာပြီး စကော်ဇနီအား ဂျာမန် လေတပ်မတော်၏ ရွှေတံဆိပ်ဖြင့် သီးခြားချီးမြှင့်ဂုဏ်ပြုခဲ့သည်။ ထို့မှတစ်ဖန် ဘာလင်မြို့တော် အားကစား နန်းတော်ကြီးတွင် တခမ်းတနား ပြုလုပ်ကျင်းပသည့် "ပြည်သူ့သားကောင်းများအား ချီးကျူးဂုဏ်ပြုပွဲ"၌ စကော်ဇနီသည် သိန်းချီ၍ တက်ရောက်လာကြသော လူထုပရိသတ်ကြီး၏ ရှေ့မှောက်တွင် ဘွဲ့တံဆိပ်များကို လက်ခံရယူခဲ့ပြီး သူကိုယ်တိုင်က တစ်ဖန်ပြန်၍ သူ၏ကွန်မန်ဒိုတပ်သားများအား သူရဲကောင်း ဘွဲ့တံဆိပ်များ အပ်နှင်းခဲ့ရသည်။

ထိုသို့ အခမ်းအနားများအပြင် သီးသန့်ကျင်းပပြုလုပ်သည့် ဂုဏ်ပြုညစာစားပွဲများအတွက် သီးသန့်ဖိတ်ကြားသည့် ဖိတ်စာများမှာလည်း တဖွဲဖွဲ တသဲသဲ မစဲအောင် ရောက်လာခဲ့ကြသည်။ ခေါင်းဆောင်ကြီး ဟစ်တလာ ၏ ညာလက်ရုံး နာဇီပါတီ၏ ထိပ်သီးမာတင်ဘောမန်းထံမှ "နေ့လယ်စာ သုံးဆောင်ပါရန်"။ နိုင်ငံခြားရေးဝန်ကြီး ရစ်ဘင်ထရော့ထံမှ "လက်ဖက်ရည်ပွဲသို့ ကြွရောက်ချီးမြှင့်ပါရန်"။ ဝါဒဖြန့်ချိရေးဝန်ကြီး ဒေါက်တာ ဂိုးဘဲလ်ထံမှ "ညစာ စားပွဲသို့ တက်ရောက်ပါရန်" စသည်ဖြင့် စကော်ဇနီမှာ နေ့စဉ် နေ့တိုင်း "ပွဲဆက်"များ၍ မအားအောင် ဖြစ်နေခဲ့သည်။

သည်ကြားထဲတွင် ရုံဖန်ရံခါ ဟစ်တလာ၏ စစ်ဦးစီးဌာနချုပ်မှ

www.burmeseclassic.com

www.burmeseclassic.com



ဆင့်ခေါ်ချက်အရ ပါတီနှင့် တပ်မတော်မှ ထိပ်သီး ပုဂ္ဂိုလ်ကြီးများသာလျှင် တက်ရောက်ခွင့်ရှိသော ဟစ်တလာ၏ "လက်ဖက်ရည်ကြမ်းဝိုင်း"သို့လည်း ညဘက်များတွင် မကြာခဏ တက်ရောက်ခဲ့ရသေးသည်။ ဖုံကြည် စိတ်ချ ရသည့် "လူယုံတော်"များနှင့်အတူ အဆိုပါလက်ဖက်ရည်ကြမ်း ဝိုင်းတွင် ခေါင်းဆောင်ကြီး ဟစ်တလာ၏ ထူးဆန်းလှသည့် ပုဂ္ဂလိက အယူအဆများကို တအံ့တဩ နားထောင်ခဲ့ရသည်။

စကော်ဇနီ၏ အရှိန်အဝါသည် ထိုအချိန်ထိုအခါက မည်ရွေ့ မည်မျှကြီးမားခဲ့ပါသနည်းဟူမူ အဆိုပါ လက်ဖက်ရည်ကြမ်းဝိုင်းတွင် လုံးဝအရက် မသောက်တတ်သည့် ခေါင်းဆောင်ကြီးနှင့်အတူ အရောင် ရင့်သလောက် အရသာခါးလှသည့် လက်ဖက်ရည်ကြမ်းကို အားလုံး သောက်နေကြဆဲမှာ ပင် အစေခံတစ်ယောက်သည် အခြား အခြားသော ဗိုလ်ချုပ်ကြီးများနှင့် ဝန်ကြီးများကိုကျော်ကာ စကော်ဇနီအနီးသို့ကပ်၍ တိုးတိုးကလေး နှစ်ကိုယ်ကြား ပြောခဲ့သေးသည်။

"ဗိုလ်မှူး··· ဗိုလ်မှူး အနေနဲ့ လက်ဖက်ရည်မကြိုက်ဘူးဆိုရင် ပြောနော်··· အားမနာနဲ့ ဗိုလ်မှူးအတွက် ကျွန်တော် ကော်ဖီသတ်သတ် ဖျော်လာပေးပါ့မယ်"

စကော်ဇနီ၏ အောင်မြင်ကျော်ကြားမှု ဂယက်လှိုင်းသည် ဤမျှဖြင့် ဆိုင်းငံ့ရပ်တန့် မနေသေးပေ။ မူဆိုလီနီအား အခက်အခဲကြားမှ လွတ် မြောက်အောင် ကယ်တင်နိုင်ခဲ့သည့် သူ၏ ကြီးပမ်းလုပ်ဆောင်ချက်များ ကို အကြောင်းပြု၍ ဂျာမန်တပ်မတော်အတွင်း အရာရှိ အကြပ်တပ်သား များအား "အသေခံ တပ်သားများ၏ စစ်ရေး သေနင်္ဂဗျူဟာများကို" တပ်ဖွဲ့အသီးသီးသို့ သွားရောက်ဟောပြော ပို့ချပေးခဲ့ရသေးသည်။ သို့ဖြင့် အဆိုပါ ဟောပြောပို့ချသည့် သင်တန်းများတွင် ဗိုလ်ချုပ်ကြီးများနှင့် ဗိုလ်မှူးကြီးများသည် ဗိုလ်မှူး စကော်ဇနီ၏ "စစ်ရေး သေနင်္ဂဗျူဟာများ ကို သုန်မှုန်သော မျက်နှာထားများဖြင့် နားထောင်ခဲ့ကြရသည်။

အမှန်စင်စစ် အထက်အရာရှိကြီးများသည် အသေခံတပ်သား ကျော် စကော်ဇနီအား မနာလို မရှုစိတ်မဖြစ်မိကြသည့်တိုင်အောင်

www.burmeseclassic.com

www.burmeseclassic.com



အထင်ကြီးစိတ်များ ပြောပလောက်အောင် မရှိဘဲ ဖြစ်နေကြသည်။ သူတို့ စိတ်ထဲတွင် စကော်ဇနီအား "အရှင်မွေး၍သာ နေချင်းကြီးလာသူ" ဟူ၍ သဘောထားခဲ့ကြသည်။ ခေါင်းဆောင်ကြီးဟစ်တလာ၏ "မြောက်စားမှုကြောင့် တောက်ပွားလာသူ" ဟူ၍ မှတ်ယူခဲ့ကြသည်။

တစ်နေ့တွင် ဟစ်တလာ၏ စစ်ဌာနချုပ်၌ အထက်ပါအတိုင်း "သေခံတပ်သားများ၏ စစ်ရေးသေနင်္ဂဗျူဟာများ" ကို သူထက်ရာထူးကြီးသည့် အရာရှိကြီးများရှေ့မှောက်တွင် "ဟောပြောပို့ချ" ပြီးနောက် စကော်ဇနီသည် ဌာနချုပ်စခန်း လုံခြုံရေးတာဝန်ခံ တပ်မှူး၏ လိုက်လံပြသမှုကြောင့် စခန်း၏လုံခြုံရေးနှင့် ပတ်သက်၍ စီစဉ်လုပ်ဆောင်ချက်များကို လှည့်လည် ကြည့်ရှုခဲ့သည်။ ထိုသို့ နှစ်ယောက်သား စခန်းတစ်ခုလုံးကို လှည့်လည်ကြည့်ရှုကြရင်း လုံခြုံရေးတာဝန်ခံ တပ်မှူးက မိမိတို့သည် စကော်ဇနီက မွဆိုလီနီအား သွားရောက်ကယ်တင်ခဲ့သည့် နည်းတူ ရန်သူ တပ်သားများက ခေါင်းဆောင်ကြီး ဟစ်တလာအား အလစ်တွင် ဝင်ရောက် ဖမ်းဆီးခေါ်ဆောင်သွားခြင်း မပြုနိုင်အောင် စခန်းတစ်ခုလုံး၏ လုံခြုံရေးကို အဖက်ဖက်က စီစဉ်ထားကြောင်းဖြင့် စကော်ဇနီအား "ခပ်ကြွားကြွား" ပြောလိုက်သည်။

ဤတွင် စကော်ဇနီက မည်မျှပင် လုံခြုံစိတ်ချရအောင် စီစဉ်ထားသည်ဖြစ်စေ၊ တကယ်တန်း အရည်အချင်းပြည့်ဝ၍ တကယ်တန်း ရဲရဲဝံ့ဝံ့ စွန့်စားလုပ်ဆောင်မည်ဆိုပါက ဤစခန်းသို့ အလစ်တွင် ရန်သူများ ဝင် ရောက်၍ ဟစ်တလာအား ဖမ်းဆီးသွားနိုင်ကြောင်း ပြန်လည်ပြောကြားကာ စခန်း၏ လုံခြုံရေးအစီအစဉ်များထဲမှ "ဟာကွက်" တစ်ခုနှစ်ခုကို ထောက်ပြခဲ့သည်။ စခန်းတာဝန်ခံ တပ်မှူးမှာ ဘာတစ်ခွန်းမှ ပြန်မပြောနိုင်တော့ဘဲ မျက်နှာညိုမည်းသွားခဲ့သည်။

စကော်ဇနီသည် အစပထမပိုင်းတွင် ထင်ပေါ်ကျော်ကြားခြင်းနှင့် ချီးကျူးဂုဏ်ပြုခံရခြင်း၏ အရသာကို လူသားတစ်ယောက်ပီပီ၊ ကျေနပ်နှစ်သိမ့်ခဲ့မိသည်။ သာယာယစ်မူးခဲ့မိသည်။ သို့သော် တဖြည်းဖြည်းဖြင့် ထိုအပ်သည်ထက် ပိုလာပြီး ထင်ပေါ်ကျော်ကြားမှု၏ဒဏ်ကို ခံရဖန်

www.burmeseclassic.com

www.burmeseclassic.com



များလာသောအခါ တစ်စတစ်စ စိတ်ပျက်လာခဲ့သည်။ အထူးသဖြင့် ထင်ပေါ်ကျော်ကြားသူများကိုမှ ပိုင်း၍အရေးပေးလိုကြသည့် လူ့သဘာဝကို နားလည်သဘောပေါက်လာကာ စက်ဆုပ်ရွံရှာလာမိသည်။ သည်အထဲတွင် အပေါ်ယံဟန်ဆောင်မှုများနှင့် မနာလိုဝန်တိုမှုများကို တွေ့လာရသောအခါ ပို၍ပင် စိတ်ပျက်လာမိသည်။

ထိုသို့ နာမည်ကြီးမှုနှင့် ထင်ပေါ်ကျော်ကြားမှုဒဏ်ကို အလူးအလဲခံနေရသဖြင့် အကြီးအကျယ် စိတ်ပျက်နေခိုက် သူ့အတွက် အားရကျေနပ်စရာ စိတ်ရွှင်လန်းချမ်းမြေ့စရာ ကြုံတွေ့လာခဲ့ရသည်။

တစ်နေ့သော် ခေါင်းဆောင်ကြီး ဟစ်တလာ၏ ဆင့်ခေါ်ချက်အရ စစ်ဦးစီးဌာနချုပ်သို့ သွားရောက်ခဲ့ရသည်။ ဌာနချုပ်တွင် ခေါင်းဆောင်ကြီး ဟစ်တလာနှင့် တွေ့လျှင်တွေ့ချင်း သူ့အား ဆင့်ခေါ်သည့်ကိစ္စကို သိလိုက်ရသည်။ ယင်းကိစ္စမှာ အခြားမဟုတ် မူဆိုလီနီအား လွတ်မြောက်အောင် ကယ်တင်ခဲ့သည့် အသေခံတပ်သားများ၏ စွမ်းဆောင်ချက်ကို အကြောင်းပြု၍ လောလောဆယ် ရန်သူနှင့် ရင်ဆိုင်နေကြရသည့် စစ်မျက်နှာတိုင်းတွင် ဂျာမန်ကွန်မန်ဒိုတပ်ဖွဲ့များ ဖွဲ့စည်းစေလွှတ်ပေးရန်ပင် ဖြစ်သည်။ ထိုသို့ ကွန်မန်ဒိုတပ်ဖွဲ့များကို စစ်မျက်နှာတိုင်းမှာ စေလွှတ်နိုင်ရန်အတွက် ကွန်မန်ဒိုတပ်ရင်းတစ်ရင်းကို အမြန်ဆုံးဖွဲ့စည်းလိုကြောင်း ခေါင်းဆောင်ကြီးက မိန့်ကြားသောအခါ သူ့အနားတွင် ရှိနေသော ဌာနချုပ် စစ်ဆင်ရေး တာဝန်ခံ ဗိုလ်ချုပ်ဂျိုဒဲလ်က ပျာပျာသလဲဖြင့် "တစ်ခဲနက်" ထောက်ခံချက်ပေးလိုက်သည်။

သို့ဖြင့် ခေါင်းဆောင်ကြီး ဟစ်တလာ၏ ပြင်းပြသောဆန္ဒနှင့် ဗိုလ်ချုပ်ဂျိုဒဲလ်၏ "တစ်ခဲနက် ထောက်ခံချက်" အရ စစ်မျက်နှာအသီးသီးသို့ စေလွှတ်ရန် ကွန်မန်ဒိုတပ်ရင်းတစ်ရင်း ဖွဲ့စည်းရေးကို စကော်ဇေနီက လည်း အားရဝမ်းသာ လက်ခံခဲ့သည်။

လောလောဆယ် လိုအပ်သည်ထက် ပိုနေသော ချီးကျူးပွဲများ၊ ဂုဏ်ပြုပွဲများ၊ ညစာခံပွဲများနှင့် ပောပြောပို့ချပွဲများကို စိတ်ပျက်စက်ဆုပ်နေသော စကော်ဇေနီသည် သူ့ဝါသနာပါသော သူလိုလားသော အသေခံ

www.burmeseclassic.com

www.burmeseclassic.com



တပ်ရင်းတစ်ခု ဖွဲ့စည်းရေးအတွက် လက်တွေ့အကောင်အထည် ဖော်ရမည်ဖြစ်ရာ အဘယ်မှာလျှင် အားရဝမ်းသာမဖြစ်ဘဲ နေပါမည်နည်း။ လက်တွေ့သမားတစ်ယောက်အတွက် လက်တွေ့အလုပ်သည်သာလျှင် ပျော်စရာအကောင်းဆုံး မဟုတ်ပါလော။

ဤသို့လျှင် စကော်ဇနီသည် ခေါင်းဆောင်ကြီး၏ အမိန့်နှင့် ဗိုလ်ချုပ်ဂျီဒဲလ်၏ ညွှန်ကြားချက်များကို နာခံမှတ်သားကာ အသေခံတပ်ရင်း တစ်ရင်း ဖွဲ့စည်းရေးကို တက်တက်ကြွကြွ လုပ်ဆောင်ခဲ့ရပြန်သည်။ သို့ဖြင့် စောစောပိုင်းက ဖရိုက်ဒင်သယ်စခန်းတွင် သင်တန်းတက်ခဲ့ကြပြီးဖြစ်သော မိမိ၏အသေခံတပ်သားဟောင်း နှစ်ရာကျော်ကို အခြေခံကာ အခြားသော ဂျာမန်တပ်မတော် တပ်ဖွဲ့များမှ လက်ရွေးစင် တပ်သားများဖြင့် ဖြည့်စွက်၍ အသေခံတပ်ရင်း တစ်ရင်းကို စတင်ဖွဲ့စည်းခဲ့သည်။

မူဆိုလီနီအား သွားရောက်ကယ်တင်ခဲ့စဉ်က ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများနှင့် သင်ခန်းစာများအရ စကော်ဇနီသည် သူ၏အသေခံတပ်ရင်းကို အဖက်ဖက်မှ ပြည့်စုံအောင် အပြင်းအထန်လေ့ကျင့်မှုများ ပြုလုပ်စေခဲ့သည်။ သူ၏ အသေခံတပ်သားများအား လေထီးဆင်းရာတွင် ကျွမ်းကျင်သူများဖြစ်အောင် သင်ကြားပေးခဲ့သလို ရေကူးကျင်လည်သူများ ဖြစ်အောင် သင်ကြားပေးခဲ့သည်။ တစ်ချိန်တည်းတွင် ဘာသာမျိုးစုံ ပြောတတ်အောင် သင်ကြားခဲ့သလို ဖောက်ခွဲဖျက်ဆီးရေး အတတ်ပညာများကိုလည်း နားလည်အောင် လေ့ကျင့်ပေးခဲ့သည်။ သူလက်လှမ်းမီသမျှ သူစွမ်းဆောင်နိုင်သမျှ သူ့တပ်သားများအား အတတ်မျိုးစုံပညာမျိုးစုံ တတ်မြောက်အောင် အပြင်းအထန် ပုံလောင်းပေးခဲ့သည်။

ထိုသို့ အသေခံတပ်ရင်းကို အပြင်းအထန် လေ့ကျင့်ဖွဲ့စည်း၍ အကောင်အထည် ပေါ်လုဆဲဆဲမှာပင် ခေါင်းဆောင်ကြီး၏ အရေးပေါ် ဆင့်ခေါ်ချက်အရ ဗာနချုပ်သို့ အရေးပေါ်သွားရောက်ခဲ့ရပြီး ခေါင်းဆောင်ကြီးထံမှ အရေးပေါ်အမိန့်တစ်ရပ်ကို နာခံခဲ့ရပြန်သည်။

"မယ်ရှယ်တီးတိုးကို အသေရရ အရှင်ရရ ဖမ်းပေးပါ"

ထိုအချိန်က ယူဂိုစလာဗီးယားနိုင်ငံမှ ပြောက်ကျားခေါင်းဆောင်

www.burmeseclassic.com

www.burmeseclassic.com



တီးတိုးသည် ဂျာမန်တပ်များအတွက် ရောမဆွူးညှောင့် ခလုတ်ကြီးတစ်ခု ဖြစ်နေခဲ့သည်။ ယူဂိုစလားဗီးယားနိုင်ငံတွင် တပ်စွဲနေကြသော ဂျာမန် တပ်များမှာ တီးတိုးခေါင်းဆောင်သည့် ပြောက်ကျားတပ်များ၏ ဒဏ်ကို အလူးအလဲ ခံနေရသည်။ ဂျာမန်စစ်တပ်များသည် ယူဂိုစလပ် ပြောက် ကျားတပ်များကို လက်စတုံး ခြေမှုန်းပစ်ရန် ထိုးစစ်များ အကြိမ်ကြိမ် ဆင်နွှဲခဲ့ကြသည်။ သို့သော် ပြောက်ကျားစစ်၏ သေနင်္ဂဗျူဟာများကို ကောင်းကောင်းကြီး ပိုင်ဆိုင်ကျွမ်းကျင်ထားသည့် တီးတိုး၏ ခေါင်းဆောင် မှုနှင့် ဖက်ဆစ်ဆန့်ကျင်ရေး စိတ်ဓာတ်များ တဖွားဖွား ပေါ်ပေါက်နေကြ သည့် ယူဂိုစလပ်ပြောက်ကျားများ၏ လက်ချက်ဖြင့် ဂျာမန်တို့၏ ထိုးစစ် များမှာ ဖရိုဖရဲပြိုကွဲ ပျက်စီးခဲ့ကြရသည်။

သို့ဖြင့် တစ်နေ့တစ်ခြား အင်အားကြီးမားလာသော အဆိုပါ ယူဂို စလပ်ပြောက်ကျားများကို နှိမ်နင်းတိုက်ခိုက်ရန်အတွက် ဂျာမန်တပ် များသည် ယူဂိုစလားဗီးယားနိုင်ငံတွင် အလုံးအရင်းဖြင့် တပ်စွဲနေကြသည်။ ထိုသို့ ယူဂိုစလားဗီးယားနိုင်ငံတွင် ဂျာမန်တပ်များ အလုံးအရင်းဖြင့် တပ် စွဲထားရသည့်အတွက် အခြားအရေးကြီးသည့် စစ်မျက်နှာများတွင် စစ်အင်အားလုံလောက်စွာ မပို့နိုင်ဘဲ ဖြစ်နေရသည်။

သို့ဖြစ်ရာ ဂျာမန်စစ်ဦးစီးဌာနချုပ်အနေဖြင့် မိမိတို့ ဂျာမန်တပ်များ အတွက် ရောမဆွူးညှောင့်ခလုတ်ကြီး ဖြစ်နေသည့် ယူဂိုစလပ်ပြောက် ကျားခေါင်းဆောင် မာရှယ်တီးတိုးအား အမြန်ဆုံးထုတ်နုတ် ဖယ်ရှားပစ်ရန် အရေးတကြီး လိုအပ်နေခဲ့သည်။ ယင်းလိုအပ်ချက်အရ ခေါင်းဆောင်ကြီး ဟစ်တလာက "သူ့နှလုံးသားထဲတွင် အမြဲကိန်းအောင်းနေသည့်" အသေခံ တပ်သားကျော် စကော်ဇနီအား မာရှယ်တီးတိုးကို "တွေ့ရာ သင်္ချိုင်း စားမဆိုင်း"ဘဲ အသေရရ၊ အရှင်ရရ ဖမ်းဆီး "ဆက်သ"ရန် အမိန့်တော်မြွက်ချမှတ်လိုက်ခြင်းဖြစ်သည်။

စကော်ဇနီသည် ဟစ်တလာ၏ အမိန့်တော်သံကို နားစွင့်ပြီးနောက် လက်တွေ့သမားပီပီ တစ်စုံတစ်ရာ စောင့်ဆိုင်းမနေဘဲ "ဘိမ်းမစောင်း ဘိန်းဘောင်းရိုက်" ကာ ယူဂိုစလားဗီးယားနိုင်ငံ၏ မြို့တော် ဘဲလ်ဂရိတ်

www.burmeseclassic.com

www.burmeseclassic.com



မြို့ကို လေယာဉ်ဖြင့် ထွက်ခွာလာခဲ့သည်။

ဘဲလ်ဂရိတ်မြို့တော်သို့ ရောက်လျှင်ရောက်ချင်း သူသည် သတင်းထောက်လုပ်ငန်းရေးကို ပထမဆုံး စတင်လုပ်ဆောင်ခဲ့သည်။

"တီးတိုး ဘယ်မှာလဲ . . . "

ဂျာမန်တို့ သိမ်းပိုက်ထားဆဲဖြစ်သော ဘဲလ်ဂရိတ်မြို့တော်မှ ဂျာမန်ထောက်လှမ်းရေးသမားများက ပြောက်ကျားခေါင်းဆောင် မာရှယ်တီးတိုး ဘယ်မှာရှိနေသည်ကို အပူတပြင်း စုံစမ်း၍ စကော်ဇနီထံ နေ့ချင်းညချင်း သတင်းပို့ခဲ့ကြသည်။ ထောက်လှမ်းရေး အစီရင်ခံစာ ငါးစောင်အရ မာ ရှယ်တီးတိုးသည် နေရာငါးနေရာသို့ ရောက်နေခဲ့သည်။

ထိုသို့ တီးတိုးရောက်ရှိနေသည့် နေရာကို ထောက်လှမ်းရေး အစီရင်ခံစာ ငါးစောင်တွင် နေရာငါးမျိုးဖြစ်နေသော်လည်း "မာရှယ်တီးတိုး၏ ဖက်ဆစ်ဆန့်ကျင်ရေး လက်နက်ကိုင်ပြောက်ကျား အင်အားမှာ စုစုပေါင်း တစ်သိန်းခန့်ရှိကြောင်းနှင့် ၎င်းပြောက်ကျားတပ်များသည် အချိန်မရွေး နေရာမရွေး တိုက်ခိုက်နိုင်သည့် အခြေအနေရှိသည်" ဟူသော အချက်အလက် သုံးသပ်တင်ပြရာတွင်မူ အစီရင်ခံစာ ငါးစောင်စလုံးတွင် တစ်သံတည်းထွက်၍ တစ်မျိုးတည်း ဖြစ်နေသည်ကို တွေ့ရသည်။

ယူဂိုစလားဗီးယားနိုင်ငံတွင် တီးတိုးသည် တကယ့်မဏ္ဍိုင်ပုဂ္ဂိုလ်ကြီးဖြစ်နေသည်။ ဗြိတိသျှတို့က ယူဂိုစလပ်ပြောက်ကျားများအတွက် လိုအပ်သည့် ပစ္စည်းများကို အင်တိုက်အားတိုက် လေကြောင်းမှ ချပေးရေးကို ဆွေးနွေးရန် မာရှယ်တီးတိုးအား အရေးတကြီး ရှာဖွေလျက်ရှိသည်။ တစ်ချိန်တည်းတွင် ဂျာမန်ထောက်လှမ်းရေးသမားများကလည်း ဟစ်တလာ၏ အမိန့်အရ မာရှယ်တီးတိုးအား အသေရရ၊ အရှင်ရရ ဖမ်းဆီးရန် အပူတပြင်း ရှာဖွေနေကြသည်။

စကော်ဇနီသည် တစ်ယောက်တစ်မျိုး ဆယ်ယောက်ဆယ်မျိုး ပြောနေကြသည့် ကောလာဟလများအကြားတွင် သတင်းမှန်ရန် မလွယ်ကူကြောင်း သိရသည်။ သို့ဖြင့် သူသည် သူ၏လက်ထောက် အရာခံဗိုလ် နှစ်ယောက်နှင့်အတူ ဘဲလ်ဂရိတ်မြို့တော်မှ ဇာဂရက်မြို့သို့

www.burmeseclassic.com



ထွက်ခွာလာခဲ့သည်။ အာဂရပ်မြို့မှာ တီးတိုးခေါင်းဆောင်သည့် ပြောက်ကျားများ၏ အခြေခံနယ်မြေမှ အချက်အချာမြို့တစ်မြို့ ဖြစ်သည်။

စကော်ဇနီသည် သူကိုယ်တိုင် မာစီးဒီးကားကို မောင်းလာရင်း လမ်းဘေးသို့ သတိထားကြည့်ရန် သူနှင့်အတူပါလာသော ဗိုလ်ကလေးနှစ်ယောက်အား မကြာခဏ သတိပေးလာခဲ့ရသည်။ သူကိုယ်တိုင်ကလည်း ကားမောင်းရင်း အထူးသတိထားလာခဲ့သည်။ အဘယ်ကြောင့်ဆိုသော် မိမိတို့ ယခုကားမောင်းလာခဲ့ကြသော လမ်းခရီးတစ်လျှောက်တွင် ဂျာမန်စစ်ကားများ သွားလာခြင်းမပြုလုပ်ကြသည်မှာ ကြာပြီဖြစ်သည်။ သို့ဖြစ်ရာ ယခုကဲ့သို့ မလာစဖူး အလာထူး၍ ဂျာမန်စစ်ကားတစ်စီးတည်း မောင်းနှင် လာခိုက်တွင် လမ်းဘေးဝဲယာ တစ်ဖက်တစ်ချက်မှ ယူဂိုစလပ်လယ်သမားများသည် သူတို့လက်ထဲမှ ထွန်တံများနှင့် ပေါက်ပြားများကို ဖြုန်းခနဲပစ်ချကာ လယ်ကန်သင်းထဲမှ ရိုင်ဖယ်နှင့် စက်သေနတ်များကို ဆွဲ၍ အလစ်တွင် ပစ်ခတ်တိုက်ခိုက်လာကြမည်ကို စိုးရိမ်ရသောကြောင့် ဖြစ်သည်။

မွန်းတည့်လုဆဲဆဲ အချိန်လောက်တွင် စကော်ဇနီတို့သည် ဖရုစကားအမည်ရှိ ရွာကလေးတစ်ရွာနှင့် ခပ်လှမ်းလှမ်းတောင်ကုန်းတစ်ခုပေါ်မှ ဂျာမန်ကင်းစခန်းတစ်ခုသို့ ရောက်လာခဲ့ကြသည်။ ဤကင်းစခန်းကလေးမှာ လူသူအဆက်အသွယ် ကင်းဝေးလှ၍ အန္တရာယ်များလှသည်ဟု စကော်ဇနီက တွေးမိသည်။

အဆိုပါ စခန်းများတွင် ခေတ္တခရီးတစ်ထောက်နားရင်း နေ့လယ်စာစားကြသည်။ ထိုသို့ နေ့လယ်စာစားနေခိုက် စခန်းတာဝန်ခံ ဂျာမန်အရာရှိက ဤဒေသတစ်ပိုက်တွင် ပြောက်ကျားများ အင်အားကောင်းလှကြောင်းနှင့် ဂျာမန်တပ်များ အငိုက်မိခံရ၍ အတုံးအရုံး ကျဆုံးခဲ့ရသည်မှာ မကြာခဏပင်ဖြစ်ကြောင်း စသည်ဖြင့် စားစရာများကို ပလုတ်ပလောင်းစားရင်း "မြိန်ရေရှက်ရေ" ပြောပြခဲ့သည်။ ထို့ပြင် ပြောက်ကျားများ၏ စည်းရုံးရေးကောင်းလိုက်ပုံမှာ ခပ်လှမ်းလှမ်းရှိ ဖရုစကာရွာမှ ဆရာဝန်ကိုယ်တိုင် ပြောက်ကျားများ၏ လက်စွဲတော်ဖြစ်နေကြောင်းနှင့် မိမိတို့ကိုယ်တိုင်

www.burmeseclassic.com

www.burmeseclassic.com



ကလည်း ထိုဆရာဝန်ကိုပင် လက်ကိုင်ပြုနေရကြောင်းများကို အားရပါးရ ရယ်ရယ်မောမော ပြောပြလိုက်သေးသည်။ ထိုစခန်းမှဆက်လက် ထွက်ခွာလာခဲ့ကြ၍ ညနေစောင်းတွင် ရောက်သွားကြသောအခါ ထိုမြို့မှ ဂျာမန် တပ်သားများက စကော်ဇနီတို့အား လမ်းခရီးတွင် တစ်စုံတစ်ရာ ဘာတစ်ခုမှမဖြစ်ဘဲ ဂရိတ်မြို့မှ အာဂရပ်မြို့သို့ ချောချောမောမော ရောက်လာကြသည်ကို တအံ့တဩဖြင့် မယုံနိုင်လောက်အောင် ဖြစ်နေကြသည်။ တီးတိုး၏ ပြောက်ကျားများသည် ဤမြို့အရှိန်အဝါရှိနေကြောင်း ယခုမှ စကော်ဇနီ ပို၍နားလည်သဘောပေါက်မိသည်။

မာရှယ်တီးတိုးအား ခြေရာခံရသည်မှာ တနင်္ဂနွေလေးပတ်မျှပင် ကြာခဲ့သည်။ နောက်ဆုံး၌ သူသည် ဘော့စ်နီးယားပြည်နယ် အနောက်ပိုင်း "ဒီဗား" အမည်ရှိ မြို့ကလေးတစ်မြို့တွင် ရှိနေကြောင်း အတိအကျသိခဲ့ရသည်။

တီးတိုး၏ ပြောက်ကျားစစ်ဌာနချုပ် လျှို့ဝှက်စခန်းမှာ ဒီဗားမြို့ကလေးနှင့် ခပ်လှမ်းလှမ်းကျောက်တောင်စွန်း တစ်ခုပေါ်မှ ဂူထဲတွင် ပြုလုပ်ထားသည်ဟု သိရသည်။ အဆိုပါ ကျောက်တောင်စွန်းပေါ်မှ ကြည့်လျှင် ဒီဗားမြို့ကလေးတစ်မြို့လုံးကို မြင်ရသလို အနီးအနားသို့ ချဉ်းကပ်လာသော ရန်သူမှန်သမျှကိုလည်း အပေါ်မှ ဆီးကြို၍ မြင်နိုင်သည်။

စကော်ဇနီသည် အဆိုပါ တီးတိုး၏ ပြောက်ကျားဌာနချုပ်စခန်းသို့ သူ၏ ဂျာမန်အသေခံတပ်သားများအား ရပ်ဖျက်၍ သွားရောက်စုံစမ်း နိုင်းရန် စီစဉ်လိုက်သည်။ သို့ဖြစ်ရာ ဤအစီအစဉ်နှင့် ပတ်သက်၍ ဒီဗားမြို့တွင်းရှိ ဤစစ်နယ်မြေတာဝန်ခံ ဂျာမန်ဗိုလ်ချုပ်ထံ အရာရှိတစ်ယောက်အား စေလွှတ်၍ သတင်းပို့ အသိပေးခဲ့သည်။ စကော်ဇနီ၏ ထိုသို့သော အစီအစဉ်ကို ကြားလိုက်သော ဂျာမန်ဗိုလ်ချုပ်သည် တစ်စုံတစ်ရာ ကန့်ကွက်ပြောဆိုခြင်း မပြုသော်လည်း သူ့မျက်နှာမှာ ဩချွေ့မရလောက်အောင် ပျက်သွားကြောင်း သိရသည်။

စကော်ဇနီသည် ပထမတွင် ဤအကြောင်းနှင့် ပတ်သက်၍

www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားမရအောင် ဖြစ်မိသည်။ နောက်တစ်ရက် နှစ်ရက်နေမှ အဖြစ်မှန်ကို သိရသည်။ ဖြစ်ပုံမှာ စကော်ဇနီမရောက်လာမီ တစ်ပတ်ခန့်ကပင် အထက်ပါ ဂျာမန်ဗိုလ်ချုပ်သည် တီးတိုး၏ ပြောက်ကျားဌာနချုပ်ကို အလစ်ဝင်ရောက် တိုက်ခိုက်ရန် စီစဉ်ထားပြီးဖြစ်သည်။ ထိုသို့ စီစဉ်ပြီးဖြစ်နေစဉ် ဟစ်တလာ၏အမိန့်ဖြင့် စကော်ဇနီတို့ ရောက်လာခဲ့ရာ ဗိုလ်ချုပ်မှာ ဘာလုပ်ရမှန်း မသိအောင် ဖြစ်သွားခဲ့သည်ဟု စကော်ဇနီအား ထောက်လှမ်းရေးသမားတစ်ယောက်က အစီရင်ခံ တင်ပြခဲ့သည်။

အမှန်စင်စစ် ဗိုလ်ချုပ်သည် စကော်ဇနီအား လုံးဝလိုလားသူ တစ်ယောက်မဟုတ်ပေ။ ဟစ်တလာ၏ အမိန့်အရ စကော်ဇနီတို့ ရောက်ရှိလာခြင်း။ ပြောက်ကျားစစ်ဌာနချုပ်အား ဝင်ရောက်တိုက်ခိုက်ရန် မိမိတို့မူလစီစဉ်ထားသည့် စစ်ဆင်ရေးပျက်ပြားသွားမည်ကို စိုးရိမ်နေမိသည်၊ သို့သော် ဗိုလ်ချုပ်သည် သူ၏စစ်ဆင်ရေး အစီအစဉ်များကို စကော်ဇနီ လုံးဝမသိသေးဟု ယုံကြည်နေခဲ့သည်။

သို့ဖြစ်ရာ စကော်ဇနီသည် ဗိုလ်ချုပ်ထံ ကြိုးမဲ့ကြေးနန်းဖြင့် လှမ်း၍ အကျိုးအကြောင်း တင်ပြခဲ့သည်။ စကော်ဇနီက "ဗိုလ်ချုပ်၏ လျှို့ဝှက်စစ်ဆင်ရေး အစီအစဉ်များကို မိမိတို့သိရှိပြီးကြောင်း၊ ယင်းအစီအစဉ်အရ မိမိကိုယ်တိုင် ဗိုလ်ချုပ်၏အမိန့်နှင့် ညွှန်ကြားချက်များကို နာခံကာ ပြောက်ကျားများအား ပူးပေါင်းတိုက်ခိုက်လိုကြောင်း၊ အဓိကဦးတည်ချက်မှာ ဟစ်တလာ၏ အမိန့်အတိုင်း မာရှယ်တီးတိုးအား အသေရရ၊ အရှင်ရရ ဖမ်းဆီးနိုင်ရေးပင်ဖြစ်ကြောင်း . . . စသည်ဖြင့် တင်ပြခဲ့သည်။

စကော်ဇနီအား ပြိုင်ဘက်တစ်ယောက်ပမာ သဘောထားနေခဲ့သော ဗိုလ်ချုပ်သည် အထက်ပါ တင်ပြချက်ကို လက်မခံဘဲ ပယ်ချခဲ့ရုံမျှမက စကော်ဇနီအား လုံးဝအသိမပေးဘဲ သူ၏မူလအစီအစဉ်အတိုင်း ပြောက်ကျားဌာနချုပ်စခန်းကို အလစ်ဝင်ရောက် စီးနင်းတိုက်ခိုက်မည်သည်၊ သို့သော် သူ၏ မှုမမှန် မရိုးသားသည့် သဘောထားသည် သူ့အတွက် "တူသော အကျိုး"ပေးခဲ့သည်ဟူ၍ပင် ဆိုရမည်ဖြစ်သည်။ အဘယ်

www.burmeseclassic.com



ကြောင့်ဆိုသော် ဖုံးကြဲလေယာဉ်များနှင့် လေထီးတပ်များပါ ပါဝင်၍ တီးတိုး၏ပြောက်ကျား ဗျူဟာကို အလုံးအရင်းဖြင့် ဝင်တိုက်ခဲ့ရာ၌ ဗိုလ်ချုပ်၏တပ်များသည် ပြောက်ကျားများကို "တစ်ကောင်တစ်မြီး" မှ မတွေ့ရတော့ဘဲ ရွှေကြယ်တံဆိပ်များတပ်ထားသည့် ယူနီဖောင်းအင်္ကျီ တစ်ထည်သာလျှင် သိမ်းပိုက်ရရှိခဲ့ကြသည်။ မာရှယ်တီးတိုးနှင့်တကွ ပြောက်ကျားများသည် ကြိုတင်သတင်းရရှိခဲ့ကြပြီးဖြစ်၍ တိုက်ပွဲမစမီကပင် ရှောင်တိမ်းသွားခဲ့ကြပြီဖြစ်သည်။

သို့ဖြင့် အသေခံတပ်သားကျော် စကော်ဇနီသည် ယူဂိုစလင် ပြောက်ကျားခေါင်းဆောင် မာရှယ်တီးတိုးအား ခေါင်းဆောင်ကြီး ဟစ်တလာ၏ အမိန့်အရ အသေရရ အရှင်ရရ ဖမ်းဆီးရန် စီစဉ်ကြိုးစား ခဲ့ပြီးမှ မလိုတမာရှိလှသည့် ဂျာမန်ဗိုလ်ချုပ်တစ်ဦး၏ မိုက်မဲမှုကြောင့် သီသီကလေး တော့လွဲလွဲခဲ့ရသည်။

အကယ်၍သာ ထိုစဉ်က မာရှယ်တီးတိုးအား အသေဖြစ်စေ၊ အရှင်ဖြစ်စေ ဖမ်းဆီးရမိခဲ့မည်ဆိုပါက . . .

လက်တွေ့သမားဖြစ်သော စကော်ဇနီသည် ဤနေရာတွင် ရှူတာက်၍ မစဉ်းစားတတ်ဘဲ ဖြစ်နေခဲ့သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

# အမေရိကန်စစ်သား "အဝှာ" များ

၁၉၄၄ ခု၊ ဆောင်းဦးပေါက်ရာသီ၊ ဒီဇင်ဘာလ၏ တစ်ခုသော နေ့တစ် နေ့ . . .

ဘယ်လ်ဂျီယံနိုင်ငံ၏ အရှေ့တောင်ပိုင်း အာဒင်းနီးစ် တောင်ကုန်းဒေသတွင် ဖြစ်သည်။

ထိုအချိန် ထိုအခါက၊ ထိုနေရာ ထိုဒေသတွင် ဗိုလ်ချုပ် ရန်းတက် ဦးစီးသော ဂျာမန်တပ်မကြီးများသည် အင်အားကြီးမားလှသည့် မဟာမိတ်တပ်များအား သဲသဲမဲမဲ ထိုးစစ်ကြီး ဆင်နွှဲလျက် ရှိနေကြသည်။ ဤထိုးစစ်ကြီးသည် ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဂျာမန်တို့၏ နောက်ဆုံး ထိုးစစ်ပင်ဖြစ်သည်။

အဆိုပါ အာဒင်းနီးစ် တောင်ကုန်းဒေသမှ တစ်ခုသော တောအုပ်အတွင်း တစ်ခုသော နေ့တစ်နေ့တွင် ဗိုလ်ချုပ် ဟော့ဂျက် ကွပ်ကဲသော အမှတ်တစ် အမေရိကန်တပ်မတော်၏ နောက်ပိုင်းရှိ ဓာတ်ဆီဖြည့်သည့် စခန်းတစ်ခုရှေ့တွင် အမေရိကန်ဂျစ်ကားတစ်စီး ထိုးဆိုက်လာသည်။ ကားပေါ်တွင် အမေရိကန် စစ်ယူနီဖောင်းများဖြင့် စစ်သားလေးယောက် ပါလာသည်။

"ကျေးဇူးပြုပြီး ဓာတ်ဆီ ထည့်ပေးပါခင်ဗျား . . ."

www.burmeseclassic.com

www.burmeseclassic.com



ဂျစ်ကားပေါ်မှ အမေရိကန်စစ်သားတစ်ယောက်က လှမ်းအော်လိုက်သည်။

ဤ စကားလေးတစ်ခွန်းသည်ပင် ကားပေါ်မှ "အမေရိကန် စစ်သားများ"အတွက် မဟာအမှားတော်ပုံကြီး ဖြစ်ခဲ့ရသည်။

အမှန်စင်စစ် အမေရိကန်စစ်သားမှန်သမျှ ဓာတ်ဆီကို "ဓာတ်ဆီ" ဟူ၍သာ အတိုကောက်ခေါ်ကြသည်။ ထို့ပြင် အမေရိကန်စစ်သားများ၏ ဝေါဟာရများထဲတွင် "ကျေးဇူးပြုပြီး" ဟူသော စကားအသုံးအနှုန်းမှာ လုံးဝမရှိ၊ လုံးဝမသုံး၊ သူတို့ လုပ်လေ့လုပ်ထရှိသည်မှာ ဓာတ်ဆီဖြည့်သည့် စခန်းရှေ့တွင် ကားကို ကျွဲခနဲ ဘရိတ်အုပ်၍ ထိုးရပ်လိုက်ပြီး "ဆီဗျို့ ··ဆီ·· ဆီ" ဟူ၍ ကုန်းအော်တတ်ကြသည်။ စစ်သားပီပီ ခပ်ရိုင်းရိုင်း ခပ်ပြတ်ပြတ် လုပ်တတ်ပြောတတ်ကြသည်။

ယခုသော် စစ်သုံးအမေရိကန် ဂျစ်ကားပေါ်မှ အမေရိကန် ယူနီဖောင်းများ ဝတ်ဆင်ထားသည့် အမေရိကန်စစ်သားလေးယောက်သည် "ကျေးဇူးပြုပြီး ဓာတ်ဆီထည့်ပေးပါ ခင်ဗျာ"ဟု ယဉ်ယဉ်ကျေးကျေး ပြောလာသည်မှာ အံ့သြစရာကောင်းသည်ထက် မသင်္ကာစရာ ပို၍ ကောင်းနေသည်။

ဤတွင် ဓာတ်ဆီဖြည့်သည့် စခန်းမှ တပ်ကြပ်ကြီးက ဓာတ်ဆီကို ချက်ချင်းထည့်မပေးဘဲ ဂျစ်ကားအနီးသို့သွား၍ အကဲခတ်လိုက်သည်။

"ဟေ့ကောင်တွေ၊ နေပါဦး··· မင်းတို့က ဘယ်တပ်ရင်းကလဲ၊ မင်းတို့ တပ်ရင်းမှူးက ဘယ်သူလဲ၊ အခု မင်းတို့ တပ်ရင်း ဘယ်မှာ·

တပ်ကြပ်ကြီး၏ မေးခွန်းများ မဆုံးမီမှာပင် ဂျစ်ကားပေါ်မှ အမေရိကန်စစ်သားလေးယောက်သည် သူတို့ကိုယ်သူတို့ အခြေအနေ မဟုတ်တော့ပြီကို ရိပ်မိလိုက်ကြသဖြင့် ကားကို ရုတ်တရက် စက်နှိုးကာ ဝူးခနဲ တစ်ချီတည်း မောင်းပြေးကြတော့သည်။

သို့သော် ထိုနေ့က ကြမ္မာဆင်နေပြီဖြစ်သော အဆိုပါ စစ်သားလေးယောက်သည် ဝေးဝေးလံလံ လွတ်အောင် မပြေးနိုင်ကြဘဲ လှမ်းမကမ်း

www.burmeseclassic.com

www.burmeseclassic.com



မှာပင် သူတို့ရှေ့မှာ တသီတသန်းကြီး မောင်းနေကြသည့် အမေရိကန်စစ်သားကြီးများကို ရှောင်ရင်းတိမ်းရင်း ရေမျှားခဲ၍ ပြောင်ချောနေသည့် လမ်းပေါ်တွင် ကားဘီးချောကာ လမ်းဘေးသို့ ထိုးကျပြီး ကားမှောက်သွားခဲ့သည်။ နောက်ဆုံးည ဓာတ်ဆီစခန်းမှ တပ်ကြပ်ကြီး အပါအဝင် အမေရိကန်စစ်သားများ ဝိုင်းအုံလာကြပြီး ကားအောက်တွင် ပိနေကြသည့် သူတို့လေးယောက်ကို ဆွဲထုတ်၍ ဒဏ်ရာများကို စစ်ဆေးကြည့်ရန် အဝတ်အစားများကို ချွတ်လိုက်ကြသောအခါ သူတို့ကိုယ်ပေါ်တွင် အမေရိကန် စစ်ယူနီဖောင်းအောက်မှ ဂျာမန်စစ်ယူနီဖောင်းများ ဝတ်ဆင်ထားကြသည်ကို တွေ့လိုက်ရသည်။ အမေရိကန်စစ်သား ဟန်ဆောင်လာကြသော ဂျာမန်စစ်သားများပါတကား။

သို့သော် ဤပြဿနာမှာ ဤမျှဖြင့် မပြီးသေး။

ကား မှောက်ထားသဖြင့် တစ်ကြောင်း၊ သူတို့ အလိမ်ပေါ်သွားပြီဖြစ်၍တစ်ကြောင်း၊ တုန်တုန်ယင်ယင်ဖြစ်နေသော သူတို့လေးယောက်ကို သေနတ်ဖြင့်ချိန်ကာ "ကဲ··· အမှန်အတိုင်းပြောစမ်း၊ မပြောရင် သေဖို့သာပြင်ပေတော့"ဟု ခြိမ်းခြောက် မေးမြန်းကြသည်။ သူတို့ကလည်း "ဖူးပေါ်သလို" ပေါ်နေပြီဖြစ်၍ မငြင်းသာတော့ဘဲ အမှန်အတိုင်း "ဖြောင့်ချက်" ပေးခဲ့ကြသည်။ ဤတွင်မှ စစ်သား "အစစ်များ" မှာ ခေါင်းနားပန်းကြီးကာ မျက်လုံးများ ပြူးသွားမိကြသည်။

သူတို့ပြောပြချက်အရဆိုလျှင် ယခုကဲ့သို့ အမေရိကန်စစ်သားဟန် ဆောင်ထားကြသည့် ဂျာမန်စစ်သားများမှာ သူတို့လေးယောက်တည်းသာမဟုတ်၊ ဤ အာဒင်းနီးစ် ဒေသတစ်ဝိုက်ရှိ အမေရိကန်စစ်ကြောင်း တစ်လျှောက်လုံးတွင် သူတို့လို အမေရိကန်စစ်သုံး ဂျစ်ကားများစီးကာ အမေရိကန်စစ်ယူနီဖောင်း ဝတ်ထားသည့် ဂျာမန်စစ်သားများ အမြောက်အမြား ရောက်ရှိနေကြပြီဟု ဆိုသည်။ ထိုမျှမက အမေရိကန်တင့်ကားများနှင့် အမေရိကန် အမြောက်တင်ကားများ အပါအဝင် အမေရိကန်စစ်သုံးယာဉ် အမျိုးမျိုးတို့ဖြင့် အမေရိကန်ယူနီဖောင်းများ ဝတ်ဆင်ထားကြသည့် ဂျာမန်စစ်သား ထောင်ပေါင်းများစွာတို့သည်

www.burmeseclassic.com

www.burmeseclassic.com



ဤအမေရိကန် စစ်ကြောင်းကို ဖြတ်ကျော်၍ နောက်ထပ်ဝင်ရောက်လာကြလိမ့်ဦးမည်ဟု ပြောပြကြသည်။ ထိုသို့ အမေရိကန် စစ်သားအသွင်ရုပ်ဖျက်ထားကြသည့် ဂျာမန်တပ်သားများကို အုပ်ချုပ်ကွပ်ကဲသူမှာ အခြားမဟုတ်၊ အောဒ့တို စကော်ဇနီပင်ဖြစ်သည်ဟု သိရသည်။

"စကော်ဇနီ··· ဟုတ်လား။ ဟိုတုန်းက မူဆိုလီနီကို ကယ်ခဲ့တယ်ဆိုတဲ့လူလား"

"ဟုတ်တာပေါ့··· စကော်ဇနီဆိုတာ သူပဲပေါ့··· သူ့အပြင်ဘယ်သူရှိဦးမှာလဲ"

စကော်ဇနီအကြောင်း ကြားဖူးထားကြသော အမေရိကန် စစ်သားများမှာ သူတို့မျက်စိထဲတွင် အမေရိကန် စစ်ယူနီဖောင်း ဝတ်ထားကြသည့် ဂျာမန်တပ်ကြီးကို မြင်ယောင်ကာ အထိတ်တလန့်ဖြစ်သွားမိကြသည်။ အထိတ်တလန့် ဖြစ်ရာမှ ပို၍တုန်လှုပ်ချောက်ချားစရာ ဖြစ်ရပြန်သည်မှာ ဖမ်းမိထားသည့် ဂျာမန်စစ်သားများက ဆက်လက်၍ မိမိတို့ ယခုကဲ့သို့ အမေရိကန်စစ်သား ဟန်ဆောင်ရခြင်း၏ အဓိက ရည်ရွယ်ချက်မှာ အမေရိကန် ဗိုလ်ချုပ်ကြီး အိုက်ဆင်ဟောင်ဝါးအား ပြန်ပေးဆွဲ၍ ဖမ်းဆီးရန် ဖြစ်သည်။

ချက်ချင်း ဤသတင်းကို မိုင် ၁၀၀ ခန့်ရှည်လျားသည့် အမေရိကန် စစ်ကြောင်းတစ်လျှောက်ရှိ တပ်စခန်းအားလုံးနှင့် တပ်ဖွဲ့အားလုံးသို့ အလောသုံးဆယ် အပူတပြင်း သတင်းပို့လိုက်ကြသည်။ ဤသတင်း ပြန့်သွားပြီးနောက် မရေမနောင်းပင် အလားတူ အမေရိကန်စစ်သား ဟန်ဆောင်ထားကြသော ဂျာမန်စစ်သားများကို သုံးယောက်တစ်တွဲ၊ လေးယောက် တစ်တွဲ၊ ငါးယောက်တစ်တွဲ ဆိုသလို ဟိုနေရာ သည်နေရာတွင် ဖမ်းမိသည့် သတင်းများ ထပ်မံရရှိခဲ့သည်။

ဖမ်းမိသည့် ဂျာမန်စစ်သားများကို ချော့၍တစ်မျိုး၊ ချောက်၍တစ်နည်းမျိုးစုံဖြင့် စစ်ဆေးမေးမြန်းကြသောအခါ သူတို့ထံမှ တူညီသော အဖြေများကို တစ်ပုံစံတည်း ပြောကြားခဲ့ကြသည်။

"မင်းတို့ ရည်ရွယ်ချက်က ဘာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အိုက်ဆင်ဟောင်ဝါကို ဖမ်းဖို့ . . ."

"မင်းတို့ခေါင်းဆောင်က ဘယ်သူလဲ"

"စကော်ဇနီ"

ခါတိုင်းကဲ့သို့ပင် ဤပြဿနာတစ်ခုလုံးကို စတင်ခဲ့သည့် နေရာမှာ ဟစ်တလာ၏ စစ်ဌာနချုပ်ပင်ဖြစ်သည်။ ခါတိုင်းကဲ့သို့ပင် ခေါင်းဆောင်ကြီး ဟစ်တလာက စကော်ဇနီအား နှစ်ကိုယ်ကြား ရင်းရင်းနှီးနှီး ပြောကြားခဲ့ခြင်းဖြစ်သည်။

"မင်းကို ငါပြောစရာ တစ်ခုရှိတယ်"

ခါတိုင်းကဲ့သို့ပင် ဟစ်တလာသည် အသံကို နှိမ့်၍ ခပ်တိုးတိုး စတင်ပြောကြားသည်။ နောက်ချက်ချင်းပင် သူ့အသံသည် "ကျားနာ" တစ်ကောင်လို ဟိန်းထွက်လာသည်။

"ကမ္ဘာက ငါတို့ဂျာမနီတော့ သွားပြီ၊ ဇာတ်သိမ်းပြီလို့ ထင်နေကြတယ်၊ ငါတို့ရဲ့ အသုဘကို ဘယ်နေ့ဘယ်အချိန် ချမလဲဆိုတာ အချိန်ရွေးဖို့ပဲ လိုတော့တယ်လို့ ယူဆနေကြတယ်၊ ဒါနဲ့ ပတ်သက်လို့ သူတို့အနေနဲ့ ဘယ်လောက်မှားနေတယ် ဆိုတာပြဖို့ ငါတို့စီစဉ်နေတယ်၊ သူတို့ က အသက်မရှိတော့ဘူးလို့ ထင်နေတဲ့ အလောင်းကောင်ကြီးဟာ အနောက်ဖက် စစ်မျက်နှာမှာ ခေါင်းထောင်ပြီး ထလာတာကို သူတို့မြင်ရ တွေ့ရစေမယ်"

ထို့နောက် ဟစ်တလာသည် စကော်ဇနီအား နံရံတွင် ချိတ်ထားသည့် စစ်မြေပုံရှိရာ ခေါ်သွားပြီး မြေပုံကိုထောက်ပြကာ သူ့အကြံအစည်ကို ပြောပြသည်။

ဤအကြံအစည်မှာ ဤသို့ဖြစ်သည်။

ယခုလောလောဆယ် ဘယ်လ်ဂျီယံ မြောက်ပိုင်းနှင့် ဟော်လန် နိုင်ငံအတွင်း မဟာမိတ်တပ်များ အလုံးအရင်းဖြင့် ရှိနေကြသည်။ ယင်း တပ်များမှာ ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီ ဦးစီးသည့် ဗြိတိသျှ ကနေဒါတပ် များနှင့် ဗိုလ်ချုပ်ကြီး ဟော့ဂျက်၏ အမှတ် (၁) အမေရိကန်တပ်မတော် တို့ဖြစ်ကြသည်။ အဆိုပါ မဟာမိတ်တပ်များအား ဒိုင်သမ္မ ဂျာမန်တပ်

www.burmeseclassic.com

www.burmeseclassic.com



မကြီးများကို စုစည်း၍ အလုံးအရင်းဖြင့် ထိုးစစ်ဆင်နိုင်ပါက မဟာမိတ်တပ်များမှာ ပြေးပေါက်မရှိတော့ဘဲ ပြောက်ပင်လယ်ထဲသို့ မျောပါသွားကြမည်မှာ သေချာသည်။ သို့သော် မိမိတို့အနေဖြင့် ဤထိုးစစ်ကို ဆင်နွှဲရာ၌ အရေးအကြီးဆုံးမှာ ဘယ်လ်ဂျီယံနှင့် ဟော်လန်နိုင်ငံအတွင်း ဖြတ်သန်းစီးဆင်းသွားသည့် မြူဆယ်မြစ်ပေါ်မှ တံတားများကို အပိုင်စီးထားနိုင်မှ ဖြစ်မည်။ တစ်နည်းဆိုရလျှင် ဂျာမန်တပ်မကြီးများ ချီတက်လာချိန်တွင် အဆိုပါ မြူဆယ်မြစ်ကို ဖြတ်ကူးသည့် တံတားများမှာ ရန်သူ၏ ဖျက်ဆီးခြင်းမခံရဘဲ အကောင်းပကတိ ရှိနေဖို့ အရေးကြီးသည်။

သို့ဖြစ်ရာ ဤတံတားများကို သိမ်းပိုက်ရန် စကော်ဇနီက တာဝန်ယူရမည်ဖြစ်သည်။ သို့သော် အဆိုပါတံတားများမှာ မဟာမိတ်စစ်ကြောင်း၏ နောက်ပိုင်းတွင်ရှိနေသည်ဖြစ်ရာ ဂျာမန်တပ်မကြီးများ ချီတက်မလာမီ စကော်ဇနီ၏တပ်များသည် တံတားများရှိရာသို့ ကြိုတင်ရောက်ရှိပြီး တံတားများကို သိမ်းပိုက်ထားကြရမည်ဖြစ်သည်။

ဤတွင် ဘယ်လ်ဂျီယံနှင့် ဟော်လန်နိုင်ငံ နယ်စပ်တစ်လျှောက်တွင် အလုံးအရင်းဖြင့် တပ်စွဲထားကြသည့် မဟာမိတ်စစ်ကြောင်းကို ထိုးဖောက်၍ နောက်ပိုင်းမှ တံတားများကို ကြိုတင်သိမ်းပိုက်ထားနိုင်ရန်အတွက် ခေါင်းဆောင်ကြီး ဟစ်တလာက အသေခံတပ်သားကျော် စကော်ဇနီအား ထူးဆန်းသည့် အစီအစဉ်တစ်ခုကို ချမှတ်ပေးခဲ့သည်။ ယင်းအစီအစဉ်မှာ အခြားမဟုတ်၊ ဂျာမန်စစ်သားများအား မဟာမိတ်စစ်သားများအသွင်ဖြင့် ရုပ်ဖျက်ကာ စစ်ကြောင်းကို ဖြတ်ကျော်စေရန်ပင် ဖြစ်သည်။

ထိုသို့ ရုပ်ဖျက်၍ ဖြတ်ကျော်ကြရာ၌ ဂျာမန်စစ်သားများသည် အမေရိကန်နှင့် ဗြိတိသျှစစ်ယူနီဖောင်းများ ဝတ်ဆင်ရုံမျှမက အမေရိကန်နှင့် ဗြိတိသျှတပ်မှ စစ်ကားများနှင့် စစ်မော်တော်ယာဉ်များကိုပါ အသုံးပြုနိုင်အောင် အစွမ်းကုန် ကြိုးစားရမည်ဟု ခေါင်းဆောင်ကြီး ဟစ်တလာက ညွှန်ကြားခဲ့သည်။ ထိုသို့ မဟာမိတ်စစ်ကားများကို မောင်းနှင်၍ မဟာမိတ်၏ လက်နက်များကို ကိုင်ဆောင်၍ မဟာမိတ်စစ်သား ဟန်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



ထားကြသော ဂျာမန်စစ်သားများသည် စစ်ကြောင်း၏ နောက်ပိုင်းမှ အရေးကြီးသော တံတားများကို သိမ်းပိုက်ထားနိုင်ရုံမျှမက မဟာမိတ်တပ်များ ကိုပါ ထိတ်လန့်တကြား ရုတ်ရုတ်သဲသဲဖြစ်သွားအောင် လုပ်ဆောင်နိုင်ကြလိမ့်မည်ဟူ၍ ဟာစ်တလာက ထောက်ပြခဲ့သည်။

ဤသို့လျှင် စကော်ဇေနီသည် ခေါင်းဆောင်ကြီး ဟာစ်တလာ၏ ထူးဆန်းသော အစီအစဉ်နှင့် ထူးဆန်းသော အမိန့်ညွှန်ကြားချက်များကို လက်ခံရရှိခဲ့သည်။ ထိုနေ့မှာ အောက်တိုဘာလ (၂၀) ရက်နေ့ဖြစ်သည်။

"မင်း... ဒီတာဝန်ကို လာမယ့် ဒီဇင်ဘာလ တစ်ရက်နေ့မတိုင်မီ အားလုံးပြီးစီးအောင် လုပ်ထားပါ"

စကော်ဇေနီ၏ စိတ်ထဲတွင် သူထမ်းဆောင်ရမည့် တာဝန်အတွက် အနည်းဆုံးခြောက်လခန့် အချိန်ယူ၍ ပြင်ဆင်ရမည်ဟု ခန့်မှန်းထားသည်။ သို့သော် ခေါင်းဆောင်ကြီး ဟာစ်တလာက တနင်္ဂနွေငါးပတ်ကျော်ကျော် ခြောက်ပတ်ခန့်သာ အချိန်ပေးခဲ့သည်။ မတတ်နိုင်၊ ရသမျှအချိန်အတွင်း အတတ်နိုင်ဆုံး အစွမ်းကုန်ကြိုးစားသွားရန်သာ ရှိသည်။

သို့သော် စကော်ဇေနီအတွက် အချိန်လုံလောက်စွာ မရသဖြင့် စိတ်ထဲတွင်စနောင့်စနင်းဖြစ်ရသည်ထက် ပို၍မကျေမနပ်ဖြစ်စရာ အကြောင်းတစ်ခု တွေ့လာရသည်။ ယင်းမှာ ဂျာမန်စစ်ဦးစီးဌာနချုပ်မှ နှစ်ရက်သုံးရက်ခန့်အကြာတွင် ထုတ်ပြန်လိုက်သည့် အောက်ပါအမိန့်ကြော်ငြာစာကြောင့်ဖြစ်သည်။

## ထိပ်တန်းလျှို့ဝှက်

## တပ်မကြီးများနှင့် တပ်မတော်တပ်မှူးကြီးများအတွက်သာ

အထူးတာဝန်တစ်ခု ထမ်းဆောင်ရန်အတွက် အင်္ဂလိပ်စကား ပြောတတ်သည့် အရာရှိများနှင့် တပ်သားများ အလိုရှိသည်။ ဖရိုက်ဒင်သယ် ဌာနချုပ်စခန်းသို့ လျှောက်လွှာများ ပေးပို့နိုင်သည်။ ရွေးချယ်ခြင်းခံရသူ များသည် ဒုဗိုလ်မှူးကြီး စကော်ဇေနီလက်အောက်တွင် အသစ်ဖွဲ့စည်းမည့် တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



စကော်ဇနီသည် အထက်ပါ အမိန့်ကြော်ငြာစာကို ဖတ်ကာ အကြီး အကျယ် ဒေါပွသွားမိသည်။ အတတ်နိုင်ဆုံး သိုသိုသိပ်သိပ်ဖြင့် ကြိတ်၍ လုပ်ရမည့်အလုပ်ကို ယခုလို "ကြေညာမောင်း" ခတ်၍ လူစုနေခြင်းမှာ အလွန်တရာ မိုက်မဲလွန်းသည်ဟု ယူဆမိသည်။ သို့ဖြစ်ရာ သူသည် ဤတာဝန်နှင့် ပတ်သက်၍ ဆက်လက်ထမ်းဆောင်ရန် မဖြစ်နိုင်တော့ ကြောင်း စစ်ဦးစီးဌာနချုပ်သို့ စာတစ်စောင် ရေးတင်လိုက်သည်။

စစ်ဦးစီးဌာနချုပ်မှ ဗိုလ်ချုပ်ဗီဂျီလိန်းသည် စကော်ဇနီ၏ စာကို ဖတ်ပြီး အကြီးအကျယ် တုန်လှုပ်သွားသည်။ ဗီဂျီလိန်းမှာ ခေါင်းဆောင်ကြီး ဟစ်တလာနှင့် "မယားညီအစ်ကို" တော်သူဖြစ်၍ သူ့ဇနီးမှာ အီဗာဘရွန်းနှင့် ညီအစ်မဖြစ်သည်။ သူက စကော်ဇနီအား ခေါ်ယူတွေ့ဆုံ၍ သူ့လူများ ကို တစ်ပိုင်းတစ်စ ပေးအပ်သည့်တာဝန်ကိုသာ အစွမ်းကုန် ကြိုးစား ဆောင်ရွက်ပါရန်နှင့် ဤပြဿနာကို ခေါင်းဆောင်ကြီး ဟစ်တလာထံ မတင်ပြရန် မေတ္တာရပ်ခံခဲ့သည်။ စကော်ဇနီသည် နောက်ဆုံး၌ "အမှိုက်ကစ ပြဿဒ် မီးလောင်မည်"စိုးသဖြင့် ဗိုလ်ချုပ် ဗီဂျီလိန်း၏ မေတ္တာရပ်ခံချက်ကို လက်ခံကာ တာဝန်ဆက်လက်ယူရန် သဘောတူခဲ့သည်။

အမှန်စင်စစ် စကော်ဇနီ၏ စိုးရိမ်ပူပန်မှုမှာ မဟာမိတ်တပ်များ၏ အရည်အချင်းကို ပို၍တွက်ခဲ့ခြင်းသာဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဂျာမန်စစ်ဦးစီးဌာနချုပ်မှ "အင်္ဂလိပ်စကား ပြောတတ်သူများ အလိုရှိသည်" ဆိုသော အထက်ပါဖော်ပြပါ အမိန့်ကြော်ငြာစာကို မဟာမိတ်ထောက်လှမ်းရေး သူလျှိုများ ရရှိခဲ့ကြသော်လည်း တစ်စုံတစ်ရာအရေးကြီးသည်ဟူ၍ မယူဆဘဲ အမှုမဲ့အမှတ်မဲ့ သဘောထားခဲ့ကြသောကြောင့် ဖြစ်သည်။

မကြာမီ အထက်ပါ ကြော်ငြာစာအရ စကော်ဇနီ၏ အငယ်ခံ တပ်ဖွဲ့ ဌာနချုပ်ရှိရာ အကြပ်တပ်သားများထံမှ လျှောက်လွှာများ တဖွဲဖွဲ ရောက်လာကြသည်။ သည်အထဲတွင် လူပေါင်း ၁၅၀ ခန့်မှာ အင်္ဂလိပ်

www.burmeseclassic.com

www.burmeseclassic.com



စကားကို အထက်တန်းကျကျ ပြောနိုင်ကြသူများဖြစ်၍ လူပေါင်း ၃၀ ကျော် ၄၀ ခန့်မှာ နိုင်ငံရပ်ခြားသို့ ရောက်ဖူးပြီး အင်္ဂလိပ်စကားကို "မှတ်" နေအောင် ပြောတတ်ကြသည်။ စကော်ဇနီသည် ဤလူများထဲမှ ဆန်ကာတင် ရွေးချယ်၍ အင်္ဂလိပ်စကားကို အင်္ဂလိပ်တစ်ယောက်လို ပြောတတ်သူများအား စုစည်းကာ အသေခံတပ်ခွဲတစ်ခွဲကို သီးသန့်ဖွဲ့စည်းခဲ့သည်။

ထိုမှတစ်ဖန် နောက်ဆုံးပေါ် အင်္ဂလိပ်ဘန်းစကားများ၊ အမေရိကန်ဘန်းစကားများနှင့် စစ်သားသုံး ဘန်းစကားများကို နားလည်စေရန် အတွက် အချို့သော ဂျာမန်စစ်သားများအား အင်္ဂလိပ်အမေရိကန် သုံ့ပန်းများ ဖမ်းဆီးချုပ်နှောင်ထားသည့် ထောင်ထဲသို့ ရုပ်ဖျက်၍ စေလွှတ်ခဲ့သည်။ ထိုမှူမက ဂျီအိုင်ခေါ် အမေရိကန်စစ်သားများ၏ အမူအကျင့်များနှင့် အနေအထိုင်များကိုလည်း အသေးစိတ်လေ့လာသင်ကြားပေးခဲ့သည်။ အမေရိကန် စစ်သားများ၏ နဲ့ဝါးပုံ၊ စီးကရက်ဘူးထဲမှ စီးကရက်ကိုထုတ်ယူပုံ၊ မီးခြစ်ခြစ်၍ စီးကရက်ကို မီးညှိပုံ...

ထို့နောက် စကော်ဇနီသည် နရင်ဘတ်မြို့အနီးရှိ သင်တန်းစခန်းတွင် လူပေါင်းသုံးထောင့်ငါးရာခန့်ကို ခေါ်ယူ၍ သူတို့အထဲမှ သင့်တော်သူများကို တပ်စိတ်မျိုးများနှင့်တကွ တပ်သားအားလုံး အမေရိကန်စစ်ကြောင်းကို ဖြတ်ကျော်၍ နောက်ပိုင်းသို့ ထိုးဖောက်ဝင်ရောက်ကြရမည် ဖြစ်သည်။

နောက်ဆုံးတွင် စကော်ဇနီသည် အမေရိကန်တပ်မတော်မှ စစ်လက်နက်ပစ္စည်း အသုံးအဆောင်များကို ရှာဖွေရတော့သည်။ ဤကိစ္စနှင့် ပတ်သက်၍ စစ်ဦးစီးဌာနချုပ်မှ ဗိုလ်ချုပ် ဂျိုဒဲလ်က စကော်ဇနီအား "ခင်ဗျားလိုချင်တဲ့ ပစ္စည်းပြော.. အားလုံးရရစေမယ်" ဟု ကတိပေးထားခဲ့သည်။

အမှန်စင်စစ် ဗိုလ်ချုပ် ဂျိုဒဲလ်၏ ကတိစကားသည် ၁၉၄၀-၄၁ ခုနှစ်များအတွင်းကဆိုလျှင် အလွယ်တကူ အကောင်အထည်ဖော်နိုင်စရာရှိသည်။ အဘယ့်ကြောင့်ဆိုသော် ထိုစဉ်က ဂျာမန်တပ်များသည်

www.burmeseclassic.com

www.burmeseclassic.com



ဥရောပ တစ်တိုက်လုံးကို သိမ်းပိုက်ထားခဲ့ပြီးဖြစ်၍ "ဘာမဆို လိုတာရ" နိုင်တာကြောင့် ဖြစ်သည်။ ယခုသော်မူ ၁၉၄၀ ၄၁ ခုနှစ်များသည် အတိတ်တွင် ကျန်ရစ်ခဲ့ပြီဖြစ်၍ ၁၉၄၄ ခုနှစ်သို့ပင် ရောက်လာခဲ့ပြီ ဖြစ်သည်။ ၁၉၄၀ ၄၁ ခုနှစ်များက ယခု ၁၉၄၄ ခုနှစ်တွင် တစ်ပွဲပြီး တစ်ပွဲ အရှုံးနှင့် ရင်ဆိုင်နေရရုံမျှမက ဂျာမနီနိုင်ငံကြီးများပင်လျှင် အရှုံးမီး ဝိုင်းသလို ရန်သူပတ်ပတ်လည် အဝိုင်းခံနေရပြီဖြစ်သည်။ ဤအခြေအနေ ဤအချိန်အခါမျိုးတွင် ရန်သူထံမှ စစ်လက်နက်ပစ္စည်း အသုံးအဆောင် များ သိမ်းပိုက်ရရှိရန်မှာ လုံးဝမျှော်လင့်၍ မရသည့်အရာဖြစ်သည်။

ထို့ပြင် ရန်သူတပ်များ၏ စစ်ကြောင်းများကို ဖြတ်ကျော်ထိုးဖောက် ၍ နောက်ပိုင်းသို့ ဝင်ရောက်ရမည့် ဂျာမန်တပ်ဖွဲ့များမှာ တပ်ရင်းသုံးရင်း စာမျှ ရှိမည်ဖြစ်ရာ ဤတပ်ရင်းသုံးရင်းအတွက် လိုအပ်သည့် စစ်လက်နက် ပစ္စည်း အသုံးအဆောင်များနှင့် စစ်သုံးယာဉ်များမှာ နည်းနည်းနောနော မဟုတ်။ စကော်ဇနီ၏ တင်ပြချက်အရဆိုလျှင် နာမည်ကျော် အမေရိကန် "ရှားမင်း"၊ တင့်ကားအစီးနှစ်ဆယ်၊ အမေရိကန် သံချပ်ကာကား အစီး သုံးဆယ်နှင့် အခြားအမေရိကန်စစ်သုံး ထရပ်ကားများ၊ လော်ရီကားများနှင့် ဂျစ်ကားများရအောင် ရှာရမည်ဖြစ်သည်။ ထို့ပြင် လေယာဉ်ပစ်အမြောက် တပ်အတွက် အမေရိကန် အမြောက်အများနှင့် အမေရိကန်တင့်ကားပစ် သေနတ်များလည်း ပါဝင်ရမည်ဖြစ်သည်။

သို့သော် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ယခုကဲ့သို့ တိုက်ပွဲ တိုင်းတွင် အရှုံးကြီးရှုံး၍ အမြဲတမ်း ဆုတ်ခွာနေကြရသည့် အချိန်အခါမျိုး၌ ရန်သူထံမှ သိမ်းပိုက်ရရှိသည့် စစ်လက်နက်ပစ္စည်းဟူ၍ မရှိသလောက် ဖြစ်နေခဲ့ရာ ယခင်ဂျာမန်တို့ အောင်ပွဲခံခဲ့စဉ်က သိမ်းပိုက်ထားခဲ့သည့် စစ်လက်နက် ပစ္စည်းများသာလျှင် ရှိနေသည်။

သို့ဖြင့် အမေရိကန် "ရှားမင်း" တင့်ကား အစီးနှစ်ဆယ် အလိုရှိ နေသော စကော်ဇနီသည် နှစ်စီးသာလျှင် ရှိသည်။ အမေရိကန် သံချပ်ကာ ကားအစီးသုံးဆယ် တောင်းခံခဲ့ရာတွင် ခြောက်စီးသာလျှင် ရရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေမှာ ဤအတိုင်းသာဆိုလျှင် စိတ်ပျက်စရာပင် ဖြစ်သည်။ သို့သော် စကော်ဇနီသည် အလွယ်တကူဖြင့် စိတ်ပျက်တတ်သူ မဟုတ်။ အကြပ်အတည်းများကြားမှ ခက်ခက်ခဲခဲ လုပ်ရကိုင်ရသည်ကိုပင် ပျော်စရာဟု သဘောထားတတ်သူဖြစ်သည်။ သို့ဖြစ်ရာ သူသည် ဂျာမန်သံချပ်ကာ ယန္တရားတပ်ဖွဲ့ဌာနချုပ်မှ ပေးပို့လိုက်သည့် အမေရိကန် "ရှားမင်း" တင့်ကားကြီးနှစ်စီးကို နမူနာယူ၍ လိုအပ်နေသည့် တင့်ကားများအတွက် ဂျာမန်ပန်သာတင့်ကားများကို အမေရိကန် "ရှားမင်း" တင့်ကားများနှင့် တစ်ပုံစံတည်းဖြစ်အောင် ပြုပြင်လုပ်ကိုင်ခဲ့သည်။ ဂျာမန်တင့်ကားများ၏ ကိုယ်ထည်ကို အမေရိကန် တင့်ကားများ၏ ပုံအတိုင်း "သော်ဒီ" အသစ်ပြန်၍ တပ်ဆင်ခြင်း၊ ဆေးအရောင်များ အသစ်ပြန်၍ သုတ်ပေးခြင်းဖြင့် ပုံပြောင်းပစ်ခဲ့သည်။ သို့ဖြင့် ဂျာမန် "ပန်သာ" တင့်ကားများအဖြစ်သို့ ရောက်ရှိသွားခဲ့ကြသည်။ စကော်ဇနီ၏ လက်ထောက်အရာရှိဖြစ်သူ ရာဒယ်ကမူ "အနားကပ်ပြီး သေသေချာချာ မကြည့်သမျှတော့ ဒီကောင်ကြီးတွေကို လူတိုင်းက တကယ့်အမေရိကန် "ရှားမင်း" တင့်ကားကြီးတွေလို့ ထင်ကြမှာဘဲ" ဟူ၍ပင် မှတ်ချက်ချခဲ့သည်။

အလားတူပင် လိုအပ်နေသော အမေရိကန်သံချပ်ကာကားများအတွက်လည်း ဂျာမန်သံချပ်ကာ ကားများကိုပင် ကိုယ်ထည်များ အသစ်လဲ၍ ကာကီရောင်များ သုတ်ကာ ရှေ့မှစက်ဖုံးပေါ်တွင် အဖြူရောင်ကြယ်ကြီးများ ရေးခြယ်ပေးလိုက်ခြင်းဖြင့် တကယ့်အမေရိကန် သံချပ်ကာကားများဖြစ်သွားခဲ့ကြသည်။

ဂျစ်ကားများနှင့် ပတ်သက်၍ စကော်ဇနီသည် အတော်ကလေး ဒေါသထွက်စရာ ကြုံခဲ့ရသည်။ ယခင် ယခင် အခါများကဆိုလျှင် ဂျာမန်စစ်ဗိုလ်တိုင်းလိုလို ရန်သူ့ထံမှ သိမ်းဆည်းရမိခဲ့သည့် အမေရိကန်ဂျစ်ကားကိုယ်စီဖြင့် ကိုယ်ရေးကိုယ်တာ ကိစ္စများအတွက် ဥဒဟိုမောင်းသွားလာနေကြသည်ကို တွေ့ မြင်ခဲ့ရသည်။ သို့သော် ယခု လျှို့ဝှက်စစ်ဆင်ရေးတွင် အသုံးပြုရန်အတွက် အမေရိကန်ဂျစ်ကားရှိသူတိုင်း စစ်ဌာနချုပ် သို့ လာရောက်သတင်းပို့ကြပါဟူ၍ ဗိုလ်ချုပ်မော်ဒဲလ်ကိုယ်တိုင်

www.burmeseclassic.com

www.burmeseclassic.com



အမိန့် ထုတ်ပြန်လိုက်သည်နှင့် တစ်ပြိုင်နက် စောစောက တွေ့မြင်နေရသည့် အမေရိကန်ဂျစ်ကားများမှာ လုံးဝအစအန ရှာမရအောင် ပျောက်ကွယ် သွားကြတော့သည်။

သို့ဖြင့် ဗြာနချုပ်မှ ခွင့်ပြုချက်အရ စကော်ဇနီသည် သူ၏ အသေခံတပ်သားများအား အမေရိကန် ဂျစ်ကားများကို ရှာဖွေရန်နှင့် တွေ့သမျှကို သိမ်းခဲ့ရန် အမိန့်ပေးလိုက်သည်။ ဤတွင်မှ ကောက်ရိုးပုံများ ပြောင်းရိုးများနှင့် ချုံပုတ်များထဲတွင် ဝှက်ထားကြသည့် အမေရိကန် ဂျစ်ကား ဆယ့်ငါးစီးကို တွေ့လာခဲ့ကြသည်။ ထုံးစံအတိုင်း လိုအပ်နေသော အခြား အမေရိကန်ဂျစ်ကားများအတွက် ဂျာမန်ဂျစ်ကားများကိုပါ ဘော်ဒီလဲကာ ဆေးသုတ်၍ ရုပ်ပြောင်းရုပ်လွှဲ လုပ်ခဲ့ကြသည်။

အမေရိကန် အမြောက်အများနှင့် ပတ်သက်၍မူ စကော်ဇနီသည် အတော်ကလေး အားရကျေနပ်မိသည်။ အဘယ်ကြောင့်ဆိုသော် တပ်ရင်း သုံးရင်းအတွက် အမြောက်ဆယ့်ငါးလက် တောင်းခံခဲ့ရာတွင် ရှစ်လက်တိတိ ရရှိခဲ့ရာ သူမျှော်လင့်ထားသည့် အရေအတွက်ထက် ပိုလာသောကြောင့် ဖြစ်သည်။ ထိုသို့ အမေရိကန်အမြောက် ရှစ်လက် တိတိ ရခဲ့ပြီးနောက် အမြောက်ဆံများနှင့် ရိုင်ဖယ်ကျည်ဆံများကိုလည်း လိုသလောက်ရခဲ့သဖြင့် အထူးပင် အဆင်ပြေသွားခဲ့သည်။

နောက်ဆုံးတွင် စကော်ဇနီသည် သူ၏ အသေခံအထူးတပ်ခွဲ တစ်ခွဲလုံးကို တကယ့်အမေရိကန် စစ်လက်နက်အသုံးအဆောင် ပစ္စည်းအစစ်များဖြင့် အပြည့်အစုံတပ်ဆင်ကာ ကျန်တပ်သားများကိုမူ အမေရိကန် စစ်လက်နက် ပစ္စည်းအစစ်နှင့် အတုများကို ရော၍ တပ်ဆင်ပေးခဲ့သည်။

ထိုသို့ တပ်ရင်းသုံးရင်းစာမျှသော ဂျာမန်စစ်သားများအား အမေရိကန် စစ်သားများအဖြစ်၊ တပ်ရုပ်ပြောင်းရုပ်လွှဲလုပ်ရာ၌ ယူနီဖောင်းဝတ်စုံများနှင့် ပတ်သက်၍လည်း စကော်ဇနီမှာ အတော်ကလေး ခေါင်းခဲခဲ့ရသည်။

ပထမဆုံး သူ့ထံသို့ ပို့လိုက်သော ယူနီဖောင်းဝတ်စုံများ ထည့်ထားသည့် အထုပ်ကြီးများကို ဖြေကြည့်လိုက်သောအခါ အပေါ်မှ ယူနီဖောင်း

www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံများမှာ အမေရိကန်ယူနီဖောင်းများ မဟုတ်ဘဲ အင်္ဂလိပ် ယူနီဖောင်း ဝတ်စုံများဖြစ်နေသည်ကို တွေ့လိုက်ရသည်။ သို့ဖြင့် ထပ်မံမှာကြားလိုက်သောအခါ နောက်ထပ် ရောက်လာသည့် အမေရိကန်ယူနီဖောင်းများမှာ အင်္ကျီနှင့် ဘောင်းဘီများမဟုတ်ဘဲ ဂရိတ်ကုတ်ခေါ် ကုတ်အင်္ကျီရှည်ကြီးများဖြစ်နေသည်ကို တွေ့ရပြန်သည်။ နောက်ဆုံးတွင်မှ မိမိတို့ ဂျာမန်တပ်များ ထိုးဖောက်ဝင်ရောက်ကြရမည့် အာဒင်းနီးစ်ဒေသမှ အမေရိကန်တပ်သားများ ဝတ်ဆင်ကြသည့် စစ်မြေပြင်သုံး ယူနီဖောင်းအင်္ကျီ၊ ဘောင်း ဘီများကို ရရှိခဲ့ကြသည်။

သို့တိုင်အောင် အဆိုပါ အမေရိကန် ယူနီဖောင်းများမှာ တပ်ရင်းသုံးရင်းစာမှုရှိသည့် ဂျာမန်တပ်သားများအတွက် မလုံမလောက်ဖြစ်နေသဖြင့် အမေရိကန် စစ်သုံ့ပန်းများ ဝတ်ဆင်သည့် အမေရိကန် ယူနီဖောင်းအင်္ကျီများမှ သုံ့ပန်းအမှတ်အသားဖြစ်သည့် သုံးမြှောင့်တံဆိပ်များကို ပြန်ခွာ၍ ဝတ်ဆင်စေရသည်။

ထိုသို့ အမေရိကန် စစ်လက်နက်ပစ္စည်း အသုံးအဆောင်များ ရရှိရေးအတွက် မဖြစ်ဖြစ်သည့်နည်းဖြင့် အပူတပြင်း ကြိုးစားရှာဖွေခဲ့ရပြီးနောက် အတော်အတန် စိတ်အေးရပြီဟူ၍မှ မကြံသေးမီ စကော်ဇနီအတွက် ရောမ စိတ်အနှောင့်အယှက်ဖြစ်စရာ အရေးအခင်းကြီး တစ်ခု ကြုံလာခဲ့ရပြန်သည်။ ယင်းမှာ အခြားမဟုတ်၊ ဟိုမှသည်မှ အဆက်မပြတ် ပေါ်ထွက်လာသော ကောလာဟလသတင်းများပင် ဖြစ်သည်။

ဂျာမန်တပ်မတော်တွင် ခေါင်းဆောင်ကြီး ဟစ်တလာ၏အားအကိုး ရဆုံးဖြစ်သည့် ဒုဗိုလ်မှူးကြီး စကော်ဇနီခေါင်းဆောင်သော တပ်ရင်းသုံးရင်း အသစ်ဖွဲ့စည်းနေခြင်းနှင့် ထိုတပ်ရင်းများအတွက် အမေရိကန် စစ်လက်နက် အသုံးအဆောင်ပစ္စည်းများမှအစ အမေရိကန်ယူနီဖောင်း ဝတ်စုံများပါ အပူတပြင်း ရှာဖွေခဲ့ခြင်း… စသည်တို့ကို အကြောင်းပြုကာ တစ်ယောက်တစ်ပေါက် တစ်ယောက်တစ်မျိုး ပြောဆိုလာကြသည့် ကောလာဟလများမှာ တားမနိုင်ဆီးမရ ဖြစ်လာခဲ့သည်။ ကောလာဟလ

www.burmeseclassic.com

www.burmeseclassic.com



သတင်းတစ်ခု ပေါ်ထွက်လာခဲ့ပြီး ဤကောလာဟလသတင်း ပျောက်ကွယ်မသွားမီပင် အခြားကောလာဟလသတင်းတစ်ခု ထွက်ပေါ်လာပြန်သည်။ သည့်နောက် ကောလာဟလတစ်ခု. . . ၊ နောက်တစ်ခု။

နောက်ဆုံးတွင် စကော်ဇနီသည် သည်းမခံနိုင်အောင် ဖြစ်ခဲ့သည်။ တစ်နေ့တခြား တစ်ယောက်တစ်ပေါက် အမျိုးမျိုးပြောနေကြသော ကောလာဟလများနှင့်ပတ်သက်၍ မည်မျှဂယက်ရိုက်နေသည်ကို လည်းကောင်း၊ အတိအကျ သိရှိနိုင်ရန် သူကိုယ်တိုင် လိုက်လံစုံစမ်းခဲ့သည်။ သူကိုယ်တိုင် ကောလာဟလများ၏ အစကို ခြေရာခံခဲ့သည်။

သို့သော် သူ့အတွက် ထူးထူးထွေထွေ အပင်ပန်းခံနေစရာမလို၊ ဤကောလာဟလများ၏ ဂယက်သည် သူ့ထံသို့ တိုက်ရိုက်လာ၍ ရိုက်ခတ် သည်ကို ကိုယ်တိုင် ကိုယ်တွေ့ ကြုံခဲ့ရသည်။

တစ်နေ့တွင် အရာရှိတစ်ယောက်သည် သူ့ထံသို့ သုတ်သီးသုတ်ပျာဖြင့် ရောက်လာသည်။ စကော်ဇနီက မည်သို့မျှ မေးမြန်းစုံစမ်းခြင်း မပြုရသေးမီ အဆိုပါအရာရှိက သူသည် "ပြင်သစ်နိုင်ငံ ပါရီမြို့တွင် အတော်ကြာကြာ နေထိုင်ခဲ့ဖူးသူတစ်ယောက်ဖြစ်ကြောင်း၊ ပါရီမြို့ကြီး တစ်မြို့လုံးကို ချောင်ကြိုချောင်ကြားမကျန် နှံ့နှံ့စပ်စပ် သွားလာခဲ့ဖူးကြောင်း သို့ဖြစ်၍ ယခုဆင်နွှဲမည့် လျှို့ဝှက်စစ်ဆင်ရေးတွင် သူ့ထံမှ ထိရောက်သော အကူအညီများ ရနိုင်ကြောင်း"စသဖြင့် ဆိုင်းမဆင့် ဘုံမဆင့် ပြောလာသည်။

"နေပါဦး. . .အခု ငါတို့ စီစဉ်နေတဲ့ လျှို့ဝှက်စစ်ဆင်ရေးဟာ ဘာအတွက်လို့ မင်းစိတ်ထဲ ထင်နေလို့လဲ"

စကော်ဇနီက ထိုသို့ပြန်မေးလိုက်သောအခါ အဆိုပါအရာရှိသည် အနီးအနားတစ်ဝိုက်တွင် သူစိမ်းလူစိမ်းများ ရှိနေသလားဟူသော အမူအရာ ဖြင့် ဟိုဟိုသည်သည် ကြည့်လိုက်ပြီးမှ ပြန်ပြောသည်။

"ကျွန်တော်တို့ဟာ အမေရိကန်တပ်တွေကို ထိုးဖောက်ပြီး ပါရီမှာရှိတဲ့ စစ်ဌာနချုပ်က ဗိုလ်ချုပ်ကြီး အိုက်ဆင်ဟောင်ဝါကို လာဖမ်းဖို့ပဲ. . . ကျွန်တော်သိတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



စကော်ဇနီသည် ရုတ်တရက် ဘာပြန်ပြောရမှန်းမသိအောင် ကြောင် သွားမိသည်။ မိမိအား ဟစ်တလာက ဤလျှို့ဝှက်စစ်ဆင်ရေးနှင့် ပတ်သက်၍ တာဝန်ပေးအပ်ခဲ့စဉ်က အိုက်ဆင်ဟောင်ဝါ အမည်ကို တစ်လုံးတစ်လေမျှ ထည့်သွင်းပြောဆိုခဲ့ခြင်းမရှိခဲ့ပါဘဲလျက် ယခုမိမိရှေ့တွင် ရောက်နေသောအရာရှိက မိမိတို့စစ်ဆင်ရေး၏ အဓိကရည်မှန်းချက်မှာ အိုက်ဆင်ဟောင်ဝါကို ဖမ်းဆီးရန်ဟူ၍ အနိုင်အမာလာပြောနေသည်ကို ကြားလိုက်ရသောအခါ ရယ်ရမလို ငိုရမလို ဖြစ်သွားခဲ့မိသည်။

နောက်မှ သူ့ကိုယ်သူ ပြန်၍ထိန်းလိုက်ပြီး အရေးကြီးသည့်မျက်နှာအမူအရာဖြင့် ထိုအရာရှိအား နှစ်ကိုယ်ကြား ပြန်ပြောလိုက်သည်။

"ဒီ သတင်းကို မင်း ဘယ်ကကြားလာခဲ့တာလဲ၊ ဘာပဲဖြစ်ဖြစ် အရေးအကြီးဆုံးက ဒီသတင်းကို မင်း ဘယ်သူ့မှ ပြန်မပြောဖို့၊ ပြီး·· မင်း ပါရီမှာ အကြာကြီး နေခဲ့ဖူးတယ်ဆိုတာနဲ့ ပတ်သက်လို့တော့ အချိန်ကျရင် ငါ မင်းကို ခေါ်လိုက်မယ်၊ ကြားလား"

စကော်ဇနီသည် ကွက်ကျော်မြင်တတ်သူ တစ်ဦးဖြစ်သည်။ သူမြင်သည့် ကွက်ကျော်မှာ တစ်ကွက်နှစ်ကွက်သာမက သုံးလေးငါးကွက်ကျော် မြင်တတ်သည့် "ကွက်ကျော်" ဖြစ်သည်။ သူသည် မိမိတို့သာမန်တပ်သားများအကြားတွင် အချင်းချင်းပြောနေကြသည့် ကောလာဟလ သတင်းစကားကို တစ်စုံတစ်ရာ ဟန့်တားခြင်း၊ ပိတ်ပင်ခြင်းမပြုဘဲ လွှတ်ပေးထားခဲ့သည်။ အမှန်တကယ်လိုလို လုပ်ပစ်ခဲ့သည်။ ဤသို့ဖြင့် ကောလာဟလသတင်းသည် ဂျာမန်စစ်သားများထံမှတစ်ဆင့်မကြာမီ အမေရိကန်စစ်သားများထံ ရောက်သွားမည်မှာ သေချာသည်။ ဤသို့ဖြင့် မိမိသည် အမေရိကန်စစ်သားများအား "တစ်ပတ်ရိုက်" ရုံမျှမက သုံးပတ်လေးပတ် ရိုက်နိုင်မည်ဟု တထစ်ချ ယူဆမိသည်။ ကောလာဟလကို ကောလာဟလအတိုင်း အကျိုးရှိအောင် အသုံးချခြင်း ဖြစ်သည်။

သို့ဖြစ်၍လည်း အမေရိကန်စစ်သား ဟန်ဆောင်၍ အမေရိကန်ဂျစ်ကားကိုစီးကာ ဓာတ်ဆီဝင်ထည့်ရာမှ အဖမ်းခံခဲ့ရသော ဂျာမန်စစ်သား

www.burmeseclassic.com

www.burmeseclassic.com



များက မိမိတို့၏ အစီအစဉ်မှန်းချက်မှာ ဗိုလ်ချုပ်ကြီး ဒိုက်ဆင်ဟောင်ဝါကို ဖမ်းရန်ဖြစ်သည်ဟု ရိုးသားစွာဖြောင့်ချက်ပေးခဲ့ခြင်း ဖြစ်သည်။

ထိုသို့ အယောင်ဆောင် ဂျာမန်စစ်သားများက ရိုးသားစွာ ဖြောင့်ချက်ပေးခဲ့သည်ကို အမေရိကန်စစ်သားများကလည်း ရိုးသားစွာပင် လက်ခံ ယုံကြည်ခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် သူတို့ ဆက်လက်၍ ဖြောင့်ချက်ပေးခဲ့ကြသည့်အတိုင်း ယခုအခါ အမေရိကန် ယူနီဖောင်းဝတ် ဂျာမန်အသေခံတပ်သား အမြောက်အမြားသည် အမေရိကန်စစ်ကြောင်း၏ နောက်ပိုင်းသို့ ထိုးဖောက်ဝင်ရောက်လာခဲ့ကြပြီ ဖြစ်သောကြောင့်တည်း။

❑

www.burmeseclassic.com

www.burmeseclassic.com

## အကျယ်ချုပ်ခံခဲ့ရရှာသော အိုက်ဆင်ဟောင်ဝါ

၁၉၄၄ ခု၊ ဒီဇင်ဘာလ ၁၆ ရက်...။

ဤနေ့ ဤရက် အရုဏ်တက်ချိန်မှာပင် ဂျာမန်တို့၏ နောက်ဆုံးထိုးစစ်ကြီး စတင်ဆင်နွှဲခဲ့သည်။

ထိုးစစ်ကြီး စလျှင်စချင်း အာဒင်းနီးစ်တောင်ကုန်း ဒေသရှိ အမေရိကန်ရှေ့တန်းအခြေစိုက် လေယာဉ်ကွင်းများမှာ ဂျာမန်တိုက်လေယာဉ်များ၏ ဗုံးအထိကို အလစ်တွင် ခံလိုက်ရသည်။ အရုဏ်တက်အချိန်တွင် ဗုံးသံ အမြောက်သံများ ဆူညံ၍ မြူနှင်းများ ပိတ်ဆို့နေသည့်ကြားမှ တကယ့်အမေရိကန်စစ်သုံး ဂျစ်ကားများဖြင့် တကယ့်အမေရိကန် ယူနီဖောင်းများဝတ်ဆင်ကာတကယ့်အမေရိကန် လက်နက်များကိုင်ဆောင်ထားကြသည့် စကော်ဇနီ၏ ဂျာမန်အသေခံ အထူးတပ်ခွဲသည် အမေရိကန်စစ်ကြောင်းကို ဖြတ်ကျော်၍ ဝင်ရောက်လာခဲ့ကြသည်။

အမေရိကန်တပ်များမှာ ရုတ်တရက် အခိုက်အတန့်တွင် အငိုက်မိခံလိုက်ကြရသည်။ ဗိုလ်ချုပ်ရမ်းတက် ဦးစီးသော ဂျာမန်တပ်များသည် ထိုးစစ် စလျှင်စချင်း မိုင် ငါးဆယ်ခန့် ချီတက်နိုင်ခဲ့၍ နမူးမြို့ကလေးကို သိမ်းပိုက်နိုင်ခဲ့ကြသည်။ သို့သော် ထိုမြို့မှ ဆက်လက်ချီတက်ခဲ့ကြ[illegible] ဘတ်စ်တုန်းမြို့သို့ လမ်းခွဲတွင် တိုက်ပွဲဖြစ်ပွားခဲ့ရာ ဗိုလ်ချုပ် ပက်တွန် ဦးစီးသော အမေရိကန်တင့်ကား တပ်ကြီးနှင့် ပက်ပင်းပါ တိုးမိပြီး အပြင်း အထန် တိုက်ပွဲဖြစ်ပွားခဲ့ကြသည်။ ဤတိုက်ပွဲမှာပင်လျှင် ဂျာမန်တို့၏ ထိုးစစ်သည် ဦးကျိုးခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် စကော်ဇနီ၏ "အမေရိကန်တပ်သားများ"မှာ ဘယ်လ်ဂျီယံ စစ်ကြောင်းကို ဖြတ်ကျော်၍ မူလဦးတည်ချက်ဖြစ်သော မှုဆယ်တံတားများရှိရာသို့ ရှေးရှုချီတက်လာခဲ့ကြပြီဖြစ်သည်။ အစီအစဉ်အတိုင်းဆိုလျှင် သူတို့သည် မှုဆယ်မြစ်ပေါ်မှ တံတားများကို အမေရိကန်တပ်များဟန်ဆောင်၍ သိမ်းပိုက်ထားကြရမည်ဖြစ်သည်။ ဤအတောအတွင်းနောက်ပိုင်းမှ လိုက်ပါချီတက်လာကြသော ဗိုလ်ချုပ် ရမ်းစတက်၏ တပ်များ ဖြတ်ကျော်ပြီးမှ အဆိုပါတံတားများကို ဖောက်ခွဲဖျက်ဆီးပစ်ရန် ဖြစ်သည်။

သို့ဖြင့် စကော်ဇနီ၏ "အမေရိကန်တပ်များ"သည် မှုဆယ်မြစ်ဘက်ဆီသို့ ချီတက်လာကြရင်း လမ်းတွင်တွေ့သမျှ လမ်းညွှန်လမ်းပြဆိုင်းဘုတ်များကို အမှားမှားအယွင်းယွင်းဖြစ်အောင် ပြောင်း၍ စိုက်ထားခဲ့ကြသည်။ အမေရိကန်တပ်များကို လမ်းမှားအောင် အလွဲလွဲအချော်ချော် လမ်းညွှန်ခဲ့ကြသည်။ တယ်လီဖုန်းကြိုးများ၊ ဝိုင်ယာကြိုးများကိုလည်း ဖျက်ဆီးဖြတ်တောက်ပစ်ခဲ့ကြသည်။

ဤအချိန်မှာပင် စကော်ဇနီ၏ "အမေရိကန် တပ်သားလေးယောက်သည် ဓာတ်ဆီကုန်သွားသဖြင့် တစ်နေရာတွင် ဓာတ်ဆီဝင်ထည့်စဉ် "အသွားမတော် တစ်လှမ်း အပြောမတော် တစ်ခွန်း" ဆိုသည့်စကားပမာ စကားတစ်ခွန်း မှားသွားရာမှ အဖမ်းခံရပြီး ဇာတ်ပေါ်သွားခဲ့သည်။

မည်သို့ပင်ဖြစ်စေ အဆိုပါအမေရိကန်တပ်သားများ၏ ဖြောင့်ချက်ကြောင့် အမေရိကန် တပ်များအားလုံးမှာ ရတ်ရတ်သဲသဲ ဖြစ်သွားခဲ့ကြသည်။ မျက်လုံးပြူး မျက်ဆံပြူး ဖြစ်သွားခဲ့ကြသည်။

"အမေရိကန် ယူနီဖောင်းဝတ်ထားတဲ့ ဂျာမန်တပ်ကြီး တကယ်ရောက်နေပြီတဲ့ . . ."

"အဲဒီ ရုပ်ဖျက်ထားတဲ့တပ်ကို အသေခံတပ်သားကျော် စကော်ဇနီက ဦးဆောင်လာတာဆိုပဲ"

အစပထမတွင် ဤသတင်းကို ဘယ်သူမှမယုံကြည်၊ ထို့နောက်

www.burmeseclassic.com

www.burmeseclassic.com



က နောက်ပြောင်ပြောလိုက်သည်ဟူ၍ပင် ယူဆနေကြသည်။ သို့သော် မိမိတို့ မျက်စိအောက်မှာပင် အမေရိကန်ယူနီဖောင်းဝတ် ဂျာမန်စစ်သား များကို နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ ဆိုသလို ဖမ်းမိခဲ့ကြပြီး မိမိတို့ မျက်စိအောက်မှာပင် အားလုံးက တညီတညာတည်း ထွက်ဆို နေကြပြီဖြစ်ရာ ဤသတင်းမှာ ပေါ့သေးသေး မဟုတ်တော့ဘဲ သေရေး ရှင်ရေး ဖြစ်လာခဲ့သည်။

ဤသို့ဖြင့် အမေရိကန်တပ်များအတွင်း အထိတ်တလန့်ဖြစ်ကာ တန်လှုပ်ချောက်ချားမှုများသည် တောမီးပမာ ပြန့်သွားခဲ့သည်။ အချင်းချင်း ရန်သူမိတ်ဆွေ မခွဲခြားနိုင်တော့ဘဲ အထင်မှား အမြင်မှားမှုများ ဖြစ်ပွား လာခဲ့သည်။

စကော်ဇနီနှင့် သူ၏ "အမေရိကန်တပ်သားများ" စစ်ကြောင်း၏ နောက်ပိုင်းသို့ရောက်ခဲ့ပြီး တနင်္ဂနွေ တစ်ပတ်အကြာတွင် ပြင်သစ် အစိုးရ၏ ကာလေ့စ်အသံလွှင့်ဌာနမှ သတင်းတစ်ခု ကြေညာသွားခဲ့သည်။ ထိုသတင်းမှာ "စစ်ကြောင်း၏ နောက်ပိုင်းတစ်နေရာတွင် အမေရိကန် ယူနီဖောင်းများဝတ် ဂျာမန်စစ်သား နှစ်ရာ့ငါးဆယ်ခန့်ကို ဖမ်းဆီးရမိလိုက် ကြောင်း" ပါရှိခဲ့သည်။ သို့သော် တကယ့်တကယ်မှာ အဆိုပါ စစ်သား နှစ်ရာ့ငါးဆယ်ထဲတွင် ဂျာမန်စစ်သား ဆယ့်လေးငါးယောက်သာလျှင် ပါဝင် ကြောင်း စကော်ဇနီ သိပြီဖြစ်သည်။

အလားတူပင် တစ်နေရာတွင် အမေရိကန်စစ်ဗိုလ် တစ်ယောက် သည် စစ်မြေပြင်မှ ရလာသော ဂျာမန်စစ်ဖိနပ်ကြီးကို စီးလာခိုက် တပ် ထိန်းများက ဂျာမန်စစ်သားဟူ၍ အထင်မှားကာ ဖမ်းဆီးခြင်းခံခဲ့ရပြီး အချုပ်ထဲတွင် တစ်ပတ်ခန့် နေခဲ့ရသည်။ ရှေ့တန်းစစ်မျက်နှာသို့ ခေတ္တ ခဏ တာဝန်ဖြင့် ရောက်လာသော အမေရိကန်အရာရှိ နှစ်ယောက်မှာ လည်း အရာရှိရိပ်သာတွင် စည်သွတ်ဘူးများကို ဖောက်၍ နေ့လယ်စာ စားသောက်ရင်း "စည်သွတ်ဘူးတွေက စားလို့သိပ်ကောင်းတာပဲ"ဟူ၍ ရိုးရိုးသားသား ပြောလိုက်မိသည်တွင် ဂျာမန်စစ်သားများဟု အထင်မှားကာ နှစ်ယောက်စလုံး အဖမ်းခံခဲ့ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ သူ့လူကိုယ့်လူ မကွဲပြားဘဲ လူများနိုင်စရာ ရှိနေသဖြင့် စစ်မြေပြင် ဌာနချုပ်မှ အောက်ပါအမိန့်ကြော်ငြာစာကို ထုတ်ပြန်၍ အမေ ရိကန် စစ်သားများအား သတိပေးခဲ့ကြသည်။

"အရေးပါအရာရောက်သော ပုဂ္ဂိုလ်ကြီးများအား ပြန်ပေးဆွဲခြင်းနှင့် လုပ်ကြံသတ်ဖြတ်ခြင်းများတွင် အထူးကျွမ်းကျင်လှသော ဂျာမန်စစ်ဗိုလ် အော့တိုစကော်ဇနီသည် အမေရိကန်ယူနီဖောင်း ဝတ်ဆင်ထားကြသည့် ဂျာမန်အသေခံတပ်သား နှစ်ရာခန့်နှင့်အတူ ဗိုလ်ချုပ်ကြီး အိုက်ဆင်ဟောင် ဝါ၏ စစ်ဌာနချုပ်သို့ ဝင်ရောက်စီးနင်းတိုက်ခိုက်ရန် ရောက်ရှိနေပြီဟု ကြားသိရသည်။ သို့ဖြစ်၍ အမေရိကန် တပ်မတော်မှ အရာရှိ အကြပ် တပ်သားအားလုံး တစ်ယောက်မကျန် သတိပြု၍ သွားလာနေထိုင်ကြရမည်..."

ဤနေရာတွင် စကော်ဇနီ၏ ကြိုတင် ကွက်ကျော်မြင်ထားသည့် အချက်မှာ သွေးထွက်အောင် မှန်နေသည်ကို တွေ့ရသည်။ အဘယ် ကြောင့်ဆိုသော် မိမိတို့ ဂျာမန်တပ်များအတွင်း အချင်းချင်းပြောကြသည့် ကောလာဟာလ သတင်းသည် အမေရိကန်တပ်များအား စိတ်ဓာတ် ချောက်ချားစရာ ဖြစ်နေသောကြောင့် ဖြစ်သည်။ သက်ဆိုင်ရာ အာဏာ ပိုင်များက သတိပေးသည့်အနေဖြင့် ထုတ်ပြန်ခဲ့သော အထက်ပါအမိန့် ကြော်ငြာစာသည် လက်တွေ့တွင် ကောလာဟာလ သတင်းများကို ပို၍ ကြီးထွားပျံ့နှံ့အောင် လုပ်ပေးလိုက်သလို ဖြစ်သွားခဲ့သည်။

မူလက ဂျာမန်စစ်သားများ၏ ပြောင့်ချက်အရ "အိုက်ဆင်ဟောင် ဝါ အား ဖမ်းဆီးရန် စီစဉ်နေပြီ" ဟူသော သတင်းမှာ အထက်အမိန့်ကြော် ငြာစာထွက်ပေါ်လာပြီးနောက် ဂျာမန်အသေခံတပ်သားများသည် အိုက်ဆင်ဟောင်ဝါသာ မကတော့ဘဲ ဗြိတိသျှ ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီနှင့် အမေရိကန် ဗိုလ်ချုပ်ကြီး ဘရက်ဒ်လေ အပါအဝင် မဟာမိတ်တပ်ပေါင်းစု မှ ခေါင်းဆောင်ကြီးများ ကိုပါ ပြန်ပေးဆွဲလိမ့်မည်။ သတ်ပစ်လိမ့်မည်ဟူ၍ ပင် တီးတိုးစကား ပြောလာကြသည်။ ဤသည်ပင်လျှင် ကောလာဟာလ သတင်းများ၏ နှုဆင့်ဆင့် ကြီးထွားလာတတ်သည့် သဘောဖြစ်သည်။

www.burmeseclassic.com



ရက်ပိုင်းအတွင်းမှာပင် အာဒင်းနီးစ် ဒေသတစ်ခုလုံးတွင် တပ်စွဲနေကြသော အမေရိကန်တပ်မတော်မှ အရာရှိအကြပ်တပ်သား မှန်သမျှသည် စကော်ဇနီ ဘယ်နေရာက ပေါ်လာမလဲဟူ၍ ထိတ်ထိတ်ပျာပျာဖြစ်နေကြသည်။ စစ်မြေပြင်မှာရော စစ်မြေပြင် နောက်ပိုင်းမှာပါ ချောက်ချားစရာ သတင်းများသည် အဆက်မပြတ် ပေါ်ထွက်နေခဲ့သည်။ ယခုအချိန်သည် မည်သူမဆို ရန်သူဖြစ်နိုင်သည့် အချိန်ပင်ဖြစ်သည်။ လမ်းဘေးတွင် ရပ်ထားသော ထရပ်ကားကြီး ဖြစ်ကောင်းဖြစ်နိုင်သည်။ အရာရှိ ရိပ်သာမှ အရက်သောက်သည့် ဘားခန်းထဲတွင် မည်သူနှင့်မှ စကားမပြောဘဲ တစ်ယောက်တည်းထိုင်၍ အရက်သောက်နေသော မျက်နှာစိမ်းအရာရှိသည် မိမိတို့ အမေရိကန် စစ်အရာရှိကြီးအား အလစ်တွင် လုပ်ကြံသတ်ဖြတ်ရန် ရောက်ရှိနေသည့် ဂျာမန်အသေခံတပ်သား တစ်ယောက် မဟုတ်ဟူ၍ မည်သူမျှ အတပ်မပြောနိုင်။

သို့ဖြင့် အာဒင်းနီးစ်ဒေသတွင် ဂျာမန်တို့၏ ထိုးစစ်ကို ကြံ့ကြံ့ခံ၍ တွန်းလှန်ပစ်နိုင်ခဲ့သော အမေရိကန်တပ်များမှာ အမေရိကန်ယူနီဖောင်းများ ဝတ်ဆင်ကာ မိမိတို့တပ်သားများအကြားသို့ ရုပ်ဖျက်ရောက်ရှိနေကြသည့် စကော်ဇနီ၏ ဂျာမန်အသေခံတပ်သားများကြောင့် ကျီးလန့်စာစား ထိတ်လန့်တကြား ဖြစ်နေကြသည်။

ဘယ်လ်ဂျီယံနိုင်ငံ လူဇင်းဘတ်မြို့တော်ရှိ အမေရိကန်စစ်ဌာနချုပ်ရုံးခန်းထဲတွင် ဗိုလ်ချုပ်ဘရက်ဒ်လေသည် စားပွဲပေါ်တွင် ရှိနေသည့် ကော်ဖီခွက်ကိုပင် ကောက်၍မကိုင်အားသေးဘဲ တပ်စခန်းအသီးသီးမှ ရောက်ရှိ လာသည့် အမေရိကန်ယူနီဖောင်းဝတ် ဂျာမန်တပ်သားများနှင့် ပတ်သက်သော အစီရင်ခံစာများ၊ သတင်းပို့ချက်များကို ဖတ်ရင်း စိတ်မောလူမော ဖြစ်နေမိသည်။ ဤအစီရင်ခံစာများနှင့် သတင်းများအရ ဆိုလျှင် ဤစစ်နယ်မြေ တစ်ခုလုံးရှိ မိမိတို့ အမေရိကန်တပ်သားငါးသိန်းကျော်တို့မှာ ရုပ်ဖျက်ထားသည့် ဂျာမန်တပ်သားများကို နှံ့ခံ၍ ရှာဖွေကြရင်း အချင်းချင်း တစ်ဦးနှင့်တစ်ဦး တစ်တပ်နှင့်တစ်တပ် အပြန်အလှန် မယုံကြည်စရာ၊ မသင်္ကာစရာဖြစ်နေကြသည်မှာ အဆိုပါ

www.burmeseclassic.com

www.burmeseclassic.com



အမေရိကန် တပ်သား ငါးသိန်းစလုံးပင် ရုပ်ဖျက်ထားသည့် ဂျာမန်တပ်သားများဖြစ်နေကြလေ ရော့သလားဟု အောက်မေ့ရသည်။ စကော်ဇနီ၏ အသေခံတပ်သားများ လက်နက်ကြောင့် အမေရိကန်တပ်များမှာ မိမိတို့အချင်းချင်း "ကြောင် နှင့်ကြွက်၊ ကြွက်နှင့်ကြောင်" ပြေတမ်းလိုက်တမ်း ကစားသလို ဖြစ်နေကြသည်။

နောက်ဆုံး၌ အမေရိကန်စစ်သား ဟန်ဆောင်ထားကြသည့် ဂျာမန်တပ်များ၏ ဂယက်သည် ဗိုလ်ချုပ်ဘရက်ဒ်လေအတွက်ပါ ထိခိုက်စရာ ဖြစ်လာခဲ့ရသည်။ ထိုနေ့က ဘရက်ဒ်လေသည် အဆိုပါ ရုပ်ဖျက်ထားသော ဂျာမန်အသေခံတပ်များ သတင်းနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းရန် ဗိုလ်ချုပ် ဟော့ဂျက်စ်၏ အမှတ် (၁) အမေရိကန်တပ်မတော်ဌာနချုပ်သို့ သွားရောက်ခဲ့ရာ အမေရိကန်စစ်သားအတုများ၏ အန္တရာယ်ကြောင့် အစောင့်အကြပ်များ အထပ်ထပ်ချထားသော ဌာနချုပ်အတွင်းသို့ ဝင်ခွင့် မရဘဲ ပြန်လာခဲ့ရသည်။

အလားတူပင် အမှတ် (၁) တပ်မတော်၏ ဗိုလ်ချုပ်ဟော့ဂျက်စ်မှာလည်း နောက်တစ်နေ့နံနက်တွင် လေယာဉ်ဖြင့် ခရီးထွက်ရာ၌ လေဆိပ်တွင် မြူနှင်းများကွဲသည့်အထိ နှစ်နာရီခန့်စောင့်ပြီးမှ ထွက်ရသည်။ လေဆိပ်အနီးအနားတစ်ဝိုက်တွင် ရုပ်ဖျက်ထားသည့် ဂျာမန်တပ်သားများ ရောက်ရှိနေသည်ဟူသော သတင်းကြောင့် လုံခြုံရေးအရာရှိများက ဗိုလ်ချုပ်ဟော့ဂျက်စ်အား ထိုသို့ ဆိုင်းငံ့ထားခဲ့ခြင်း ဖြစ်သည်။

ထိုနေ့ ထိုရက်များအတွင်းက အစည်းအဝေးများနှင့် စစ်ကွန်ဖရင့်များအတွက် တစ်နေရာမှ တစ်နေရာသို့လည်းကောင်း၊ စစ်ဌာနချုပ်တစ်ခုမှ အခြားတစ်ခုသို့လည်းကောင်း၊ အပြေးအလွှား သွားခဲ့ကြရသော ဗိုလ်မှူးကြီးများနှင့် လမ်းခုလတ်တွင် မကြာခဏ အပိတ်အဆို့ အတားအဆီးများနှင့် အစစ်အဆေး အမေးအမြန်းများကို အော့င့်သက်သက်ဖြင့် ခံကြရသည်။ လောလောဆယ်တွင် ပခုံးဒေါက်များနှင့် အင်္ကျီကော်လာများတွင် တပ်ဆင်ထားသည့် ရာထူးတံဆိပ် အဆောင်အယောင် အမှတ်အသား

www.burmeseclassic.com

www.burmeseclassic.com



များမှာ ဘာမျှအစီပွာယ်မရှိတော့ဘဲ ဖြစ်နေသည်။ ယုတ်စွအဆုံး မိမိတို့ တပ်ဖွဲ့အချင်းချင်း ဆက်သွယ်ရန်နှင့် ရန်သူမိတ်ဆွေ ခွဲခြားသိနိုင်ရန် လျှို့ဝှက်သတ်မှတ်ထားသည့် စကားဝှက်များသည်ပင်လျှင် ယုံကြည်စရာ စိတ်ချစရာ မရှိတော့ဘဲ ဖြစ်နေသည်။

တစ်နေ့တခြား အခြေအနေမှာ ပိုမိုဆိုးဝါး၍ ကောလာဟလများ ပိုမိုများပြားလာခဲ့ရာ ရန်သူနှင့် မိတ်ဆွေ ခွဲခြားနိုင်စေရန် အမေရိကန် စစ်သားအတုနှင့်အစစ် ကွဲပြားစေရန် နည်းသစ်တစ်ခုကိုပင် တီထွင် အသုံးပြုလာခဲ့ကြသည်။ အဆိုပါ နည်းသစ်မှာ အခြားမဟုတ်၊ မသင်္ကာ စရာကောင်းသည့် အမေရိကန်စစ်သားတစ်ယောက်ကို တွေ့ရှိပါက သူ့အား သူ၏မွေးရာဇာတိ၊ သူငယ်စဉ်က ပညာသင်ခဲ့သည့်ကျောင်း စစ်ကြီးမတိုင်မီက သူနေထိုင်ခဲ့သည့်အရပ်နှင့် သူလုပ်ခဲ့သည့် အလုပ်ကိုင်စ သည့် ကိုယ်ရေးရာဇဝင်များသာမက အမေရိကန်ပြည်ထောင်စုနှင့် ပတ်သက်၍ သိသင့်သိထိုက်သည့် အချက်အလက်များကို ရုတ်တရက် မေးပြီး ရုတ်တရက် အဖြေခိုင်းခြင်းပင်ဖြစ်သည်။ အကယ်၍သာ ဤ "အမေရိကန်စစ်သား" သည် "အစစ်" မဟုတ်ဘဲ "အတု" ဖြစ်နေပါက အဆိုပါ မေးခွန်းများကို ရုတ်တရက် မဖြေနိုင်ဘဲ ဖြစ်နေခြင်း၊ လုံးဝ မဖြေ နိုင်ခြင်း၊ အချို့အဝက်သာ မှန်ကန်အောင် ဖြေနိုင်ခြင်း စသည်တို့ကို တွေ့ရမည်ဖြစ်သည်။ ဤနည်းဖြင့် ဤသို့သော မေးခွန်းများကို မသင်္ကာ စရာ စစ်သားများအား မေးမြန်းခြင်းဖြင့် အမေရိကန်စစ်သားအတုနှင့် အစစ်ကို ခွဲခြားခဲ့ကြသည်။

သို့သော် ဤနေ့ရက်များအတွင်းက ဤစစ်နယ်မြေတွင် အမေရိကန် စစ်သား ငါးသိန်းကျော်မျှ ရှိခဲ့ရာ၌ ရှိရှိသမျှ အရာရှိ အကြပ်တပ်သား ငါးသိန်းစလုံး မသင်္ကာစရာ မယုံကြည်စရာ ဖြစ်နေခဲ့ရာ သာမန်ရိုးရိုး စစ်သားကလေးမှအစ ထိပ်ဆုံးမှ ဗိုလ်ချုပ်ကြီးများအထိ အထက်ပါနည်းသစ်ဖြင့် စမ်းသပ်စစ်ဆေးခြင်းကို ခံခဲ့ကြရပြီး မေးသမျှ ဖြေခဲ့ကြရသည်။ ဤအထဲတွင် ဗိုလ်ချုပ်ဘရက်ဒ်လေ ကိုယ်တိုင် အပါအဝင် ဖြစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် ဗိုလ်ချုပ်ဘရက်ဒ်လေသည် ဗိုလ်ချုပ်များသာ စီးခွင့်ရှိသည့် ကြယ်သုံးပွင့် အမှတ်တံဆိပ်ပါသော ဇိမ်ခံကားကြီးကို စီးကာ စစ်ကွန်ဖရင့် တစ်ခုသို့ သွားရောက်ခဲ့သည်။ သို့သော် ထိုနေ့ထိုရက်များအတွင်းက ဖြစ်ရိုးဖြစ်စဉ် ထုံးစံအတိုင်း ဗိုလ်ချုပ်၏ ကြယ်သုံးပွင့် တံဆိပ်အမှတ်အသားပါသော ကားကြီးနှင့်တကွ ကားပေါ်မှ ဇိမ်ဖြင့် လိုက်ပါလာသော ဗိုလ်ချုပ်ဘရက်ဒ်လေကိုယ်တိုင် ချမ်းသာခွင့်မရဘဲ လမ်းခုလတ်တွင် ရပ်တန့်၍ အမေးအမြန်း အစစ်အဆေး ခံခဲ့ရသည်။

"အမေရိကန် ပြည်ထောင်စုက မက်ဆာချူးဆက် ပြည်နယ်ရဲ့ မြို့တော်ဟာ ဘာမြို့လဲ…"

"အခုလောလောဆယ် အမေရိကန်ပြည်ထောင်စုမှာ အချောဆုံး အလှဆုံးဆိုပြီး နာမည်ကြီးနေတဲ့ ရုပ်ရှင်မင်းသမီးရဲ့ နာမည်ကို သိသလား"

ဗိုလ်ချုပ် ဘရက်ဒ်လေသည် သူ့ကိုယ်သူ အမေရိကန် ဗိုလ်ချုပ် အစစ်တစ်ယောက်ဖြစ်ကြောင်း အထက်ပါ မေးခွန်းများဖြင့် "စာမေးပွဲ" ဝင်ခဲ့ရသည်။

ရုပ်ဖျက်ထားသော ဂျာမန်အသေခံတပ်သားများကို ပိုက်စိပ်တိုက်၍ ရှာဖွေရင်း ထိုသို့သော ပဟေဠိမေးခွန်းများကြောင့် အမေရိကန် ဗိုလ်ချုပ် ဘရက်ဒ်လေသာမက ဗြိတိသျှဗိုလ်ချုပ်ကြီး မောင်ဂိုမာရီကိုယ်တိုင် ကသိကအောက် ဖြစ်ခဲ့ရသေးသည်။

ထိုနေ့က ဗိုလ်ချုပ်မောင်ဂိုမာရီ၏ ဆက်ဆံရေးအရာရှိသည် အရေးကြီးသော ကိစ္စတစ်ခုဖြင့် အမေရိကန်စစ်ဌာနချုပ်ရှိရာသို့ ကားမောင်းလာခဲ့သည်။ နှင်းခဲနှင့် ရေခဲများ ဖုံးလွှမ်းနေသော လမ်းမကြီးတစ်လျှောက်တားကို သတိထား၍ မောင်းလာစဉ် အမေရိကန် တပ်ထိန်းတစ်ခုနှင့် မြန်းခန် ပက်ပင်းပါ တွေ့လိုက်ရသည်။ အမေရိကန် တပ်ထိန်းများသည် ဗြိတိသျှ ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီ၏ ဆက်ဆံရေးအရာရှိကိုပင် ချမ်းသာ ပေးဘဲ ကားထဲသို့ တော်မီဂန်းများဖြင့် ချိန်ကာ ပဟေဠိမေးခွန်းများကို မေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"အမေရိကန် လွတ်လပ်ရေး ကြေညာစာတမ်းကြီးကို ဘယ်သူ ရေးခဲ့တာလဲ"

"အမေရိကန် သမ္မတ လင်ကွန်းရဲ့အရပ်ဟာ ဘယ်နှစ်ပေရှိသလဲ"

စက်သေနတ်ဖြင့်ချိန်၍ အတားခံရသဖြင့် အထိတ်တလန့်ဖြစ်နေသော ဗြိတိသျှအရာရှိမှာ မဆီမဆိုင် မေးလာသော မေးခွန်းများကြောင့် တအံ့တသြဖြစ်ကာ ဘာတစ်ခွန်းမှ ပြန်မဖြေနိုင်ဘဲ ဘုမသိဘမသိ အဖမ်းခံခဲ့ရသည်။ နောက်မှ အဖြစ်မှန်ကို စုံစမ်းကြည့်သောအခါ စကော်ဇနီ၏ ဂျာမန်အသေခံတပ်သားများသည် အမေရိကန် ယူနီဖောင်းများဖြင့် ရုပ်ဖျက်ထားကြရာမှ အမေရိကန်စစ်သားတိုင်းကို ကြပ်ကြပ်မတ်မတ် စစ်ဆေးမေးမြန်းနေကြောင်း သိရှိရသဖြင့် ရတ်တရက် ဗြိတိသျှစစ်သား ယူနီဖောင်းများကို ပြောင်းလဲဝတ်ဆင်လိုက်ပြီဟူသော ကောလာဟလ သတင်းများ ထွက်ပေါ်လာသောကြောင့် ယခုကဲ့သို့ ဗြိတိသျှစစ်ဗိုလ် စစ်သားများကိုပါ မေးခွန်း ပဟေဠိများဖြင့် စစ်ဆေးမေးမြန်းခဲ့ရကြောင်း သိရသည်။ ထိုမျှမက တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ရပုံမှာ အထက်ပါ ကောလာဟလသတင်းနှင့် တစ်ဆက်တည်း အဆိုပါ ဗြိတိသျှယူနီဖောင်း ဝတ်ထားကြသည့် ဂျာမန် အသေခံတပ်သားများအနက် တပ်သားတစ်ယောက်သည် ဗြိတိသျှ ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီနှင့်တူအောင် ရုပ်ဖျက်၍ ကားတစ်စီးဖြင့် လှည့်လည် သွားလာနေသည်ဟူ၍ပင် တီးတိုးသတင်း တစ်ပုဒ် ထွက်ပေါ်လာ လိုက်သေးသည်။ ဤသတင်းကြောင့်ပင်လျှင် အမေရိကန်တပ်ထိန်းများသည် ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီ၏ ဆက်ဆံရေးအရာရှိအား သေနတ်ဖြင့် ချိန်၍ စစ်ဆေးမေးမြန်းခဲ့ကြခြင်း ဖြစ်သည်။

သည်အထဲတွင် ထိတ်လန့်တကြားဖြင့် လှုပ်လှုပ်ရှားရှား အဖြစ်ဆုံး တစ်နေရာမှာ အမေရိကန် ဗိုလ်ချုပ်ကြီး အိုက်ဆင်ဟောင်ဝါ၏ စစ်ဌာနချုပ်တွင်ဖြစ်သည်။

စကော်ဇနီ ခေါင်းဆောင်သော အသေခံတပ်သားများ၏ အဓိကရည်မှန်းချက်မှာ ဗိုလ်ချုပ်ကြီး အိုက်ဆင်ဟောင်ဝါအား ဖောက်ရ ဖမ်းဆီးရန် သို့မဟုတ် လုပ်ကြံသတ်ဖြတ်ရန်ဟူ၍ အခိုင်အမာ သတင်းရရှိထား

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြရာ အိုက်ဆင်ဟောင်ဝါ၏ ဌာနချုပ်တည်ရာ ပြင်သစ်နိုင်ငံ ပါရီမြို့တော်မှ "ငြိမ်းချမ်းရေး" အဆောက်အဦကြီးမှာ နေ့ချင်းညချင်း အစောင့်အကြပ်များ နှစ်ဆသုံးဆ တိုး၍ချထားကာ တကယ့်ရေ့တန်းစစ်မျက်နှာ စစ်မြေပြင်မှ ဌာနချုပ်တစ်ခုပမာ ဖြစ်သွားခဲ့ရသည်။

ဤအတောအတွင်း ဘယ်သူ့ကို ဘယ်သူက ဘယ်အချိန်တွင် ပြောကြားလိုက်သည်ဟူ၍ အစရှာမရသည့် ကောလာဟလသတင်းများသည် ပါရီမြို့လယ်ခေါင်မှာပင် တစ်မျိုးပြီးတစ်မျိုး အတောမသတ်အောင် ထွက်ပေါ်နေခဲ့သည်။ စစ်မြေပြင် နောက်ပိုင်းတွင် အမေရိကန် ယူနီဖောင်းများဖြင့် ဖမ်းမိခဲ့သည့် ဂျာမန်စစ်သားများက သူတို့အမှန်တကယ် ယုံကြည်ထားကြသည့်အတိုင်း "အိုက်ဆင်ဟောင်ဝါအား ဖမ်းရန်ဖြစ်သည်" ဟု ရိုးရိုးသာမန်ဝန်ခံပြောကြားခဲ့ရာမှ ယခုသော်မူ ရုပ်ဖျက်ထားသော ဂျာမန်အသေခံတပ်သားများသည် ပါရီမြို့လယ်ခေါင်သို့ပင် ရောက်နေပြီဟူ၍လည်းကောင်း၊ အိုက်ဆင်ဟောင်ဝါ၏ စစ်ဌာနချုပ် အဆောက်အဦကို ယနေ့ညပင် ဝင်စီးကြလိမ့်မည်ဟူ၍လည်းကောင်း အမျိုးမျိုးအဖုံဖုံ တုန်လှုပ် ချောက်ချားစရာ ကောလာဟလသတင်းများ ထွက်ပေါ်နေခဲ့သည်။

ဤ ကောလာဟလ သတင်းများမှာ အောက်ခြေအကြပ်တပ်သားများအတွင်း၌သာ ထွက်ပေါ်နေခြင်းမဟုတ်ဘဲ ထိပ်တန်း အရာရှိကြီးများနှင့်တကွ နောက်ဆုံး၌ ဗိုလ်ချုပ်ကြီး အိုက်ဆင်ဟောင်ဝါထံသို့ တိုက်ရိုက်ရောက်ရှိသွားခဲ့သည့်အထိ ကြီးထွားကျယ်ပြန့်လာခဲ့သည်။

အဆိုပါသတင်းကို အိုက်ဆင်ဟောင်ဝါထံ ယူလာသူမှာ ဗိုလ်မှူးကြီး တစ်ယောက်ပင်ဖြစ်သည်။ ဤဗိုလ်မှူးကြီးမှာ အဖက်ဖက်မှ ယုံကြည်စိတ်ချရ၍ ဗိုလ်ချုပ်ကြီး အိုက်ဆင်ဟောင်ဝါကိုယ်တိုင်က အားကိုးအားထား ပြုခြင်းခံရသူဖြစ်သည်။ အဆိုပါ ဗိုလ်မှူးကြီးက ရုပ်ဖျက်ထားသော ဂျာမန်အသေခံတပ်သား 'ခြောက်ဆယ်ခန့်သည် အိုက်ဆင်ဟောင်ဝါအား ဖမ်းဆီးရန် သို့မဟုတ် လုပ်ကြံရန်အတွက် ပါရီမြို့တွင်းသို့ ရောက်ရှိနေပြီ ဖြစ်ကြောင်းနှင့် ဤသတင်းမှာ အမှန်တကယ်ဖြစ်ကြောင်း ခိုင်လုံသည့် အထောက်အထားများ ရှိနေသည်ဟူ၍ ပြောပြခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးကြီး၏ ပြောကြားချက်များအပေါ် ယုံရအခက်၊ မယုံရအခက်ဖြင့် ဇဝေဇဝါဖြစ်နေသော အိုက်ဆင်ပောင်ဝါမှာ အခြားအခြားသော စစ်ဦးစီးအရာရှိကြီးများကပါ ဗိုလ်မှူးကြီး၏ သတင်းများကို ထောက်ခံပြောကြားလာကြသောအခါ ဘာလုပ်ရမှန်း မသိအောင်ပင် ဖြစ်သွားခဲ့သည်။

ဗိုလ်ချုပ်ကြီး အိုက်ဆင်ပောင်ဝါသည် ယခုအချိန်အထိ ပါရီမြို့မှ ကားဖြင့် နာရီဝက်ခန့် မောင်းရသော စိန့်ဂါးမိန်းအရပ်မှ အိမ်ကြီးတစ်အိမ်တွင် သီးခြားလွတ်လပ်စွာ နေထိုင်လျက်ရှိသည်။ ယခုအချိန်အထိ ပြင်သစ်နှင့် ဘယ်လ်ဂျီယံနိုင်ငံများအတွင်းသို့ လက်ထောက်အရာရှိတစ်ဦး သို့မဟုတ် အခိုင်းအစေ စစ်သားတစ်ဦးနှင့်အတူ ကားတစ်စီးဖြင့် ဥဒဟို သွားလာခဲ့သည်။

သို့သော် ယခုလောလောဆယ် ဖြစ်ပွားနေသည့် သတင်းများအရ ထိုသို့ လွတ်လပ်စွာ နေထိုင်သွားလာရန် မဖြစ်နိုင်တော့သည့် အခြေအနေသို့ ရောက်ခဲ့ရသည်။ အထူးသဖြင့် ဗိုလ်ချုပ် အိုက်ဆင်ပောင်ဝါ၏ လုံခြုံရေးအတွက် တာဝန်ယူနေရသည့် အရာရှိများက သူတို့၏ ဗိုလ်ချုပ်အား ယခင်ကလို လွတ်လွတ်လပ်လပ် နေထိုင်ခွင့် သွားလာခွင့်များ မပေးတော့ဘဲ သူတို့တာဝန်ရှိသလောက် ပြတ်ပြတ်သားသား ဆောင်ရွက် လာခဲ့ကြသည်။

သို့ဖြင့် အိုက်ဆင်ပောင်ဝါမှာ သူနေထိုင်လျက်ရှိသည့် စိန့်ဂါးမိန်းအရပ်မှ နေ့ချင်းညချင်းပင် စစ်ဌာနချုပ် အဆောက်အဦသို့ လုံခြုံရေးအရာရှိများ၏ အစီအစဉ်အရ ပြောင်းရွှေ့လာခဲ့ရသည်။ ထို့ပြင် ဤနေ့ဤရက်များ အတွင်း အိုက်ဆင်ပောင်ဝါအား ဌာနချုပ် အဆောက်အဦမှ အပြင်သို့ လုံးဝမထွက်ရန်နှင့် အကယ်၍ မထွက်မချင် မဖြစ်သည့် အရေးတကြီး ကိစ္စပေါ်ပေါက်လာပါက လုံခြုံရေးအရာရှိများ၏ အစီအစဉ်နှင့် သတ်မှတ် ချက်များ အရသာလျှင် အပြင်သို့ထွက်ရန် မေတ္တာရပ်ခံထားခဲ့ကြသည်။

ထိုစဉ်က စကော်ဇနီခေါင်းဆောင်သော ဂျာမန်အထူးသတ်တပ်သား

www.burmeseclassic.com

www.burmeseclassic.com



များနှင့် ပတ်သက်သည့် သတင်းများကြောင့် ပါရီမြို့တော်ရှိ အမေရိကန် စစ်ဌာနချုပ်တွင် မည်သို့မည်ပုံ လှုပ်ရှား၍ အလုပ်များသွားခဲ့ရသည်များကို ထိုစဉ်က ဗိုလ်ချုပ်အိုက်ဆင်ဟောင်ဝါ၏ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ရသည့် ဗိုလ်ကလေး ကေးဆိုသူက "ကျွန်တော့်ဆရာ အိုက်ဆင်ဟောင်ဝါ" အမည်ရှိ စာအုပ်တွင် အောက်ပါအတိုင်း ရေးသားဖော်ပြခဲ့သည်။

"စကော်ဇနီ ခေါင်းဆောင်သော ဂျာမန်အသေခံတပ်သားများ ရောက်ရှိနေကြပြီ ဟူသော သတင်းသည် စစ်ဌာနချုပ်အား အမှန်ပင် ယောက်ယက်ခတ်သွား စေခဲ့ပါသည်။

လုံခြုံရေး အရာရှိများသည် ဌာနချုပ်တည်ရှိရာ ဝင်းကြီးတစ်ခုလုံး ခံတပ်ကြီးတစ်ခုပမာ ရုတ်တရက် ချက်ချင်း ပြောင်းလဲပစ်လိုက်ကြပါသည်။ ဝင်းကြီးပတ်ပတ်လည်နှင့် ဖြတ်သန်းသွားလာသည့် နေရာများတွင် သံဆူး ကြိုးများ အထပ်ထပ် ကာလိုက်ကြပါသည်။ ဌာနချုပ်ဝင်းကြီးနှင့် ဝင်းအပြင်ဘက်တွင် တင့်ကားကြီးများ တစ်စီးပြီးတစ်စီး ရောက်ရှိလာကြပါသည်။ အစောင့်အကြပ်များကိုလည်း ခါတိုင်းထက် နှစ်ဆသုံးဆတိုး၍ လည်းကောင်း ချထားခဲ့ကြပါသည်။ တစ်နေရာမှ တစ်နေရာသို့ ကူးသန်းဖြတ်ကျော်သွားလာကြရာတွင်လည်း ယခင်ကလို အေးအေးဆေးဆေး အလွယ်တကူ မရတော့ဘဲ တကယ့် သေရေးရှင်ရေးပမာ တင်းကြပ်စွာ စစ်ဆေးမေးမြန်းခြင်းများ ပြုလုပ်ခဲ့ကြပါသည်။

ဤရက်များအတွင်းက မတော်တဆ မော်တော်ကား တစ်စီးမှ "အိတ်ဇောပိုက်" ပေါက်သွားသဖြင့် "ဒိန်း" ခနဲမြည်သံ ထွက်ပေါ်လာလျှင်ပင် စစ်ဌာနချုပ် ရုံးခန်းများတွင် အလုပ်လုပ်နေကြသူတိုင်း အထိတ်တလန့်ဖြစ်ကာ လမ်းဘက်သို့ အပြေးအလွှား ထွက်ကြည့်မိကြပါသည်။ တစ်ဆက်တည်းတွင် ကျွန်တော့် ရုံးခန်းထဲမှ ရှိသမျှ တယ်လီဖုန်းအားလုံး အိုက်ဆင်ဟောင်ဝါတစ်ယောက် ဘေးကင်း၊ ရန်ကင်း ရှိ/မရှိ ဟိုကသည်က အလောသုံးဆယ် မေးမြန်းကြပါသည်။ ဤသို့ဖြင့် ရှေ့တန်းစစ်မြေပြင်တွင် ရန်သူနှင့် သဲသဲမဲမဲ တိုက်ခိုက်နေရသည့် စစ်ဌာနချုပ် တစ်ခုထက် ပို၍ ဆိုးဝါးကာ ချောက်ချားနေကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လုံခြုံရေးအရာရှိများက အိုက်ဆင်ဟောင်ဝါအား ရုံးခန်းအပြင်သို့ ထွက်၍ "လမ်းမလျှောက်ရန်ပင်" သတိပေးစကား ပြောကြားထားကြပါသည်။ အပြင်မှ ရန်သူ ဂျာမန်လက်ဖြောင့်တပ်သား တစ်ယောက်ယောက်က ချောင်းမြောင်းပစ်ခတ်မည်ကို စိုးရိမ်ရ၍ ဖြစ်ပါသည်။ သို့ စိုးရိမ်ရသော်လည်း အပြင်တွင်လည်း အစောင့်အကြပ်များကို ခြေရာချင်းထပ်အောင် ချထားခဲ့ပြီး ဖြစ်နေပါသည်။

"အမှန်အတိုင်း ပြောရလျှင် ကျွန်တော်တို့အားလုံးမှာ ထိုစဉ်က ထောင်ကျ အကျဉ်းသားများဘဝနှင့်မခြားအောင် ဖြစ်နေခဲ့ပါသည်"

မိုလ်ကလေး ကေးက နောက်တစ်နေ့ညတွင် သူ တွေ့ကြုံခံစားခဲ့ရသမျှကို အောက်ပါအတိုင်း မှတ်တမ်းတင်ခဲ့သည်။

"ယနေ့ညတွင်လည်း ထိတ်လန့်တကြား ဖြစ်ခဲ့ရပါသည်။ အိုက်ဆင် ဟောင်ဝါသည် တစ်နေ့လုံး သူ့ရုံးခန်းထဲတွင် နေခဲ့ရပြီး ညဘက်တွင် အပေါ်ထပ်သို့ တက်၍ သွားရာလမ်းတွင် ကန့်လန့်ဖြတ်၍ အိပ်ရပါသည်။ လူတိုင်းလူတိုင်း ဤဝင်းကြီးအတွင်း အကျဉ်းကျနေရသလို ဖြစ်နေပါသည်။ တကယ်စိတ်ပျက်စရာ ကောင်းလှသည့် ဘဝပင်ဖြစ်ပါသည်"

"ကျွန်တော်သည် အချိန်အတော်ကြာအောင် အိပ်မပျော်နိုင်ဘဲ ဂျာမန်အသေခံတပ်သားများ၏ လက်တွင်း၌ မသေမချင်း နှိပ်စက်ညှင်းဆဲခံရန် အဖြစ်များကို တသီတတန်းကြီး တွေးနေမိပါသည်။ သို့ဖြင့် တစ်ညလုံး အိပ်မရဘဲ အပြင်ဘက်မှ အစောင့်စစ်သားများ၏ တဂေါက်ဂေါက် မြည်နေသော စစ်ဖိနပ်သံကို နားစွင့်ရင်း မိုးထိန်ထိန်လင်းခဲ့ရပါသည်။

မိုလ်ကလေး ကေးက သူ၏စာအုပ်ထဲတွင် ဒီဇင်ဘာလ ၂၂ ရက်နေ့က အဖြစ်အပျက်များကို အောက်ပါအတိုင်း ဆက်လက်ဖော်ပြခဲ့သည်။

"ကျွန်တော်တို့၏ ထောက်လှမ်းရေး အဖွဲ့ဝင်တစ်ယောက်ထံ ဂျာမန်အသေခံတပ်သား လုပ်ကြံဖျက်ဆီးရေးသမားများသည် ပါရီမြို့တွင်းသို့ အမှန်တကယ် ရောက်နေပြီဖြစ်ကြောင်း သတင်းပေးပို့လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျာမန် တို့သည် ဤစစ်ဌာနချုပ်ရှိရာ "ငြိမ်းချမ်းရေး အဆောက်အဦ" ပတ်ဝန်း ကျင် တစ်ဝိုက်သို့ပင် ရောက်နေကြပြီဟု ဆိုပါသည်။

သို့သော် အဆိုပါ ထောက်လှမ်းရေးသတင်းကို ကျွန်တော်တို့ ဗိုလ်ချုပ်ကြီး အိုက်ဆင်ဟောင်ဝါက အရေးမစိုက်ဘဲ ဖြစ်ပေါ်သည်။ သူက သူ့ရုံးခန်းကျဉ်းကလေးထဲမှ ထွက်လာပြီး… "မင်းတို့လုပ်ပုံက ငါ့မှာ ဇရဲကျသလို ဖြစ်နေပြီကွ… အဲဒီတော့ ငါအခု အပြင်ထွက်ပြီး လမ်း လျှောက်မယ်ကွာ၊ တစ်ယောက်ယောက်က ငါ့ကိုပစ်သတ်မယ် ဆိုရင်လည်း သတ်ပါစေတော့၊ ငါအပြင်ထွက်မှကို ဖြစ်မယ်…"

သို့သော် ထိုနေ့က လုံခြုံရေးအရာရှိများ မသိဘဲ အိုက်ဆင်ဟောင်ဝါ အပြင်သို့ လမ်းလျှောက်ခဲ့သည်မှာ ဝေးဝေးလံလံမဟုတ်ဘဲ စစ်ဌာနချုပ် ဝင်းအတွင်း၌သာလျှင် ဖြစ်သည်။ ဤသည်ကိုပင် သူလမ်းလျှောက်နေစဉ် အတွင်း အစောင့်အကြပ်များက ပတ်ပတ်လည်မှ အထပ်ထပ် စောင့်ကြပ် ခဲ့ကြရသည်။

နောက်တစ်နေ့တွင် ဗိုလ်ချုပ်ကြီး အိုက်ဆင်ဟောင်ဝါထံသို့ ရေတပ်ဆိုင်ရာ လက်ထောက်အရာရှိ ဗိုလ်ကြီးဟယ်ရီဆိုသူ လာရောက် တွေ့ ဆုံခဲ့သည်။ ဗိုလ်ကြီးဟယ်ရီသည် ရှေ့တန်းစစ်မျက်နှာမှ ယမန်နေ့ ညကပင် ပြန်ရောက်လာသူဖြစ်သည်။ သူသည် လမ်းခရီးတစ်လျှောက် လုံး အတားအဆီးများနှင့် အစစ်အဆေး အမေးအမြန်းများကို တွေ့ကြုံ ဖြတ်သန်းခဲ့ရပြီး နေဝင်မီးငြိမ်း အမိန့်ကြောင့် မှောင်နှင့်မည်းမည်း ဖြစ်နေ သော ပါရီမြို့တွင်းသို့ တအံ့တသြဖြင့် ဝင်ရောက်လာခဲ့သည်။ နောက်မှ ဤအဖြစ်အပျက်အားလုံးမှာ ဂျာမန်အသေခံတပ်သားများ၏ အန္တရာယ် ကြောင့်ဖြစ်ကြောင်း သိရှိရသဖြင့် နေ့တစ်နေ့နံနက်တွင် "အကျယ်ချုပ်" ခံနေရသည့် အိုက်ဆင်ဟောင်ဝါထံ သွားရောက်တွေ့ဆုံခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ရေတပ်ဗိုလ်ကြီး ဟယ်ရီကလည်း ထိုနေ့က သူ၏နေ့စဉ် မှတ်တမ်းတွင် အောက်ပါအတိုင်း ရေးသားခဲ့သည်။

"ယနေ့ အိုက်ဆင်ဟောင်ဝါနှင့် တွေ့သည်။ သူ့ခမျာမှာ သူ၏ အသွားအလာ၊ အနေအထိုင်များကို အဖက်ဖက်မှ ချုပ်ချယ်ထားခြင်း

www.burmeseclassic.com

www.burmeseclassic.com



ခံရသဖြင့် အကြီးအကျယ် စိတ်ပျက်နေပုံရသည်။ အမျိုးမျိုးသော အစောင့်အကြပ်များ အထပ်ထပ်ချထားသည်ကို တွေ့ရသည်။ အဆောက်အဦပတ်ပတ်လည်တွင် အချို့မှာ စစ်သေနတ်များပင် ကိုင်ဆောင်ထားကြသည်။ သူ့မှာ ရုံးသွားရုံးပြန်မှတစ်ပါး အခြားသို့ လုံးဝမသွားမလာရဘဲ ဖြစ်နေသည်။ ဤအချိန်အခါမျိုးတွင် ကျွန်တော်တို့လို ရင်းနှီးသူတစ်ယောက်နှင့် တွေ့ဆုံ၍ စကားပြောရသည်ကိုပင် အထူးပင် ဝမ်းသာအားရဖြစ်နေဟန်တူသည်။ ကျွန်တော့်မှာ သူ့အတွက် ကမ္ဘာတစ်ခုမှ ရောက်လာသူတစ်ဦးလို ဖြစ်နေ သည်။

အမေရိကန်စစ်ဌာနချုပ်မှ လုံခြုံရေးအရာရှိများသည် သူတို့၏ ဗိုလ်ချုပ် အိုက်ဆင်ဟောင်ဝါအတွက် ဤရွေ့ ဤမျှလောက် စောင့်ကြပ်ကာကွယ်မှုများ ပြုလုပ်ထားပြီးသည့်တိုင်အောင် စိတ်မချသေးဘဲ ဖြစ်နေသည်။ သို့ဖြစ်ရာ စကော်ဇနီခေါင်းဆောင်သည့် အသေခံတပ်သားများအား တစ်ပတ်ရိုက် လှည့်စားရန်အတွက် လျှို့ဝှက်အစီအစဉ်တစ်ခုကို လုပ်ဆောင်ခဲ့သည်။ ယင်းအစီအစဉ်မှာ အခြားမဟုတ်တန် အိုက်ဆင်ဟောင်ဝါ "အတု" တစ်ယောက်ကို ရုပ်ပြအဖြစ် ထားရှိခဲ့ခြင်းပင်တည်း။

ထိုစဉ်က ဉာဏ်နီဉာဏ်နက် များလှသည့် စကော်ဇနီတို့ လူစုအားပုံမှားရိုက်ရန်အတွက် "အိုက်ဆင်ဟောင်ဝါ အတု" အဖြစ် ဟန်ဆောင်အသုံးတော်ခံခဲ့ရသူမှာ ဒုဗိုလ်မှူးကြီး ဘော်လ်ဒွင်စမစ် ဆိုသူဖြစ်သည်။ ဗိုလ်မှူးကြီး စမစ်သည် ဗိုလ်ချုပ်ကြီး အိုက်ဆင်ဟောင်ဝါနှင့် အလွန်ရုပ်ချင်းဆင်သည်ဟု ပြောကြသည်။ သို့ဖြစ်ရာ စမစ်သည် ဗိုလ်ချုပ်ကြီး ယူနီဖောင်းနှင့် အဆောင်အယောင်တံဆိပ်များ တပ်ဆင်ကာ ဗိုလ်ချုပ် အိုက်ဆင်ဟောင်ဝါ စီးနေကျကားကိုစီး၍ နေ့စဉ်နေ့တိုင်း စိန့်ဂျာမိန်းအရပ်မှ ဗာဆေးလ်နန်းတော်သို့ အချိန်မှန်သွား၍ အချိန်မှန်ပြန်ရသည်။ ဤသို့ဖြင့် အိုက်ဆင်ဟောင်ဝါအတုဖြစ်သော စမစ်သည် ကားပေါ်တွင် ထိုင်ရင်း ဂျာမန်အသေခံတပ်သားများ၏ ကျည်ဆံနှင့် လက်ပစ်ဗုံးများ ကားထဲသို့ ဘယ်အချိန် ဘယ်နေရာတွင် ဝင်လာမည်ကို နားစွင့်ရင်း ရင်တမမ လိုက်ပါလာခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုသို့ အိုက်ဆင်ဟောင်ဝါ နှစ်ကိုယ်ခွဲ၍ အိုက်ဆင်ဟောင်ဝါ အတုတစ်ယောက်ထားကာ စကော်ဇနီတို့ ဂျာမန်အသေခံတပ်သားများအား လှည့်စားခဲ့ရသည်ကို လုံခြုံရေးအရာရှိများက ဗိုလ်ချုပ်ကြီး အိုက်ဆင်ဟောင်ဝါအား ထိုစဉ်က လုံးဝအသိမပေးဘဲ ထားခဲ့ကြသည်။

၎င်း အတောအတွင်း အမေရိကန် စစ်သားအသွင်ဖြင့် ရုပ်ဖျက်ထားကြသည့် ဂျာမန်အသေခံတပ်သားများအား ပိုက်စိပ်တိုက်၍ ရှာဖွေနေကြသည့် အမေရိကန် တပ်ထိန်းများမှာ မိမိတို့ ထောက်လှမ်းရေးအဖွဲ့ဝင်တစ်ဦးထံမှ ရရှိခဲ့သည့် သတင်းတစ်ခုကြောင့် အတော်ကလေး နိုးလို့ ခုလု ဖြစ်သွားခဲ့ကြသေးသည်။ သူ ရရှိခဲ့သည့် သတင်းမှာ ဂျာမန်အသေခံ တပ်သားများသည် ပါရီမြို့တော်ရှိ ဗိုလ်ချုပ်ကြီး အိုက်ဆင်ဟောင်ဝါ၏ စစ်ဌာနချုပ်သို့ အမေရိကန်တပ်ထိန်းများအသွင် ရုပ်ဖျက်ကာ ဂျာမန် ယူနီဖောင်းဝတ်ထားသည့် စကော်ဇနီအား ဖမ်းမိ၍ စစ်ဆေးမေးမြန်းရန် ခေါ်ဆောင်လာသည့် အနေမျိုးဖြင့် ဟန်ဆောင်လာကြလိမ့်မည်ဟူသော သတင်းပင်ဖြစ်သည်။ ၎င်းသတင်းကြောင့် အမေရိကန်တပ်ထိန်းများမှာ တပ်ထိန်းယူနီဖောင်း ဝတ်ဆင်ထားကြသည့် မိမိတို့ တပ်ထိန်းအချင်းချင်းပင် လူမှားအောင် အထူးသတိထားနေခဲ့ကြရသည်။

အထက်ပါ သတင်းအရ အကယ်၍ ပါရီမြို့တစ်နေရာရာတွင် စကော်ဇနီအား တပ်ထိန်းများက တကယ်ပင် ဖမ်းမိသဖြင့် အမေရိကန် စစ်ဌာနချုပ်သို့ တကယ်ပင် ခေါ်လာသည့်တိုင်အောင် အရမ်းကာရော ဝမ်းသာအားရ လက်မခံရဲအောင် ဖြစ်ခဲ့ကြရသည်။ စကော်ဇနီ၏ အရှိန်အဝါသည် ထိုအချိန်ထိုအခါက ထိုမျှလောက်ပင် ကြီးမားခဲ့သည်။

ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ဗိုလ်ချုပ်ကြီး အိုက်ဆင်ဟောင်ဝါသည် အလွန်အရေးကြီးသည့် ကိစ္စတစ်ခုဖြင့် ခရီးထွက်ရန် ဖြစ်လာခဲ့သည်။ ဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲမြို့တွင် ဗြိတိသျှ ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီနှင့် ထိပ်တန်းလျှို့ဝှက် အစည်းအဝေးတစ်ခု ကျင်းပရန်ရှိနေသည်။ ထို အစည်းအဝေးမှာ သေရေးရှင်ရေးတမျှ အရေးကြီးလှ၍ ဗိုလ်ချုပ်ကြီး အိုက်ဆင်ဟောင်ဝါကိုယ်တိုင် တက်ရောက်၍ မြို့သို့မသွား

www.burmeseclassic.com



မဖြစ် သွားရမည့် အိုက်ဆင်ဟောင်ဝါအတွက် လုံခြုံရေး အစီအစဉ်များကို အသေးစိတ် စီစဉ်ခဲ့ကြရသည်။

မည်သို့ပင်ဖြစ်စေ၊ ဌာနချုပ် ရုံးခန်းထဲတွင် ဆယ်ရက်နီးပါးမျှ ဘယ်ကိုမျှ မထွက်ရဘဲအောင်းနေခဲ့ရသော ဗိုလ်ချုပ်ကြီး အိုက်ဆင်ဟောင်ဝါမှာ ယခုကဲ့သို့ ခရီးထွက်ရသောအခါ မြို့ပြင်ထွက်လည်ရသည့် ကျောင်းသားကလေးတစ်ယောက်ပမာ ဝမ်းသာရွှင်မြူးနေခဲ့သည်။ ဘရပ်ဆဲမြို့သို့ မီးရထားဖြင့် သွားရမည်ဖြစ်ရာ မီးရထားစီးရမည့် ဒူးနော့ဘူတာရုံသို့ ရောက်သောအခါ ဘူတာရုံတစ်ခုလုံး စစ်သားများဖြင့် မည်းမည်းလှုပ်နေသည်ကို တွေ့ရသည်။ ဤတွင် ဗိုလ်ချုပ်ကြီး အိုက်ဆင်ဟောင်ဝါက မသင်္ကာသဖြင့် မေးမြန်းစုံစမ်းကြည့်ရာ သူ့လက်အောက်အရာရှိများက ဤစစ်သားများမှာ တာဝန်ဖြင့် တစ်နေရာမှတစ်နေရာသို့ ခရီးသွားကြသူများဖြစ်ကြောင်း တစ်ဖက်လှည့်၍ ပြောခဲ့ကြရသည်။

သို့သော် မီးရထား စတင်ထွက်ခွာလာသောအခါ စစ်သားအတော်များများသည် အိုက်ဆင်ဟောင်ဝါနှင့်အတူ လိုက်ပါလာခဲ့ကြပြီး လမ်းခုလတ် ဘူတာရုံများတွင် ခေတ္တ ရထားရပ်သည့်အခါတိုင်း ထိုစစ်သားများသည် တွဲပေါ်မှ ကတိုက်ကရိုက် ခုန်ဆင်းကာ အိုင်ဆင်ဟောင်ဝါ၏ ရထားတွဲ ပတ်ပတ်လည်တွင် ဝိုင်းရံစောင့်ကြပ်လာခဲ့ကြသည်။ ဗိုလ်ချုပ်ကြီး အိုက်ဆင် ဟောင်ဝါမှာ ဤတွင်မှ အခြေအနေကို ရိပ်မိပြီး လွတ်လွတ်လပ်လပ် မရှိတော့ဘဲ စိတ်အိုက်သွားခဲ့တော့သည်။

တစ်ဖန် ဘရပ်လ်ဆဲမြို့သို့ ရောက်ရှိ၍ ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီနှင့် ဆွေးနွေးသည့်အခါတွင်လည်း အစောင့်အကြပ်များ အထပ်ထပ်ချထားသည်ကို တွေ့လိုက်ရ၍ အိုက်ဆင်ဟောင်ဝါမှာ အတော်ကလေး ကသိကအောက် ဖြစ်ခဲ့ရသည်။ ဤအတောအတွင်း စကော်ဇနီသည် အိုက်ဆင်ဟောင်ဝါနှင့် မောင်ဂိုမာရီတို့ နှစ်ယောက်စလုံးကို လုပ်ကြံ[illegible] ဖြတ်ရန်အတွက် ဘယ်လ်ဂျီယံနိုင်ငံထဲသို့ ဝင်လာပြီဟူသော [illegible] ဟာလသတင်း ထွက်ပေါ်လာပြန်သဖြင့် လုံခြုံရေးအရာရှိများမှာ ဗိုလ်ချုပ်ကြီးနှစ်ဦး၏ အစည်းအဝေး မပြီးမချင်း ရင်တထိတ်ထိတ် စိတ်[illegible] ကင်ကင် ဖြစ်ခဲ့ကြရသည်။

www.burmeseclassic.com



သို့သော် တကယ့်ဖြစ်ရပ်များတွင်မူ စကော်ဇနီနှင့် ဂျာမနီအသေခံ တပ်သားများသည် အမေရိကန် ဗိုလ်ချုပ်ကြီး အိုက်ဆင်ဟောင်ဝါအား လုပ်ကြံသတ်ဖြတ်ရန်သော်လည်းကောင်း၊ လက်ရဖမ်းဆီးရန်သော် လည်းကောင်း လုံးဝကြံစည်ကြိုးစားခဲ့ခြင်းမရှိဘဲ တားမနိုင် ဆီးမရသည့် ကောလာဟာလ သတင်းများကြောင့် အမေရိကန်တပ်များအတွင်း ထိန်းမ နိုင် သိမ်းမရလောက်အောင် ချောက်ချားခဲ့ကြခြင်း ဖြစ်သည်။

အကယ်၍သာ စကော်ဇနီနှင့် သူ၏အသေခံတပ်သားများသည် ဗိုလ်ချုပ်ကြီး အိုက်ဆင်ဟောင်ဝါးအား လက်ရဖမ်းဆီးရန် သို့မဟုတ် လုပ်ကြံသတ်ဖြတ်ရန် တကယ်တမ်း ကြံစည်ကြိုးပမ်းခဲ့ပါက အိုက်ဆင် ဟောင်ဝါမှ အသက်အန္တရာယ် ထိခိုက်ကောင်း ထိခိုက်နိုင်စရာ ရှိသည်ဟု ဆိုရမည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ထိုအချိန်က အမေရိကန် တပ်များသည် ဂျာမန်တပ်များ လုံးဝနာလန်မထူနိုင်တော့ဟု ယူဆကာ အောင်ပွဲများဖြင့် ယစ်မူး၍ ပေါ့ဆဆလျော့ရဲရဲ ရှိနေခဲ့ကြသောကြောင့် ဖြစ်သည်။

သို့ဖြစ်၍လည်း ထိုအချိန်က နာမည်ကျော် အမေရိကန် ဗိုလ်ချုပ် ကြီး ပက်တန်သည် စစ်သတင်းထောက်များနှင့် တွေ့ဆုံခဲ့စဉ်က "အခု အချိန်အထိ ကျုပ်တို့ဘက်က စစ်ရှုံးမယ်ဆိုရင် ရှုံးနိုင်ပါသေးတယ်‥ " ဟူ၍ ပြောကြားခြင်းဖြစ်သည်။

မည်သို့ပင်ဖြစ်စေ အာဒင်းနီးစ်ဒေသမှ ဂျာမန်တို့၏ နောက်ဆုံး ထိုးစစ်ကြီးမှာ နောက်ပိုင်းမှ လိုအပ်သော စစ်လက်နက် ခဲယမ်းမီးကျောက် များ အလုံအလောက် ထောက်ပံ့နိုင်ခြင်း မရှိသဖြင့် မရှုမလှ အရေးနိမ့် ခဲ့ရသည်။ ဤသို့ဖြင့် မူဆယ်မြစ်ပေါ်မှ တံတားများကို အမေရိကန်တပ် များဟန်ဆောင်၍ သိမ်းပိုက်ရန်ဟူသော စကော်ဇနီ၏ အကြံအစည်မှာ လည်း မအောင်မြင်ဘဲ ဖြစ်ခဲ့ရသည်။

တစ်ခုပဲ ပြောစရာရှိသည်။

ယင်းအချက်မှာ အခြားမဟုတ်၊ အမေရိကန် ယူနီဖောင်းများ ဝတ်ဆင်ထားသည့် စကော်ဇနီ၏ ဂျာမန်အသေခံတပ်များ ဂယက်ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



အင်အားငါးသိန်းခန့် ပါဝင်သော အမေရိကန် တပ်ကြီးတစ်ခုလုံး ယောက်ယက်ခတ်သွားသည့်အပြင် အလွန်ပင် ပျော်စရာရွှင်စရာ ကောင်းလှသည့် ခရစ္စမတ်ပွဲတော် ဒီဇင်ဘာလ ၁၈ ရက်နေ့မှ ၂၈ ရက်နေ့အထိ ဆယ်ရက်တိုင်တိုင် အကျယ်ချုပ် ခံခဲ့ရသည်ဟူသော အချက်ပင် ဖြစ်သတည်း။

❑

www.burmeseclassic.com

www.burmeseclassic.com

## ဟစ်တလာကို ဘယ်မှာထားခဲ့သလဲ အလိုရှိသည်

ဗိုလ်ချုပ်ကြီး အိုက်အင်ဟောင်ဝါအား လုပ်ကြံသတ်ဖြတ်ရန် ကြံစည်မှု အပါအဝင် စစ်ရာဇဝတ်မှု အမြောက်အမြားကို ကျူးလွန်ခဲ့သူ၊ ဂျာမန် အသေခံတပ်ဖွဲ့ခေါင်းဆောင် ဒုဗိုလ်မှူးကြီး အော့တိုစကော်ဇနီအား အလျင်အမြန် အလိုရှိသည်။

အသက်သုံးဆယ်ကျော် လေးဆယ်ခန့်၊ အရပ်ခြောက်ပေ လေးလက်မ၊ လက်ဝဲဘက် ပါးပေါ်တွင် အမာရွတ်ရှိသူ အော့တိုစကော်ဇနီအားတွေ့လျှင် အနီးဆုံးမဟာမိတ်တပ်သို့ အကြောင်းကြားပါ။

ဂျာမနီ၊ ပြင်သစ်၊ ဘယ်လ်ဂျီယံ နိုင်ငံအတွင်း မြို့ကြီးပြကြီးများမှ လမ်းဆုံလမ်းခွများနှင့် အဆောက်အဦနံရံများတွင် စကော်ဇနီ၏ ဓာတ်ပုံနှင့်တကွ ဖော်ပြထားသော အထက်ပါ ကြော်ငြာစာများ အနှံ့အပြား ကပ်ထားသည့်အချိန်တွင် စကော်ဇနီမှာ အယ်လ်ပိုင်းတောင်တန်းပေါ်သို့ ရောက်ရှိပုန်းအောင်းနေပြီ ဖြစ်သည်။

ထိုအချိန်မှာ ၁၉၄၅ ခုနှစ်၊ မေလအတွင်း ဖြစ်သည်။

ဧပြီလ ၃၀ ရက်နေ့တွင် ခေါင်းဆောင်ကြီး ဟစ်တလာ ကိုယ့်ကိုယ်ကို သတ်သေသွားခဲ့ပြီးနောက် မူလကပင် ဖရိုဖရဲဖြစ်နေခဲ့သော ဂျာမန် စစ်ဦးစီးဌာနချုပ်နှင့်တကွ ဂျာမန်တပ်များမှာ ဝါးအစည်းပြေသလို ဖြစ်သွားခဲ့

www.burmeseclassic.com



သည်။ ဆိုဗီယက်တပ်မတော်က ဘာလင်မြို့ကြီးကို သိမ်းပိုက်ပြီးနောက် တတိယ ဂျာမန်ရိုက်ချ် နိုင်ငံတော်ကြီး၏ အထွတ်အထိပ်ဖြစ်သော ခေါင်းဆောင်ကြီး ဟစ်တလာ၏ထိပ်ဖျားတွင် ဆိုဗီယက်တို့၏ တူတဇင်အလံနီသည် တလူလူလွှင့်လာခဲ့သည်။

ဘာလင်မြို့တွင်း မြို့ပြင်နှင့်တကွ ဂျာမနီတစ်နိုင်ငံလုံးတွင် ရှိရှိသမျှ ဂျာမန်စစ်ဗိုလ်စစ်သားများမှာ "ဂျာမန်တို့ စစ်ရှုံးပြီ" ဟူသော သတင်းနှင့်အတူ ဆောက်တည်ရာမရ ဖြစ်ကုန်ကြတော့သည်။ ထောင်သောင်းမကသော ဂျာမန်စစ်သားများသည် ဆိုဗီယက်တပ်များနှင့် မဟာမိတ်တပ်များထံ အစုလိုက်အပြုံလိုက် လက်နက်ချခဲ့ကြသည်။ ထောင်သောင်းမကသော ဂျာမန်စစ်သားများသည် အဓိပ္ပာယ်မရှိ ခြေဦးတည့်ရာ ဟိုဟိုသည်သည် သွားလာနေကြသည်။ အဖ ဂျာမနီနိုင်ငံကြီး ပြိုလဲပျက်စီးသွားခဲ့သလို သူတို့၏ အနာဂတ်သည်လည်း ပြိုလဲပျက်စီးသွားခဲ့ကြပြီဟု တထစ်ချမှတ်ယူခဲ့ကြသည်။

အချို့သော ဂျာမန်တပ်သားများမှာမူ လက်နက်မချဘဲ ဆိုဗီယက်တပ်များ၊ မဟာမိတ်တပ်များနှင့်ဝေးရာ တောထဲတောင်ထဲသို့ ထွက်ပြေးပုန်းရှောင်ခဲ့ကြသည်။ အထူးသဖြင့် စစ်ကြီးအတွင်းက ထင်ရှားသည့် စစ်ရာဇဝတ်မှုများကို ကျူးလွန်ခဲ့ကြသည့် ဂက်စတာပို စစ်ဗိုလ်များ၊ ခွေးတပ်နှင့် သုံ့ပန်းစခန်းမှူးများ အပါအဝင် နာမည်ကျော် "လူသတ်သမား" များမှာမူ တိုင်းပြည်ပျက်၍ ယောက်ယက်ခတ်နေချိန်တွင် ဂျာမနီနိုင်ငံမှ နည်းအမျိုးမျိုးဖြင့် ကိုယ်ယောင်ဖျောက်၍ ထွက်သွားခဲ့ကြသည်။

စကော်ဇေနီသည် သူ့ဆရာသခင်ဖြစ်သော အာဏာရှင်ခေါင်းဆောင်ကြီး ဟစ်တလာကိုယ့်ကိုယ်ကို သတ်သေသွားပြီဟူသော သတင်း၊ ဂျာမန်တို့ ချွင်းချက်မရှိ လက်နက်ချလိုက်ပြီဟူသော သတင်းကို တစ်ပတ်ခန့်ကြာမှ ကြားသိခဲ့ရသည်။ ထိုအချိန်က သူသည် သူ၏မိတ်ဆွေ လက်ထောက်အရာရှိဖြစ်သူ ရာဒယ်နှင့်အတူ အရေးကြီးသော စစ်ဘက်နက် ပစ္စည်းများကို အယ်လ်ပိုင်းတောင်တန်းပေါ်သို့ သွားရောက်ပို့ဆောင်နေ ခိုက်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဂျာမန်တို့ စစ်ရှုံးပြီ"ဟူသော သတင်းကို ကြားလိုက်ရသောအခါ စကော်ဇေနီကိုယ်တိုင် မည်သို့ရှေ့ဆက် စခန်းသွားရမည်ကို မစဉ်းစားတတ်အောင်ဖြစ်သွားခဲ့သည်။ ဤတွင် သူတို့နှင့်အတူ ပါလာသော လေတပ်ဗိုလ် တစ်ယောက်က သူနှင့်အတူ စပိန်နိုင်ငံသို့ လေယာဉ်ဖြင့် ထွက်ပြေးရန် အကြံပေးခဲ့သည်။ သို့သော် စကော်ဇေနီသည် သူတစ်ယောက်တည်း ကိုယ်လွတ်ရန်း၍ ထွက်ပြေးသည့် အလုပ်မျိုးကို အလွန်စက်ဆုပ်သူဖြစ်သည့် အလျှောက် လေတပ်ဗိုလ်ကလေး၏အကြံကို လက်မခံဘဲ ပယ်ချခဲ့သည်။

အမှန်စင်စစ် စကော်ဇေနီသည် နိုင်ငံရေးသမားမဟုတ်၊ လူမျိုးရေးသမားလည်းမဟုတ်၊ အမျိုးသား ဆိုရှယ်လစ်ဝါဒနှင့် ပတ်သက်၍လည်းကောင်း၊ မဟာလူမျိုးကြီးဝါဒနှင့် ပတ်သက်၍လည်းကောင်း အစွဲအလမ်းရှိသူ တစ်ယောက်မဟုတ်၊ သို့ပါလျက် ဤစစ်ကြီးအတွင်း သူ သက်စွန့်ကြိုးပမ်း ထမ်းဆောင်လုပ်ကိုင်ခဲ့သည်များမှာ စွန့်စွန့်စားစား လုပ်တတ်သည့် သူ့ဝါသနာနှင့် အမိန့်တာဝန်ကို ရိုသေလိုက်နာသည့် စစ်သားတစ်ယောက်၏ကျင့်ဝတ်များ ပေါင်းစပ်ရာမှ ပေါ်ထွက်လာခဲ့ခြင်းသာ ဖြစ်သည်။

သို့ဖြစ်ရာ ယခုကဲ့သို့ ဂျာမန်တို့ တရားဝင် လက်နက်ချပြီးသည့်နောက်တွင် မိမိတို့တာဝန်မှာ အေးအေးဆေးဆေး လက်နက်ချကာ လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီးသည့်အခါတွင် သာမန်အရပ်သားဘဝဖြင့် ငြိမ်းချမ်းစွာ အသက်မွေးဝမ်းကျောင်းသွားရန်သာရှိတော့သည်ဟု ယူဆခဲ့သည်။

သို့သော် ထိုအချိန်မှာပင် မဟာမိတ်တပ်များက သူ့အား စစ်တရားခံအဖြစ် ဖမ်းဆီးရန် သူ့ဓာတ်ပုံနှင့်တကွ "အလိုရှိသည်" ဟူသော ကြော်ငြာစာများကို ပြင်သစ်နှင့် ဘယ်လ်ဂျီယံ နိုင်ငံများအတွင်း နေရာအနှံ့အပြား ကပ်ထားကြောင်း ကြားသိခဲ့ရသည်။ ထို့ပြင် အမေရိကန်တပ်များသည် ဤနယ်မြေတစ်ဝိုက်တွင် စကော်ဇေနီအား လိုက်လံရှာဖွေနေကြသည်ဟူသော သတင်းကိုလည်း ရရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အမုန်စင်စစ် စကော်ဇနီသည် လုပ်ရဲလျှင် ခံရဲရမည်ဟူသော စိတ်ဓာတ်ရှိသူ တစ်ယောက်ဖြစ်သည်။ အထူးသဖြင့် စစ်အတွင်းက သူ လုပ်ဆောင်ခဲ့သည့် အလုပ်များသည် စစ်သားပီပီ အထက်အမိန့်အရ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ခဲ့ခြင်းသာဖြစ်၍ သူ့တွင် လုံးဝ အပြစ်မရှိဟု ယူဆခဲ့သည်။ သို့ဖြစ်ရာ သူသည် ဤပြဿနာကို မဟာ မိတ်တပ်များနှင့် မျက်နှာချင်းဆိုင် ဖြေရှင်းမည်ဟု ဆုံးဖြတ်ကာ အမေရိ ကန် တပ်များရှိရာသို့ "မိမိကိုယ်တိုင် လက်နက်ချ အဖမ်းခံမည်ဖြစ် ကြောင်းနှင့် မည်သည့်နေရာတွင် မည်သို့မည်ပုံ လက်နက်ချရမည်ကို အကြောင်းပြန်ပါရန်" စာသုံးစောင်တိတိရေး၍ ပေးပို့ခဲ့သည်။ သို့သော် အမေရိကန်တို့ထံမှ လုံးဝ အကြောင်းပြန်ကြားစာ မရဘဲဖြစ်နေခဲ့သည်။ သူတို့စိတ်ထဲတွင် ထိုသို့ စကော်ဇနီက သူ့ဆန္ဒအလျောက် လက်နက်ချ အဖမ်းခံရမည်ဆိုခြင်းမှာ သွေးရိုးသားရိုးမဟုတ်ဘဲ တစ်စုံတစ်ရာ လှည့်စားလို၍သာ ဖြစ်မည်ဟု ယူဆနေကြဟန်တူသည်။

ဤအတောအတွင်း လူဇင်ဘတ် ရေဒီယိုမှ အသံလွှင့် ကြေညာ ချက်တစ်ခုကို ကြားလိုက်ရသည်။ ယင်းကြေညာချက်မှာ မဟာမိတ် တပ်သားများ အားလုံးနှင့်တကွ "ရိုးသားဖြောင့်မတ်သော ဂျာမန်လူမျိုး မှန်သမျှ လူသတ်သမားများနှင့် လုပ်ကြံရေးသမားများ၏ ခေါင်းဆောင် ဖြစ်သူ အော့တိုစကော်ဇနီအား ဖမ်းဆီးရမိရန်အတွက် အစွမ်းကုန်ကူညီ ကြပါရန်" တိုက်တွန်းမေတ္တာရပ်ခံသည့် ကြေညာချက်ပင် ဖြစ်သည်။ တစ်ဆက်တည်းတွင် ပြင်သစ်သတင်းစာ တစ်စောင်ကလည်း စကော်ဇနီ နှင့်ပတ်သတ်၍ အောက်ပါအတိုင်း သတင်းနှင့်မှတ်ချက် ရေးသား ဖော်ပြခဲ့သည်။

"ဂျာမနီနိုင်ငံတွင် ကောက်ကျစ်စဉ်းလဲ၍ ဉာဏ်နီဉာဏ်နက် အများဆုံး ဂျာမန်လူမျိုးတစ်ယောက်ဖြစ်သော အော့တိုစကော်ဇနီအား ယခုထက်တိုင် ဖမ်းဆီးရမိခြင်းမရှိသေးဘဲ ဖြစ်နေသည်။ မဟာမိတ် ထောက်လှမ်းရေးတပ်ဖွဲ့မှ အတော်ဆုံး ထောက်လှမ်းရေးသမားများသည် အဆိုပါ စကော်ဇနီဆိုသူအား နေရာအနှံ့ အပူတပြင်းလိုက်လံ ရှာဖွေ လျက် ရှိနေကြသည်"

www.burmeseclassic.com

www.burmeseclassic.com



အထက်ပါ သတင်းစာနှင့် ရေဒီယိုသတင်းများအရ စကော်ဇနီသည် ကြာကြာဆိုင်းမနေတော့ဘဲ ရာဒယ်နှင့်အတူ အခြားအရာရှိနှစ်ယောက်ကိုပါ ခေါ်ဆောင်၍ အယ်လပိုင်းတောင်တန်းပေါ်မှ မြေပြန့်သို့ ဆင်းလာ ခဲ့ကြသည်။

ထိုနေ့မှာ ဂျာမနီ လက်နက်ချပြီးနောက် ဆယ်ရက်အကြာ မေလ ၁၇ ရက်နေ့ပင် ဖြစ်သည်။

လက်နက် အပြည့်အစုံနှင့် ဂျာမနီစစ်ယူနီဖောင်းများကို စမတ်ကျကျ ဝတ်ဆင်ထားကြသော စကော်ဇနီတို့လူစုသည် အနီးဆုံး အမေရိကန် စစ်တပ်တစ်ခုရှိရာသို့ သွားရောက်၍ လက်နက်ချပြီးနောက် အခြား လက်နက်ချ ဂျာမန်စစ်သားများနှင့်အတူ သုံ့ပန်းစခန်းများသို့ အလွယ်တကူ ရောက်ရှိသွားကြလိမ့်မည်ဟု ထင်မှတ်ခဲ့ကြသည်။

သို့သော် လက်တွေ့တွင်မူ ထင်သလောက် မလွယ်ဘဲ ဖြစ်နေကြသည်။

သူတို့သည် တောင်ပေါ်မှ မြေပြန့်သို့ ဆင်းလာခဲ့ကြပြီးနောက် မကြာမီ အမေရိကန် တပ်စခန်းတစ်ခုရှိရာသို့ ရောက်ရှိခဲ့ကြသည်။ သူတို့သည် ရုံးခန်းထဲတွင် အသင့်တွေ့ရသော အမေရိကန် တပ်ကြပ်ကြီးတစ်ယောက်အား သူတို့၏ အမည်များနှင့် ရာထူး အဆင့်အတန်းများကို ပြောပြကာ လက်နက်ချလိုကြောင်း သတင်းပို့ခဲ့သည်။

သို့သော် အဆိုပါ အမေရိကန် တပ်ကြပ်ကြီးသည် စကော်ဇနီ၏ အမည်ကို ကြားသည့်တိုင်အောင် တစ်စုံတစ်ရာ ထူးခြားသည့် လက္ခဏာများ မပြဘဲ လောလောဆယ် သူ့မှာ အလုပ်များလွန်းသဖြင့် လက်နက်ချ ဂျာမန်များကို လက်မခံနိုင်ကြောင်း ဆဲလ်ဘာတ်မြို့ရှိ တပ်မဟာဌာနချုပ်သို့ သွားရောက်လက်နက်ချကြရန်နှင့် ထိုမြို့သို့ ဂျစ်ကားဖြင့် ပို့ပေးမည်ဖြစ်ကြောင်း ပြောဆိုနေခဲ့သည်။

စကော်ဇနီသည် ဤစစ်ကြီးတွင် အနိုင်ရရှိ၍ ဂျာမနီနိုင်ငံ၏ အရှင် သခင်သစ်များဖြစ်သော အမေရိကန်များ၏ လျော့ရဲရဲဆဲဆဲ နိုင်လှသည့် လုပ်နည်းလုပ်ဟန်ကို ပထမဆုံးအကြိမ် စတင်တွေ့ရှိခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် အဆိုပါ တပ်ကြပ်ကြီး၏ စီစဉ်ပေးချက်အရ စကော်ဇနီတို့ လူစုသည် ဂျစ်ကားဖြင့် ဆဲလ်ဘတ်မြို့ရှိ အမေရိကန်တပ်မဟာ ဌာနချုပ်သို့ ခရီးဆက်ခဲ့ကြရသည်။ သို့သော် လမ်းတွင် ဂျစ်ကားမောင်းလာသော စစ်သားက "စကော်ဇနီ"ဟူသော အမည်ကို ကြားလိုက်ရသောအခါ တအံ့တသြ ဖြစ်သွားခဲ့သည်။

"စကော်ဇနီ . . . ဟုတ်လား"

သူသည် ပြောပြောဆိုဆိုဖြင့် ဂျစ်ကားကို အရက်ဆိုင်တစ်ဆိုင်ရှေ့တွင် ထိုးရပ်လိုက်ပြီး ဝိုင်အရက်တစ်ပုလင်း ဆင်းဝယ်သည်။ ပြီးနောက် ဝိုင်ပုလင်းကို စကော်ဇနီထံ လှမ်းပေးရင်း ပြောလိုက်သည်။

"ခင်ဗျား စကော်ဇနီဆိုရင်တော့ ဒီဝိုင်ကို သောက်မှဖြစ်မယ်။ ဘာ ဖြစ်လို့လဲဆိုတော့ ခင်ဗျားဒီနေ့ညပဲ ကြိုးပေးခံရမှာ သေချာနေပြီ"

ဆဲလ်ဘတ်မြို့သို့ ရောက်သောအခါ ဂျစ်ကားမောင်းသည့် စစ်သားသည် စကော်ဇနီတို့အား အမေရိကန်တပ်မဟာဌာနချုပ် ရုံးအဖြစ် အသုံးပြုနေသော ဟိုတယ် အဆောက်အဦရှေ့တွင် ချထားခဲ့ပြီး ပြန်ထွက်သွားသည်။ ထိုအချိန်မှာ နေ့လယ်စာစားချိန်ဖြစ်သဖြင့် ရုံးပေါ်တွင် မည်သူ တစ်ဦးတစ်ယောက်မှ ရှိဟန်မတူ၊ အားလုံး အပြင်ထွက်၍ နေ့လယ်စာ စားနေကြဟန်တူသည်။

စကော်ဇနီသည် အမေရိကန်တို့၏ ထူးဆန်းသော အပြုအမူများကို တအံ့တသြ ဖြစ်နေမိသည်။ ယခုအချိန်အထိ သူတို့အားလုံးမှာ "လက်နက် မချရ" သေးဘဲ လက်နက်ကိုယ်စီဖြင့် ရှိနေကြဆဲဖြစ်သည်။

အတော်ကလေးကြာမှ ဗိုလ်မှူးတစ်ယောက်ကခေါ်သဖြင့် သူ့ရုံးခန်းရှိရာသို့ လိုက်သွားရသည်။ ဗိုလ်မှူးသည် လက်နက်ကိုယ်စီ ရှိနေကြသော ဂျာမန်စစ်ဗိုလ်များအား လက်နက်မသိမ်းသေးဘဲ လက်နက်ချသည့်ပုံစံ စာရွက်များပေါ်တွင် ရေးဦးစွာ အမည်၊ ရာထူးအဆင့်နှင့် အခြားလိုအပ်ချက်များကို ဖြည့်စွက်ခိုင်းပြီး လက်မှတ်ထိုးခိုင်းသည်။ ခဏကြာ မှ အခြား အမေရိကန် စစ်ဗိုလ်စစ်သားများ ရောက်ရှိလာကြပြီး လက်နက်ချ ဂျာမန်ဒုဗိုလ်မှူးကြီး စကော်ဇနီအား ဝိုင်းကြည့်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင်မှ ဥရောပအနောက်ပိုင်းတစ်ခွင် ပြုပြစ်အောင် လိုက်လံရှာဖွေခဲ့ရသော အရပ်ခြောက်ပေ လေးလက်မခန့်ရှိသည့် ဂျာမန်အသေခံတပ်သားကျော် စကော်ဇနီဆိုသူမှာ ယခု မိမိတို့ရှေ့တွင် ရပ်နေသူဖြစ်ကြောင်း အနိုင်အမာ အတိအကျ သိလိုက်ရသည်။

ချက်ချင်းဆိုသလိုပင် အမေရိကန် စစ်ဗိုလ်များနှင့်အတူ စကော်ဇနီ ရောက်ရှိနေသည့် ထမင်းစားခန်းကလေး၏ တံခါး သုံးပေါက်နှင့် ပြတင်းပေါက်များ အားလုံးတွင် အမေရိကန် စစ်ဗိုလ် စစ်သားများဖြင့် ပြည့်ကြပ်သွားခဲ့သည်။ တစ်ဆက်တည်းတွင် စကော်ဇနီ၏ ပတ်ပတ်လည် လေးဘက်လေးတန်တွင် စက်သေနတ်များ အသင့်ရောက်လာကြသည်။

"စကော်ဇနီကို ဖမ်းမိပြီ"

ယခုအခါ အမေရိကန် စစ်သားများသည် ပေါ့ဆဆ၊ လျော့ရဲရဲ မလုပ်ကြတော့ဘဲ အလေးအနက်ဖြင့် သွက်သွက်လက်လက် ဖြစ်လာကြသည်။ သူတို့သည် စကော်ဇနီထံမှ လက်နက်အားလုံးကို သိမ်းလိုက်ကြသည်။ ပြီးနောက် သူတို့တစ်ကိုယ်လုံး အနှံ့အပြား ရှာဖွေကြသည်။ ထို့ပြင်မက သူတို့အားလုံးကို လက်ပြန်ကြိုးများပင် တုပ်လိုက်ကြသေးသည်။ ထို့နောက် စကော်ဇနီနှင့် ရာဒယ်အပါအဝင် ဂျာမန်များအား ဂျစ်ကားတစ်စီးလျှင် ဂျာမန်တစ်ယောက်တင်ကာ အစောင့်အကြပ်များနှင့်အတူ အခြားတစ်နေရာသို့ ခေါ်ဆောင်သွားကြပြန်သည်။ စောစောက ပေါ့ဆဆနိုင်သလောက် ယခုသော်မူ တော်တော်ကလေး အလေးအနက် လုပ်လာကြသည်။ စကော်ဇနီတို့ လေးယောက်ကို တင်ဆောင်လာသည့် ဂျစ်ကားလေးစီးအား ရှေ့နောက် သံချပ်ကား တစ်စီးစီး ညှပ်ကာ လိုက်ပါလာကြသည်။ ရှေ့ဆုံးမှကားပေါ်တွင် အမေရိကန် တပ်ထိန်းတစ်ယောက်သည် စကော်ဇနီ၏ ရင်ဘတ်ကို အော်တိုမက်တစ် သေနတ်ဖြင့် ထောက်ကာ အဆင်သင့် မောင်းတင်လာခဲ့သည်။

စကော်ဇနီတို့ လူစုသည် အခြားအမေရိကန် တပ်စခန်းတစ်ခုတွင် အခြားပုံစံစာရွက်များကို ဖြည့်စွက်၍ လက်မှတ်ရေးထိုးခဲ့ရပြီး ညနေချင်းပင် ဆဲလ်ဘတ်မြို့သို့ ပြန်လာခဲ့ကြသည်။ ဆဲလ်ဘတ်မြို့သို့ ပြန်ရောက်

www.burmeseclassic.com

www.burmeseclassic.com



သောအခါ အဆောက်အဦတစ်ခုရှေ့တွင် ကားများကို ဆိုက်ထားခဲ့ကြပြီး အပေါ်ထပ်သို့ စကော်ဇနီတစ်ဦးတည်း ခေါ်ဆောင်သွားကြသည်။

အပေါ်ထပ်မှ အခန်းတစ်ခန်းထဲတွင် အခမ်းအနားဖြင့် အဆင်သင့်စောင့်နေကြသူများကို တွေ့ရသည်။ အမေရိကန် စစ်အရာရှိနှစ်ယောက်သည် စားပွဲတစ်ခုတွင် ယှဉ်၍ထိုင်နေကြသည်။ သူတို့ ဘေးနားတွင် အရပ်ဝတ်အရပ်စားဖြင့် လူတစ်ယောက် တွေ့ရသည်။ ထိုသူမှာ စကားပြန်အဖြစ် ဆောင်ရွက်ရမည့်သူဖြစ်သည်။ သူတို့နှင့် မျက်နှာချင်းဆိုင်တွင် ကုလားထိုင်များဖြင့် စီတန်း၍ ထိုင်နေကြသော အမေရိကန်စစ်သား အချို့နှင့် အရပ်သားအချို့ကို တွေ့ရသည်။ စကော်ဇနီသည် စားပွဲရှေ့တည့်တည့်တွင် တပ်ထိန်းနှစ်ယောက်ညှပ်လျက် မတ်တတ်ရပ်နေရသည်။

ရှေ့တည့်တည့်မှ ကုလားထိုင်များဖြင့် ထိုင်နေသူများကို အသေအချာကြည့်လိုက်သောအခါ အချို့မှာ မှတ်စုစာအုပ်ကလေးများကို အဆင်သင့်ကိုင်လျက် အချို့မှာ ဓာတ်ပုံရိုက်ရန် ကင်မရာများ တပြင်ပြင် ဖြစ်နေကြသည်ကို စကော်ဇနီ တွေ့ရသည်။ မြင်ကွင်းတစ်ခုလုံးကို ချုံကြည့်လိုက်သောအခါ မိမိမှာ စစ်ခုံရုံးတစ်ခု ရှေ့မှောက်သို့ ရောက်နေပြီဖြစ်ကြောင်း ရိပ်မိလိုက်သည်။

ကင်မရာများမှ မီးရောင်များသည် တဖျပ်ဖျပ် လင်းလက်သွားကြသည်။ စကော်ဇနီမှာ ရုတ်တရက် မျက်စိများပင် ပြာသွားခဲ့သည်။

"စကော်ဇနီ ကြည့်ရသည်မှာ ထူးခြားလှသည်။ သူ့အမူအရာမှာ မိုက်တိ မိုက်ကန်း၊ ခပ်ကြမ်းကြမ်း ရုပ်မျိုးဖြစ်သည်။ လူကောင်ကြီးမှာလည်း သန်မာထွားကြိုင်းလှသည်။ ဘဲလ်ဆင် အကျဉ်းစခန်းမှ တိရစ္ဆာန်ကောင်ကြီးသည် ကလေးထိန်းဗွာနတစ်ခုသို့ ရောက်ရှိလာသည်နှင့် တူလှသည်။ သူ့မျက်လုံးများမှာ အပြာရောင် သမ်းနေသည်။"

ထိုနေ့ညက စစ်ခုံရုံးသို့ တက်ရောက်ခဲ့ရသည့် နယူးယောက်မြို့တော် မှ အမျိုးသမီးသတင်းထောက်တစ်ဦးက အထက်ပါအတိုင်း စကော်ဇနီ၏ ပုံလွှာကို ပထမဆုံးအကြိမ် ကမ္ဘာသို့ တင်ပြခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



လန်ဒန်မြို့တော်ထုတ် သတင်းစာတစ်စောင်ကလည်း ထိုညက စကော်ဇနီ၏ ခုံရုံးပေါ်မှ မြင်ကွင်းကို အောက်ပါအတိုင်း ပြန်လည် ဖော်ကျူးခဲ့သည်။

"စကော်ဇနီအား ယခုကဲ့သို့ လက်နှစ်ဖက်ကို နောက်ပြန်ကြိုးတုပ် ထားသည်မှာ အကောင်းဆုံးဟု ယူဆရသည်။ သူ့အား စီးကရက်တစ်လိပ် ပေးသောအခါ ထိုစီးကရက်ကို မီးညှိပေးရပြီး ပြာများကိုလည်း သူ့အတွက် အခြားတစ်ယောက်က ခြွေပေးရသည်။ ရေသောက်ရာတွင်လည်း ဖန်ခွက် ကို သူ့ပါးစပ်သို့ တေ့ပေးရသည်. . ."

ထိုသို့ လက်ပြန်ကြိုး တုပ်ထားသဖြင့် ကြိုးမဖြေပေးသမျှ ဤခုံရုံး မှမေးသော မေးခွန်းများကို မဖြေနိုင်ဟူ၍ စကော်ဇနီက အရေးဆိုခဲ့သည်။ ထို့ပြင် စကော်ဇနီက သူ့လက်မှ လက်ပတ်နာရီကို အမေရိကန် စစ်သား တစ်ယောက် ဖြုတ်ယူလိုက်သည်ကိုလည်း ပြန်ပေးရန် တောင်းဆိုခဲ့သည်။ ထိုလက်ပတ်နာရီမှာ အခြားမဟုတ်၊ အီတလီ အာဏာရှင်ကြီး မူဆိုလီနီ ကိုယ်တိုင်က သူ့အား "အသက်သခင် ကျေးဇူးရှင်" အဖြစ် အမှတ်တရ ပေးခဲ့သည့် ရွှေလက်ပတ်နာရီပင်တည်း။

သို့ဖြင့် ခုံရုံးအဖွဲ့ဝင် တရားသူကြီးများသည် တစ်စုံတစ်ရာ စစ်ဆေး မေးမြန်းခြင်း မပြုရသေးမီ စကော်ဇနီ၏ နာရီကို ဖြုတ်ယူထားသော စစ်သားထံမှ ပြန်တောင်းပေးခဲ့ရသည်။ ထို့နောက် သက်ဆိုင်ရာ လုံခြုံရေး တာဝန်ခံများထံ ဖုန်းဆက်ပြီး ၎င်းတို့၏ ခွင့်ပြုချက်အရ လက်ပြန်ကြိုး တုပ်ထားသည့် စကော်ဇနီအား ကြိုးဖြေပေးခဲ့ရသည်။

စကော်ဇနီသည် သူ့လက်မှ ကြိုးဖြေပြီးလျှင်ပြီးချင်း အစောင့်များ က သေနတ်များဖြင့် ချိန်ရွယ်ထားသည့်အထဲမှ ပြတင်းပေါက်ရှိရာသို့ ခပ်တည်တည် လျှောက်သွားပြီး အောက်ထပ်တွင် ကျန်ခဲ့သည့် သူ့လက် ထောက်ရာဒယ်နှင့် အခြားဂျာမန်တစ်ဦးထံ လှမ်းအော်၍ မေးလိုက်သည်။

"ဟေ့. . .ရာဒယ်. . . မင်းတို့နှစ်ယောက်ကို လက်ပြန်ကြိုးတုပ် ထားတုန်းပဲလား"

"ဟုတ်တယ်. . . တုပ်ထားတုန်းပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် စကော်ဇေနီက ရာဒယ်တို့ နှစ်ယောက်ကိုလည်း လက်ပြန်ကြိုးတုပ်ထားရာမှ ပြန်ဖြေပေးရန် တောင်းဆိုခဲ့ပြန်သည်။ အကယ်၍ သူတို့ကို ဆက်လက်၍ ကြိုးတုပ်ထားပါက ဘာတစ်ခွန်းမှ မဖြေနိုင်ဟူ၍ အကြပ်ကိုင်ခဲ့သည်။ နောက်ဆုံး၌ သတင်းယူရန် ဖိတ်ကြားထားသည့် သတင်းထောက်များရှေ့တွင် အချိန်ကုန်ပြီး အခြေမလှဖြစ်မည် စိုးရသဖြင့် စကော်ဇေနီ၏ ဒုတိယတောင်းဆိုချက်ကိုလည်း အမေရိကန်တို့က လိုက်လျောခဲ့ရသည်။

အားလုံး ချောချောမောမော ဖြစ်သွားသောအခါတွင်မှ "အလိုရှိသည်" ဟူ၍ ဝရမ်းစာကြော်ငြာ ကပ်ခဲ့ရပြီး သတင်းစာနှင့် ရေဒီယိုများကပါ ဝိုင်းဝန်းလှုံ့ဆော်ကာ လက်ရဖမ်းဆီးရန် ကြိုးစားခဲ့ရာမှ သူ့ဘာသာသူဆန္ဒအလျောက် လက်နက်ချ အဖမ်းခံခဲ့သော စစ်တရားခံ စကော်ဇေနီအား ခုံရုံး သဘာပတိများကာစ ပထမဆုံးနှင့် အရေးအကြီးဆုံး မေးခွန်းကို မေးခဲ့သည်။

"မင်း . . . ဘာကြောင့် ဗိုလ်ချုပ်ကြီး အိုက်ဆင်ဟောင်ဝါကို သတ်ဖို့ ကြိုးစားခဲ့တာလဲ"

စကော်ဇေနီက ဤမေးခွန်းကို တိုတိုတုတ်တုတ်ပင် ပြန်ဖြေခဲ့သည်။

"ကျုပ် . . . အိုက်ဆင်ဟောင်ဝါကို သတ်ဖို့ မကြိုးစားခဲ့ပါဘူး"

ခုံရုံးသဘာပတိက စကော်ဇေနီအား သူ့အဖြေနှင့် ပတ်သက်၍ "ဘာအထောက်အထား ပြနိုင်သလဲ" ဟု ထပ်ဆင့် မေးခွန်းထုတ်လိုက်သည်။ ဤမေးခွန်းကိုလည်း စကော်ဇေနီက အပိုအလိုမရှိ "ကွက်တိ" အဖြေပေးခဲ့သည်။

"တကယ်လို့သာ မဟာမိတ် စစ်ဌာနချုပ်ကို ဝင်တိုက်ဖို့ ကျုပ်ကို အမိန့်ပေးခဲ့ရင် အဲဒီအတွက် ကျုပ် စစ်ဆင်ရေးအစီအစဉ်တစ်ခု ရေးဆွဲရပါလိမ့်မယ်၊ အဲဒီလို စစ်ဆင်ရေး အစီအစဉ်တစ်ခု ရေးဆွဲခဲ့ရင်လည်း အဲဒီစစ်ဆင်ရေးကို ကျုပ်အောင်မြင်အောင် လုပ်ရပါလိမ့်မယ်။ ကျုပ် ကြိုးစားပြီးလုပ်ရင် ဘယ်အလုပ်မျိုးမဆို အောင်မြင်တယ်ဆိုတာ ဘယ်သူမှ သံသယရှိစရာ မလိုပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



စကော်ဇနီ၏အဖြေကို ရုတ်တရက် နားမလည်နိုင်ဘဲ ဖြစ်သွားကြသည်။ နောက်မှ ချက်ချင်း ပြန်စဉ်းစားမိပြီး ချက်ချင်း နားလည်သွားခဲ့ကြသည်။ သူဆိုလိုသည်မှာ အိုက်ဆင်ဟောင်ဝါအား လုပ်ကြံသတ်ဖြတ်ရန် မိမိ မကြိုးစားခဲ့ပါ။ အကယ်၍ ကြိုးစားခဲ့ရိုးမှန်ပါက အိုက်ဆင်ဟောင်ဝါမှာ မုချအသတ်ခံရမည်သာ ဖြစ်သည်ဟူ၍ ဆိုလိုခြင်းဖြစ်သည်။

သို့ဖြစ်၍လည်း စကော်ဇနီ၏ အထက်ပါ အဖြေနှင့် ပတ်သက်ပြီး "ခရစ်ယာန် ဆိုင်းယင့်မော်နီတာ" သတင်းစာက "လူကောင်ထွားသလောက် စကားပြောရာတွင် မောက်မာလှသည်" ဟူ၍ ကောက်ချက်ချခဲ့ခြင်းဖြစ်သည်။

သို့သော် သတင်းထောက်ချင်း တူသော်လည်း အမြင်ချင်း၊ ခံယူချက်ချင်း မတူကြသည့်အလျောက် နယူးယောက်တိုင်းမ် သတင်းစာကြီးကမူ စကော်ဇနီ၏ ဖြေကြားပုံကို အောက်ပါအတိုင်း တင်ပြခဲ့သည်။

"နားရွက်မှ မေးစေ့တိုင်အောင် ကန့်လန့်ဖြတ် အမာရွတ်ကြီးရှိ နေသည့်ကြားမှ တည်ကြည်ခန့်ညားလှသော စကော်ဇနီသည် စစ်ဦးစီးဌာနချုပ်မှ ခေါင်းဆောင်များအား လုပ်ကြံသတ်ဖြတ်ရန် ဘယ်တုန်းကမှ ကြံစည်ခဲ့ခြင်း မရှိကြောင်း ပြုံးပြုံးရယ်ရယ်ဖြင့် ရှင်းပြခဲ့သည် . ."

ထိုညက စကော်ဇနီသည် သူ့မိတ်ဆွေ ရာဒယ်နှင့်အတူ တစ်ခုသောအချုပ်ခန်းထဲတွင် အိပ်ခဲ့ရသည်။ အချုပ်ခန်းထဲသို့ ပြန်သွားသောအခါ လက်ပြန်ကြိုး ပြန်တုပ်ခဲ့ကြရာ သူတို့နှစ်ယောက်မှာ ခုတင်းလျားတစ်ခုပေါ်တွင် ဝုတ်တုတ်မှီးလင်းခဲ့ရသလို အချုပ်ခန်းစောင့်သည့် အမေရိကန်စစ်သားများလည်း သေနတ်ခလုတ် မောင်းပေါ်သို့ လက်ညှိုးတင်၍ မျက် တောင်မခတ်ဘဲ မှိုးစင်စင် လင်းခဲ့ရသည်။

နောက်တစ်နေ့တွင် သူတို့နှစ်ယောက်အား အခြားတရားခံ လေးယောက်နှင့်အတူ အော့စ်ဘတ်မြို့သို့ ပို့လိုက်ကြသည်။ အခြားတရားခံ လေးယောက်အနက် သုံးယောက်မှာ ဂျာမန်ဗိုလ်ချုပ်များဖြစ်၍ ကျန် တစ်ယောက်မှာ အစိုးရအဖွဲ့ဝင် အလုပ်သမားဝန်ကြီး ဒေါက်တာလေး

www.burmeseclassic.com

www.burmeseclassic.com



ဆိုသူဖြစ်သည်။ စကော်ဇနီသည် ဒေါက်တာလေးအား ယခုတစ်ကြိမ်သာလျှင် ပထမဆုံး တွေ့ဖူးမြင်ဖူးခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဒေါက်တာလေးသည် မကြာမီ အဖမ်းခံရပြီး နူရင်ဘတ် စစ်ခုံရုံးတွင် စစ်တရားခံအဖြစ် စစ်ဆေးနေခိုက် အချုပ်ခန်းထဲတွင် ကြိုးဆွဲချ၍ ကိုယ့်ကိုယ်ကို သတ်သေသွားသောကြောင့် ဖြစ်သည်။

စကော်ဇနီသည် နောက်တစ်နေ့တွင် အော့စ်တတ်မြို့၌ အမေရိကန်ဗိုလ်မှူးကြီး ဟင်နရီဂေါ်ဒွန်ဆိုသူနှင့် တွေ့ရသည်။ ဂေါ်ဒွန်သည် အမေရိကန်တပ်မတော် တန်ပြန်ထောက်လှမ်းရေးအဖွဲ့ချုပ်၏ အကြီးအကဲဖြစ်၍ မဟာမိတ်တပ်များအတွင်း ထင်ရှားကျော်ကြားသူတစ်ဦး ဖြစ်သည်။ သူသည် ဂျာမန်အသေခံတပ်သားကျော် စကော်ဇနီတို့အား "ဖမ်းမိပြီ" ဟူသော သတင်းကို ကြားလျှင်ကြားချင်း ဗားဆေးလ်မြို့မှ အပြေးအလွှားလာခဲ့ခြင်းဖြစ်သည်။

တန်ပြန် ထောက်လှမ်းရေးမှူးချုပ်ပီပီ အတွေ့အကြုံ ရင့်ကျက်နေပြီဖြစ်သော ဟင်နရီဂေါ်ဒွန်သည် စကော်ဇနီနှင့် တွေ့ဆုံရာတွင် နှစ်နာရီတိတိ ကြာခဲ့သည်။ ဤနှစ်နာရီအတွင်း သူ၏အဓိက မေးခွန်းမှာ ဗိုလ်ချုပ်ကြီး အိုက်ဆင်ဟောင်ဝါ "လုပ်ကြံမှု"နှင့်ပတ်သက်၍ ဘာကြောင့်ကြံစည်ခဲ့သလဲ၊ ဘယ်လိုကြံစည်ခဲ့သလဲဟူသော မေးခွန်းများသာ ဖြစ်သည်။

သို့သော် အမှန်ကို အမှန်အတိုင်း ပြောတတ်၍ အရှိကို အရှိအတိုင်း တင်ပြတတ်သော စကော်ဇနီက မိမိအနေဖြင့် အိုက်ဆင်ဟောင်ဝါအား လုပ်ကြံသတ်ဖြတ်ရန် "ဘယ်တုန်းကမှ ကြိုးစားကြံစည်ခဲ့ခြင်းမရှိပါ" ဟူ၍ ထပ်ခါတလဲလဲ ပြောလာသောအခါ ဟင်နရီဂေါ်ဒွန်မှာ အတော်ကလေး ဦးနှောက်ခြောက်သွားခဲ့သည်။ နောက်ဆုံး၌ ဤသတင်းသည် မိမိတို့ ဂျာမန်အသေခံတပ်သားများအတွင်း ကောလာဟလဖြစ်ပွားခဲ့ရာမှ အမေရိကန်တပ်သားများထံ တစ်ဆင့်ကူးစက် ရောက်ရှိသွားခြင်းသာ ဖြစ်ပါသည်ဟူသော စကော်ဇနီ၏ ရိုးသားစွာ ရှင်းလင်းတင်ပြချက်ကို ဟင်နရီဂေါ်ဒွန်က လက်ခံသွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သည်တချီတွင်မူ စကော်ဇနီမှာ အငိုက်မိ ခံလိုက်ရသည်။ ဟင်နရီဂေါ်ဒွန်သည် အိုက်ဆင်ဟောင်ဝါ လုပ်ကြံမှုနှင့် ပတ်သက်၍ စကော်ဇနီ၏ ရှင်းပြတင်ပြချက်များကို သဘောပေါက် လက်ခံကြောင်း ပြောရင်း ထိုင်ရာမှထ၍ ပြန်တော့မည်ဟန် ပြင်လိုက်သည်။ ဤအချိန်မှာပင် ဟင်နရီ ဂေါ်ဒွန်သည် စကော်ဇနီအား ရုတ်တရက် ကောက်ကာငင်ကာဖြင့် မေးခွန်းတစ်ခုကို အမှတ်မထင် မေးလိုက်သည်။

"ဧပြီလကုန် ရက်ပိုင်းအတွင်းက ခင်ဗျား ဘာလင်မှာ ဘာတွေလုပ်နေခဲ့သလဲ"

"ကျွန်တော် အဲဒီအချိန်က ဘာလင်မှာ မရှိပါဘူး"

ဟင်နရီဂေါ်ဒွန်၏ အမှတ်မထင်မေးခွန်း၊ စကော်ဇနီကလည်း အမှတ် တမဲ့ပင် ဖြေလိုက်သည်။ ဤတွင် ဟင်နရီဂေါ်ဒွန်က နောက်ဆက်တွဲ မေးခွန်းကို ဖြုန်းခနဲ အလန့်တကြား မေးလိုက်သည်။

"ကဲ...ဒီလိုဆိုရင်လည်း ကြည့်ကြသေးတာပေါ့... ဒီမယ် ကျွန်တော် ခင်ဗျားကို ရှင်းရှင်းပဲပြောမယ်၊ အဲဒီ ဧပြီလ ၃၀ ရက်က ဟစ်တလာကို ဘာလင်ကနေပြီး လေယာဉ်ပျံနဲ့ ခင်ဗျားကိုယ်တိုင် တင်ခေါ်သွားခဲ့တယ် ဆိုတာ ခင်ဗျားဟာခင်ဗျား အသိဆုံးပဲ။ အဲဒီတော့ ကျွန်တော် သိချင်တာက ခင်ဗျား ဟစ်တလာကို ဘယ်ခေါ်သွားသလဲ ဆိုတာပဲ"

အိုက်ဆင်ဟောင်ဝါအား လုပ်ကြံရန် ကြိုးစားကြံစည်မှုနှင့် ပတ်သက်၍ နှစ်နာရီမျှ အချိန်ယူ၍ စကော်ဇနီအား စစ်ဆေးခဲ့သော ဗိုလ်မှူးကြီး ဟင်နရီဂေါ်ဒွန်သည် ယခုတစ်ဖန် ပျောက်ဆုံးနေသော ဟစ်တလာနှင့် ပတ်သက်၍ နောက်ထပ် လေးနာရီကြာ မေးမြန်းစုံစမ်းခဲ့သည်။ ထိုအချိန်က ခေါင်းဆောင်ကြီး ဟစ်တလာသည် ကိုယ့်ကိုယ်ကို သတ်သေသွားခဲ့ပြီ ဟူ၍ ကြေညာခဲ့သော်လည်း အလောင်းကို လုံးဝရှာမတွေ့ဘဲ ဖြစ်နေသဖြင့် "ဟစ်တလာ သေ/မသေ ပြဿနာမှာ မဟာမိတ်ခေါင်းဆောင်ကြီးများအတွက် ခေါင်းခဲစရာ ဖြစ်နေခဲ့သည်။

သည်အထဲတွင် ဗိုလ်ချုပ်ကြီး အိုက်ဆင်ဟောင်ဝါအား လုပ်ကြံ

www.burmeseclassic.com

www.burmeseclassic.com



သတ်ဖြတ်ရန် ကြံစည်ကြိုးစားမှုအတွက် ဖြေရှင်း၍မှ မခံုးသေးမီ စကော်ဇနီမှာ ဟစ်တလာအား လေယာဉ်တစ်စီးဖြင့်တင်၍ အမည်မသိ တစ်နေရာသို့ ပို့ဆောင်ပေးခဲ့သည်ဟူသော နောက်ဆက်တွဲ စွဲချက်တစ်ခုကို မမျှော်လင့်ဘဲ ရင်ဆိုင်လာခဲ့ပြန်သည်။

သို့သော် ဤစွပ်စွဲချက်မှာ အိုက်ဆင်ဟောင်ဝါအား လုပ်ကြံသတ်ဖြတ်ရန် ကြိုးစားခဲ့သည်ဆိုသော စွပ်စွဲချက်ထက် ပို၍ ယုတ္တိကင်းမဲ့နေသည်ဖြစ်ရာ စကော်ဇနီသည် ဟင်နရီဂေါ်ဒွန်အား တကယ့်အဖြစ်မှန်ကို ဣန္ဒြေမပျက် စိတ်ရှည်လက်ရှည် ရှင်းပြပြောပြခဲ့သည်။ အထူးသဖြင့် မိမိသည် ဧပြီလ ၁၀ ရက်နေ့ကပင် ဘာလင်မှ ထွက်ခွာလာခဲ့ရပြီး ဗီယင်နာမြို့သို့ ခေတ္တသွားရောက်ကာ မိမိ၏မိသားစု သတင်းကို စုံစမ်းခဲ့ကြောင်းနှင့် ထိုမှတစ်ဆင့် စစ်ဦးစီးဌာနချုပ်၏ အမိန့်အရ အယ်လ်ပိုင်းတောင်တန်းဒေသသို့ စစ်လက်နက်ပစ္စည်းများနှင့်တကွ ဆုတ်ခွာခဲ့ရကြောင်း စသည်များကို အသေးအထာ ခိုင်လုံစွာဖြင့် ပြောပြခဲ့သည်။

နောက်ဆုံး၌ တန်ပြန်ထောက်လှမ်းရေးမှူးချုပ်ဖြစ်သူ ဟင်နရီဂေါ်ဒွန်းသည် စိန်ကဲကျောက်ကဲထက်ပို၍ လူကဲခတ်တတ်သူပီပီ စကော်ဇနီ၏ ရှင်းလင်းတင်ပြချက်များနှင့်တကွ မျက်နှာအမူအရာ၊ မျက်လုံးအနေအထားများကိုကြည့်ကာ စကော်ဇနီ၏ စကားများကို လက်ခံယုံကြည်ခဲ့သည်။ စကော်ဇနီမှာလည်း ဤတွင်မှ သက်ပြင်းချကာ သူ့အယူအဆနှင့် သူ့ အတွေးအခေါ်ကို ပွင့်ပွင့်လင်းလင်း ပြောပြနိုင်တော့သည်။

"ကျွန်တော့်အနေနဲ့တော့ ဟစ်တလာ သေပြီလို့ပဲ တထစ်ချ ပြောရပါတယ်၊ ဘာပဲဖြစ်ဖြစ် ဒီနေရာမှ တကယ်လို့ ဟစ်တလာမသေလည်း သူ့ကို ကျွန်တော်က လွတ်ရာကျွတ်ရာ တစ်နေရာသို့ ပို့ပေးခဲ့တယ်ဆိုရင် ကျွန်တော်ဟာ ဘာဖြစ်လို့ ခုလို ပြန်လာပြီး လက်နက်အဖမ်းခံနေပါ့မလဲဗျာ… စဉ်းစားပဲ ကြည့်ကြပါဦး"

သို့သော် ထိုနေ့က အမေရိကန် ထောက်လှမ်းရေးမှူး ဟင်နရီဂေါ်ဒွန်က မေးမြန်းခဲ့သော မေးခွန်းမှာ စကော်ဇနီအတွက် အကြိမ်ပေါင်း မရေမတွက်နိုင်လောက်အောင် အမေးခံရသော မေးခွန်းတစ်ခု ဖြစ်ခဲ့

www.burmeseclassic.com



သည်။ အမေရိကန်နှင့် မဟာမိတ် ဗိုလ်ချုပ်များသာမက မဟာမိတ်စစ်သားများကလည်း ဤမေးခွန်းကို မေးခဲ့ကြသည်။ အင်္ဂလိပ်လူမျိုး ပြင်သစ်လူမျိုး၊ အမေရိကန် လူမျိုးများနှင့် ရုရှားလူမျိုးများကပါ အခါသင့်၍ အခွင့်သာတိုင်း စကော်ဇနီအား ဤမေးခွန်းကို မေးခဲ့ကြသည်။

"ခင်ဗျား...ဟစ်တလာကို ဘယ်ထားခဲ့သလဲ"

❑

www.burmeseclassic.com

www.burmeseclassic.com

# ရုပ်ရှင်သရုပ်ဆောင် ဒါရိုက်တာ စကော်ဇနီ

"စနာဖူး . . ."

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးလုဆဲဆဲနှင့် စစ်ကြီးပြီးစ အချိန်လောက်က ဥရောပတိုက်ရှိ မဟာမိတ် အင်္ဂလိပ် အမေရိကန် တပ်သားအတွင်း အထက်ပါ "စနာဖူး" ဆိုသော ဘန်းစကားတစ်လုံးသည် အတော်ကလေး ခေတ်စားခဲ့သည်။

"စနာဖူး" ဆိုသော စကား၏ အချုပ်သဘောမှာ မိမိတို့ တပ်ဖွဲ့များအတွင်း တစ်စုံတစ်ရာ လှုပ်လှုပ်ရှားရှား ဖြစ်စေမည့် သတင်းများ ပေါ်ထွက်လာခဲ့ပြီးနောက် အဆိုပါ သတင်းများမှာ အမှန်မဟုတ်ဘဲ မမှန်သတင်းများဖြစ်ကြောင်း သိရ၍ အခြေအနေ ပုံမှန်အတိုင်း ပြန်ဖြစ်သွားသည်ဟူသော အဓိပ္ပာယ်ပင်ဖြစ်သည်။ ပို၍ တိတိကျကျ ဆိုရလျှင် "စနာဖူး" ဆိုသော စကားလုံး၏ မူလဇာစ်မြစ်မှာ S.N.A.F.U ဟူ၍ အင်္ဂလိပ်စာလုံး ငါးလုံး ကို အတိုကောက် ပေါင်းစပ်ထားခြင်းဖြစ်သည်။ ယင်း အတိုကောက် ပေါင်းစပ်ထားသော "စနာဖူး"၏ အဓိပ္ပာယ် အရှည်မှာ "အခြေအနေ ပုံမှန် အတိုင်းရှိသည်၊ သတင်းများ အားလုံးမှားသည် (SITUATION NORAML ALL FOULED UP) ဟူ၍ပင် တည်း။

ယင်း "စနာဖူး" ဟူသော စကားလုံး၏ အဓိပ္ပာယ်ကို မဟာမိတ် တပ်သားများသာမက ဤတပ်များနှင့်အတူ လိုက်ပါနေကြသော စစ်သတင်းထောက်များလည်း သိရှိနားလည်ထားကြပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဤသတင်းထောက်များသည် ဂျာမန်အသေခံတပ်သား ကျော် စကော်ဇနီနှင့် ပတ်သက်၍ "အိုက်ဆင်ဟောင်ဝါ လုပ်ကြံမှု" သတင်းမှာ "စနာဖူး" ဖြစ်သည်ဟူသောအချက်ကို လုံးဝလက်မခံနိုင်ဘဲ ရှိနေကြသည်။ ဤသတင်းကို ကာယကံရှင် စကော်ဇနီကိုယ်တိုင် "လုံးဝ မဟုတ်ရပါ" ဟူ၍ ငြင်းဆိုခဲ့ရာ သတင်းထောက်အားလုံးက လုံးဝ မယုံကြည်ဘဲ ရှိနေခဲ့ကြသည်။ တစ်ဖန် သက်ဆိုင်ရာ စစ်အာဏာပိုင်များက မမှန် သတင်း ဖြစ်ပါသည်။ (ဝါ) "စနာဖူး" ဖြစ်ပါသည်ဟူ၍ ရှင်းလင်း တင်ပြခဲ့သည်ကိုလည်း လုံးဝ လက်မခံနိုင်အောင် ဖြစ်နေကြသည်။

သတင်းစာသမားပီပီ ဆိတ်ကို ဆင်ဖြစ်အောင် ပုံကြီးချဲ့တတ် ကြသည့် သဘာဝများလားတော့မပြောတတ်၊ သူတို့စိတ်ထဲတွင် စကော်ဇနီ သည် ပုံပြင်ထဲက လူစွမ်းကောင်းတစ်ယောက် ဖြစ်နေခဲ့သည်။ စကော်ဇနီ အား မြေလျှိုးမိုးပျံ၍ ရှိန်းဆာယာပိမောက်ကာ ကိုယ်ဖျောက်နိုင်သည့် စေတလုံးပိုင်ရှင် ဝိဇ္ဇာမိုရ်တစ်ယောက်လို ယူဆထင်မှတ်နေခဲ့ကြသည်။ သို့ဖြစ်၍ ဤသတင်းထောက်များသည် စကော်ဇနီနှင့် ပတ်သက်၍ "မယုံလျှင် ပုံပြင်" မှတ်ရမည့်အစား "ပုံပြင်ကိုပင် ယုံချင်" နေကြခြင်း ဖြစ်သည်။

အော့စ်ဘတ်မြို့တွင် အမေရိကန် တန်ပြန်ထောက်လှမ်းရေးမှူး ချုပ်ဖြစ်သူ ဟင်နရီဂေါ်ဒွန်နှင့် စကော်ဇနီတို့ တွေ့ဆုံခဲ့ပြီးနောက် တစ်ပတ် ခန့်အကြာတွင် စစ်ဦးစီးဌာနချုပ်မှ စစ်ဦးစီးမှူးဖြစ်သူ ဗိုလ်ချုပ် ဝေါလ်တာစမစ်သည် ပါရီမြို့သို့ ရောက်ရှိလာခဲ့သည်။ သူသည် ဂျာမန်အသေခံ တပ်သားကျော် စကော်ဇနီနှင့် ပတ်သက်၍ သတင်းစာဂျာနယ်၊ မဂ္ဂဇင်း များတွင်လည်းကောင်း၊ မြို့ထဲပြထဲ၊ ရပ်ထဲရွာထဲတွင် လည်းကောင်း၊ နောက်ဆုံး မိမိတို့ အင်္ဂလိပ်၊ အမေရိကန်၊ မဟာမိတ် တပ်များထဲတွင် လည်းကောင်း တဒုံတည "ပြောမဆုံးပေါင် တောသုံးထောင်" ဖြစ်နေ ကြသည့် "ဒဏ္ဍာရီ ပုံပြင်များ"ကို ဖယ်ရှားသုတ်သင် ပစ်မည်ဟူသော ရည်ရွယ်ချက်ဖြင့် မဟာမိတ်စစ်သတင်းထောက်များ စုရုံးတည်းခိုနေကြ သည့် ဟိုတယ်သို့ သွားရောက်ကာ သတင်းစာရှင်းလင်းပွဲတစ်ခု ကျင်းပ ပြုလုပ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရှေးဦးစွာ သူ့ကိုယ်သူ မိတ်ဆက်ပြီးနောက် ဗိုလ်ချုပ်စမစ်က မိမိသည် ဤသတင်းစာရှင်းလင်းပွဲကို စစ်ဌာနချုပ်မှ ပြောရေးဆိုခွင့်တာဝန်ရှိသူ တစ်ယောက်အနေဖြင့် ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ပထာမခံကာ အိုက်ဆင်ဟောင်ဝါအား လုပ်ကြံသတ်ဖြတ်ရန် ကြံစည်ကြိုးစားခြင်း မရှိခဲ့ကြောင်း၊ ထိုစဉ်က ရရှိခဲ့သည့် အမျိုးမျိုးအဖုံဖုံသော သတင်းများကြောင့် လုံခြုံရေးအရာရှိများအနေဖြင့် အရှုပ်ရှုပ်အထွေးထွေး ဖြစ်ခဲ့ရခြင်း ဖြစ်ကြောင်း၊ သို့ဖြစ်၍ ဤသတင်းမှာ သတင်းထောက်များ နားလည်ထားပြီးဖြစ်ကြသည့် "စနာဖူး" ပင်ဖြစ်ကြောင်း . . . စိတ်ရှည်လက်ရှည်ဖြင့် အားရပါးရ ရှင်းပြခဲ့သည်။

သို့သော် သတင်းထောက်များမှာ စကော်ဇနီနှင့် ပတ်သက်၍ တဆိတ်ကို တစ်အိတ်လုပ်ကာ ဆိတ်ကိုဆင်ဖြစ်အောင် ရေးသားခဲ့ကြပြီး သူတို့ကိုယ်တိုင်ကလည်း စကော်ဇနီအား တကယ့်လူစွမ်းကောင်းတစ်ယောက်ပမာ မှတ်ယူထားကြပြီဖြစ်ရာ ဗိုလ်ချုပ် စမစ်၏ ဖြေရှင်းခြင်းဆိုချက်များကို လုံးဝလက်မခံနိုင်ဘဲ ဖြစ်နေကြသည်။ အထူးသဖြင့် ဂျာမန်တို့၏ နောက်ဆုံး တိုးစစ်ကြီးအတွင်းက အမေရိကန်တပ်များအတွင်း အုတ်အော်သောင်းတင်းဖြစ်ခဲ့၍ လူတိုင်း တုန်လှုပ်ချောက်ချားခဲ့ရသော "အိုက်ဆင်ဟောင်ဝါ လုပ်ကြံမှု" သတင်းကြီးကို ယခုမှ "စနာဖူး" သတင်း ဟူ၍ ဆိုလာခြင်းကို ဘဝင်မကျနိုင်ဘဲ ဖြစ်နေကြသည်။

"ဒီလိုဆိုရင် စစ်ဦးစီးဌာနချုပ်က အဲဒီအချိန်က ထုတ်ပြန်ခဲ့တဲ့ တရားဝင် သတင်းစဉ်တွေထဲမှာပါခဲ့တဲ့ သတင်းတွေကို ကျွန်တော်တို့ ဘယ်လို သဘောထားရမှာလဲ"

"ဒီ သတင်းတွေ အားလုံးကို ပြန်ရုပ်သိမ်းပါတယ်"

ဗိုလ်ချုပ်စမစ်က စစ်သားပီပီ ခပ်ပြတ်ပြတ်ပင် အဖြေပေးလိုက်သည်။

"တစ်ခု မေးပါရစေ၊ အဲဒီတုန်းက ဂျာမန်အသေခံတပ်သားတွေရဲ့ အန္တရာယ်ကြောင့် ဗိုလ်ချုပ်အိုက်ဆင်ဟောင်ဝါ အတော်တန်ယောက်ထားပြီး နှစ်ကိုယ်ခွဲ လုပ်ခဲ့ရတယ် ဆိုတာကော အမှန်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ မှန်ပါတယ်"

သို့ဖြင့် စကော်ဇနီနှင့် ပတ်သက်၍ "ယုံချင်ယုံ မယုံချင်နေ" ဇာတ်လမ်းများမှာ စာနယ်ဇင်းများတွင် မျက်နှာဖုံးမှ စာလုံးမည်းကြီးများဖြင့် ဆက်လက် ပါရှိနေခဲ့သည်။ ဗိုလ်ချုပ်စမစ်၏ ရှင်းလင်းချက်များမှာ အလဟဿ ဖြစ်ခဲ့ရသည်။ စကော်ဇနီ၏ ငြင်းဆိုချက်များမှာ လျစ်လျူရှုခြင်း ခံခဲ့ရသည်။

ဤသို့ စကော်ဇနီသည် မဟာမိတ်တပ်များ၏ အချုပ်ခန်းထဲတွင် တဝဲလည်လည် ဖြစ်ခဲ့ရသည်။ အချုပ်ခန်း တစ်ခုမှ တစ်ခုသို့ ပြောင်းခဲ့ရသည်။ ဒုတိယ အချုပ်ခန်းမှ တတိယအချုပ်ခန်းရှိရာသို့... တတိယအချုပ်ခန်းမှ စတုတ္ထ...၊ စတုတ္ထမှ ပဉ္စမ...၊ ဆဋ္ဌမ အချုပ်ခန်းတွင်မူ သူသည် ဂျာမန်ဗိုလ်ချုပ်ကြီး ကက်ဆယ်ရင်းနှင့်ပင် အတူနေခဲ့ရသည်။ ဤ ဗိုလ်ချုပ်ကြီး ကက်ဆယ်ရင်းမှာ အခြားသူမဟုတ်၊ ယခင်က အီတလီနိုင်ငံရှိ ဂျာမန်တပ်များအားလုံးကို အုပ်ချုပ်ရသူဖြစ်၍ မူဆိုလီနီအားကယ်တင်ရန် ဟစ်တလာ၏အမိန့်အရ ရောမမြို့သို့ရောက်ရှိခဲ့စဉ်က စကော်ဇနီနှင့် သူ့ဆရာ ဗိုလ်ချုပ်စတူးဒင့်တို့အား ညစာဖြင့် ကျွေးမွေးညှာခံခဲ့သူဖြစ်သည်။

စကော်ဇနီသည် ဤမျှဖြင့် မရပ်မနားသေးဘဲ စစ်ပြီးကာလတွင် အပြောင်းအရွှေ့များလှသည့် မဟာမိတ်တပ်စခန်းများနှင့်အတူ သတ္တမနှင့် အဋ္ဌမ အချုပ်ခန်းများသို့ လိုက်ပါပြောင်းရွှေ့ခဲ့ရသည်။ ရောက်လေရာရာ အချုပ် ခန်းတိုင်းတွင် ယခင်က မေးမြန်းခဲ့ပြီးဖြစ်သော မေးခွန်းများကိုသာ အစမှ ပြန်၍ အမေးအမြန်း အစစ်အဆေး ခံခဲ့ရသည်။

ထိုစဉ်က ထိုသို့ အချုပ်ခန်း ရှစ်ခုအထိ တစ်ခုပြီးတစ်ခု ရောက်ရှိခဲ့ရသော အဖြစ်အပျက်နှင့် အတွေ့အကြုံများအနက် စကော်ဇနီ မှတ်မိသမျှတို့ကို ဖော်ပြရမည်ဆိုပါက အောက်ပါအတိုင်းပင် ဖြစ်သည်။

မေလ ၁၉ ရက် ။ ။ ဤနေ့ ဤရက်က ဂျာမနီ အနောက်မြောက်ပိုင်း ဗိုင်းဘောဒင်မြို့ အချုပ်ခန်းထဲသို့ စကော်ဇနီ ရောက်ရှိနေခဲ့သည်။ သူနှင့်အတူ ဂျာမန်လေတက်လှမ်းရေးဗိုလ်ချုပ် ကာလ်တင်ဘရန်နာပါ အချုပ်

www.burmeseclassic.com

www.burmeseclassic.com



ခံနေရသည်။ ဤအချုပ်ခန်းထဲတွင် သူတို့နှစ်ယောက် ပြောသမျှ စကားများကို အပြင်မှ အသံဖမ်းယူရန်အတွက် မိုက်ကရိုဖုန်း အသံခွဲစက်ကလေးများ လျှို့ဝှက်စွာ တပ်ဆင်ထားကြောင်း သိရသည်။

သို့ဖြစ်ရာ "မြွေမြွေချင်း" ခြေမြင်ပြီးဖြစ်ကြသော ဂျာမန် ထောက်လှမ်းရေး ဗိုလ်ချုပ်ကာလ်တင်ဘရန်းနားနှင့် အသေခံတပ်သားကျော် စကော်ဇနီတို့သည် သူတို့အပေါ် မယုံသင်္ကာစရာ၊ သူတို့အတွက် အန္တရာယ်ဖြစ်မည့် စကားများကို လုံးဝမပြောကြဘဲ သူတို့ ငယ်စဉ် ကျောင်းသားဘဝက ရေးဖြစ်ဟောင်း အောက်မေ့ဖွယ်ရာများကို ပြောနေခဲ့ကြသည်။

စကော်ဇနီသည် အော့စ်ဘတ် အချုပ်ခန်းထဲတွင် ဂျာမန် အလုပ်သမားဝန်ကြီး ဒေါက်တာလေးအား နောက်ဆုံးတွေ့ခဲ့ရသလို ယခု ရိုင်းဘောအင် အချုပ်ခန်းထဲတွင်လည်း ဂျာမန် ထောက်လှမ်းရေး ဗိုလ်ချုပ်ကာလ်တန်ဘရန်းနားသည် ဤအချုပ်ခန်းမှ နူရင်ဘတ် စစ်ခုံရုံးသို့ ရောက် သွားပြီး စစ်ရာဇဝတ်ကောင်အဖြစ် ကြိုးပေးခံခဲ့ရသည်။

ဤအချုပ်ခန်းတွင် နေခဲ့ရစဉ် ထုံးစံအတိုင်း မဟာမိတ် ထောက်လှမ်းရေးအရာရှိများ၏ စစ်ဆေးမေးမြန်းခြင်းများကို ခံခဲ့ရသည်။ ယခု တစ်ကြိမ်တွင်မူ အမေရိကန် ထောက်လှမ်းရေး အရာရှိများသာမက ဗြိတိသျှနှင့် ပြင်သစ်ထောက်လှမ်းရေး အရာရှိများပါ လာရောက်၍ စကော် ဇနီအား မေးမြန်းစစ်ဆေးခဲ့ကြသည်။

ဤအတောအတွင်း တစ်နေ့သော် စကော်ဇနီ၏ အချုပ်ခန်းတွင် တာဝန်ကျသည့် အမေရိကန် ဖိလစ်ပိုင်ကပြား အစောင့်စစ်သားသည် အချုပ်ခန်း အပြင်ဘက်တွင် စောင့်ရင်း ရုပ်စုံမဂ္ဂဇင်းတစ်စောင်ကို အပျင်းပြေ ဖတ်နေခဲ့သည်။ တိုက်တိုက်ဆိုင်ဆိုင် ထိုမဂ္ဂဇင်း တစ်နေရာတွင် ဂျာမန် အသေခံတပ်သားကျော် အော့တိုစကော်ဇနီအကြောင်း ခေါင်းတနား ထိတ်လန့်ချောက်ချား စိတ်ဝင်စားဖွယ်ရာ ဆောင်းပါးတစ်ပုဒ်ကို စကော်ဇနီ၏ ဓာတ်ပုံကြီးများနှင့်တကွ ဖော်ပြပါရှိခဲ့သည်။ အစောင့် စစ်သားများသည် အဆိုပါမဂ္ဂဇင်းကို ဖတ်ပြီးနောက် ညနေဘက်တွင်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ စကော်ဇနီသည် ရိုးရိုးသာမန် အကျဉ်းထောင်တစ်ခုသို့ ပြောင်းရွှေ့လာခဲ့ရသည်။ ယခင်အချုပ်ခန်းနှင့်စာလျှင် အကျဉ်းထောင်မှာ စကော်ဇနီအတွက် "ချမ်းမြေ့ရိပ်မြုံ" ပင်ဖြစ်သည်။ ကျယ်လည်းကျယ်၍ လေကောင်းလေသန့်လည်း ရသည်။

ဤ အကျဉ်းထောင်သို့ စရောက်သည့်နေ့က သဘောကောင်း၍ ဖော်ရွေလှသော ထောင်မှူးက စကြိုလမ်းဘေး တစ်နေရာမှ "အမေရိကန်များသာ"ဟု စာတန်းရေးထားသည့် အခန်းတစ်ခုတွင် စကော်ဇနီအား နေရာချပေးခဲ့သည်။ သို့သော် ညဘက်တွင် မျက်နှာပေါက်ဆိုးသလောက် စိတ်ကောင်း နှလုံးကောင်းရှိဟန် မတူသော ထောင်ကြပ် "ဝါဒါ" တစ်ယောက်က စကော်ဇနီ၏ အိပ်ရာပေါ်မှ မွေ့ရာအဖြစ် ခင်းထားသော ကောက်ရိုးများကို အတင်းဆွဲယူသွားခဲ့သည်။

ဤ အကျဉ်းထောင်တွင်လည်း ထုံးစံအတိုင်း အစစ်အဆေး အမေး အမြန်းများ ခံခဲ့ရသည်။ သို့သော် ထိုသို့ မေးမြန်းစစ်ဆေးရာတွင် ယခင်ကထက်ပို၍ ယဉ်ကျေးသိမ်မွေ့လာသည်ကို စကော်ဇနီ သတိပြုမိသည်။ ဩဂုတ်လ ၁၁ ရက်နေ့တွင် သူ့အခန်းထဲ သူ့မိတ်ဆွေဟောင်း သူ့လက်ထောက်အရာရှိ ရာဒယ်ရောက်လာခဲ့သည်။ မမျှော်လင့်ဘဲ သူငယ်ချင်းနှစ်ယောက် ပြန်တွေ့ကြရသဖြင့် နှစ်ယောက်စလုံး ဝမ်းသာသွားခဲ့ရသည်။ သည်အတိုင်းဆိုလျှင် ဤအကျဉ်းထောင်မှတစ်ဆင့် အပြင်ဘက် တစ်နေရာမှ ရိုးရိုးစစ်သုံ့ပန်းများထားသည့် စခန်းသို့ ရောက်ရတော့မည်ဟု ခန့်မှန်းရသည်။

"စကော်ဇနီ ခေါ်ခဲ့..."

ယခုတစ်ကြိမ်တွင်မူ လက်ထိတ်များ အခတ်ခံခဲ့ရသည်။ ပြီးနောက် နရင်ဘတ်မြို့သို့ ရောက်လာခဲ့သည်။

စက်တင်ဘာလ ၁၀ ရက်။ ။ သည်တစ်ခါ ခရီးသွားသည်မှာ တကယ့် အရေးကြီးသည့် ပုဂ္ဂိုလ် "ဗီအိုင်ပီ" တစ်ယောက်လို ဖြစ်သည်။ ရထားယာဉ် ဖြင့် သွားရသောကြောင့် ဖြစ်သည်။ ထို့ပြင် သူနှင့်အတူ ရထားယာဉ်ပေါ် တွင် ပါလာသူများမှာ တကယ့် ဗီအိုင်ပီများ ဖြစ်သည်။ ဟစ်တလာ၏

www.burmeseclassic.com



အရိုက်အရာကို ဆက်ခံခဲ့သည့် ဂျာမန်ရေကြောင်း ဗိုလ်ချုပ်ကြီး ဒိုးနစ်နှင့် ဟစ်တလာ လူငယ်အဖွဲ့ခေါင်းဆောင် ဗွန်ရှရက်တို့ ပါဝင်ကြသည်။ မိမိ တို့အားလုံးကို နုရင်ဘတ် စစ်ခုံရုံးတွင် စစ်တရားခံများအဖြစ် အများပြည်သူ ကမ္ဘာပြည်သူများ၏ ရှေ့မှောက်တွင် စစ်ဆေးအပြစ်ပေးရန် ဖြစ်ကြောင်း သိခဲ့ကြရသည်။

နုရင်ဘတ် အကျဉ်းထောင် "ဗူးဝ" သို့ရောက်သောအခါ ဗိုလ်ချုပ် ကြီး ဒိုးနစ်နှင့် ဗိုလ်ချုပ်ကြီး စကော်ဇနီတို့ နှစ်ယောက်သည် ယခုအထိ ပခုံးတံဆိပ်များ တပ်ဆင်ထားကြဆဲ ဖြစ်နေသည်ကို တွေ့ရသည်။ သို့ဖြစ် ရာ သူတို့နှစ်ယောက်သည် ပခုံးပေါ်မှ တံဆိပ်များကို တစ်ယောက် တစ် လှည့် အပြန်အလှန် ဆွဲဆုတ်ပစ်ခဲ့ကြရသည်။

နုရင်ဘတ် အကျဉ်းထောင်ကြီးထဲသို့ ဝင်လာခဲ့ကြရာ သူတို့ အရင် ရောက်နှင့်နေသော မာရှယ်ဂိုးအားရင်းက သူ့အချုပ်ခန်းထဲမှ နေ၍ အားလုံးကို ခေါင်းညိတ်၍ နှုတ်ဆက်သည်။ အကျဉ်းထောင်ဝင်း အတွင်း မြေကွက်လပ်တွင် ကျန်းမာရေး သွေးပူလေ့ကျင့်ခန်းများ ပြုလုပ် နေသော ရူဒေါ့ဖ်ဟက်စ်ကိုလည်း မြင်ခဲ့ရသည်။ ဟက်စ်မှာ စစ်ကြီးအတွင်း ၁၉၄၁ ခုနှစ်က ဂျာမနီမှ အင်္ဂလိပ်လေယာဉ်ဖြင့် ထွက်ပြေးရာမှ ဗြိတိသျှတို့၏ ဖမ်းဆီးခြင်းခံရပြီး ယခု စစ်ပြီးကာလတွင် နုရင်ဘတ် စစ်ခုံရုံးသို့ စစ်တရားခံအဖြစ် ရောက်လာခြင်းဖြစ်သည်။ ရူဒေါ့ဖ်ဟက်စ်အား စိတ်မနှံ့သူတစ်ယောက်အဖြစ် အများက သတ်မှတ်ထားသည့်အလျောက် ဤ နုရင်ဘတ် အကျဉ်းထောင်ထဲတွင် အစောင့်တစ်ယောက်နှင့်အတူ တွဲ၍ အမြဲလက်ထိတ် ခတ်ထားခဲ့သည်။

စကော်ဇနီသည် ဤအကျဉ်းထောင်သို့ ရောက်ပြီးမှ ဗိုလ်ချုပ် ရှိဒိုဗန်ဆိုသူ၏ စစ်ဆေးမေးမြန်းခြင်းများကို ခံခဲ့ရသည်။ ရှိဒိုဗန်မှာ ဗျူဟာစစ်ဆင်ရေးဌာနမှ တာဝန်ခံတစ်ဦးဖြစ်၍ အမေရိကန် တပ်မတော် တွင် ထင်ရှားသူတစ်ဦးပင် ဖြစ်သည်။

စကော်ဇနီသည် နုရင်ဘတ် အကျဉ်းထောင်တွင် နှစ်လခွဲကြာမျှ နေခဲ့ရသည်။ ဤနှစ်လခွဲအတွင်း ဂိုးအားရင်း၊ ဒိုးနစ်၊ ဂျိုဒယ်၊ ကိုက်တဲလ်

www.burmeseclassic.com

www.burmeseclassic.com



ဟာက်စ် စသော နာဇီထိပ်သီး စစ်တရားခံကြီးများအား စစ်ဆေးရာ၌ "အလွတ်သက်သေ" အဖြစ် ထွက်ဆိုခဲ့ရသည်။ သူသည် သက်သေအဖြစ် နုရင်ဘတ်စစ်ခုံရုံးသို့ အကြိမ်ပေါင်း ငါးဆယ်မျှ "ရုံးထွက်" ခဲ့ရာ၌ တကယ့်အရေးတွင် "လုပ်ရဲလျှင် ခံရဲရမည်" ဟူသော စိတ်ဓာတ်မျိုး မမွေးနိုင်ဘဲ တစ်ယောက်အပေါ် တစ်ယောက် အပြစ်ပုံချနေကြသည့် နာဇီခေါင်းဆောင် ကြီးများအားကြည့်ကာ အကြီးအကျယ် ဒေါပွမိသည်။ တရားလည်း ကျမိသည်။

နုရင်ဘတ် စစ်ခုံရုံးတွင် သူ လုံးဝမမျှော်လင့်သူတစ်ဦးကို တွေ့ခဲ့ရသေးသည်။ ထိုသူမှာ အခြားမဟုတ် သူ့လက်ချက်ဖြင့် ရာထူးပြုတ်ကျခဲ့ရသော ဟန်ဂေရီနိုင်ငံ အကြီးအကဲ ဗိုလ်ချုပ်ကြီး ဟော်သီပင် ဖြစ်သည်။ ဗိုလ်ချုပ်ကြီး ဟော်သီသည် စကော်ဇနီကိုယ်တိုင် လိုက်ပို့ခဲ့သည့် ဘာဗေးရီးယန်းပြည်နယ်၊ ရဲတိုက်ကြီးတွင် နေထိုင်လျက်ရှိရာမှ မဟာမိတ်တပ်များ၏ ဖမ်းဆီးခြင်းခံခဲ့ရပြီး ယခု စစ်ခုံရုံးတွင် "အထူးသက်သေ" အဖြစ် ရောက်ရှိနေခြင်းဖြစ်သည်။ စကော်ဇနီသည် သူ့လက်ချက်ဖြင့် အာဏာလက်လွတ် ဖြစ်သွားခဲ့သော ဗိုလ်ချုပ်ကြီး ဟော်သီအား ယခုကဲ့သို့ အကျဉ်းထောင်ထဲတွင် တွေ့လိုက်ရသည့်အတွက် မျက်နှာပူသွားမိသည်။ သို့သော် စစ်ခုံရုံးတွင် ဟော်သီက ဂျာမန်တို့အပေါ် မိတ်မပျက်ဆွေမပျက် ထွက်ဆိုသွားသည်ကို ကြားလိုက်ရသောအခါ အထူးပင် ချီးကျူးမိသည်။

ထိုသို့ စကော်ဇနီသည် နုရင်ဘတ် အကျဉ်းထောင်တွင် တရားခံတစ်ယောက်အဖြစ် မဟုတ်သေးဘဲ သက်သေအဖြစ် ရောက်ရှိနေခဲ့ရာမှ သူနှင့် ပတ်သက်သည့် "ပုံပြင်ဆန်သော" အဖြစ်အပျက်တစ်ခုကို ပက်ပင်း တိုးခဲ့ရသည်။

ထိုနေ့က နုရင်ဘတ်အကျဉ်းထောင် ပတ်ပတ်လည်တွင် အမေရိကန်စစ်သားများ အလုံးအရင်းဖြင့် ရောက်ရှိလာကြပြီး လေးဘက်လေးတန် ထောင်နံရံများ၏ အပြင်ဘက်တွင် နေရာယူလိုက်ကြသည်။ တစ်ချိန်တည်းတွင် အကျဉ်းထောင်အတွင်း နာဇီစစ်တရားခံများအား

www.burmeseclassic.com

www.burmeseclassic.com



ချုပ်နှောင်ထားသည့် အချုပ်ခန်းများ၏ အပြင် စကြံလမ်းတစ်လျှောက်တွင်လည်း သံခမောက်ဆောင်း အမေရိကန်စစ်သားများသည် သေနတ်များကို အသင့်မောင်းတင်ကာ ရောက်ရှိလာကြသည်။ တစ်ဖန် အကျဉ်းထောင် အပြင်ဘက်ပတ်ပတ်လည်တွင် ကတုတ်ကျင်းများနှင့် တင့်ကားထောင်သည့် ထောင်ချောက်ကျင်းများ ချက်ချင်းတူးကာ အသင့်နေရာယူလိုက်ကြသည်ကို တွေ့ရသည်။

ထိုသို့ နရင်ဘတ် အကျဉ်းထောင်တစ်ခုလုံး အတွင်းရော အပြင်ပါ လှုပ်လှုပ်ရှားရှားဖြင့် စစ်တပ်များ အထပ်ထပ်ချကာ အစောင့်အကြပ်များ နှစ်ဆသုံးဆ တိုးလာခဲ့ခြင်းနှင့် ပတ်သက်၍ အားလုံးကပင် သို့လော သို့လော တွေးတော၍ ထင်မြင်ချက် အမျိုးမျိုး ပေးနေခဲ့သည်။

သို့သော် ဤအကျဉ်းထောင် တစ်ခုလုံးကို အုပ်ချုပ်ရသည့် အမေရိကန် ဗိုလ်မှူးကြီးဖြစ်သူ ထောင်ပိုင်ကြီး အင်ဒရူး၏ ပြောပြချက်များကို ကြားလိုက်ရသောအခါ စကော်ဇနီမှာ မပြုံးဘဲနှင့် ဝါးလုံးကွဲ ရယ်ရလောက်အောင် ဖြစ်သွားခဲ့သည်။ ဤကိစ္စနှင့် စပ်လျဉ်း၍ ထောင်ပိုင်ကြီး အင်ဒရူးသည် စကော်ဇနီရှိရာ အချုပ်ခန်းသို့ တကူးတက လာ၍ ဖြစ်ပုံပျက်ပုံ အလုံးစုံကို ပြောပြခဲ့သည်။ သူပြောပြသည့် အဖြစ်အပျက်မှာ မကြာမီက အမေရိကန် ဗိုလ်ချုပ်ကြီး တစ်ယောက် သည် သူ့ထံသို့ရောက်လာပြီး အပြင်တွင် အဖမ်းမခံရသေးဘဲ လွတ်မြောက်နေကြသည့် ဂျာမန်တပ်သားများက ဤ နရင်ဘတ် အကျဉ်းထောင်ကြီးများကို ကယ်တင်ရန် စီစဉ်နေသည်ဟု သတင်းအတိအကျရရှိခဲ့ကြောင်း သို့ဖြစ်၍ အကျဉ်းထောင်၏ လုံခြုံရေးအတွက် အစောင့်အကြပ်များ တိုးချဲ့ရန်နှင့် ဂျာမန်တို့ အလစ်ဝင်ရောက် တိုက်ခိုက်မှုကို ကြိုတင်ကာကွယ်ရန် အမြန်ဆုံး စီစဉ်ခဲ့ရာမှ ယခုကဲ့သို့ အကျဉ်းထောင် တစ်ခုလုံး လှုပ်လှုပ်ရှားရှားဖြင့် နောက်ထပ် အစောင့်စစ်သားများ ရောက်ရှိလာခြင်းဖြစ်ကြောင်း ပြောပြခဲ့သည်။

သို့သော် ထောင်ပိုင်ကြီး အင်ဒရူးက စကော်ဇနီအား ပြောပြခဲ့သည်မှာ ဤတွင် နိဌိမတံသေး၊ ဤမျှဖြင့် ဝါးလုံးကွဲစရာ မဟုတ်သေး

www.burmeseclassic.com

www.burmeseclassic.com



ရယ်စရာကောင်းသည့် နောက်ဆက်တွဲ အဖြစ်အပျက် ရှိသေးသည်။

ထောင်ပိုင်ကြီးက စကော်ဇနီအား နောက်ဆက်တွဲ ပြောပြခဲ့ရာ၌ ယခုကဲ့သို့ ဤအကျဉ်းထောင်ထဲ နာဇီခေါင်းဆောင်ကြီးများအား ဝင်ရောက် ကယ်တင်ရန် အပြင်ဘက်မှ ဂျာမန်တပ်သားများကို ခေါင်းဆောင်လျက်ရှိသူမှာ အခြားသူမဟုတ်၊ ဂျာမန်အသေခံတပ်သား ကျော် စကော်ဇနီပင် ဖြစ်သည်ဟု မိုလ်ချုပ်ကြီးက ထောင်ပိုင်ကြီးအား ပြောပြခဲ့သည်။ ဤတွင် ထောင်ပိုင်ကြီး အင်ဒရူးက ဤသတင်းမှာ လုံးဝမဖြစ်နိုင်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် စကော်ဇနီမှာ ယခု ဤနုရင်ဘတ် အကျဉ်းထောင်ထဲတွင် ရောက်ရှိနေကြောင်း ပြန်ပြော လိုက်ရာ မိုလ်ချုပ်ကြီးသည် သူ့ခေါင်းကို တွင်တွင်ရမ်းကာ ထောင်ပိုင်ကြီး အား ဤသို့ နှစ်ကိုယ်ကြား တိုးတိုးကလေး ပြောလိုက်သည်။

"မင်းတို့မှာ အဲဒါတွေကြောင့် ခက်နေတာပေါ့၊ အခု ဒီထောင်ထဲ ရောက်နေတာ စကော်ဇနီ မဟုတ်ဘူးကွ၊ အဲဒီကောင်က အယောင် ဆောင်နေတဲ့ စကော်ဇနီအတု၊ တကယ့် စကော်ဇနီအစစ်က အပြင်မှာရှိ တယ်၊ အဲဒါ မင်းသိရဲ့လား"

စကော်ဇနီမှာ ငိုအားထက် ရယ်အားသန်ခဲ့ရသည်။ သို့သော် ဤ ကိစ္စတွင် ထောင်အပြင်မှာ ရှိနေသည့် စကော်ဇနီ "အစစ်" က ခေါင်းဆောင်ခဲ့သည်ဟူသောအချက်မှတစ်ပါး ဤ နုရင်ဘတ် အကျဉ်း ထောင်အတွင်းရှိ နာဇီထိပ်သီးခေါင်းဆောင်ကြီးများကို ဝင်ရောက်ကယ် ဘင်ရန် အပြင်ဘက်မှ နာဇီတပ်သား အကြွင်းအကျန်များက ကြံစည်ခဲ့ကြ သည်မှာ အမှန်တကယ်ပင် ဖြစ်သည်။ ဤအကြောင်းကို နောက်မှ စကော်ဇနီ သိခဲ့ရသည်။

၁၉၄၆ ခု မေလ။ ။ ဤရက်များအတွင်း စကော်ဇနီသည် ခရီး ယာယီများခဲ့ရသည်။ နုရင်ဘတ်မှ ဒါချောင်သို့ ပြောင်းရွှေ့ခဲ့ပြီး တစ်ဖန် ဒါချောင်မှ နုရင်ဘတ်သို့ ပြန်လာခဲ့ရသည်။ ဒါချောင်မှ မြူးနစ်မြို့နှင့် မလှမ်းမကမ်းတွင်ရှိ၍ စစ်ကြီးအတွင်းက နာဇီတို့၏ ကမ္ဘာကျော် လူသတ်စခန်းတစ်ခုပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် တစ်နေရာမှ တစ်နေရာသို့ သွားချည်လာလှည့် လုပ်ခဲ့ရသဖြင့် အစားအသောက် မမှန်ဖြစ်ကာ စကော်ဇနီမှာ ဝမ်းကိုက်ရောဂါ ရလာခဲ့သည်။ ယခုအထိ အပြစ်တစ်စုံတစ်ရာ မဖော်ပြဘဲ ဖမ်းဆီးချုပ်နှောင် ထားခြင်း ခံနေရသဖြင့်တစ်ကြောင်း၊ ဝမ်းကိုက်ရောဂါကို ဂရုတစိုက် ပြုစုကုသပေးခြင်း မရှိသဖြင့်တစ်ကြောင်း စကော်ဇနီသည် အစာငတ်ခံကာ ဆန္ဒပြခဲ့သည်။ ဆန္ဒပြခဲ့ပြီး ရှစ်ရက်ကြာမှ ဆေးရုံတက်ခွင့်ရခဲ့သည်။

စကော်ဇနီသည် ဆေးရုံတွင် အတော်ကြာနေခဲ့ရသည်။ သူ့ဝမ်းကိုက်ရောဂါမှာ အတော်ကလေး ပြင်းထန်သဖြင့် နောက်ဆုံး ခွဲစိတ်ကုသခဲ့ရသည်အထိ ဖြစ်ခဲ့သည်။ ထိုသို့ ဆေးရုံ တက်နေရစဉ်အတွင်း စကော်ဇနီမှာ ဝမ်းကိုက်ရောဂါဖြင့် မဟုတ်ဘဲ ကံကောင်း၍သာ သေနတ်ဒဏ်ရာဖြင့် မသေဘဲ ဖြစ်ခဲ့သည်။ ဖြစ်ပုံမှာ စကော်ဇနီအား စောင့်ကြပ်ရသည့် အမေရိကန် စစ်သားနှစ်ယောက်သည် ညလုံးပေါက် မိုးလင်းသည်အထိ ဖဲကစားကြသည်။ ထိုသို့ ဖဲကစားနေစဉ် သူတို့ ရိုင်ဖယ်သေနတ်များကို နံရံတွင် မှီ၍ ထောင်ထားရာမှ တစ်ညတွင် မတော်တဆ သေနတ်ကျည်ဆန် ထွက်သွားခဲ့သည်။ နံရံတွင် ထောင်ထား၍သာ သေနတ်ကျည်ဆန်သည် ခေါင်မိုးကို ဖောက်ထွက်သွားခြင်း ဖြစ်သည်။ အကယ်၍သာ လှဲထားသည့်သေနတ်ဖြစ်ပါက မိမိအား ထိမှန်ကောင်း ထိမှန်နိုင်သည် ဖြစ်၍ စကော်ဇနီမှာ အတော်ကလေး လန့်သွားမိသည်။

ဤအတောအတွင်း ဥရောပတိုက်ရှိ နိုင်ငံအသီးသီးမှ သတင်းစာများသည် အသေခံတပ်သားကျော် စကော်ဇနီအကြောင်း သူ့တစ်မျိုးငါတစ်ဖုံ ရေးခဲ့ကြရာ အချို့သော သတင်းစာများကဆိုလျှင် စကော်ဇနီ ထောင်မှ ထွက်ပြေးပြီ" ဟူသော သတင်းကိုပင် တစ်ကြိမ်မက နှစ်ကြိမ်မက အကြိမ်ကြိမ် ရေးသားဖော်ပြခဲ့ကြသည်။

သို့သော် တကယ့်တကယ်တွင်မူ စကော်ဇနီသည် ဤရက်များအတွင်းက အချုပ်ထောင်ကို "ယောက္ခမအိမ်" လို သဘောထားနေခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါချောင် အချုပ်စခန်းတွင် နေခဲ့ရစဉ်အတွင်း စကော်ဇနီမှာ အစားအသောက် "ချောင်" ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ ထိုစဉ်က ရာဒယ် အပါအဝင် စကော်ဇနီ၏ အသေခံတပ်သားဟောင်း အချို့သည် ဒါချောင် အချုပ်ခန်းတွင် ရိက္ခာဘက်၌ တာဝန်ကျနေခဲ့ရာ သူတို့က သူတို့ဆရာ စကော်ဇနီအတွက် အစားကောင်းများကို မကြာခဏ အကြံအဖန်လုပ်၍ ပို့ပေးခဲ့ကြသောကြောင့် ဖြစ်သည်။

ထိုရက်များအတွင်းက ထိုသို့ တစ်နေရာမှ တစ်နေရာသို့၊ အချုပ်ခန်း တစ်ခုမှတစ်ခုသို့ လှည့်လည်ပြောင်းရွှေ့နေခဲ့သော စကော်ဇနီသည် အဘယ်ကြောင့် ထွက်မပြေးခဲ့ပါသနည်း။ သူ့အတွက် ထွက်ပြေးနိုင်လောက်အောင် အခြေအနေများ မပေါ်ပေါက်ခဲ့၍လော။

အမှန်စင်စစ် ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းက ဟစ်တလာ၏ အမိန့်အရ "ကျဉ်းထဲကြပ်ထဲ" တွင် အသက်ကို ပမာဏ မထားဘဲ ပေးအပ်သမျှ တာဝန်များကို ခက်ခက်ခဲခဲ စွန့်စွန့်စားစား ဆောင်ရွက်လာခဲ့သော စကော်ဇနီသည် စစ်ပြီးကာလ မဟာမိတ်တပ်များ၏ အချုပ်ခန်း ထဲမှ လွတ်မြောက်အောင် ထွက်ပြေးမည်ဆိုက တစ်နည်းနည်းဖြင့် ပြေးနိုင်မည်မှာ မုချဖြစ် သည်။ ထိုအချိန်က မဟာမိတ်တပ်များ၊ အထူးသဖြင့် အမေရိကန်တပ်များသည် ဤစစ်ကြီးတွင် မိမိတို့ဘက်မှ အနိုင်ရရှိခဲ့၍ စစ်ကြီးလည်း ပြီးဆုံးသွားခဲ့ပြီ ဖြစ်သဖြင့် နေရာတော်တော်များ များတွင် ပေါ့တီးပေါ့ဆ လျော့ရိလျော့ရဲ ရှိနေခဲ့ကြရာ စကော်ဇနီလို အသေခံတပ်သားတစ်ယောက်အတွက် လွတ်မြောက်အောင် ထွက်ပြေး ရန်မှာ ခဲယဉ်းလှသည် မဟုတ်။

သို့သော် စကော်ဇနီ ကိုယ်နှိုက်က ထိုသို့ ထွက်ပြေးရန် လုံးဝ ကြံစည်ကြိုးစားခဲ့ခြင်း မရှိသဖြင့်သာ သူသည် အချုပ်ခန်းများထဲတွင် ယခုလောက် ရက်ရှည်လများ နေခဲ့ရခြင်း ဖြစ်သည်။

တစ်ခါက ဆိုလျှင် စကော်ဇနီသည် ထုံးစံအတိုင်း အချုပ်ခန်း တစ်ခုမှ တစ်ခုသို့ အစောင့်များဖြင့် ပြောင်းရွှေ့လိုက်ပါလာခဲ့ရာမှ သူတို့ သွားရမည့် အချုပ်ခန်းရှိရာသို့ မရောက်မီ လမ်းခုလတ်တွင် အချိန်မ

www.burmeseclassic.com

www.burmeseclassic.com



တော့သဖြင့် ရွာကလေးတစ်ရွာ၌ တစ်ည ဝင်အိပ်ခဲ့ရသည်။ ထိုနေ့ညက စကော်ဇနီသည် လပေါင်းများစွာအတွင်း ပထမဆုံးအကြိမ် ညစာကို "လူလိုသူလို" စားခဲ့ရသည်။ အရာသာရှိရှိ ချက်ပြုတ်ကြော်လှော်ထား သည့် ဟင်းကောင်းဟင်းလျာများကို ငွေနှင့် ခက်ရင်းများ အပြည့်အစုံ၊ ပန်းကန်ခွက်ယောက်အပြည့်အစုံဖြင့် အကျအန စားခဲ့ရသည်။ ထိုသို့ ညစာ စားပြီးနောက် လပေါင်းများစွာအတွင်း ပထမဆုံးအကြိမ် ခေါင်းအုံး၊ မွေ့ရာ၊ အိပ်ရာခင်း အပြည့်အစုံဖြင့် "လူလိုသူလို" အိပ်ခဲ့ရသည်။

ထိုညက စကော်ဇနီသည် အိမ်ပေါ်ထပ်တွင် အိပ်၍ သူ့ကို စောင့်ကြပ်လိုက်ပါလာသော အမေရိကန် စစ်သားနှစ်ယောက်က အောက်ထပ်တွင် အိပ်ကြသည်။ အကယ်၍သာ စကော်ဇနီသည် ထိုညက ထွက်ပြေး မည်ဆိုက အလွယ်တကူပင် ပြေးနိုင်သည်။ သို့သော် သူ မပြေးခဲ့. . .။

သူ့စိတ်ထဲတွင် တထစ်ချ ယုံကြည်ယူဆထားသည်မှာ စစ်ကြီး အတွင်းက သူလုပ်ကိုင်ဆောင်ရွက်ခဲ့သမျှတို့မှာ စစ်သားပီပီ အထက် အရာရှိ၏ "အမိန့်" အရဖြစ်၍ သူ့တွင် တစ်စုံတစ်ရာအပြစ်မရှိ ဟူ၍ ဖြစ်သည်။ ယခုကဲ့သို့ အချုပ်ခံနေရခြင်းမှာ စစ်ပြီးကာလ အစစအရာရာ နေသားတကျ မဖြစ်သေး၍သာ ခံနေရခြင်းဖြစ်သည်။ မကြာမီ ပုံမှန် အခြေအနေ ရောက်သွားသည်နှင့် တစ်ပြိုင်နက် မိမိမှာလည်း ကွင်းလုံး ကျွတ် လွတ်မြောက်ရမည်ဟူ၍ အခိုင်အမာ ယူဆထားသည်။ ထို့ပြင် မိမိတို့ ဂျာမန်များ စစ်ရှုံး၍ စစ်ကြီးလည်း ပြီးဆုံးခဲ့ပြီဖြစ်ရာ နောက်ထပ် ဆက်၍ စစ်တိုက်နေစရာ မလိုတော့သည့်အလျောက် ဤအချုပ်ထဲမှ လွတ်မြောက်အောင် ထွက်ပြေးစရာလည်းမလိုဟု သူက နားလည် သဘောပေါက်ထားသည်။

သို့ဖြစ်၍လည်း သူသည် ထိုညက အဆိုပါအိမ်ကလေး အပေါ်ထပ် တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့ပြီး နောက်တစ်နေ့ မနက်တွင် အစောင့် စစ်သားနှစ်ယောက် ခေါ်ဆောင်ရာ အခြားအချုပ်ခန်း တစ်ခုသို့ အေးအေးဆေးဆေးပင် လိုက်ပါလာခဲ့သည်။ ထိုသို့ လပေါင်းများစွာ

www.burmeseclassic.com

www.burmeseclassic.com



အတွင်း အချုပ်ခန်းပေါင်းများစွာသို့ လှည့်လည်၍ သွားလာပြောင်းရွှေ့နေထိုင်ခဲ့စဉ်က စကော်ဇနီအတွက် ဘဝတစ်သက်တွင် မေ့မရနိုင်သည့် အဖြစ်အပျက်တစ်ခုကို ကြုံတွေ့ခဲ့ရသည်။ ယင်း အဖြစ်အပျက်မှာ အခြားမဟုတ်၊ သူသည် မဟာမိတ်တို့၏ အကျဉ်းသား စစ်ရာဇဝတ်ကောင်အဖြစ် အချုပ်ခန်းထဲတွင် နေခဲ့ရစဉ်မှာပင် ရုပ်ရှင်ဒါရိုက်တာအဖြစ်လည်းကောင်း၊ တစ်ချိန်တည်းမှာပင် ရုပ်ရှင်ဇာတ်ဆောင်တစ်ယောက်အဖြစ်လည်းကောင်း၊ ကိုယ်တိုင် ညွှန်ကြား၍ ကိုယ်တိုင် ပါဝင်အသုံးတော်ခံခဲ့ရခြင်း ဖြစ်သည်။

ဖြစ်ပုံကား ဤသို့တည်း။

ရိုင်းစ်ဘေဒင် အချုပ်စခန်းတွင် ရှိနေစဉ် တစ်နေ့၌ ယူနီဖောင်း အပြည့်အစုံဖြင့် စမတ်ကျကျ ဝတ်ဆင်ထားသော အမေရိကန် စစ်သားနှစ်ယောက်သည် စကော်ဇနီအား အချုပ်ခန်းထဲမှ ခေါ်ထုတ်သွားသည်။ သို့ဖြင့် ရုံးခန်းတစ်ခုသို့ ရောက်သွားခဲ့ရာ အဆိုပါ ရုံးခန်းထဲတွင် စားပွဲတစ်လုံး၌ ယှဉ်၍ ထိုင်နေကြသော စခန်းတာဝန်ခံ ဗိုလ်ကြီးတစ်ယောက်နှင့် စကားပြန် တစ်ယောက်တို့ကို တွေ့ရသည်။ ပထမတွင် စကော်ဇနီမှာ ထုံးစံအတိုင်း စစ်ဆေးမေးမြန်းရန်သော်လည်းကောင်း၊ အခြားစခန်းတစ်ခုသို့ ပြောင်းရွှေ့ရန်သော်လည်းကောင်း ခေါ်ခြင်းဖြစ်သည်ဟု ထင်လိုက်မိသည်။ သို့သော် အခန်းထောင့်တစ်နေရာတွင် ထောင်ထားသည့် ရောမ ရုပ်ရှင်ကင်မရာကြီးတစ်ခုကို တွေ့လိုက်ရတော့မှ အဖြစ်မှန်ကို သိရသည်။ အမေရိကန်တပ်မတော်၏ ဝါဒဖြန့်ချိရေးအတွက် ဂျာမန်စစ်တရားခံ စကော်ဇနီအား အဓိက ဇာတ်ကောင်အဖြစ်ထားကာ ရုပ်ရှင်သတင်းကား ရိုက်ကူးရန် သူ့ကို ခေါ်ခြင်းဖြစ်သည်။

သို့သော် စခန်းတာဝန်ခံ ဗိုလ်ကြီးရော၊ ရုပ်ရှင်ရိုက်ကူးသူ ကင်မရာဆရာများပါ မူလက ကြိုတင်စီစဉ်ထားခြင်းလည်းမရှိ ကြိုတင် "ဇာတ်တိုက်"ထားခြင်းလည်း မရှိသဖြင့် ရုပ်ရှင်ရိုက်ကူးရာတွင် တစ်နာရီကျော်မျှကြာသွားသော်လည်း စိတ်တိုင်းကျမရဘဲ အမှားမှားအယွင်းယွင်း အလွဲလွဲအချော်ချော် ဖြစ်နေကြသည်။ နောက်ဆုံး၌ သရုပ်ဆောင် စကော်ဇနီပင်

www.burmeseclassic.com

www.burmeseclassic.com



ဤအတိုင်းသာ ရိုက်နေလျှင် "ရှည်လျားထွေပြား" ပြီး "ပေအလကား" ဖြစ်နေမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ရိုက်ကွက်တစ်ခုကို မရိုက်မီ အစမ်းလေ့ကျင့်၍ "ရီဟာဇယ်" လုပ်ပြီးမှ ရိုက်လျှင် ပို၍ အဆင်ပြေမည်ဖြစ်ကြောင်း အကြံပေးခဲ့သည်။ ထို့နောက် စကော်ဇနီကပင် စခန်းတာဝန်ခံ ဗိုလ်ကြီးနှင့် စစ်တရားခံဖြစ်သူ မိမိတို့ အပြန်အလှန် အမေးအဖြေလုပ်ရာတွင် "ဗိုလ်ကြီးက ဘယ်လိုမေး၊ ကျွန်တော်က ဘယ်လိုဖြေမယ်၊ အဲဒီ အချိန်မှာ ကင်မရာကို ဘယ်ထောင့်မှာ ထားပြီး ဘယ်လိုရိုက်" စသဖြင့် ကိုယ်တိုင်သရုပ်ဆောင်ဘဝမှ ဒါရိုက်တာ လုပ်ခဲ့ရပုံများကို စကော်ဇနီက မိတ်ဆွေတစ်ယောက်အား ရယ်ရယ်မောမောဖြင့် ဤသို့ပြန်ပြောပြ ခဲ့ဖူးသည်။

"အဲဒီတုန်းက ရိုက်ခဲ့တာဟာ သတင်းကားသာ ဆိုပေမယ့် တကယ့် ဇာတ်လမ်းရုပ်ရှင်ကားကြီး ရိုက်နေတဲ့အတိုင်းပါပဲဗျာ··· အဲ ·· တစ်ခုပဲ ပြောစရာရှိတယ်၊ တကယ့်ဇာတ်လမ်း ရုပ်ရှင်ကားနဲ့ ကွာတာကတော့ အဲဒီကားမှာ ဇာတ်လိုက်အဖြစ်နဲ့ သရုပ်ဆောင်ခဲ့ရတဲ့ ကျွန်တော်ဟာ ပိုက်ဆံတစ်ပြားမှ မရဘဲ အလကား သရုပ်ဆောင်ခဲ့ရတာပဲ ရှိတယ်။ နောက်တစ်ခု ကိုယ့်ဟာကိုယ် အမှန်းတင်ရမယ်ဆိုရင် ကိုယ်တိုင် သရုပ်ဆောင်ပြီး၊ ကိုယ်တိုင် ဒါရိုက်တာ လုပ်ခဲ့ရတာဟာ စစ်တရားခံတွေထဲမှာ ကျွန်တော်ကလွဲလို့ ဘယ်သူမှ မလုပ်ဖူးဘူးဗျ၊ ဘယ်တုန်းကမှလည်း မလုပ်ဖူးခဲ့ကြဘူး။ ဒါကိုက ဂုဏ်ယူစရာ ပေါ့ဗျာ၊ ဟဲ···ဟဲ··ဟဲ··"

❑

www.burmeseclassic.com

www.burmeseclassic.com

## "အိုဒက်ဆာနှင့် အော့တိုစကော်ဇနီ"

"ဒါနဲ့ ပြောရဦးမယ်၊ တစ်နေ့တော့ အဲဒီ ဂျာမန်အသေခံတပ်သားကျော် စကော်ဇနီကို ဂျာမနီမှာပဲ ဖမ်းမိပြီး ကျွန်တော်ကို မဟာမိတ်တပ်က စစ်ခုံရုံးမှာ စစ်ဆေးနေပြီဆိုတဲ့ သတင်းကို ကြားရပါတယ်။ သူ့အပေါ်မှာ တင်ထားတဲ့ စွဲချက်ကလည်း အားလုံး စစ်ရာဇဝတ်မှု တွေချည်းပဲလို့ ဆိုပါ တယ်။ အဲဒီထဲမှာ ဗိုလ်ချုပ် အိုက်ဆင်ဟောင်ဝါကို သတ်ဖို့ ကြံစည်တယ် ဆိုတဲ့ အမှုလည်း ပါတယ်လို့ သိရပါတယ်"

"ကျွန်တော်တို့ အမြင်နဲ့ပြောရရင် အဲဒီစွဲချက်တွေဟာ တစ်ခုမှ အရာမရောက်ပါဘူး။ ဒါတွေဟာ စစ်ရာဇဝတ်မှု အနေနဲ့ စွဲချက်တင်မယ့် အမှုတွေလည်း မဟုတ်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ ဗြိတိသျှ အသေခံတပ်သားတွေလည်း ဒီလိုမျိုးတွေကို ကျူးလွန်ခဲ့ကြလို့ပါပဲ၊ ဥပမာ ဆိုရင် အနောက်ဖက် သဲကန္တာရ ဒေသမှာ တစ်ခါတုန်းက ဂျာမန်ဗိုလ်ချုပ်ကြီး ရိုးမဲလ်ကို ကျွန်တော်တို့ ဗြိတိသျှအသေခံတပ်ဖွဲ့ဝင်တွေက လုပ်ကြံသတ်ဖြတ်ဖို့ စီစဉ်ခဲ့ကြဖူးပါတယ်။ ကျွန်တော်တို့ စစ်သားတွေမှာ တစ်ခါတစ်ခါ အဲဒီလို စစ်သဘောနဲ့ မဟုတ်တဲ့ အမိန့်တွေကို လိုက်နာလုပ်ဆောင် ခဲ့ရတာတွေရှိပါတယ်၊ အဲဒီလို လုပ်ဆောင်ခဲ့လို့ အောင်မြင်ခဲ့ပြီဆိုရင် ဘွဲ့ထူးတွေ၊ တံဆိပ်တွေတောင် ချီးမြှင့်ခံရတာတပ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ကျွန်တော်တို့လည်း အချင်းချင်းတိုင်ပင်ပြီး စစ်ဝန်ကြီးဌာနက အတွင်းဝန်ဆီကို စာတစ်စောင် ရေးတင်လိုက်ကြပါတယ်။ ပို့ပြီး သေချာအောင်၊ ပို့ပြီး ထိရောက်အောင်ဆိုပြီး အဲဒီစာကိုပဲ မိုလ်ချုပ်ကြီး အိုက်ဆင်ဟောင်ဝါဒ်ဆီ မိတ္တူတစ်စောင် ပို့ခဲ့ကြပါတယ်။ အဲဒီစာထဲမှာ ရေးလိုက်တဲ့ အတိုချုပ်ကတော့ ဂျာမန်အသေခံတပ်ဖွဲ့ခေါင်းဆောင် အောင်တိုစကော်ဇနီကို အခုလိုအထက်အမိန့်အရ လိုက်နာဆောင်ရွက်ခဲ့လို့ အပြစ်ပေးမယ်ဆိုရင် ကျွန်တော်တို့ (ဗြိတိသျှတပ်မှူးတွေ) ကိုလည်း အလားတူဖမ်းပြီး အပြစ်ပေးဖို့ လိုအပ်တဲ့အကြောင်း။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့လည်း ဒီလို အထက်အမိန့်ကို လိုက်နာဆောင်ရွက်ခဲ့တဲ့ အပြစ်တွေ ကျူးလွန်ခဲ့မိပါတယ်ဆိုတဲ့ အကြောင်းတွေပါပဲ"

"ဒါပေမဲ့ အဲဒီစာအရ ကျွန်တော်တို့ကို အရေးယူဖမ်းဆီးတာ မခံ ခဲ့ရပါဘူး။ နောက်တော့ စကော်ဇနီကိုလည်း သူ့အပေါ် တင်ထားတဲ့ စွဲချက်တွေ တစ်ခုပြီးတစ်ခု ပြန်ရုပ်သိမ်းပြီး နောက်ဆုံးကတော့ ကွင်းလုံးကျွတ်လွတ်သွားတယ်လို့ သိရပါတယ်၊ ကျွန်တော်တို့အားလုံးကလည်း သူ့အတွက် လွတ်ရာလွတ်ကြောင်း ဆုတောင်းခဲ့ကြပါတယ် . . . တကယ်တော့ စစ်တိုက်တယ်ဆိုတာဟာ တစ်ယောက်နဲ့တစ်ယောက် ရေနဲ့ပက်ပြီး ကစားတာမျိုးမဟုတ်ပါဘူး၊ အဲဒီတော့ စကော်ဇနီဟာ တခြားလူတွေထက်ပိုပြီး ထူးထူးခြားခြား စွန့်စွန့်စားစား ဆောင်ရွက်ခဲ့တာက လွဲလို့ သူဟာ ဒီစစ်ပွဲ မှာ ရိုးရိုးသားသားနဲ့ သန့်သန့်ရှင်းရှင်း တိုက်ခဲ့တယ်ဆိုတာ ကျွန်တော် တထစ်ချ ယုံကြည်ပါတယ် . . ."

.... .... .... ....

အထက်ပါ စကားများကို စိတ်ပါလက်ပါ အားရပါးရ ပြောပြခဲ့သူမှာ ဗြိတိသျှတပ်မတော်မှ တပ်မှူးတစ်ယောက်ပင် ဖြစ်သည်။ သူသည် စကော်ဇနီအား ရန်သူတစ်ယောက်ပင် ဖြစ်လင့်ကစား စကော်ဇနီ၏ စွန့်စွန့်စားစား ဆောင်ရွက်ခဲ့ပုံများကို လေးစားခဲ့သည်နှင့်အမျှ အထက်အရာရှိ၏ အမိန့် အရ လိုက်နာလုပ်ဆောင်ခဲ့ရသော စစ်သားတစ်ယောက်၏ ဘဝကို ကိုယ်ချင်းစာနာသည့် စိတ်ထားအပြည့်အဝဖြင့် ပွင့်ပွင့်လင်းလင်း ဘွင်းဘွင်းကြီး ပြောခဲ့ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုစဉ်က စကော်ဇနီ၏ အမှုတွဲကို ကိုင်ခဲ့ကြရသော အမေရိကန် အရာရှိများသည် အထက်ပါ ဗြိတိသျှတပ်မှူးကဲ့သို့ သဘော မထားနိုင်ကြဘဲ စကော်ဇနီအား တကာယ်လူဆိုး သူခိုးကြီး တစ်ယောက် ပမာ၊ တကာယ့်စစ်ရာဇဝတ်ကောင်ကြီး တစ်ယောက်ပမာ သတ်မှတ် ထားခဲ့ကြသည်။ သို့ဖြစ်၍လည်း စကော်ဇနီအား စစ်ကြီးပြီးဆုံးခဲ့သည့် နောက် ၁၉၄၅ ခုနှစ်မှ ၁၉၄၇ ခုနှစ်အထိ နှစ်နှစ်ကျော်မျှ ဖမ်းဆီးချုပ် နှောင်ထားခဲ့ကြခြင်းဖြစ်သည်။ ထိုသို့ နှစ်ရှည်လများ ဖမ်းဆီးချုပ်နှောင် ထားခဲ့ရာမှ နောက်ဆုံးတွင် စစ်ရာဇဝတ် ပြစ်မှုများဖြင့် ရုံးတင်စစ်ဆေး ခြင်းခံခဲ့ရသည်။

၁၉၄၇ ခုနှစ်၊ ဇူလိုင်လ၏ နောက်ဆုံး ရက်သတ္တပတ်အတွင်း တစ်ခုသော နေ့တစ်နေ့တွင် ဖြစ်သည်။

"စကော်ဇနီကို ခေါ်ခဲ့ပါ"

သက်ဆိုင်ရာ အမေရိကန် စစ်ဘက်ဆိုင်ရာ အာဏာပိုင်များထံမှ အကြိမ်ပေါင်း မရေမတွက်နိုင်လောက်အောင် ကြားခဲ့ရပြီးဖြစ်သော အထက်ပါ အမိန့်အရ စကော်ဇနီသည် ဒါချောင်အချုပ်ခန်းထဲမှတစ်ဆင့် စခန်းတာဝန်ခံ တပ်မှူး၏ ရုံးခန်းထဲသို့ ရောက်ခဲ့ရပြန်သည်။

စကော်ဇနီသည် စခန်းတာဝန်ခံ တပ်မှူး၏ ရုံးခန်းတစ်ခုလုံးကို သတိထား၍ မျက်စိကစားလိုက်သည်။ တပ်မှူး၏ စားပွဲနှင့် မျက်နှာချင်း ဆိုင် ခုံတန်းများပေါ်တွင် အရပ်ဝတ်အရပ်စားဖြင့် သတင်းထောက်များ အပြင် ယူနီဖောင်းဝတ် အမေရိကန်စစ်အရာရှိ အချို့ကိုလည်း တွေ့ရ သည်။ သည်အထဲက တပ်မှူး၏စားပွဲတွင် ခပ်တောင့်တောင့် ခပ်ချောချော အမျိုးသမီးတစ်ယောက်ကိုလည်း သတိထားလိုက်မိသည်။ နေရာတကာ တွင် ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား လုပ်တတ်သည့် အမေရိကန် တို့၏ ထုံးစံအတိုင်း ဤအမျိုးသမီးသည် တပ်မှူး၏ အတွင်းရေးမှူးဖြစ် ကြောင်း မပြောဘဲနှင့် ရိပ်မိလိုက်သည်။

ခဏအကြာတွင် အရပ်ထောင်ထောင်မောင်းမောင်း ဥပမိရုပ် ကောင်းကောင်းဖြင့် ခန့်ခန့်ညားညား အမေရိကန် ဗိုလ်မှူးကြီး တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



သည် အခြား စစ်အရာရှိများနှင့်အတူ ထိုင်နေရာမှထလာပြီး စင်သုံ့ပန်း အဝတ်အစားဖြင့် စားပွဲရှေ့တွင် ရပ်နေသော စကော်ဇနီအား တစ်ချက် လှမ်းကြည့်လိုက်သည်။ ပြီးနောက် သူ့လက်ထဲတွင် အသင့်ကိုင်ထား သော စာရွက်များကို တစ်ပိုဒ်ချင်း၊ တစ်လုံးချင်း ဖြည်းညင်းစွာ ဖတ်ပြသည်။ ထိုသို့ ဗိုလ်မှူးကြီး ရီဆင်ဖဲက အင်္ဂလိပ်ဘာသာဖြင့် ဖတ်ပြသည်ကို သူ့ဘေးနားတွင် အသင့်ရပ်နေသော အရပ်ပုပု မျက်နှာ ကုပ်ချောင်းချောင်းဖြင့် အရာရှိတစ်ယောက်က ဂျာမန်ဘာသာဖြင့် ပြန် ပြသည်။

သို့သော် ယခုတစ်ကြိမ်တွင် စကော်ဇနီအား တရားဝင်စွဲချက် တင်ခဲ့ရာ၌ ဗိုလ်ချုပ်ကြီး ဒိုက်ဆင်ပေါင်ဝါအား လုပ်ကြံသတ်ဖြတ်ရန် ကြံစည်မှုဟူ၍ မပါဝင်တော့ဘဲ အမေရိကန်ယူနီဖောင်းများ ဝတ်ဆင်ကာ အမေရိကန် တပ်သားများအသွင် ဟန်ဆောင်မှုဟူ၍ ဖြစ်လာခဲ့သည်။

ဤသို့ဖြင့် စကော်ဇနီသည် ဂျာမန်တို့ ခြွင်းချက်မရှိ လက်နက်ချ ၍ စစ်ကြီးပြီးဆုံးခဲ့ပြီး ဆယ်ရက်အကြာ ၁၉၄၅ ခုနှစ် မေလ ၁၇ ရက်နေ့တွင် မဟာမိတ်တပ်များထံ လက်နက်ချ အဖမ်းခံခဲ့ရာမှ နှစ်နှစ် ကျော်မျှ အချုပ်အနှောင်ခံခဲ့ရပြီး ယခု ၁၉၄၇ ခုနှစ် ဇူလိုင်လ နောက် ဆုံးအပတ်တွင်မှ တရားဝင် စွဲချက်တင်ခြင်းခံခဲ့ရသည်။

တရားရုံးများ၏ ထုံးတမ်းစဉ်လာအရ ဂျာမန်စစ်တရားခံ စကော် ဇနီအတွက် မဟာမိတ်တပ်များက ရှေ့နေတစ်ယောက် ငှားရမ်းပေးခဲ့ သည်။ ယင်း ရှေ့နေကြီးမှာ ဗိုလ်မှူးကြီး ရောဘတ်ဆိုသူ ဖြစ်သည်။

အမေရိကန် လူမျိုးဖြစ်သော ရှေ့နေကြီး ရောဘတ်သည် ထုံးတမ်း စဉ်လာအရ စစ်ဘက်ဆိုင်ရာ ဥပဒေအကျိုးဆောင်အဖြစ် ဂျာမန် စစ်တရားခံအတွက် လိုက်ပါဆောင်ရွက်ရန် "တာဝန်အရ" လက်ခံခဲ့သော် သည်း မူလက စိတ်ပါလက်ပါ လိုလိုလားလားမရှိခဲ့၊ သို့သော် တရားခံ ဖြစ်သူ စကော်ဇနီနှင့် အချုပ်ခန်းထဲသို့ပါ တက်တက်ကြွကြွ ဖြစ်လာခဲ့ သည်။ ယခင်က စကော်ဇနီအား တစ်ကြိမ်တစ်ခါမျှ လက်ဆွဲနှုတ်ဆက် ခြင်း မပြုခဲ့သော ရှေ့နေကြီး ရောဘတ်သည် နောက်ဆုံးတစ်ကြိမ်တွင်

www.burmeseclassic.com



စကော်ဇနီ၏ အမှုသွား အမှုလာ ရှင်းလင်းတင်ပြချက်များကို စိတ်ပါဝင်စားစွာ နားထောင်ခဲ့ပြီးနောက် အားရပါးရ လက်ဆွဲနှုတ်ဆက်ကာ သူ့စိတ်တွင် ရှိသမျှကို ပွင့်ပွင့်လင်းလင်း ပြောလိုက်သည်။

"ဒီမယ် စကော်ဇနီ၊ အခု မင်းပြောတာတွေကို ငါအကုန်လက်ခံတယ်၊ ဒီအမှုနဲ့ ပတ်သက်လို့ မင်းမှာ လုံးဝအပြစ်မရှိဘူးဆိုတာ ငါကောင်းကောင်း သဘောပေါက်သွားပြီ၊ အခု မင်း ငါ့ကို တစ်လုံးမကျန် အမှန်အတိုင်း ပြောပြသလို ငါကလည်း မင်းကို ငါ့ညီအရင်းတစ်ယောက်လို သဘောထားပြီး မင်းအတွက် ဆောင်ရွက်ပေးမယ်"

ရှေ့နေကြီး ရောဘတ်သည် အပြောနှင့်အလုပ်ကို ညီအောင်လုပ်သူ ဖြစ်သည်။ သူသည် စကော်ဇနီအပေါ် စွဲဆိုထားသော စွဲချက်များကို ရုံးတော်တွင် အစွမ်းကုန်ခုခံ ကာကွယ်ခဲ့သည်။ ထိထိရောက်ရောက် လျှောက်လဲ ချေပခဲ့သည်။

ဤအတောအတွင်း အမှုအတွက် နေ့စဉ်လိုလို ရုံးထွက်၍ စစ်ဆေးခံနေရစဉ် စကော်ဇနီမှာ "မြွေပူရာ ကင်းမှောင့်" ဆိုသလို ထိုစဉ်က "အရှေ့နှင့်အနောက်" စစ်အေးတိုက်ပွဲ၏ "သားကောင်" အဖြစ် ပြသနာတစ်ခု ကြုံခဲ့ရသေးသည်။

တစ်နေ့တွင် စကော်ဇနီရှိရာ အချုပ်ခန်းထဲသို့ အကျဉ်းသားတစ်ယောက်ရောက်လာသည်။ အဆိုပါ အကျဉ်းသားမှာ ပိုလန်တပ်မတော်မှ အရာရှိတစ်ယောက်ဖြစ်၍ သူပြောပြချက်အရ သူ့အား မဟာမိတ်တပ်များက ဆိုဗီယက်သူလျှိုအဖြစ် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်ဟု သိရသည်။ ထိုအချိန်က တိုက်တိုက်ဆိုင်ဆိုင် စကော်ဇနီတို့ အချုပ်ခန်းကို အစောင့်တာဝန်ကျနေသူများမှာ ပိုလန်စစ်သားများ ဖြစ်သည်။

ဤတွင် ဆိုဗီယက် သူလျှိုအဖြစ် ရောက်လာသော ပိုလန်အရာရှိက သူရောက်လာပြီး နေ့တစ်နေ့မှာပင် စကော်ဇနီအား အကြံအစည်ပြောပြကာ "ဆွယ်တရား" ဟောတော့သည်။ ပိုလန်စစ်သားများမှာ ပိုလန် ကွန်မြူနစ်ပါတီဝင်များ ဖြစ်ကြောင်း၊ သို့ဖြစ်၍ မိမိသည် ဤအချုပ်ခန်းမှ လွတ်မြောက်ပြီးသည့်နောက် မိမိတို့နှစ်ယောက်စလုံး

www.burmeseclassic.com

www.burmeseclassic.com



ဆိုဗီယက်နိုင်ငံ မော်စကိုမြို့တော်သို့ အရောက်သွားရန် မိမိတာဝန်ယူကြောင်း စသည်ဖြင့် အဆိုပါ ပိုလန်အရာရှိက စကော်ဇနီအား ဆွယ်တရားဟောခဲ့သည်။

သူ့စကားကို ကြားရသောအခါ စကော်ဇနီသည် ကြိတ်၍ ပြုံးမိသည်။ ဤပိုလန်အရာရှိသည် မိမိအား အခြောက်တိုက် လာကြွားနေသည်ဟု ထင်လိုက်သောကြောင့်ဖြစ်သည်။ သို့ဖြင့် စကော်ဇနီက မိမိသည် နိုင်ငံရေးအယူဝါဒများကို နားလည်သူတစ်ယောက် မဟုတ်ဘဲ ရိုးရိုးသာမန် စစ်သားတစ်ယောက်သာဖြစ်၍ မော်စကိုသို့ မလိုက်နိုင်ကြောင်း၊ ဤအချုပ် ခန်းထဲမှလည်း ထွက်မပြေးလိုကြောင်း ပြောကြားကာ ပိုလန်အရာရှိ၏ ဆွယ်တရားကို လက်မခံဘဲ ငြင်းပယ်ခဲ့သည်။ နောက်သုံးရက်ခန့် အကြာတွင် အဆိုပါ ပိုလန်အရာရှိသည် ပိုလန်အစောင့်စစ်သားများ၏ အကူအညီဖြင့် အချုပ်ခန်းမှ တကယ်ပင် ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။

ဩဂုတ်လ ၁၀ ရက်နေ့တွင် စကော်ဇနီ၏ အမှုကို စတင်စစ်ဆေးခဲ့သည်။ တိုက်တိုက်ဆိုင်ဆိုင် ထိုနေ့သည် လွန်ခဲ့သော လေးနှစ်က မူဆိုလီနီအား ကယ်တင်ရန်အတွက် စကော်ဇနီသည် အီတလီနိုင်ငံ ဆာဒီယန်ကျွန်းပေါ်သို့ လေယာဉ်ဖြင့် ပျံဝဲလေ့လာထောက်လှမ်းနေစဉ် ပင်လယ်ထဲသို့ လေယာဉ်ပျက်ကျခဲ့သည့်နေ့ ဖြစ်နေသည်။

ထိုနေ့က ရုံးထွက်ရာတွင် စကော်ဇနီနှင့်အတူ အခြားဂျာမန်အရာရှိ ရှစ်ယောက်တို့သည်လည်း အမေရိကန်စစ်သားများအား ရက်စက်စွာ ညှဉ်းဆဲ သတ်ဖြတ်မှုဖြင့် တရားခံများအဖြစ် အစစ်အဆေးခံရသည်။ ဤတွင် စကော်ဇနီ အပါအဝင် တရားခံကိုးယောက် ဖြစ်နေခဲ့ရာ တရားခံများ မှတ်မိစေရန်အတွက် လည်ပင်းတွင် နံပတ်ပြားကြီးများ ချိတ်ပေးထားခဲ့သည်။ စကော်ဇနီမှာ ပုဂ္ဂိုလ်အားဖြင့်လည်းကောင်း၊ အမှုအားဖြင့်လည်းကောင်း၊ ထင်ရှားကျော်ကြားခဲ့သူဖြစ်ရာ တရားခံ ကိုးယောက် အနက် တရားခံနံပါတ်တစ် ဖြစ်နေသည်။ သို့ဖြင့် ရုံးထုတ်သည့်အခါတိုင်း စကော်ဇနီမှာ အင်္ဂလိပ်ဂဏန်းဖြင့် "၁" ဟူ၍ ရေးထားသည့်

www.burmeseclassic.com

www.burmeseclassic.com



ရောမ ကတ်ပြားကြီးကို လည်ပင်းတွင် ချိတ်ဆွဲခဲ့ရသည်။ တရားခွင်တွင် တရားခံကိုးယောက် ရှိသည့်အနက် အရပ်ခြောက်ပေလေးလက်မ မြင့်၍ လူကောင်ထွားထွားဖြင့် ရောမ နံပတ်ပြားကြီးကို လည်ပင်းတွင် ချိတ်ဆွဲထားသည့် စကော်ဇနီအား တွေ့မြင်ရသည်မှ တိရစ္ဆာန်ပြိုင်ပွဲ ပထမရသည့် နွားကြီးတစ်ကောင်လို ဖြစ်နေတော့သည်။

ရုံးတော်တွင် တရားခံ စကော်ဇနီ၏ ရှေ့နေကြီး ရောဘတ်အနေဖြင့် အဓိကထား၍ လျှောက်လဲချက်ပေးခဲ့သည်မှာ စကော်ဇနီနှင့် သူ၏ ဂျာမန်အသေခံတပ်သားများ အမေရိကန်ယူနီဖောင်းများဝတ်၍ အမေရိကန် စစ်သားများအဖြစ် အယောင်ဆောင်ကာ အမေရိကန်တပ်များ အတွင်းသို့ ဝင်ရောက်ခြင်းသည် လုံးဝ အပြစ်မရှိဟူသော အချက်ပင်ဖြစ်သည်။

ရှေ့နေကြီး ရောဘတ်၏ မေးမြန်းချက်အရ စစ်ကြီးအတွင်းက ထိုသို့ တစ်ဖက်ရန်သူ၏ ယူနီဖောင်းများဝတ်၍ အမေရိကန်စစ်သားများ အဖြစ် အယောင်ဆောင်ကာ အမေရိကန်တပ်များအတွင်းသို့ ဝင်ရောက် လာခြင်းသည် လုံးဝအပြစ်မရှိဟူသော အချက်ပင်ဖြစ်သည်။

ရှေ့နေကြီး ရောဘတ်၏ မေးမြန်းချက်အရ စစ်ကြီးအတွင်းက ထိုသို့ တစ်ဖက်ရန်သူ၏ ယူနီဖောင်းများနှင့် တံဆိပ်အဆောင်အယောင် များသာလျှင်မဟုတ်ဘဲ မဟာမိတ်တပ်များလည်း ထိုသို့ အလားတူ ရန်သူ ဂျာမန်စစ်သားယူနီဖောင်းများ ဝတ်ဆင်ကာ ဂျာမန်တပ်များအား တစ်ပတ် ရိုက် လှည့်စားခဲ့ကြောင်းများကို စကော်ဇနီက သက်သေ အထောက် အထားများဖြင့် ဖြေကြားခဲ့ရသည်။

စကော်ဇနီက ဂျာမန်တို့ ဖမ်းဆီးရမိခဲ့သော မဟာမိတ်ထောက် လှမ်းရေး လျှို့ဝှက်အစီရင်ခံစာများတွင် ထိုသို့သော အဖြစ်အပျက်များ ပါရှိ ခဲ့ကြောင်း၊ တစ်ခါက ဟန်ဂေရီနိုင်ငံကို ဂျာမန်တို့ သိမ်းပိုက်ထားစဉ် ဂျာမန်ယူနီဖောင်းများ ဝတ်ဆင်ထားသည့် ဗြိတိသျှအရာရှိများကို ဖမ်းမိ ရမိခဲ့ကြောင်း၊ သို့သော် ၎င်းတို့ကို ဂျာမန်တို့က မသတ်ဘဲ ထားခဲ့ကြောင်း ထိုပြင် အီတလီနှင့် ယူဂိုစလားဗီးယားနိုင်ငံများရှိ ဂျာမန်စစ်ပွဲ

www.burmeseclassic.com

www.burmeseclassic.com



ထောက်ပံ့ရေးဌာနများကို အီတလီနှင့် ယူဂိုစလပ် ပြောက်ကျားများက မကြာခဏ ဝင်စီးပြီး ဂျာမန်ယူနီဖောင်းဝတ်စုံများကို သယ်ယူသွားခဲ့ကြကြောင်း၊ ထို ဂျာမန်ယူနီဖောင်းများကို တိုက်ပွဲများတွင် ဝတ်ဆင်ကာ မိမိတို့ ဂျာမန်တပ်များအား လှည့်စားခဲ့ကြောင်း စသည်များကို စကော်ဇနီက ရုံးတော်တွင် အနိုင်အမာ ထွက်ဆိုသွားခဲ့သည်။

ထို့ပြင် ပိုလန်နိုင်ငံမှ မျိုးချစ်တပ်မတော် ဗိုလ်ချုပ်ကြီး ဘိုဟာသည် ၁၉၄၄ ခုနှစ်က ဝါဆောမြို့တွင် ဂျာမန်တပ်များကို တော်လှန်ခဲ့စဉ်က ဂျာမန်ယူနီဖောင်းဝတ်စုံကို ဝတ်ဆင်ခဲ့ကြောင်းနှင့် အမေရိကန် ရှရားတပ်သားများသည်လည်း စစ်ကြီးအတွင်းက ဂျာမန်ယူနီဖောင်းများ ဝတ်ဆင်၍ တိုက်ပွဲများတွင် ဂျာမန်တပ်များကို အထင်မှားအောင် ပြုလုပ်ခဲ့ကြောင်းများကို စကော်ဇနီက အထောက်အထားပြ၍ ရှေ့နေကြီးရောဘတ်၏ မေးခွန်းများကို ဖြေကြားသွားခဲ့သည်။ ထိုမျှမက ဖရင့်ဖတ်စစ်မျက်နှာတွင် အမေရိကန်တို့သည် ဂျာမန်တပ်များ တပ်စွဲထားသော တံတားတစ်ခုကို သိမ်းပိုက်ခဲ့စဉ်က ဂျာမန်တင့်ကားတစ်စီးကို အသုံးပြု၍ လှည့်စားခဲ့ကြောင်းများကိုပါ ထုတ်ဖော်၍ အစစ်ခံသွားခဲ့သည်။

ထိုသို့ ရုံးတော်တွင် အပြန်အလှန် အကြိတ်အနယ် ဖြစ်နေစဉ် အပြင်ဘက်တွင်လည်း တရားခံ စကော်ဇနီနှင့် ပတ်သက်၍ အကြီးအကျယ် အငြင်းအခုံဖြစ်နေခဲ့သည်။ ယင်းသို့ အငြင်းအခုံဖြစ်နေသည်မှာ အခြားမဟုတ်၊ ဤအမှုတွင် တရားခံ စကော်ဇနီ လွတ်မလွတ် အငြင်းပွားနေကြခြင်းဖြစ်သည်။ အချို့က စကော်ဇနီကို ထောင်ဒဏ်တစ်သက် အပြစ်ပေးလိမ့်မည်ဟု ထင်ကြေးပေးကြသည်။ အချို့ကမူ စကော်ဇနီအား မုချ သေဒဏ်ပေးလိမ့်မည်ဟူ၍ပင် ရဲရဲကြီး ပြောလာကြသည်။ သို့ဖြင့် တစ်ဖက်နှင့်တစ်ဖက် ငြင်းခုံမှုများ တစ်စထက်တစ်စ ပို၍ ပြင်းထန်လာခဲ့ရာ နောက်ဆုံး၌ သေဒဏ်ခံရလိမ့်မည်ဟူသောဘက်မှ "ဆယ်လေးတစ်လေး" ပေး၍ "အောက်ကြေး" ဖြင့် စိန်ခေါ်လာသည်အထိ ဖြစ်ခဲ့သည်။

စကော်ဇနီ၏ အမှုတွင် တရားလိုဘက်မှ အဓိက အားကိုးထား

www.burmeseclassic.com

www.burmeseclassic.com



သောအချက်မှာ ၁၉၀၇ ခုနှစ်က နိုင်ငံတကာ ပါဝင်ချုပ်ဆိုခဲ့ကြသည့် ဟိတ်စာချုပ်အရ "စစ်ပွဲတစ်ပွဲတွင် တစ်ဖက်ရန်သူ၏ စစ်ယူနီဖောင်းများ ဝတ်ဆင်၍ လှည့်စားတိုက်ခိုက်ခြင်း မပြုရ၊ ယင်းသို့ ရန်သူ၏ ယူနီဖောင်းကို ဝတ်ဆင်ကာ လှည့်စားတိုက်ခိုက်ခြင်းသည် လူမဆန်ဘဲ ကောက်ကျစ်ယုတ်မာသည့် လုပ်ရပ်တစ်ခုဖြစ်သည်" ဟူ၍ ပြဋ္ဌာန်းသတ်မှတ်ထားခဲ့သည်။ ယင်းပြဋ္ဌာန်း သတ်မှတ်ချက်အရ ယခု ပြီးခဲ့သည့် စစ်ပွဲတွင် စကော်ဇနီခေါင်းဆောင်သော ဂျာမန်အသေခံတပ်သားများသည် အမေရိကန်ယူနီဖောင်းများကို ဝတ်ဆင်ခဲ့ခြင်းဖြင့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်ကို ချိုးဖောက်ဖျက်ဆီးခဲ့သည် ဟူ၍ တရားလိုမိုလ်မှူးကြီး ရိုဆင်ဖဲက စွပ်စွဲခဲ့သည်။

ယင်း စွပ်စွဲချက်နှင့် ပတ်သက်၍ တရားလို ရှေ့နေကြီးရောဘတ်က အဆိုပါ "ဟိတ်" ပြဋ္ဌာန်းချက်မှာ လွန်ခဲ့သည့် နှစ်ပေါင်း ၄၀ က သတ်မှတ်ခဲ့ခြင်းဖြစ်၍ လွန်စွာခေတ်နောက်ကျ နေပြီဖြစ်ကြောင်း။ ၎င်း နှစ်ပေါင်း ၄၀ အတွင်း ပထမ ကမ္ဘာစစ်ကြီး (၁၉၁၄ ၁၈) နှင့် ဒုတိယ ကမ္ဘာစစ်ကြီး (၁၉၃၉ ၄၅) ဟူ၍ စစ်ကြီးနှစ်ကြိမ်တိုင်တိုင် ဖြစ်ပွားခဲ့ရာ ၎င်းစစ်ပွဲကြီးများတွင် ရန်သူယူနီဖောင်းများ ဝတ်ဆင်၍ လှည့်စားတိုက်ခိုက်မှုများ အများအပြားရှိခဲ့ကြောင်း စသည်ဖြင့် ပြန်လည်ချေပ လျှောက်လဲခဲ့သည်။

နောက်ဆုံး၌ ဝါရင့်နေပြီဖြစ်သော ရှေ့နေကြီး ရောဘတ်သည် မိမိ၏ တရားခံစကော်ဇနီ လွတ်မြောက်ရေးအတွက် အရေးကြီးသော သက်သေတစ်ယောက်ကို ရုံးတော်သို့ ခေါ်ဆောင်လာခဲ့သည်။ အဆိုပါ အရေးကြီးသော သက်သေမှာ ဗြိတိသျှ ဘုရင့်လေတပ်မတော်မှ လေတပ် ဗိုလ် သောမတ်စ်ဆိုသူ ဖြစ်သည်။

ထိုနေ့က တရားခွင် ရုံးခန်းထဲတွင် အရပ်ပုပု၊ ဂင်တိုတိုဖြင့် ဗြိတိသျှ လေတပ်ယူနီဖောင်း အပြာရောင်စစ်ဝတ်စုံ ဝတ်ဆင်ထားသော လေတပ်ဗိုလ် သောမတ်စ်အား တရားခံပြ သက်သေအဖြစ် တွေ့မြင်လိုက်ကြရသောအခါ တရားသူကြီးများ အပါအဝင် တရားခွင်ရှိ

www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်အားလုံး အံ့အားသင့်သွားခဲ့ကြသည်။ ဗြိတိသျှ လေတပ်ဗိုလ် တစ်ဦးသည် ဂျာမန် စစ်တရားခံ တစ်ယောက်၏ လွတ်မြောက်ရေး အတွက် ဤရုံးတော်တွင် မည်သို့မည်ပုံ ထွက်ဆိုသွားမည်ကို အားလုံးက မျှော်တလင့်လင့်ဖြင့် နားစွင့်နေခဲ့ကြသည်။

အမှန်စင်စစ် လေတပ်ဗိုလ် သောမတ်စ်သည် နယ်နယ်ရရ သာမည ပုဂ္ဂိုလ်မဟုတ်။ စစ်ကြီးအတွင်းက သက်စွန့်ဆံဖျား စွန့်စားခဲ့သည့် သူရဲ ကောင်းတစ်ယောက် ဖြစ်သည်။ သူသည် စစ်ကြီးအတွင်းက ဗြိတိသျှ လျှို့ဝှက်ထောက်လှမ်းရေး အဖွဲ့တွင် တာဝန်ယူ၍ ပြင်သစ်နိုင်ငံရှိ ဖက်ဆစ်ဆန့်ကျင်ရေး မြေအောက်အဖွဲ့များနှင့် ဆက်သွယ်လုပ်ကိုင်ခဲ့ရသူ ဖြစ်သည်။ သူသည် လန်ဒန်မှ နေ၍ ဝိုင်ယာလက်ကြိုးမဲ့ကြေးနန်းဖြင့် ပြင်သစ်မြေ အောက် တော်လှန်ရေး သမားများထံ ဆက်သွယ်နေခဲ့ရာမှ တစ်နေ့တွင် သူကိုယ်တိုင် ဂျာမန်တို့ သိမ်းပိုက်ထားသည့် ပြင်သစ်နယ်မြေ ပေါ်သို့ လေထီးဖြင့် လျှို့ဝှက်စွာ ဆင်းသက်၍ မြေအောက် အဖွဲ့ဝင်များနှင့် တွေ့ဆုံဆက်သွယ်ခဲ့သည်။

သူသည် ပြင်သစ်မှ တစ်ဖန် အင်္ဂလန်သို့ လျှို့ဝှက်စွာ ပြန်လာခဲ့ပြီး နောက် ပြင်သစ်မြေအောက် တော်လှန်ရေး သမားများထံ လက်နက်နှင့် စစ်အသုံးအဆောင် ပစ္စည်းများပို့ပေးရန် သူကိုယ်တိုင် ဒေါင်းနင်းလမ်း အမှတ် ၁၀ ရှိ ဝန်ကြီးချုပ် ချာချီနှင့် ဖွတ်အတင်းဝင်၍ တွေ့ဆုံ ဆွေးနွေးခဲ့သည်။ သူ၏ ရှင်းလင်းတင်ပြချက်များကို နားလည်သဘော ပေါက်သွားခဲ့သော ချာချီသည် သူတောင်းဆိုသော စစ်လက်နက် ပစ္စည်း များနှင့်အတူ သူ့အား ပြင်သစ်နယ်မြေသို့ လေထီးဖြင့် တိတ်တဆိတ်ထပ်မံ ချပေးခဲ့သည်။

သို့သော် သောမတ်စ်မှာ သစ္စာဖောက်တစ်ယောက်၏ လက်ချက် ဖြင့် အဖမ်းခံရပြီး ဂျာမန်ဂက်စတာပိုများ၏ လက်တွင်းသို့ ကျရောက်ခဲ့ရ သည်။ ဂက်စတာပို၏ အမျိုးမျိုးသော ညှဉ်းပန်းနှိပ်စက်မှုများကို အလူး အလဲ ခံခဲ့ရသည့်တိုင်အောင် ဂျာမန်တို့ မေးသမျှကို "ဘူးတစ်လုံးအောင်" နေခဲ့သဖြင့် သောမတ်စ်မှာ သေဒဏ်အပြစ်ပေးခံခဲ့ရသည်။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com



ခေါင်း မာသလောက် သတ္တိကောင်းလှသော သောမတ်စ်သည် ဘူချန်ဝေါလ် အကျဉ်းစခန်း၌ လူသေအလောင်းကို သူနေရာတွင် အစားထိုးကာ ဂျာမန်တို့လက်မှ ထွက်ပြေးလွတ်မြောက် သွားခဲ့သည်။

စစ်ကြီး ပြီးဆုံးသွားသောအခါ ဂျာမန်တို့၏ ဘူချန်ဝေါလ် လူသတ်စခန်းမှ တာဝန်ရှိသည့် လူသတ်ကောင် ဂျာမန်စစ်တရားခံများအား ခုံရုံးတင်၍ စစ်ဆေးခဲ့ရာ ဘူချန်ဝေါလ်တွင် အကျဉ်းသားဖြစ်ခဲ့ဖူးသော လေတပ်ဗိုလ် သောမတ်စ်သည် အဆိုပါ စစ်ခုံရုံးတွင် အဓိက သက်သေတစ်ဦး ဖြစ်ခဲ့သည်။ သူ၏ မျက်မြင်ကိုယ်တွေ့ခိုင်လုံသော ထွက်ဆိုချက်များဖြင့် ဘူချန်ဝေါလ်မှ ဂျာမန်လူသတ်သမား ၂၂ ယောက် တို့မှာ သေဒဏ် အပြစ်ပေးခြင်း ခံခဲ့ရသည်။

ထိုသို့ ဘူချန်ဝေါလ်တွင် ဂျာမန်လူသတ်ကောင်များကို ကြိုးဒဏ် အပြစ်ပေးခံရအောင် လုပ်ဆောင်ခဲ့သည့် ဗြိတိသျှ လေတပ်ဗိုလ်သည် ယခုအခါ ဒါချောင်စစ်ခုံရုံးတွင် ဂျာမန်အသေခံ တပ်သားကျော် စကော်ဇနီအတွက် တရားခံပြ သက်သေအဖြစ် ထွက်ဆိုရန် ရောက်ရှိလာသည်မှာ "ထူးထွေသည့် အံ့ရာသော်"ပင် ဖြစ်နေခဲ့သည်။

သို့ဖြစ်၍လည်း ထိုနေ့က တရားခွင်တွင် ခါတိုင်း လာနေကျ တွေ့နေကျ ပရိသတ်များအပြင် လန်ဒန်၊ ပါရီ၊ ဝါရှင်တန် စသည့် မြို့ကြီးများမှ မီရာလေယာဉ်ဖြင့် အပြေးအလွှား ရောက်ရှိလာကြသည့် သတင်း ထောက်များကိုပါ "တစ်စုတစ်ဝေးကြီး" တွေ့ မြင်ခဲ့ကြရသည်။

ရှေးဦးစွာ သက်သေသောမတ်စ်က သူသည် ယခု ရုံးတော်တရား ခွင်တွင်ရှိနေသော စကော်ဇနီအား ယခင်က တစ်ခါဖူးမျှ မတွေ့ခဲ့ မမြင်ခဲ့ဘူးကြောင်းနှင့် ယခုအမှုတွင် အမှန်တရားကို ဖော်ထုတ်ရာ၌ ကူညီရန် လာရောက်သက်သေခံခြင်း ဖြစ်ပါကြောင်း ရုံးတော်သို့ ပထမ ပြောကြားခဲ့သည်။

"မစ္စတာသောမတ်စ်ရဲ့ မွန်မြတ်တဲ့ ဆန္ဒကို သိရလို့ ကျွန်တော် အများကြီး ဝမ်းသာမိပါတယ်။ ချီးလည်းချီးကျူးမိပါတယ်၊ ကျွန်တော်လည်း တရားခံရဲ့ ဥပဒေအကျိုးဆောင် တစ်ယောက်အနေနဲ့ ဒီအမှုမှာ အ

www.burmeseclassic.com

www.burmeseclassic.com



တရားကို ကူညီရှာဖွေဖို့ ဒီနေရာကို ရောက်ရှိနေခြင်း ဖြစ်ပါတယ်"

သက်သေ သောမတ်စ်၏ စကားအဆုံးတွင် ထိုင်ရာမှ ရုတ်တရက် ထကာ တရားသူကြီးများကို ဦးညွှတ်အရိုအသေပြုပြီးနောက် ပရိသတ်ရှိရာဘက်သို့ မျက်နှာမူ၍ တည်ငြိမ်အေးဆေးစွာ စတင်ပြောကြားလိုက်သူမှာ တရားခံရှေ့နေကြီး ရောဘတ်ပင် ဖြစ်သည်။

"အဲဒီတော့ သက်သေ မစ္စတာသောမတ်စ်ကိုယ်တိုင် ပါဝင်တိုက်ခိုက်ခဲ့တဲ့ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက မဟာမိတ်တပ်သား တွေဟာ ရန်သူတပ်သားတွေရဲ့ ယူနီဖောင်းဝတ်စုံများနဲ့ တံဆိပ်အဆောင်အယောင်များကို အသုံးပြုပြီး ဟန်ဆောင် ရုပ်ဖျက်ခဲ့တဲ့ အဖြစ်အပျက်များ ရှိခဲ့ဖူးပါသလား ခင်ဗျား. . ."

"ဟုတ်ကဲ့၊ အဲဒီလို အဖြစ်အပျက်တွေ ရှိခဲ့ဖူးပါတယ်"

ရှေ့နေကြီး ရောဘတ်၏ တည်ကြည်လေးနက်စွာ မေးလိုက်သော မေးခွန်းကို သက်သေသောမတ်စ်က မဆိုင်းမတွပင် ဖြေကြားလိုက်သည်။

"ဒီလိုဆိုရင် ဒီလိုအဖြစ်အပျက်တွေထဲက နမူနာအဖြစ်နဲ့ ဥပမာ တစ်ခုလောက် ရုံးတော်ကို ပြောမပြနိုင်ဘူးလား"

"ဟုတ်ကဲ့၊ ပြောပြနိုင်ပါတယ်၊ အဖြစ်အပျက်က ဒီလိုပါ။ တစ်ခါက ပြင်သစ်မြေအောက် တော်လှန်ရေး သံမားတစ်ယောက်ကို ဂျာမန်တွေက ဖမ်းမိသွားကြပါတယ်၊ အဲဒီ ရဲဘော်ကို ကယ်တင်ဖို့ ကျွန်တော်ပဲ တာဝန်ယူ ခေါင်းဆောင်ခဲ့ရပါတယ်၊ ပထမဆုံး ကျွန်တော်ဟာ အဲဒီရဲဘော်ကို ဖမ်းဆီးချုပ်နှောင်ထားတဲ့ ပြင်သစ်နိုင်ငံ အနောက်မြောက်ပိုင်းက ရန်းနီးစ် ဆိုတဲ့ မြို့ကလေးမှာရှိတဲ့ ဂျာမန်အကျဉ်းထောင်ကိုသွားပြီး အဲဒီမှာ သူ့ကို ဘယ်လိုထားတယ်။ ဘယ်အချုပ်ခန်းမှာထားတယ်။ အဲဒီထောင်ထဲ ကို ဘယ်လိုဝင်ရထွက်ရတယ် ဆိုတာတွေကို အစောင့်အကြပ်တွေ ထားပုံ စုံစမ်းခဲ့ပါတယ်"

"အဲဒါတွေကို သေသေချာချာ သိရပြီးနောက် ကျွန်တော်ဟာ ကျွန်တော့်တပ်သားတွေထဲက ဂျာမန်ပြောတတ်တဲ့ လူတွေကို ရွေးထုတ်ပြီး သူတို့ကို ဂျာမန်စစ်ယူနီဖောင်းတွေ ဝတ်ခိုင်းခဲ့ပါတယ်၊ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



ထောင်ထဲက ကျွန်တော်တို့ ရဲဘော်ကို ထုတ်ယူဖို့အတွက် ဂျာမန်စာနဲ့ ရေးထားတဲ့ စာရွက်စာတမ်းအတုတွေနဲ့ ပုံစံစာရွက်အတုတွေကိုလည်း ဂျာမန်တပ်မတော် တံဆိပ်တုံးအတုတွေ၊ ဂျာမန်စစ်ဗိုလ်ရဲ့ လက်မှတ်အတုတွေနဲ့ အကျအနလုပ်ပေးခဲ့ပါတယ်၊ ဒါတင် မကပါဘူး၊ အဲဒီ ကိစ္စမှာ အသုံးပြုဖို့အတွက် ဂျာမန်စစ်ကားတစ်စီးကိုလည်း တစ်နေရာက ကျွန်တော်တို့ ခိုးယူခဲ့ကြပါသေးတယ်၊ ပြီးတော့ အချုပ်ကားတစ်စီးကိုလည်း ဂျာမန် အချုပ်ကားနဲ့တူအောင် ဆေးတွေဘာတွေ သုတ်ပြီး အဆင်သင့် လုပ်ထားခဲ့ကြပါတယ်"

"ဒီလို အစစပြင်ဆင်ပြီးတဲ့နောက် သတ်မှတ်ထားတဲ့နေ့မှာ ကျွန်တော်တို့ဟာ ဂျာမန် ယူနီဖောင်းတွေနဲ့ ဂျာမန်စစ်သားဟန်ဆောင်ပြီး ဂျာမန်စစ်ကားနှစ်စီးနဲ့ အဲဒီအကျဉ်းထောင်ကို သွားကြပါတယ်။ ကျွန်တော် တို့ထဲက ဂျာမန်လို ကောင်းကောင်းကြီး ပြောတတ်တဲ့ လူတစ်ယောက် ကလည်း ဂျာမန်စစ်ဗိုလ်နဲ့တူအောင် ရုပ်ဖျက်ပြီး လိုက်လာပါတယ်"

"ဒါနဲ့ ထောင်မှူးဝရောက်တော့ ကျွန်တော်တို့ကို တကယ်ဂျာမန် စစ်သားတွေပဲလို့ထင်ပြီး အစောင့်တွေက တံခါးမကြီးကို ဖွင့်ပေးကြပါ တယ်။ ကျွန်တော့်တို့ထဲက ဂျာမန်စစ်ဗိုလ်ယောင်ဆောင်ထားတဲ့ လူကလည်း အခြားအယောင်ဆောင်တဲ့ စစ်သားတစ်ယောက်နဲ့အတူ ထောင်ဖူးဝမှာရှိတဲ့ ထောင်ပိုင် ဂျာမန်စစ်ဗိုလ်ရဲ့ ရုံးခန်းထဲတန်းသွားပြီး ထောင်ထဲက ကျွန်တော်တို့ ရဲဘော်တွေကို ခေါ်ထုတ်သွားဖို့ စာရွက် စာတမ်းတွေကို ခပ်တည်တည်နဲ့ ပြလိုက်ပါတယ်. . ."

အဲဒီနေရာမှာ ထောင်ပိုင် ဂျာမန်စစ်ဗိုလ်က ကျွန်တော်တို့ကို မသင်္ကာဖြစ်ပြီး ကျွန်တော်တို့ ရဲဘော်ကို ထုတ်မပေးဘူးဆိုရင် ကျွန်တော် တို့ဟာ အဲဒီထောင်ပိုင် ဂျာမန်စစ်ဗိုလ်ကိုရော အစောင့်ဂျာမန် စစ်သား တွေကိုပါ ပစ်သတ်ဖို့ စီစဉ်ထားခဲ့ကြပါတယ်၊ အဲဒီလို ပစ်ရခတ်ရမယ့် အခြေအနေမျိုး ရောက်ခဲ့ရင် အပြင်က အခြားဂျာမန် တပ်တွေကို အကြောင်း မကြားနိုင်အောင် တယ်လီဖုန်းကြိုး တွေကိုပါ ဖြတ်တောက်ပစ် ဖို့အထိ ကျွန်တော်တို့ဘက်က စီစဉ်ထားခဲ့ကြပါတယ်

www.burmeseclassic.com



သက်သေ သောမတ်စ်သည် သူ့အတွေ့အကြုံများကို မနားတမ်း တောက်လျှောက် ပြောလာခဲ့ရာမှ အနည်းငယ်မောသွားသည့်ဟန်ဖြင့် ဤနေရာတွင် သူ့စကားကို ခေတ္တရပ်နားလိုက်သည်။ ဤတွင် တရားခံ ရှေ့နေကြီး ရောဘတ်က ရှေ့နေပီပီ "ရေလာမြောင်းပေး" သည့် မေးခွန်းများကို ကောက်ခါငင်ကာ မေးတော့သည်။

"မစ္စတာ သောမတ်စ်ခင်ဗျာ . . . အခုလို သိရတာ အများကြီး ကျေးဇူးတင်ပါတယ်၊ ဒါ့ထက် အဲဒီတုန်းက ခင်ဗျားတို့ ဂျာမန်ယူနီဖောင်း တွေ ဝတ်ခဲ့ကြတာဟာ ဒီကိစ္စဆောင်ရွက် ကြဖို့ပဲလား"

"ဟုတ်ပါတယ်"

"ဒါဖြင့် ခင်ဗျားတို့ အဲဒီ ဂျာမန်ယူနီဖောင်းတွေကို ဘယ်နေရာက ဘယ်လိုလုပ်ပြီး ရခဲ့ကြပါသလဲ"

"ဒါကတော့ ကျွန်တော် အသေးစိတ် ပြောလို့မဖြစ်ပါဘူး။ ဒါပေမဲ့ ဒီလို ဂျာမန်စစ်ယူနီဖောင်းတွေကို အနနည်းနဲ့ဖြစ်စေ၊ အကြမ်းနည်းနဲ့ ဖြစ်စေ . . . တစ်နည်းနည်းနဲ့ရအောင် ရှာခဲ့ကြရမယ်လို့ ကျွန်တော့် တပ်သားတွေကို ကျွန်တော် အမိန့်ပေးခဲ့ပါတယ်"

"အဲဒီလိုဆိုရင်လည်း ကျွန်တော်တစ်ခု မေးပါဦးမယ် . . . အဲဒီ တုန်းက ခင်ဗျားတို့ဟာ ဂျာမန်ယူနီဖောင်း ဝတ်စုံတွေအပြင် ဂျာမန်စစ်ဗိုလ် စစ်သားတွေရဲ့ အဆောင်အယောင် တံဆိပ်အမှတ်အသားတွေကိုပါ အသုံး ပြုခဲ့ကြသေးသလား"

"ကျွန်တော်တို့ရဲ့ အစီအစဉ် အောင်မြင်ရေးအတွက် ပိုပြီး ယုတ္တိ ရှိအောင် ပိုပြီး သဘာဝကျအောင် လုပ်စရာရှိတာတွေ အားလုံး လုပ်ခဲ့ ကြတာပါပဲ"

"ဒါဖြင့် အဲဒီတုန်းက ခင်ဗျားတို့ဟာ လက်နက်တွေကိုပါ ကိုင်ဆောင် သွားကြတာပေါ့ . . . ဟုတ်လား"

"ဟုတ်တာပေါ့။ ကျွန်တော်တို့ဟာ အဆင်မသင့်ရင် ထောင့်ကိုင် ဂျာမန်စစ်ဗိုလ်နဲ့ အစောင့်ဂျာမန် စစ်သားတွေကိုပါ သုတ်သင်ဖို့ ရှိနေ တော့ လက်နက်အပြည့်အစုံ ပါသွားရတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒါ့ထက် ကျွန်တော် မေးခွန်းတစ်ခု ထပ်မေးပါရစေ။ အဲဒီအချိန်က ခင်ဗျားတို့ ဗြိတိသျှ လျှို့ဝှက်ထောက်လှမ်းရေး အဖွဲ့ဝင်တွေဟာ ဂျာမန် စစ်ယူနီဖောင်းတွေကို ဒီလိုပဲ ဝတ်လေ့ဝတ်ထ ရှိပါသလား"

"ရှိခဲ့ပါတယ်၊ ဒီလိုအဖြစ်အပျက်တွေဟာ အမြောက်အမြား ရှိခဲ့ပါတယ်။ ဥပမာဆိုရင် ကျွန်တော်တို့ ထောက်လှမ်းရေး အဖွဲ့ဝင်တွေဟာ ဂျာမန်စစ်ဗိုလ်တွေကို မကြာခဏ အလစ်မှာ ချောင်းသတ်ပြီး အဲဒီ စစ်ဗိုလ်ရဲ့ ယူနီဖောင်းတွေ၊ မှတ်ပုံတင် စာရွက်စာတမ်း အထောက် အထားတွေနဲ့ ဂျာမန်စစ်ဗိုလ်ယောင်ဆောင်ခဲ့တဲ့ အဖြစ်အပျက်တွေဟာ အများကြီး ရှိခဲ့ပါတယ်၊ ဒါတွေကိုတော့ ကျွန်တော် အသေးစိတ် မပြောပါရစေနဲ့"

အသေးစိတ် ပြောပြစရာလည်း မလိုတော့ပါ။ နာမည်ကျော် ဗြိတိသျှ လေတပ်ဗိုလ်တစ်ဦး ကိုယ်တိုင်က မိမိနှင့်တကွ အခြားအခြားသော မဟာမိတ်တပ်သားများသည် စစ်ကြီးအတွင်းက သာမန် စစ်ယူနီဖောင်း များကို အသုံးပြု၍ ဂျာမန်တပ်များအား တစ်ပတ်ရိုက် လှည့်စားခဲ့ပါသည် ဟူ၍ အတိအလင်း ဝန်ခံထွက်ဆိုခဲ့ပြီဖြစ်ရာ စကော်ဇေနီတို့၏ အလားတူ လုပ် ဆောင်ချက်များကို အပြစ်ရှိသည်ဟူ၍ မည်သို့ ပြောနိုင်ပါတော့မည် နည်း။

သို့ဖြစ်ရာ ဘူချန်ဝေါလ်စစ်ခုံရုံးမှ သဘာပတိ တရားသူကြီးများ သည် စကော်ဇေနီအား "အပြစ်မရှိ" ဟူ၍ တညီတညွတ်တည်း ဆုံးဖြတ် ကာ "ကွင်းလုံးကျွတ် လွတ်စေ" ဟူ၍ စီရင်ချက် ချမှတ်ခဲ့ကြသည်။

ဤအတိုင်းသာဆိုလျှင် စကော်ဇေနီ၏ စစ်တရားခံဘဝသည် လိုက် ကာချ၍ ဇာတ်သိမ်းရန်သာ ရှိတော့သည်။ သို့သော် တကယ့်တကယ် တွင်မူ ခုံရုံးမှ "အပြစ်မရှိ လွှတ်စေ" ဟူ၍ စီရင်ချက် ချပြီးသည့်တိုင် အောင် "လိုက်ကာ" မကျသေး… "ဇာတ်မသိမ်း" သေးဘဲဖြစ်နေခဲ့သည်။

အမှုစီရင်ချက် ချသည့်နေ့တွင် တရားလို ဗိုလ်မှူးကြီး ရိုဇင်ဖဲလ် က သတင်းစာ ဆရာများနှင့် တွေ့ဆုံရာ၌ "ကျုပ်အနေနဲ့ကတော့ စကော်ဇေနီဟာ ဥရောပတိုက်မှာ အန္တရာယ်အကြီးဆုံး လူတစ်ယောက်လို့

www.burmeseclassic.com

www.burmeseclassic.com



ယူဆ နေတုန်းပဲ ရှိပါသေးတယ်" ဟူ၍ ထုတ်ဖော်ပြောကြားခဲ့သည်။ နောက်တစ်နေ့ နံနက်တွင် ရှိဆင်ဖဲလ်၏ ပြောကြားချက်သည် သတင်းစာများတွင် ရောမစာလုံးမည်းကြီးများဖြင့် မျက်နှာဖုံးမှ ပါလာခဲ့သည်။ သို့ဖြင့် စကော်ဇနီမှာ ထီပေါက်ပြီးမှ ထီလက်မှတ် ပျောက်နေသူလို ရုံးတော်မှ "ကွင်းလုံးကျွတ်လွှတ်ရန်" အမိန့်ချခဲ့သော်လည်း ဥရောပတိုက်မှာ အန္တရာယ် အကြီးဆုံး လူတစ်ယောက်အဖြစ် အချုပ်ခန်းထဲမှာပင် ဆက်လက်စံမြန်းနေခဲ့ရသည်။

တိုက်တိုက်ဆိုင်ဆိုင် စကော်ဇနီအား ခုံရုံးမှ "အပြစ်မရှိ" ဟု ဆုံးဖြတ်ချက်ချလိုက်သောနေ့မှာ စက်တင်ဘာလ ၁၁ ရက်ဖြစ်၍ နောက်တစ်နေ့မှာ စက်တင်ဘာလ ၁၂ ရက်နေ့ဖြစ်နေသည်။ ဤစက်တင်ဘာလ ၁၂ ရက်နေ့သည်ကား အခြားနေ့မဟုတ်၊ လွန်ခဲ့သော ၁၉၄၃ ခုနှစ်က အီတလီ အာဏာရှင် မူဆိုလီနီအား စကော်ဇနီ ခေါင်းဆောင်သည့် ဂျာမန်အသေခံ တပ်သားများက ပေခြောက်ထောင်မြင့်သည့် တောင်ပေါ်စခန်းသို့ သွားရောက်ကယ်တင်ခဲ့သည့် နေ့ပင်တည်း။

သို့ဖြစ်ရာ စကော်ဇနီအား ရုံးတော်မှ "အပြစ်မရှိ"ဟူ၍ စီရင်ချက်ချခဲ့ပြီးနောက် အချုပ်စခန်းသို့ ပြန်လာခဲ့ရာ သူ၏ရဲဘော်ရဲဘက် ဂျာမန်သုံ့ပန်းများက ဝမ်းသာအားရ ဆီးကြိုကာ သူတို့၏ ပခုံးများပေါ်တွင် ထမ်း၍ စခန်းအတွင်း လှည့်လည်ကြွေးကြော်ခဲ့ကြသည်။ ထို့ပြင် နောက်တစ်နေ့ စက်တင်ဘာလ ၁၂ ရက်နေ့တွင် မူဆိုလီနီအား ကယ်တင်ခဲ့သည့် လေးနှစ်မြောက် အထိမ်းအမှတ်ပွဲ ကျင်းပရန် ကိတ်မုန့်တစ်လုံး ဝက်အူချောင်းတစ်ချောင်းနှင့် ပန်းသီးတစ်လုံးကို စကော်ဇနီအား သူ့ရဲဘော်များက လက်ဆောင်ပေးခဲ့ကြသည်။ သို့သော် နောက်တစ်နေ့ ညတွင် ကျင်းပသည့် အဆိုပါအထိမ်းအမှတ် အခမ်းအနားကို စကော်ဇနီ မတက်ရောက်နိုင်ခဲ့။ အဘယ်ကြောင့်ဆိုသော် သူ့အား "ဥရောပတိုက်တွင် အန္တရာယ် အကြီးဆုံးလူ" အဖြစ် ထောင်ထဲတွင် "တိုက်ပိတ်" ထားခဲ့ပြီဖြစ်သောကြောင့်တည်း။

ထိုသို့ ရုံးတော်မှ "အပြစ်မရှိ"ဟုဆိုပါလျက် ဆက်လက် ချုပ်

www.burmeseclassic.com



နှောင်ထားသည်ကို စကော်ဇနီ လုံးဝနားမလည်နိုင်အောင် ဖြစ်မိသည်။ ဤသို့ ကမောက်ကမ နိုင်လှသော လုပ်ရပ်နှင့် ပတ်သက်၍ စုံစမ်းကြည့်သောအခါ ဒိန်းမတ်နှင့် ချက်ကိုစလိုဗေးကီးယားနိုင်ငံ အစိုးရများက စကော်ဇနီအား စစ်တရားခံအဖြစ် "အလိုရှိသည်"ဟု ကြားသိရသည်။ သို့သော် အသေအချာ စုံစမ်းကြည့်သောအခါ ဤသတင်းမှာလည်း လုံးဝအခြေအမြစ်ကင်းမဲ့သည့် မမှန်သတင်းဖြစ်နေပြန်သည်ကို တွေ့ရသည်။

ထို့နောက် အမေရိကန် တပ်မတော် သမိုင်းရေးရာဌာနမှ အရာရှိများက စကော်ဇနီနှင့် ရာဒယ်တို့အား ၁၉၄၃ ခုနှစ်က မူဆိုလီနီကို ကယ်တင်ခဲ့သည့် အဖြစ်အပျက်နှင့်စပ်လျဉ်း၍ နောင်လာနောက်သားများ အဖြစ်မှန်ကို သိရှိနိုင်စေရန် မှတ်တမ်းတင်လိုပါသည်ဟုဆိုကာ အကူအညီ တောင်းခံလာခဲ့သည်။ သို့ဖြင့် စကော်ဇနီနှင့် သူ့လက်ထောက် အရာရှိ ရာဒယ်တို့သည် ထိုစဉ်က သူတို့ လုပ်ဆောင်ခဲ့သမျှ "စွန့်စားခန်း" များကို အမေရိကန် စစ်သမိုင်းဌာနမှ အရာရှိများအား အသေးစိတ် ပြောပြခဲ့ရသည်။

ဤနေရာတွင်မူ အမေရိကန်တို့သည် စေ့စပ်သေချာလှသည်ဟု ဆိုရမည်ဖြစ်သည်။ စကော်ဇနီသည် ဘူချန်ဝေါလ် အချုပ်စခန်းမှ အိုဘာရပ်ဆဲ အမည်ရှိ စုံစမ်းစစ်ဆေးရေးဌာနသို့ သံဆူးကြိုးများ ကာရံထားသည့် ထရပ်ကားကြီးဖြင့် နေ့စဉ် သွားရောက်ကာ "မူဆိုလီနီ ကယ်တင်ခန်း"ကို နှစ်လကျော် သုံးလနီးပါးမျှ မှတ်တမ်းတင်ပေးခဲ့ရသည်။

၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင်မူ အဆိုပါ "ဇာတ်လမ်းမှတ်တမ်းတင်" သည့် အလုပ်မှာ ပြီးဆုံးသွားခဲ့သည်။ စကော်ဇနီ၏ စိတ်ထဲတွင် အမေရိကန်စစ်သမိုင်း ဌာနမှ အဆိုပါအလုပ်တာဝန်ပြီးဆုံးလျှင် သူ့အား အပြီးအပိုင်လွှတ်ပေးလိမ့်မည်ဟု မျှော်လင့်ထားခဲ့သည်။ သို့သော် သူ မျှော်လင့်သလို ဖြစ်မလာဘဲ မမျှော်လင့်သော ပြဿနာတစ်ခု ဖြစ်လာပြန်သည်။

ထိုအချိန်က စစ်ပြီးကာလ ဂျာမန်နိုင်ငံအား သိမ်းပိုက်ခဲ့သည့်

www.burmeseclassic.com

www.burmeseclassic.com



မဟာမိတ် "ပြည်သိမ်းတပ်" များသည် "ဟစ်တလာသေး၊ မသေ" ဆိုသော ပြဿနာကို အပူတပြင်း လိုက်လံစုံစမ်း ထောက်လှမ်းလျက် ရှိနေကြသည်။ ဤကိစ္စအတွက် "စုံစမ်းရေးကော်မရှင်" တစ်ရပ်ပင် ဖွဲ့စည်းထားခဲ့ကြသည်။ ဤ အတောအတွင်း ဂျာမန်လေတပ်မတော်မှ လေယာဉ်မှူးတစ်ယောက်က "ဟစ်တလာ ကိုယ့်ကိုယ်ကို သတ်သေသွားပြီ" ဟူသော ကြေညာချက် ထွက်ပေါ်ခဲ့ပြီး နှစ်ရက်၊ သုံးရက်ခန့်အကြာတွင် လေယာဉ်တစ်စင်းဖြင့် တစ်နေရာ၌ ဆင်းသက်ခဲ့ကြသော ဟစ်တလာနှင့် စကော်ဇနီတို့အား မျက်ဝါးထင်ထင် သူကိုယ်တိုင် မြင်တွေ့ခဲ့ရပါသည်ဟု ထွက်ဆိုခဲ့ပြန်ရာ စကော်ဇနီမှာ ထိုလေယာဉ်မှူး၏ စကားကြောင့် ဥရောပတိုက်တွင် အန္တရာယ် အကြီးဆုံးလူ ဖြစ်နေခဲ့ပြန်သည်။ သို့သော် ထိုလေယာဉ်မှူးအား အမျိုးမျိုးစစ်ဆေး မေးမြန်းခဲ့ပြီးနောက် ဆရာဝန်ကြီးများနှင့် စမ်းကြည့်သောအခါ စိတ်ရောဂါရှိသူ၊ စိတ်မနှံ့သူ တစ်ယောက် ဖြစ်နေကြောင်း တွေ့ရှိရသဖြင့် စကော်ဇနီမှာ သက်သာရာ ရသွားခဲ့သည်။

သို့တိုင်အောင် စကော်ဇနီမှာ ဘဝဝင့်ကြွေး မကုန်သေး၍လားမသိ၊ အမေရိကန်တို့၏ အချုပ်စခန်းမှ တစ်ဖန် ဂျာမန်အချုပ်စခန်းသို့ ရောက်ခဲ့ရပြန်သည်။ "အချုပ်သံသရာ" ထဲမှာပင် တဝဲလည်လည် ဖြစ်ခဲ့ ရပြန်သည်။

သူ့ကိုယ်သူ အပြစ်မရှိဟု ယူဆထားသော စကော်ဇနီသည် စစ်ခုံရုံး မှလည်း "အပြစ်မရှိ" ဟူ၍ စီရင်ချက် ချမှတ်ခဲ့ပြီး ဖြစ်ပါလျက် ယခုလို ရက်ရှည်လများ ဆက်လက်၍ ချုပ်နှောင်ထားသည်ကို နားမလည်နိုင်ဘဲ ရှိနေခဲ့ရာမှ ဒေါပွလာခဲ့သည်။ စိတ်တိုလာခဲ့သည်။ သည်းမခံနိုင် လောက် အောင် ဖြစ်လာခဲ့သည်။

စိတ်ရှည်နိုင်သမျှ စိတ်ရှည်ရှည်ထားခဲ့ပြီး သည်းခံနိုင်သမျှ သည်းခံလာခဲ့သော စကော်ဇနီသည် နောက်ဆုံး၌ စိတ်မရှည်နိုင် သည်းမခံနိုင် ဖြစ်လာပြီး တစ်စုံတစ်ခု ပြုလုပ်ရန် စိတ်ပိုင်းဖြတ်လိုက်သည်။ ထို တစ်စုံတစ်ခုသော အလုပ်မှာ သူ့အလွန် ဝါသနာပါသော အလုပ်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူလုပ်နေကျအလုပ်မှာ အခြားမဟုတ် "စွန့်စားသည့်အလုပ်" ပင် ဖြစ်သည်။

သို့ဖြင့် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့တွင် စကော်ဇနီသည် သူ့အား ချုပ်နှောင်ထားသည့် ဒမ်းစတက် အချုပ်စခန်းမှ ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။

ထိုသို့ အချုပ်ခန်းထဲမှ ထွက်ပြေးခဲ့ရာ၌ သူသည် ဆံဆူးကြိုးဖြတ်သည့် ကိရိယာများလည်းမပါ၊ ကြိုးလှေကားကိုလည်း မသုံး မြေအောက်ဥမင်လိုဏ်ခေါင်းလည်းမတူး၊ အစောင့်အကြပ်များကိုလည်း လာဘ်မထိုးဘဲ အချုပ်စခန်းသို့ နေ့စဉ် ရိက္ခာနှင့် ပစ္စည်းများ ပို့ဆောင်နေသည့် ကားကြီးပေါ်သို့ တိတ်တဆိတ်တက်ကာ အလစ်တွင် ထွက်ပြေးသွားခဲ့ခြင်း ဖြစ်သည်။

သို့သော် စကော်ဇနီသည် ထိုသို့အချုပ်စခန်းမှ လွတ်မြောက်အောင်ပြေးရာ၌ သူတစ်ဦးတည်း၏ အစွမ်းအစဖြင့် မဟုတ်၊ အခြား ဂျာမန်များ၏ အကူအညီဖြင့် ထွက်ပြေးလွတ်မြောက်နိုင်ခဲ့ခြင်း ဖြစ်သည်။

ထိုနေ့က စကော်ဇနီအား ရိက္ခာပစ္စည်း ပို့သည့်ကားဖြင့် တိတ်တဆိတ် တင်ဆောင်သွားခဲ့သော ကားမောင်းသမားသည် လည်းကောင်း၊ ကားပေါ်သို့ စကော်ဇနီတက်သွားသည်ကို အစောင့်များ မမြင်အောင် သေးမှ ဝိုင်း၍ အကာအကွယ် ပြုလုပ်ပေးခဲ့ကြသူများသည် လည်းကောင်း၊ စကော်ဇနီအား အချုပ်စခန်းနှင့် ဆယ်မိုင်ခန့် ကွာဝေးသည့် ဘူတာရုံ ကလေးတစ်ခုမှ စောင့်၍ အဝတ်အစားများ လဲပေးကာ ရထားပေါ်သို့ တင်ပေးလိုက်ကြသူများသည် လည်းကောင်း၊ စကော်ဇနီ လွတ်မြောက်ရေးအတွက် အဖက်ဖက်မှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြသူများမှာ အခြားသူများအဟုတ်၊ "အိုဒက်ဆာ" (ODESSA) အမည်ခံ "ဂျာမန် လုံခြုံရေး တပ်သားဟောင်းများအဖွဲ့" မှ လျှို့ဝှက် အဖွဲ့ဝင်များပင် ဖြစ်သတည်း။

❑

www.burmeseclassic.com

www.burmeseclassic.com

# မှန်မှားသော နောက်ဆုံးနေ့ရက်များ

"စကော်ဇနီ ဘယ်ရောက်နေပြီလဲ . . ."

"စကော်ဇနီကို ပြန်မဖမ်းတော့ဘူးလား"

"စကော်ဇနီဟာ လျှို့ဝှက် နာဇီဂိုဏ်းသားတွေရဲ့ ခေါင်းဆောင်လား"

၁၉၄၇ ခုနှစ်တွင် အချုပ်စခန်းမှ စကော်ဇနီ လွတ်မြောက်လာခဲ့ပြီးနောက် သူနှင့်ပတ်သက်၍ အထက်ပါ မေးခွန်းများသည် ဥရောပနိုင်ငံများတွင် ကာလအတန်ကြာ ဂယက်ရိုက်နေခဲ့သည်။ အထူးသဖြင့် စစ်ပြီးကာလ နှစ်နိုင်ငံ ကွဲပြားသွားသော အရှေ့ဂျာမနီနှင့် အနောက်ဂျာမနီတွင် စကော်ဇနီအကြောင်း ပို၍ စိတ်ဝင်စားကြသည်။

ထိုသို့ ဂျာမန်နှစ်နိုင်ငံရှိသည့်နောက် အနောက်ဂျာမနီမှ ဤကိစ္စအတွက် ပို၍ခေါင်းခဲရသည်။ ပို၍ ဦးနှောက်ခြောက်ရသည်။ စစ်ကြီးအတွင်းက နာမည်ဆိုးဖြင့် ကျော်ကြားခဲ့သော နာဇီပါတီဝင်များနှင့် နာဇီအစိုးရ အမှုထမ်းများသည် များသောအားဖြင့် အနောက်ဂျာမနီတွင် ရှိနေကြသည်ဖြစ်ရာ သူတို့အား လိုအပ်သလို အရေးယူဆောင်ရွက်ရသည်မှာ အနောက်ဂျာမနီ အစိုးရ၏ မဟာတာဝန်ကြီးတစ်ခု ဖြစ်နေခဲ့သည်။ ဤအတောအတွင်း အနောက်ဂျာမနီတွင် နာဇီဝါဒကို ဆက်လက်ကိုးကွယ်လိုလားထောက်ခံသူများနှင့် ဟစ်တလာကို ဆက်လက်ကိုးကွယ်သူများကလည်း နာဇီပါတီ ပြန်လည်ဖော်ထုတ်ရေးနှင့် နာဇီဝါဒ ပြန်လည်

www.burmeseclassic.com

www.burmeseclassic.com



အသက်သွင်းရေးအတွက် လျှို့ဝှက်အဖွဲ့အစည်းများနှင့် မြေအောက်အဖွဲ့အစည်းများ ဖွဲ့စည်းကာ လှုပ်ရှားလာခဲ့ကြပြန်ရာ ပြဿနာမှာ ပို၍ ရှုပ်ထွေးလာခဲ့သည်။

ဤအချိန်မှာပင် အချုပ်ခန်းမှ ထွက်ပြေးလွတ်မြောက်သွားသော အသေခံတပ်သားကျော် စကော်ဇနီနှင့် ပတ်သက်၍ အများသူငါက မေးလာကြသည်။ စုံစမ်းလာကြသည်။

"စကော်ဇနီ ဘယ်ရောက်နေပြီလဲ"

ထုံးစံအတိုင်း တစ်ယောက်တစ်မျိုး ပြောကြသည်။ အချို့က စကော်ဇနီသည် အခြား နာဇီ ထိပ်သီးခေါင်းဆောင်များကဲ့သို့ပင် တောင်အမေရိကန်တိုက်ရှိ နိုင်ငံတစ်နိုင်ငံသို့ ရောက်နေပြီဟုဆိုသည်။ အချို့က လည်း စပိန်နိုင်ငံသို့ ထွက်ပြေးသွားပြီဟု ပြောကြသည်။ အချို့ကမူ ဂျာမနီနိုင်ငံအတွင်းမှာပင် မုချရှိရမည်ဟု တထစ်ချ ယူဆထားကြသည်။

တကယ့်တကယ် အားဖြင့်လည်း စကော်ဇနီသည် အချုပ်ခန်းမှ ထွက်ပြေးလွတ်မြောက် လာခဲ့ပြီးနောက် ဂျာမနီမှာပင် ဆက်လက်နေခဲ့သည်။ အခြား ဘယ်နိုင်ငံကိုမှ မသွား။ ဘယ်နိုင်ငံကိုမှ ထွက်မပြေး။

သို့သော် စကော်ဇနီသည် သူ့ကိုယ်သူ အပြစ်မရှိဟု ယူဆထားသည့်အလျောက် ဂျာမနီတွင် ပုန်းလျှိုးကွယ်လျှိုး မနေဘဲ ပြောင်အတိ အလင်း သွားလာနေထိုင်ခဲ့သည်။ သူသည် တစ်ခါက သူ့ဆရာသခင် ခေါင်းဆောင်ကြီး ဟစ်တလာ နေထိုင်ခဲ့သည့် ဘားချ်တက်ဂါဒင် အမည်ရှိ တောင်တန်းဒေသအရပ်တွင် ပထမနေထိုင်ခဲ့သည်။ ဤအတောအတွင်း စကော်ဇနီအတွက် ကံကောင်းသည်မှာ ထိုအချိန်က စစ်အေးတိုက်ပွဲ အရှိန်အဝါ ကြီးမားပြင်းထန်လာနေသဖြင့် သူ့ပြဿနာ ဂျာမန်တို့ ကြားမှာပင် အမှတ်မထင် မေ့မေ့ပျောက်ပျောက် ဖြစ်လာခဲ့သည်။

ဤအချိန်မှာပင် စကော်ဇနီသည် မြူးနစ်မြို့ ဆင်ခြေဖုံးတစ်နေရာသို့ ပြောင်းရွှေ့လာခဲ့သည်။ ၁၉၄၉ ခုနှစ် နွေရာသီတွင် သူသည် ဂျာမနီတစ်နိုင်ငံလုံး လှည့်လည်သွားလာကာ ယခင်က သူနှင့် ဘော်ဖော်ကိုင်ဘက်များ၊ အပေါင်းအသင်း ရောင်းရင်း မိတ်ဆွေများနှင့် စစ်အတွင်းက

www.burmeseclassic.com



သေဆုံး သွားခဲ့ကြသူများ၏ ကျန်ရစ်သူ ဇနီးသားသမီး ဆွေမျိုးများကို လိုက်လံ တွေ့ဆုံခဲ့သည်။

"စကော်ဇေနီကို ပြန်မဖမ်းတော့ဘူးလား"

ဂျာမနီတစ်ခွင် ပြဲပြဲစင်အောင် လှည့်လည်သွားလာခဲ့သော စကော်ဇေနီအား ရုတ်တရက် မမျှော်လင့်ဘဲ တွေ့လိုက်ကြရသော သူ့ မိတ်ဆွေများသည် အားရဝမ်းသာ ဖြစ်မိကြသလို တအံ့တသြလည်း ဖြစ်မိကြသည်။ စစ်ပြီးဆုံးခဲ့သည့်နောက် သုံးနှစ်ကျော် လေးနှစ်လုံးလုံး သူတို့ ကြားခဲ့ရသော သတင်းများအရ စကော်ဇေနီအား ယခုကဲ့သို့ ဂျာမနီနိုင်ငံတွင် အသက်ထင်ရှား တွေ့ရလိမ့်မည်ဟု လုံးဝ မထင်မှတ်ခဲ့ ကြရာမှ ဖြုန်းခနဲ တွေ့လိုက်ရသောအခါ သူတို့အတွက် စကော်ဇေနီမှာ "သေရွာပြန်" တစ်ယောက်လို ဖြစ်နေခဲ့သည်။ အထူးသဖြင့် တစ်ခါက "ဥရောပတိုက်တွင် အန္တရာယ်အကြီးဆုံး လူတစ်ယောက်" ဟူ၍ ကျော် ကြားခဲ့သော ဂျာမန် အသေခံတပ်သားကျော် စကော်ဇေနီသည် အချုပ်ခန်း ထဲမှ ထွက်ပြေးလွတ်မြောက်ခဲ့ပြီးနောက် ယခုကဲ့သို့ ပြောင်ကျကျ အတိအလင်း လှည့်လည်သွားလာ နေထိုင်သည့်တိုင်အောင် အဖမ်းမခံ ရသည်ကို တအံ့တသြ ဖြစ်နေခဲ့ကြသည်။

"ဒါကတော့ဗျာ... ကျွန်တော်ဟာ မူလထဲက အပြစ်ရှိတဲ့ လူ တစ်ယောက် မဟုတ်တဲ့အပြင် ကျွန်တော့်ကို တရားဝင် စွဲချက်တင်ပြီး စစ်ဆေးခဲ့တဲ့ ခုံရုံးကလည်း အပြစ်မရှိဘူးဟု အတိအလင်း စီရင်ချက် ချပြီးသားပဲ၊ အဲဒီကြားထဲက ကျွန်တော့်ကို ထပ်ပြီးဖမ်းလား ဆီးလား လုပ်လာရင်တော့ ကျွန်တော့်ဘက်က ရင်ဆိုင်ဖို့ အဆင်သင့်ပါပဲ"

သူ့ကိုယ်သူ ယုံကြည်စိတ်ချထားသော စကော်ဇေနီက ဤသို့ ပွင့်ပွင့်လင်းလင်း ဘွင်းဘွင်းကြီး ပြောခဲ့သည်။

တကယ့် တကယ်အားဖြင့် ထိုအချိန် (၁၉၄၉ ၅၀)က ဆိုဗီယက် နှင့် မဟာမိတ် အင်္ဂလိပ်၊ အမေရိကန်၊ ပြင်သစ်တို့သည် အရှေ့ဂျာမနီနှင့် အနောက်ဂျာမနီ အရေးအခင်းကို အကြောင်းပြု၍ အရှေ့ဘာလင်နှင့် အနောက်ဘာလင် ပိတ်ဆို့မှုများ ဖြစ်ပွားကာ နောက်ဆုံး စစ်ကြီးတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ထပ်မံ ဖြစ်ပွားတော့မလောက် အပြင်းအထန် ပဋိပက္ခ ဖြစ်နေခဲ့ကြရာ စကော်ဇေနီ၏ ပြဿနာမှာ သာမန်အသေးအဖွဲမျှသာ ဖြစ်နေခဲ့သည်။ သို့ဖြစ်၍လည်း စကော်ဇေနီမှာ နောက်ဆုံး အဖမ်းမခံရဘဲ လွတ်လွတ်လပ်လပ် သွားလာနေထိုင်ခွင့် ရရှိနေခဲ့ခြင်းဖြစ်သည်။

သို့သော် ၁၉၄၉ ခု၊ အောက်တိုဘာလတွင် စကော်ဇေနီသည် ပြင်သစ်နိုင်ငံ ပါရီမြို့တော်သို့ ခေတ္တ အလည်အပတ် သွားရောက်ခဲ့ရာမှ ပါရီမြို့ထုတ် "ဟူးမင်းနိုက်" သတင်းစာက စကော်ဇေနီအား ဓာတ်ပုံရိုက်၍ သတင်းစာထဲတွင် သတင်းထည့်လိုက်သည်။ ဤတွင် ပါရီမြို့တော်ရှိ စစ်ကြီးခေတ်တွင်းက ဂျာမန်ချွေးတပ်စခန်းများတွင် နှိပ်စက်ညှဉ်းဆဲခြင်း ခံခဲ့ရသူများက ယခုကဲ့သို့ လှည့်လည်သွားလာခွင့် ပြုထားသည်ကို မကျေမနပ်ဖြစ်၍ ဆန္ဒပြကြရာမှ ပါရီမြို့တော်မှာ စကော်ဇေနီကြောင့် ရှုန်းရင်း ဆန်ခတ် ဖြစ်သွားခဲ့ရသည်။

နောက်ဆုံးတွင် စကော်ဇေနီသည် ပါရီမြို့မှ ပြန်ရောက်ခဲ့ပြီးနောက် နိုင်ငံရေး အရှုပ်အထွေးများဖြင့် မငြိမ်မသက် ဖြစ်နေသော ဂျာမနီနိုင်ငံတွင် ဆက်လက်နေထိုင်လိုစိတ် မရှိတော့ဘဲ စပိန်နိုင်ငံသို့ အပြီးအပိုင် ပြောင်းရွှေ့လာခဲ့သည်။ စပိန်အစိုးရကလည်း စကော်ဇေနီအား "တိုင်းပြည်မရှိသူ" တစ်ယောက်အဖြစ် လက်ခံကာ နေထိုင်ခွင့် ပြုထားခဲ့သည်။

ထို့နောက် ၁၉၅၀ ပြည့်နှစ်လောက်မှစ၍ စကော်ဇေနီနှင့် ပတ်သက်သည့် သတင်းအစအန ဘာတစ်ခုမှ မသိရတော့ဘဲ မြုပ်ချက်သားကောင်းနေခဲ့သည်။

ဤအတောအတွင်း စကော်ဇေနီသည် နာဇီပါတီဝင်ဟောင်းများနှင့် ဂျာမန် ဂက်စတာပို အဖွဲ့ဟောင်းများ လျှို့ဝှက်စွာ ဖွဲ့စည်းထားသည့် "ပင့်ကူအိမ်" (SPIDER) အဖွဲ့ကြီးနှင့် လည်းကောင်း၊ "အိုဒက်ဆာ" (ODESSA) အဖွဲ့ကြီးနှင့်လည်းကောင်း၊ အဆက်အသွယ် ပြုလုပ်ကာ ကမ္ဘာအရပ်ရပ်ရှိ နာဇီစစ်တရားခံဟောင်းများကို ခေါင်းဆောင်လျက်ရှိ နေသည်ဟူသော သတင်းများ ထွက်ပေါ်လာခဲ့သည်။ ဤသတင်းနှင့် တစ်ဆက်တည်း ကမ္ဘာကျော် နာဇီလူသတ်ကောင်း အိုက်ခ်မန်း၏

www.burmeseclassic.com

www.burmeseclassic.com



ဇနီးအား ဥရောပတိုက်မှ အိုက်ခ်မန်းရှိရာ တောင်အမေရိကတိုက်သို့ ရုပ်ဖျက်ပို့ဆောင်ပေးရာ၌ စကော်ဇနီကိုယ်တိုင် ပါဝင်ခေါင်းဆောင်ခဲ့သည်ဟူ၍ သတင်းဖြစ်ပွားခဲ့သည်။ သို့သော် ဤသတင်းနှင့် ပတ်သက်၍ မည်သူ တစ်ဦးတစ်ယောက်ကမျှ ခိုင်လုံသော အထောက်အထား မပြနိုင်ခဲ့ကြပေ။

သို့ဖြင့် စကော်ဇနီနှင့် ပတ်သက်သည့် သတင်းများကို နောက်ထပ် မကြားရ မသိရသလောက် ဖြစ်ခဲ့ရသည်။ ရံဖန်ရံခါ ဥရောပတိုက်မှ သတင်းစာများတွင် စပိန်နိုင်ငံ၌ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက် အဖြစ် ကြီးပွားနေသော စကော်ဇနီအကြောင်း တစ်စွန်းတစ်စ သော်လည်းကောင်း၊ ဥရောပတိုက်မှ အချို့သောနိုင်ငံများသို့ စီးပွားရေးလုပ်ငန်းကိစ္စများဖြင့် ရံဖန်ရံခါ ရောက်ရှိလာတတ်သော စကော်ဇနီ၏ သတင်းဓာတ်ပုံအချို့ကို သော်လည်းကောင်း တွေ့မြင်ရသည်မှတစ်ပါး သူ့အကြောင်း သူ့ဇာတ်လမ်းမှာ လုံးဝ "လိုက်ကာချ" ထားသလို ဖြစ်နေခဲ့သည်။

ထိုသို့ စကော်ဇနီ၏ နောက်ဆုံးနေ့ရက်များနှင့် ပတ်သက်၍ မရေမရာ မထင်မရှား ဖြစ်ခဲ့ရာမှ နှစ်ပေါင်း ၂၀ နီးပါးမျှ ကြာသောအခါ "နယူးစ်ဝိခ်" အမည်ရှိ အပတ်စဉ်သတင်း မဂ္ဂဇင်းက စကော်ဇနီနှင့် စပ်လျဉ်းသည့် သတင်းတစ်ပုဒ်ကို ၁၉၆၈ ခုနှစ် ဇူလိုင်လတွင် ထည့်သွင်းဖော်ပြခဲ့သည်ကို တွေ့လိုက်ရသည်။ ထိုအချိန်က အာဖရိကတိုက် အလယ်ပိုင်း နိုင်ဂျီးရီးယားနိုင်ငံမှ ဘီယာဖရာပြည်နယ်မှ ပြည်တွင်းစစ်ဒဏ်ကြောင့် ကပ်ကြီးသုံးပါး ဆိုက်ကာ နေ့စဉ် လူပေါင်းထောင်သောင်းချီ၍ သေဆုံးလျက် ရှိနေသည်။

ဤတွင် ကမ္ဘာ့နိုင်ငံကြီးများသည် ပြည်တွင်းစစ်ကြောင့် ငတ်မွတ်ခေါင်းပါးကာ ရောဂါအမျိုးမျိုး ဆိုက်၍ အပြစ်မဲ့ပြည်သူများ မရေမတွက်နိုင်အောင် သိန်းသန်းချီ၍ သေဆုံးနေကြရသော ဘီယာဖရာပြည်နယ်သို့ ရိက္ခာများ၊ ဆေးဝါးများနှင့်တကွ ကယ်ဆယ်ရေး ပစ္စည်းများ သူ့ထက်ငါ ကြိုးစားပို့ဆောင်ခဲ့ကြသည်။ သို့သော် သဲကြီးမဲကြီး ဖြစ်နေသော

www.burmeseclassic.com



ပြည်တွင်းစစ်ကြောင့် ကုန်းလမ်းရေလမ်းများ ပိတ်ဆို့ဖြတ်တောက်ခြင်း ခံနေခဲ့ကြရာ အဆိုပါရိက္ခာနှင့် ဆေးဝါးပစ္စည်းများကို လေကြောင်းမှသာလျှင် ပေးပို့နိုင်ခဲ့ကြသည်။ ထိုသို့ တစ်ဖက်နှင့်တစ်ဖက် သဲသဲမဲမဲ ပစ်ခတ်တိုက်ခိုက်နေကြသည့် စစ်မြေပြင် တိုက်ပွဲများကို ဖြတ်ကျော် ပျံသန်းကာ လေယာဉ်ဖြင့် ရိက္ခာပစ္စည်းများ ပို့ဆောင်ခဲ့ကြသည့် လေယာဉ်မှူးသုံးဦးအနက် တစ်ဦးမှာ အော့တိုစကော်ဇနီပင် ဖြစ်သည်။

ထိုစဉ်က "နယူးစ်ဝိခ်" မဂ္ဂဇင်းသည် ထိုသို့ ဘီယာဖီရာ အငတ်ဘေးကို သက်စွန့်ကြိုးပမ်း ကူညီခဲ့သည့် စကော်ဇနီး "ကရုဏာရှင်" တစ်ယောက်အဖြစ် ချီးကျူးရေးသားခဲ့သည်။

၁၉၆၈ ခုနှစ်တွင် စကော်ဇနီနှင့် ပတ်သက်၍ လျှပ်စီးလက်သလို အထက်သတင်းတစ်ပုဒ် ပါရှိခဲ့ပြီးနောက် နှစ်ပေါင်းအတော်ကြာအောင် တိမ်မြုပ် ပျောက်ကွယ်သွားခဲ့ပြန်သည်။

ထို့နောက် ၁၉၇၅ ခုနှစ် ဇူလိုင်လတွင် တစ်ဖန် သူ့သတင်းကို နယူးစ်ဝိခ် မဂ္ဂဇင်းပင် ကမ္ဘာသို့ ဖြန့်ချိခဲ့ပြန်သည်။ သို့သော် ယခု တစ်ကြိမ်သည် ဒုတိယအကြိမ်နှင့် နောက်ဆုံးအကြိမ် ဟူ၍ပင် ဆိုရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အဆိုပါ သတင်းမဂ္ဂဇင်းတွင် ထည့်သွင်းဖော်ပြခဲ့သည့် သတင်းမှာ ၁၉၇၅ ခုနှစ် ဇူလိုင်လ ဒုတိယပတ်အတွင်းက အော့တိုစကော်ဇနီသည် စပိန်နိုင်ငံ မက်ဒရစ်မြို့တော်တွင် လည်ချောင်း ကင်ဆာဖြင့် ကွယ်လွန်သွားပြီဟူသော သတင်းဖြစ်သောကြောင့်တည်း။

ဤသို့ဖြင့် ဒုတိယကမ္ဘာစစ်ကြီး အတွင်းက ဂျာမန် တပ်မတော်များနှင့်တကွ မဟာမိတ်တပ်မတော်များ အတွင်းသို့ တိုင်အောင် သင်ရှားကျော်ကြား၍ စစ်ပြီးကာလ "ဥရောပတိုက်တွင် အန္တရာယ်အကြီးဆုံးလူ" တစ်ယောက်အဖြစ် သတ်မှတ်ခြင်းခံခဲ့ရသော စကော်ဇနီသည် သူ၏ မှုန်မှိုင်းသော နောက်ဆုံးနေ့ရက်များကို ကုန်ဆုံးလွန်မြောက်ကာ လူ့လောက လူ့ဘဝကို ကျောခိုင်းသွားခဲ့ပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဒုတိယကမ္ဘာစစ်ကြီး၏ သမိုင်းအစီအစဉ်ကို လေ့လာမှတ်တမ်းတင်ကြသည့် သမိုင်းသုတေသီများသည် ဟာစ်တလာ၊ မူဆိုလီနီ၊ ချာချီ၊ ရုစဗဲ့၊ စတာလင် စသည့် ပုဂ္ဂိုလ်ကြီးများ၏ အမည်များကို ချွင်းချန်ထား၍ မရစကောင်းသကဲ့သို့ ဤဂျာမန် အသေခံတပ်သားကျော် စကော်ဇနီအကြောင်းကိုလည်း တစေ့တစောင်း တစ်စွန်းတစ်စထည့်သွင်း ဖော်ပြကြရမည်သာ ဖြစ်သတည်း ။ ။

လင်းယုန်မောင်မောင်

BURMESE CLASSIC

www.burmeseclassic.com